www.burmeseclassic.com




# ပျား

စောင်းကြိုးပေါ်ကမီးလျှံ

GRAPHIC DESIGN
THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်းဝ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဓော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် ☎ : ၀၉ ၄၂၀၂၄၇၇၂၇
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ အောက်တိုဘာ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅.၈၃
ဗျူ
ဆောင်းကြိုးပေါ်ကမီးလျှံ
ဗျူးစာပေ ၊ ၂၀၁၅။
၂၄၂ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ဆောင်းကြိုးပေါ်ကမီးလျှံ

## အခန်း (၁)

ကမ္ဘာလောကထဲမှာ ကျွန်တော်မြင်နိုင်တာ အမည်းရောင်တစ်ခုတည်းပါပဲ။

လှတိုင်းနှစ်သက်ကြတဲ့ နေရောင်ခြည်ရဲ့တောက်ပတဲ့ အလင်းတန်းဆိုတာလည်း ကျွန်တော် မခံစားနိုင်တော့။ လှပတဲ့ပန်းပင်လေးတွေဆိုတာလည်း ကျွန်တော့်အတွက် မခမ်းနားနိုင်တော့။ မှောင်မည်းလွန်းတဲ့ ကမ္ဘာထဲမှာ ကျွန်တော်တစ်ယောက်တည်းသာ ရှင်သန်နေထိုင်နေရသည်။

"သား ဘယ်သွားမလို့လဲ"

"ခြံထဲမှာ လမ်းလျှောက်ထွက်မလို့ပါ မေမေ"

"နေဦး မေမေ အနွေးထည်ယူပေးမယ်၊ ညနေစောင်းဆို အေးတယ်လေကွယ်၊ လုံလုံခြုံခြုံလေးဝတ်ပြီးမှ ခြံထဲဆင်းပါလို့ မေမေ အမြဲမှာထားတာကို"

မေမေက ပါးစပ်မှ ပွစိပွစိပြောရင်း သူ့အတွက် အနွေးထည်တစ်ထည် သွားယူလာပြီး ပခုံးထက်မှာ လွှားပေးသည်။

"ကျေးဇူးတင်ပါတယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို မေမေ အပြုံးလေးဖြင့် ငေးကြည့်ကျန်ခဲ့မှာ ခံစားသိနေပါသည်။ ခြံထဲမှာ ကျွန်တော် ငယ်ငယ်တည်းက မာလီလုပ်ခဲ့သော ဦးလေးသိန်း ပန်းပင်တွေကို ရေပိုက်ဖြင့် ပက်ဖျန်းနေသံ ကြားရသည်။

"သားလေး ဒီဘက်က မြက်ခင်းမှာ ရေတွေနစ်နေတယ်၊ ဟိုဘက်က သွား"

"ဟုတ်ကဲ့ ဦးလေးသိန်း"

လောကကြီးကို မျက်လုံးနဲ့တစ်အစ်မမြင်နိုင်ပေမယ့် ကျွန်တော့်ဘေးမှာရှိနေတဲ့ လူအားလုံးရဲ့သနားကရုဏာနဲ့ ချစ်ခင်မှုကို ရရှိနေသည့်အတွက်တော့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်မှုဖြစ်မိပါသည်။

ခြံထောင့်နားက ပန်းရုံလေးမှာ ကျွန်တော့်အတွက် အနှုရာယ်အကင်းဆုံးနှင့် အေးအေးဆေးဆေး အဖြစ်ဆုံးနေရာလေးတစ်ခု ရှိသည်။ မွှေးပျံ့သော ပန်းရနံ့လေးတွေ ခံစားရင်း ဖန်တီးထားသော ရေတံခွန်အတုလေးနားမှာ ကျွန်တော့်တစ်ယောက်တည်း သီးခြားကမ္ဘာလေးအဖြစ် ငြိမ်းချမ်းစွာ လွင့်မျောနိုင်သည်။

ဆိုးရွားသော ကံကြမ္မာရဲ့အလှည့်အပြောင်းမှာ ကျွန်တော့်ဘဝတစ်ခုလုံးလည်း ဇောက်ထိုးမိုးမျှော် ဖြစ်ခဲ့ရသည်။ လွတ်လပ်စွာ ပေါ့ပါးပျော်ရွှင်တတ်သော ကျွန်တော့်စိတ်ဓာတ်တွေလည်း ယိုင်နဲ့ပြိုလဲခဲ့၏။ သူငယ်ချင်းအပေါင်းအသင်းတွေနှင့်တစ်ချိန်လုံး ဟိုသွားဒီသွား နေတတ်ခဲ့သော လူတစ်ယောက်အတွက် အမြင်အာရုံကွယ်သွားစေခဲ့သော အဖြစ်ဆိုးက ဘဝကြီးတစ်ခုလုံးကို ပြောင်းပြန်လှန်ပစ်လိုက်သလို ပြောင်းလဲသွားစေခဲ့သည်။

လွန်ခဲ့တဲ့နှစ်နှစ်၊ သူငယ်ချင်းတစ်သိုက်နှင့်အတူ ညတိုင်းလုပ်နေကျအတိုင်း ကိုယ်စီကိုယ်စီ ပြိုင်ကားလေးတွေနှင့် အပျော်တမ်း ကားမောင်းပြိုင်ကြသည်။ နေ့ဘက်ဆို ရှုပ်ထွေးကျပ်ညပ်နေသော ကားများကြားမှာ





မွန်းကျပ်စွာ မောင်းနှင်နေရပေမယ့် ညဘက်ဆိုရင်တော့ ကျွန်တော်တို့အဖွဲ့အတွက် တကယ့်ကို လွတ်လပ်စွာ သောင်းကျန်းချင်တိုင်းသောင်းကျန်းခွင့်ပေးထားသလိုပါပဲ။

ဖြောင့်ဖြူးနေသော လမ်းမကြီးအတိုင်း လီဗာကို ဂိတ်ဆုံးနင်းကာ မောင်းလာခဲ့သော ကျွန်တော့်ကားလေးနှင့် ဖြတ်လမ်းတစ်ခုမှ ကွေ့ထွက်လာသော ကားတစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိခဲ့ကြခြင်းဖြစ်သည်။ မှန်ကွဲစများ ဆိုဆိုရွားရွား စိုက်ဝင်ခဲ့သော ကျွန်တော့်မျက်လုံးတွေ အမြင်အာရုံကွယ်သွားခဲ့ရသလို တစ်ဖက်ကားမှ ကားမောင်းသူလည်း သေဆုံးခဲ့ရသည်။

လမ်းကြောင်းမှားကွေ့ဝင်လာသော တစ်ဖက်ကားမှ အမှားဖြစ်ခဲ့ပြီး မေမေ့ကောင်းမှုဖြင့် ကိစ္စဝိစ္စကြီးကြီးမားမားတွေ မဖြေရှင်းလိုက်ရပါဘဲ ပြဿနာပြီးစီးသွားခဲ့သည်။ အပြင်ပြဿနာတွေ ဖြေရှင်းနိုင်ခဲ့ပေမယ့် ကျွန်တော့်ကိုယ်တွင်းမှာ လဲပြိုသွားသော စိတ်ဓာတ်တွေကိုတော့ လုံးဝဥဿုံ ပြန်လည်ကောင်းမွန်လာသော မေမေလည်း မကူညီပေးနိုင်ခဲ့။

သူငယ်ချင်းတွေကိုလည်း အတွေ့မခံတော့ဘဲ တစ်ယောက်တည်း အိမ်တွင်းအောင်း ဖြစ်နေခဲ့တာက များသည်။ စိတ်ပြေလက်ပျောက်ဖြစ်အောင် ဟိုဟိုဒီဒီ လိုက်ပို့ပေးဖို့ မေမေ ကြိုးစားခဲ့သော်လည်း ကျွန်တော် ငြင်းဆန်ခဲ့သည်။ နေရာဒေသအပြောင်းအလဲဖြစ်အောင် ခရီးထွက်ဖို့ တိုက်တွန်းခဲ့သော်လည်း ကျွန်တော် ခေါင်းခါမိပြန်သည်။ ခရီးတွေထွက်ပြီးတော့ရော ထိုဒေသရဲ့အဲလှအပရှုခင်းတွေကို မခံစားနိုင်ဘဲနှင့် အမှောင်ဟာ အမှောင်အဖြစ်သာ ရှိနေဦးမှာပဲလေ။

ထို့ကြောင့်လည်း ကျွန်တော် ခေါင်းမာစွာပင် အိမ်တွင်းအောင်းပြီး ဘယ်သူ့ကိုမှ အတွေ့မခံဘဲ တစ်ကိုယ်တည်းသာ နေခဲ့၏။ နှစ်နှစ်နီးပါး ခံလာက် အမှောင်ထဲမှာနေထိုင်လာခဲ့ရသဖြင့် ခုချိန်မှာတော့ ကျွန်တော့်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အတွက် အမှောင်သည် ရင်းနှီးသောမိတ်ဆွေတစ်ယောက် ဖြစ်နေခဲ့ပြီ။ အမှောင်နှင့်ကျွန်တော် ကျင့်သားရနေခဲ့ပြီ။

"သားရေ ထမင်းစားရအောင်ကွယ်"

ခပ်လှမ်းလှမ်းမှ ခြေသံဖွဖွကို အလွတ်ရစွာ မေမေ့အသံကို မကြားခင်တည်းက မေမေ အနားရောက်လာပြီမှန်း ကျွန်တော် သိပါသည်။

"ဒီနေ့ည နည်းနည်းပိုအေးတယ်နော် မေမေ"

"ဟုတ်တယ် သား။ ဆောင်းဝင်လာပြီလေ"

"ပြီးတော့ ပန်းတွေလည်း ပိုမွှေးနေသလိုပဲ"

"မဆိုးဘူး သားတော်တယ်၊ မနက်က မေမေ နှင်းဆီပန်းအိုးတွေ အများကြီးပဲ ထပ်ဖြည့်စိုက်ထားတယ်၊ သားကြိုက်တဲ့နှင်းဆီအဝါရောင်တွေလေ"

ယောက်ျားလေးတန်မဲ့ ကျွန်တော် နှင်းဆီပန်းများကို ချစ်သည်။ အဝါရောင်တောက်တောက် မွှေးပျံ့သော နှင်းဆီများကို ခြံထဲမှာ ဟိုးအရင်တည်းက မေမေက စိုက်ပျိုးပေးထားခဲ့သည်။ ဘုရားတင်လည်း ထိုနှင်းဆီပန်းအဝါများသာ ဧည့်ခန်းက စားပွဲလေးမှာလည်း နှင်းဆီပန်းအဝါများသာ။

"ကျေးဇူးတင်ပါတယ် မေမေ"

သားအမိနှစ်ယောက်တည်းရှိတဲ့ဘဝမှာ ကျွန်တော်က ခုလိုမျိုး ဒုက္ခိတဖြစ်နေခဲ့တော့ မေမေ့အလုပ်များကိုလည်း ဘာမှမကူညီပေးနိုင်ခဲ့။ လည်ပတ်နေသော လုပ်ငန်းများအားလုံးကို မေမေကိုယ်တိုင်နှင့် နှစ်ပေါင်းများစွာ အတူတကွ လက်တွဲလုပ်ခဲ့သော လူယုံများဖြင့်သာ ရှေ့ဆက်နေရခြင်းဖြစ်သည်။

ဖေဖေရော မေမေပါ ကျိုကျိုတက်ချမ်းသာသည့် မိသားစုများက ဆင်းသက်လာခြင်းမို့ ငွေရေးကြေးရေးကိစ္စ ပူပန်စရာမရှိသော်လည်း ခုလိုမျိုး





မေမေတစ်ယောက်တည်း လုပ်ငန်းကို ကြိုးစားနေရခြင်းအား ကျွန်တော် အားနာမိသည်။ ကုမ္ပဏီကို နေ့တိုင်းသွားရသည့်အပြင် အိမ်ပြန်ရောက်လာတော့လည်း တစ်ဦးတည်းသောသားဖြစ်သူကိုပါ ပြုစုနေရသေးသည်ဆိုတော့ ကျွန်တော် မျက်နှာပူမိတာကတော့ အမှန်ပါ။

မတော်တဆဖြစ်ရပ် ဖြစ်ကာစ ဆေးရုံမှ ဆင်းလာလာချင်းတုန်းတခို ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ထိ ကြိုးစားခဲ့ဖူးသော်လည်း နေ့ရောညပါ ငိုကြွေးပြီး အနားကမခွာ စောင့်ကြည့်ပေးနေသော မေမေကြောင့် ကျွန်တော် ကြိုးစားပြီး ဆက်လက်ရှင်သန်ခဲ့ရသည်။

မေမေဟာ ကျွန်တော့်အတွက် အရာအားလုံးပါ။ ခုလို တစ်ယောက်တည်း ရှင်သန်နေရသည့်ကာလတွေမှာ မေမေတစ်ဦးတည်းသည်သာ ကျွန်တော့်အတွက် အင်အားဖြစ်စေခဲ့သလို ဒီလို ဒုက္ခိတဘဝနှင့် ဆက်လက်ရှင်သန်နေရခြင်းအကြောင်းရင်းသည်လည်း မေမေ့ကို ဒီထက်ပိုပြီး စိတ်မဆင်းရဲစေချင်သောကြောင့်သာ ဖြစ်သည်။

အရာအားလုံးအဆင်ပြေလှယ်ကူပြီး လောကကြီးရဲ့အလှအပ မှန်သမျှ ကိုယ်ပိုင်မျက်လုံးများဖြင့် ကြည့်ရှုခံစားနိုင်ခဲ့စဉ်တုန်းကတော့ မေမေ့ကို ဒီလောက်ထိ မတွယ်တာခဲ့ပါ။ မေမေ့လုပ်ငန်းတွေကိုလည်း ကူညီလုပ်ကိုင်ပေးရကောင်းမှန်း နားမလည်ခဲ့။ တစ်နေ့တစ်နေ့ ဘော်ဒါအပေါင်း သောင်းကြောက်တောင်နှင့် ငွေကိုဘယ်လိုဖြုန်းရမလဲသာ စိတ်ဝင်စားမိခဲ့သည်။ ခုလို လောကကြီးရဲ့အလှည့်အပြောင်းမှာမှ ကျွန်တော့်စိတ်တွေ လုံးလုံးလျားလျား ဆန့်ကျင်စွာ ပြောင်းလဲခဲ့ရခြင်း ဖြစ်၏။

"သား ဘာတွေတွေးနေတာလဲ"

ငြိမ်သက်တိတ်ဆိတ်စွာ လမ်းလျှောက်နေသော ကျွန်တော့်ကို မေမေ မေးသည်။ တစ်နေ့ပြီးတစ်နေ့ အတွေးများဖြင့်သာ နေထိုင်ရှင်သန်



www.burmeseclassic.com

www.burmeseclassic.com



နေရသော သားဖြစ်သူကို မေမေ မကြည့်ရက်ဖြစ်နေသလား။

မေမေ့ကို သူ့ကြောင့်နဲ့ထပ်ပြီး စိတ်မဆင်းရဲစေချင်ပါ။ ဒါကြောင့်လည်း သူ့နှုတ်ခမ်းများကို ပြုံးရယ်လိုက်ကာ လက်ထဲမှာကိုင်ထားသော စတီးတုတ်ချောင်းလေးကို မေမေ့ဆီ ကမ်းပေးလိုက်သည်။ ဘေးနားကပ်လျက် လျှောက်နေသော မေမေ့ပခုံးတစ်ဖက်ကို သူ့လက်များဖြင့် သိုင်းဖက်ကာ

"ဘေးမှာ မေမေရှိနေတော့ ကျွန်တော့်အတွက် တုတ်ချောင်းတောင် မလိုတော့ဘူး"

"အောင်မယ် ဘာစိတ်ကူးပေါက်ပြီး အမေ့ကို လာချွဲနေတာလဲ"

"သားက တကယ်ပြောတာပါ မေမေရဲ့၊ ခုလိုမျိုး သားဘေးနားမှာ မေမေရှိနေတာ သားအတွက် အဝိကံကောင်းတာပဲ သိလား"

ကျွန်တော့်စကားတွေကြောင့် မေမေ့နှုတ်ခမ်းများ ဝိတိဖြင့် ပြုံးယောင်သမ်းနေမှာ ကျွန်တော် မှန်းဆလို့ ရပါသည်။ မေမေ့ကို အဲဒီလိုမျိုးသာ အမြဲတမ်း ပြုံးနေစေချင်ပါသည်။ ကျွန်တော့်ကြောင့်နဲ့ စိတ်ရောကိုယ်ပါ ပင်ပန်းနေရသော မေမေ့ကို ပျော်ရွှင်ပြုံးရယ်စေချင်တာ ကျွန်တော့်ဆန္ဒအမှန်ပါပဲ။

■ ■ ■

"သားရေ ဒီနေ့ မေမေ ရုံးမသွားဘူး။ သားနဲ့မေမေ ဈေးဝယ်ထွက်ကြမလား"

မနက်စာစားပြီးချိန်မှာ ကျွန်တော် အခန်းထဲပြန်ပြီး သီချင်းနားထောင်နေတုန်း မေမေ ရောက်လာကာ မေးသည်။ ဒါကတော့ တနင်္ဂနွေနေ့တိုင်း မေမေ ပြောနေကျ မေးနေကျ စကားပါ။ ကျွန်တော်ကလည်း အပြင်မထွက်ချင်သဖြင့် ခေါင်းခါငြင်းဆန်မြဲသာ ဖြစ်သည်။





"သား မသွားချင်ဘူး မေမေ၊ အိမ်မှာပဲ နေချင်တယ်"

"အိမ်မှာချည်းပဲလည်း အောင်းမနေပါနဲ့ သားရယ်၊ အပြင်လောကကိုလည်း ထွက်ကြည့်စမ်းပါဦး"

မေမေ့စကားကြောင့် ကျွန်တော် ပြုံးမိသည်။

"အပြင်လောကကို ထွက်ကြည့်တော့ရော သားက ဘာမြင်ရမှာတဲ့လဲ မေမေ"

"အို အဲဒီလို မပြောပါနဲ့ သားရယ်၊ လောကကြီးရဲ့လတ်ဆတ်မှုတွေ ရွှင်လန်းတက်ကြွမှုတွေ သား ခံစားလို့ရတယ်လေ၊ ပြီးတော့ သားအတွက် အဝတ်အစားလေးတွေလည်း မေမေ ဝယ်ပေးချင်လို့"

ဟိုအရင်ကဆို ပေါ်သမျှ အဝတ်အစားဒီဇိုင်းဆန်းအားလုံး ကောင်းမင်းမြတ်မှာမရှိတာ မရှိခဲ့။ ခုတော့ သူ့မှာ အဝတ်အစားတွေနဲ့ပတ်သက်ပြီးတော့လည်း စိတ်ခံစားမှုမရှိတော့။ အိမ်ထဲက အိမ်ပြင်တောင် မထွက်ချင်တော့သော ကျွန်တော့်အတွက် အသစ်အဆန်း အဝတ်အစားဆိုတာ လုံးဝမလိုအပ်သော အသုံးအဆောင်တစ်ခုဖြစ်ခဲ့သည်။

"အကျီတွေလည်း သား မလိုချင်ဘူး မေမေ"

"ဒီတစ်ခါတော့ မငြင်းပါနဲ့ သားရယ်"

"ဘာဖြစ်လို့လဲ မေမေ"

"မေမေတို့ ကုမ္ပဏီနှစ်သုံးဆယ်ပြည့် အထိမ်းအမှတ်ပွဲရှိတယ်လေ၊ အဲဒီပွဲအတွက် မေမေ့သားကို နောက်ဆုံးပေါ် အဝတ်အစားတွေ မေမေ ဆင်ပေးရမှာပေါ့"

ကျွန်တော် သက်ပြင်းချမိသည်။

အဲဒီပွဲကိုတက်ဖို့အတွက် ကျွန်တော့်ကို မေမေ နိူးဆော်နေပြီလား။ အကယ်တစ်ဆို ဘယ်လိုပွဲမျိုး ပျော်ရွှင်စရာ အခမ်းအနားမျိုးမှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ချင်စိတ်မရှိ။ ထိုနေရာ ထိုပွဲလမ်းများသည် ကျွန်တော်နှင့်မသက်ဆိုင်တော့သော အရာများအဖြစ် တရင်းဝင်ခဲ့ပြီ။

"မေမေ"

"ပြင်းဖို့ မစဉ်းစားပါနဲ့ သား။ သား ဘိုးဘိုးလက်ထက်တည်းက တည်ထောင်လာတဲ့ ဒီလုပ်ငန်းမှာ မျိုးဆက်ဆိုလို့ သားတစ်ယောက်ပဲ ကျန်တော့တာ၊ ဒီတစ်ဦးတည်းသော မျိုးဆက်က ကုမ္ပဏီနှစ်ပတ်လည်ပွဲကိုတောင် မတက်ဘူးဆိုရင် အားလုံးရဲ့အမြင်မှာ ဘာဖြစ်သွားမလဲ"

"ပတ်ဝန်းကျင်ရဲ့အမြင်ကို သား ထည့်မစဉ်းစားချင်ဘူး မေမေ၊ ပြီးတော့ တစ်ဦးတည်းကျန်တော့တဲ့ မျိုးဆက်က မျက်စိမမြင်တဲ့ ဒုက္ခိတ တစ်ယောက်ပါ၊ လုပ်ငန်းကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ဘာဆိုဘာမှ နားမလည်တဲ့လူတစ်ယောက်၊ ဒီလိုလူတစ်ယောက်အတွက် ဒီအခမ်းအနားက မတက်မဖြစ်ဆိုတာ မဟုတ်သေးဘူး မေမေ"

"သား မေမေ့ကို စိတ်မချမ်းသာအောင် လုပ်နေတာလား။ မေမေ့မှာ ဒီသားလေးတစ်ယောက်တည်းရှိတာကို သားက လောကကြီးနဲ့အဝေးမှာ တစ်ယောက်တည်းနေဖို့ပဲ ကြိုးစားနေတယ်၊ မေမေက သားကို တစ်ယောက်တည်း မဖြစ်စေချင်ဘူး။ အားလုံးနဲ့လိုက်လျောညီထွေစွာ နေထိုင်ဖို့ ကြိုးစားစေချင်တာ၊ သား သူငယ်ချင်းတွေနဲ့လည်း အဆက်အသွယ် ပြန်လုပ်စေချင်တာ"

"မေမေ့ဆန္ဒကို သား နားလည်ပါတယ်၊ ဒါပေမဲ့ ခုချိန်မှာ အဲဒါတွေနဲ့ ပတ်သက်ပြီး စိတ်ထဲမှာ မရှိသေးသလို ပြင်လည်း မပြင်ဆင်ရသေးဘူး"

"နှစ်နှစ်ဆိုတဲ့ အချိန်က သားအတွက် မလုံလောက်သေးဘူးလား ဟင်၊ မျက်စိခွဲစိတ်ဖို့ နောက်တစ်ကြိမ် စစ်ဆေးရမှာကိုလည်း သား သဘော မတူခဲ့ဘူး။ အိမ်ထဲက အိမ်ပြင်မထွက်ချင်ဘူးဆိုတဲ့ အကြောင်းပြချက်တစ်ခု





တည်းနဲ့ မေမေ့ကို သား အရှုံးတိုက်နေတာလားဟင်"

မေမေ့အသံတွေ တုန်ယင်လာသည်။ မေမေ ငိုနေပြီလား။ ဒီလိုဆိုတော့လည်း သူ စိတ်မကောင်းပါ။

"မေမေ ငိုနေတာလား"

"မေမေ့မှာ ငိုတာအပြင် ဘာတတ်နိုင်တော့လို့လဲ"

"မငိုပါနဲ့ မေမေ၊ သား အဲဒီအခမ်းအနားကို တက်ပါ့မယ်၊ ဒါပေမဲ့ ဒီနေ့ ဈေးဝယ်ထွက်တာကိုတော့ သား မလိုက်တော့ဘူး။ မေမေ အဆင်ပြေမယ်ထင်တာပဲ ကြည့်ဝယ်လာခဲ့ပါ"

"ကောင်းပြီလေ၊ ဒီနေ့တော့ မေမေ အတင်းမတိုက်တွန်းတော့ပါဘူး။ သားဆီက ပွဲကိုလိုက်မယ့် ကတိတစ်ခုရတာနဲ့တင် မေမေ တော်တော်ဝမ်းသာသွားပါပြီ"

အခန်းထဲကနေ မေမေ ထွက်သွားတော့ ကျွန်တော် စိတ်ညစ်ညူးစွာ ကျန်ခဲ့သည်။ မေမေ စိတ်ဆင်းရဲမှာစိုးသောကြောင့် လိုက်လျောလိုက်ရပေမယ့် အပြင်လောကနဲ့ အဆက်အသွယ်ပြတ်နေခဲ့တာ နှစ်နှစ်လောက်ရှိပြီမို့ စိတ်ထဲမှာ အရာရာကို ပြင်ဆင်ဖို့ ကြိုးစားရ၏။

တစ်ယောက်တည်း သီးသန့်ကမ္ဘာလေးထဲကနေ လူတောထဲ ပြန်ဝင်လာရမည့်အတွက် သူ့မှာ ယုံကြည်ချက်တွေ ပျောက်ဆုံးနေတာတော့ အသေအချာပါပဲ။ ဖြစ်နိုင်လျှင် အားလုံးနှင့်အဝေးဆုံးမှာ ခုလိုလေးပဲ တိတ်တိတ်ဆိတ်ဆိတ် အေးချမ်းစွာ နေချင်၏။

အင်းလေ၊ ဘာပဲဖြစ်ဖြစ် မေမေ့စိတ်ချမ်းသာမှုအတွက် သူ ဒီလောက်တော့ လုပ်ပေးသင့်တာပါ။ ဒီပွဲလေးတစ်ခုတက်ပေးလိုက်ရုံဖြင့် သူ့ရဲ့ အေးချမ်းနေသော ကမ္ဘာလေးမှာ ဘာထိခိုက်နစ်နာမှုမှ မရှိနိုင်လောက်ပါဘူးလေ။ အချိန်တန်ရင် သူ့သီးခြားကမ္ဘာလေးထဲ သူ ပြန်လာလိုက်ရုံပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အထင်နှင့်အမြင် တက်တက်စင်အောင် လွဲသွားသည်။

*ဒီပွဲဟာ သူ့အတွက် လောကကြီးက ဖန်ဆင်းထားသော နောက်ထပ် အလှည့်အပြောင်းတစ်ခု ဖြစ်ခဲ့၏။* သူ မမျှော်လင့်ထားတာတွေ ဖြစ်ပျက်ခဲ့တဲ့ အဲဒီနေ့ရက်ကို သူ နည်းနည်းမှ မေ့မည်မဟုတ်ပါ။

ကားလေး တုံ့ခနဲ ရပ်တန့်သွားသည်နှင့် ဘေးမှာထိုင်နေသော မေမေက ကျွန်တော့်လက်များကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီး လည်ပင်းမှာ တပ်ထားသော ဖဲပြားလေးကို နေသားတကျဖြစ်အောင် ပြန်ပြုပြင်ပေး၏။

"ရောက်ပြီလား မေမေ"

"ဟုတ်တယ် သား"

မေမေ့စကားအဆုံးမှာ သူ့ပင့်သက်လေး ရှိုက်မိသည်။ နောက်ထပ် စက္ကန့်ပိုင်းအတွင်းမှာ လောကကြီးထဲ သူ ပြန်လည်ခြေချရတော့မည်။ ဘယ်လိုအရာတွေကိုများ သူ့ကိုစောင့်ကြိုနေမှာပါလိမ့်။

"စိတ်ထဲမှာ ဇိအားကြီးတစ်ခုအနေနဲ့ ဖြစ်မနေစေနဲ့ သား။ သားဟာ ဒီအခမ်းအနားရဲ့အရေးပါဆုံးသူတစ်ဦးပဲ၊ ဘာကိုမှလည်း အားငယ်နေစရာ မလိုဘူး။ မေမေ ပြောတာ သဘောပေါက်လား"

"သား သိပါတယ် မေမေ"

"အိုကေ မေမေ့သားက သိပ်ရဲရင့်တာ မေမေ သိပါတယ်"

ကျွန်တော် ပြုံးလိုက်မိသည်။

အဲဒီလို ရဲရင့်တဲ့ မေမေ့သားက လောကကြီးကို သူ့ကိုယ်ပိုင်မျက်လုံးတွေနဲ့ မြင်တွေ့ခွင့်ရနေတယ်လေ။ ခုလိုမျိုး အမှောင်ထဲမှာ ကျင့်သားရနေသည့် ကောင်းမင်းမြတ် မဟုတ်။ အရာရာဟာ ပြောင်းလဲစွာ ဖြစ်တည်နေပြီဆိုတာ မေမေ မေ့ထားချင်ပုံပါပဲ။

"ကဲ သား အဆင်သင့်ဖြစ်ပြီလား"





လက်ထဲမှာ ကိုင်ထားသော နေကာမျက်မှန်အနက်ရောင်ကို ထုတ်တပ်လိုက်ပြီး သူ ခေါင်းညိတ်အဖြေပေးလိုက်၏။ နောက်တော့ သူ့ခြေလှမ်းများက ဟိုတယ်ခန်းမကြီးဆီသို့၊ မေမေ့ဖေးမမှုဖြင့် ဘာအဟန့်အတား အခက်အခဲမှ မရှိဘဲ ဖွေးရနံ့ပေါင်းစုံဖြင့် ထုံသင်းနေသော ခန်းမကျယ်ကြီးဆီ သူ ရောက်လာခဲ့သည်။

ဓာတ်ပုံဆရာများ၏ ကင်မရာမီးပွင့်သွားသံ တဖျပ်ဖျပ်ကို သူ ရှုည်စွာ အဆက်မပြတ် ကြားနေရသည်။ နောက်တစ်နေ့ထုတ် ဂျာနယ်များမှာ သေချာပေါက် သူ့ပုံနှင့်မေမေ့ပုံ တွဲလျက် ပါလာတော့မှာ။ မြန်မာနိုင်ငံအကြီးဆုံး နိုင်ငံနှိုထွက်ပစ္စည်းများ ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီကြီး၏ နှစ်သုံးဆယ်ပြည့် အထိမ်းအမှတ် အခမ်းအနားပွဲကို တက်ရောက်လာသော တစ်ဦးတည်းသော အမွေဆက်ခံသူဆိုသည့် ခေါင်းစဉ်မျိုးများ ဖြစ်နေလေမလား။

"မေမေ စကားတတ်ပြောလိုက်ဦးမယ် သား။ ဒီမှာပဲ ထိုင်နေနော်၊ တစ်ခုခု အဆင်မပြေတာရှိရင် သားနားမှာ ကိုဒွေးရှိတယ်၊ လှမ်းခေါ်လိုက် ဟုတ်ပြီလား"

မေမေက သူ့ကိုနေရာချပေးပြီးသည်နှင့် နားနားကပ်ကာ တိုးတိုးလေးပြောသည်။ မေမေ့ကားမောင်းပေးသည့် ဒါရိုက်ဘာ ကိုဒွေးကို သူ့နားမှာ ခဲနေ့ရှိ မေမေ မှာနေတာလည်း သူ ကြား၏။ ဒီလိုမျိုး စိမ်းသက်နေသည့် လူကြားထဲမှာ ကျွန်တော်တစ်ဦးတည်းဆို အဆင်မပြေတာတွေ ဖြစ်နိုင်မှန်း မေမေကိုယ်တိုင်လည်း သိပါလျက်နဲ့ ဒီပွဲကို တက်ရောက်ဖို့ အတင်းတိုက်တွန်းခဲ့သေးသည်။

စင်ပေါ်မှာ မေမေ စကားပြောနေသည့်တစ်လျှောက်လုံး ကျွန်တော် ငြီးငွေ့လာသည်။ ထထွက်သွားရန် ဘယ်လိုမှ မသင့်တော်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သာ ငြိမ်ငြိမ်လေး ထိုင်နေရခြင်းဖြစ်၏။ ခဏနေတော့ မေမေ့စကားပြောခြင်းကိစ္စ ပြီးဆုံးသွားလျက် ကျွန်တော့်နား ပြန်ရောက်လာသည်။

တက်ရောက်လာကြသည့် ဧည့်သည်အပေါင်းလည်း စားသောက်နေကြပြီး ဖွန်းသံခွက်သံများနှင့် ရယ်သံမောသံ စကားပြောသံများကို ခန်းမကြီးတစ်ခုလုံး ပြည့်လျှံသွားမတတ် ကျွန်တော် ကြားနေရ၏။

"သား စားလေ"

"ကျွန်တော် ဗိုက်မဆာသေးဘူး မေမေ၊ အချိရည်ပဲသောက်မယ်"

"ကောင်းပြီ မေမေ ထည့်ပေးမယ်"

လက်ထဲကို ဖန်ခွက်လေးတစ်ခု ရောက်လာချိန်မှာ ကျွန်တော်မတ်တပ်ရပ်လိုက်၏။

"ကျွန်တော် မွန်းကျပ်နေပြီ မေမေ၊ ဒီခန်းမအပြင်ဘက်လေးကို ခဏထွက်ချင်လို့"

"ပြီးရင် ဒီကိုလာတဲ့ VIP ဧည့်သည်တွေနဲ့ သားကို မိတ်ဆက်ပေးရဦးမှာလေ"

"သားကို ခဏတော့ အချိန်ပေးပါ မေမေ"

"ဒါဆိုရင် ကိုဌေးကိုပါ ခေါ်သွားပါ၊ သားရဲ့ညာဘက်တည့်တည့်မှာ ခန်းမဘေးပေါက်ရှိတယ်"

ကျွန်တော် စိတ်ညစ်ညူးစွာ ခေါင်းညိတ်လိုက်ရပြန်သည်။ လက်ရှိတော်တုတ်ချောင်းကို အသုံးပြုပြီး လမ်းကို တည့်တည့်မတ်မတ် လျှောက်လာခဲ့လိုက်သည်။ ကိုဌေးတစ်ယောက် နောက်ကနေ ထပ်ချပ်မကွာပါလာတာ သိပေမယ့် ကျွန်တော်သိပ်ဂရုမစိုက်ပါ။ ဘာအကူအညီမှလည်း တောင်းဖြစ်မှာမဟုတ်။

ကျွန်တော်က တစ်ယောက်တည်း အေးအေးချမ်းချမ်း ရှုန်းထွက်





ချင်တာ။ ခဏလောက်ဖြစ်ဖြစ် တိတ်တိတ်ဆိတ်ဆိတ်လေး နေချင်တာ။

ခန်းမရဲ့ဘေးဘက်တံခါးဆီကနေ ထွက်လိုက်တော့ လတ်ဆတ်သော ပြင်ပလေက ကျွန်တော့်တစ်ကိုယ်လုံးကို သိမ်းကြုံးတိုက်ခတ်သွား၏။ ကျွန်တော် တကယ်ပင် လန်းဆန်းသွားသည်။ အဲကွန်းရဲ့လုံပိတ်နေသော အအေးဓာတ်အောက်မှာ လှောင်နေသည့် ရနံ့များထဲကနေ ရုန်းထွက်ခဲ့ရသဖြင့်လည်း ကျေနပ်မိသည်။

"အင့် ဟာ"

ရပ်တန့်နေသော ကျွန်တော့်ကို တည့်တည့်လာဝင်တိုက်သောလူတစ်ယောက်။ လက်ထဲက အအေးတွေ ဖိတ်စင်ကုန်လျက် ကျွန်တော့်ရင်ဘတ်တွေ အေးစက်သွားသည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ကျွန်တော့်နောက်မှာရပ်နေသော ကိုဌေးအသံက ခပ်ကျယ်ကျယ်ထွက်လာ၏။

"မယ် တောင်းပန်ပါတယ်နော်၊ ဆောရီးပါ မယ် အလျင်လိုနေလို့ပြေးလာမိတာ၊ ပြီးတော့လေ ဒီကလည်း ရှောင်မယ်ထင်လို့"

မိန်းကလေးတစ်ယောက်ရဲ့ တောင်းပန်တိုးလျှိုးသော အသံလေးကို ကျွန်တော် ချိုသာစွာ ကြားလိုက်ရသည်။

"ဟာ မင်းကွာ"

ထိုမိန်းကလေးအပြောကြောင့် ကိုဌေး ပြောရခက်သွားပုံပါပဲ။

"ထားလိုက်ပါ ကိုဌေး၊ သူလည်း မတော်လို့ ဖြစ်သွားတာပဲ၊ လောလောဆယ် ကျွန်တော့်အင်္ကျီမှာအချိုရည်တွေစွန်းသွားပြီဆိုတော့ သန့်စင်ခန်းသွားရအောင်၊ ရှေ့က လမ်းပြပါ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးထံမှ အာမေဍိတ်သံ တိုးတိုးလေး ကျွန်တော် ကြားလိုက်ရသည်။ ကျွန်တော့်စကားဟာ ဘာကိုဆိုလိုတယ်ဆိုတာ သူမ သဘောပေါက်သွားပုံပါပဲ။

ရှေ့မှလျှောက်သွားသော ကိုဇွေခြေသံအတိုင်း ကျွန်တော် ထပ်ချပ်မကွာ လှမ်းလျှောက်လာခဲ့လိုက်သည်။ စွန်းပေသွားသော အင်္ကျီနေရာကို ရေနှင့်သန့်စင်တာကိုတော့ ကိုဇွေက လုပ်ပေး၏။ ကျွန်တော့်နားထဲမှာ ချိုသာသောအသံလေးကို ပြန်ကြားယောင်နေမိသည်။

"မယ်တောင်းပန်ပါတယ်နော်" ဆိုတော့ သူမနာမည်က 'မယ်' တဲ့လား။ ဘယ်လိုနာမည်မျိုးကြီးမှန်းလည်းမသိ။ စိတ်ပျက်စရာကောင်းသည်။

"အဆင်ပြေလား ကိုဇွေ"

"ကုတ်ပေါ်မှာ နည်းနည်းတော့ ရေကွက်ထင်နေသေးတယ်၊ လောင်ဒရီပို့ပြီး အခြောက်လျှော်ခိုင်းလိုက်မလား အစ်ကိုလေး"

"အဲဒီလောက် မလိုပါဘူး။ ကျွန်တော်တို့ ခန်းမထဲ ပြန်သွားကြတာပေါ့"

ခန်းမဘက်ဆီ ပြန်ရောက်လာသည်နှင့် စကားပြောသံ ရယ်မောသံများက နားထဲစီးဝင်လာသည်။ ခုချိန်မှာ ကျွန်တော့်ဘေးမှာရှိသမျှ အရာအားလုံး လူအားလုံး ခမ်းနားစွာ လှပနေမှာပါ။ ကျွန်တော်ကိုယ်တိုင်တောင် မေမေ ဝယ်ပေးထားသော အပြာရင့်ရောင်ကုတ်အင်္ကျီလေးနှင့် သပ်သပ်ရပ်ရပ် ဖြစ်နေမှာ။

ဒါပေမဲ့ ထိုအရာများအားလုံးကို ကျွန်တော် မြင်တွေ့ခံစားခွင့်မရှိ။ လင်းချင်းလှပနေမည့် ဟိုတယ်ခန်းမကြီးရဲ့သားနားမှုတွေအစား ကျွန်တော် တစ်ယောက်တည်းကွက်ပြီး ဝိန်းပိတ်အောင် မှောင်နေရသည်။

"မေမေ ခုပဲ ဖုန်းဆက်ခေါ်ဖို့လုပ်နေတာ သားရဲ့၊ ဟွန် သား





ကုတ်ပေါ်မှာ ဘာတွေဖြစ်လာတာလဲ"

"ကျွန်တော် အချိုရည်နည်းနည်းမှောက်သွားလို့ပါ"

ကျွန်တော့်စကားအဆုံးမှာပဲ မေမေ့ကိုလာနှုတ်ဆက်သော အမျိုးသမီးကြီးတစ်ယောက်အသံကို ကြားလိုက်ရသည်။ မေမေတို့လုပ်ငန်းနယ်ပယ်ထဲကပဲ ဖြစ်မှာပါ။

"မမြတ်တို့ကတော့ အမြဲတမ်း နုပျိုပြီးလှပနေတာပဲနော်၊ အဟင်း"

"မမြတ်တို့က ကြီးနေပါပြီကွယ်၊ နှယ်တို့ကသာ ပိုသာတာပါ"

"အသက်ချင်းဘယ်လောက်မှ မကွာတာကို မမြတ်က မြှောက်နေပြန်ပါပြီ"

မေမေနဲ့အပြန်အလှန် ပြောနေသော နှယ်ဆိုသည့် အန်တီကြီးအသံက ရွှန်းဝေနေသည်။ စီးပွားရေးလောကမှာ မေမေ့ကို အားလုံးက အသားပေးမြှောက်စားချင်ကြသည်။ ကျွန်တော်တို့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းချင်ကြသူတွေ ပေါ်များ၏။ သို့သော် မေမေက အားလုံးကိုလက်မခံဘဲ တကယ်တမ်း အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းမျိုးတွေကိုသာ စိစစ်ရွေးချယ်သည်။ ဒါကြောင့်လည်း ဒေါ်မြတ်မြတ်မွန်ဆိုရင် ဒီလောကထဲမှာ အားလုံးက လေးစားချစ်ခင်ကြခြင်းဖြစ်၏။

ကျွန်တော်ကတော့ မေမေ့ခြေရာကို နင်းနိုင်ဖို့နေနေသာသာ လုပ်ငန်းအကြောင်းနဲ့ ပတ်သက်လာရင် ဘာတစ်ခုမှ ရေရေရာရာ သိတာမရှိ။ ဒီလိုသားမျိုးကို နောက်ဆုံးကျန်သည့်တစ်ဦးတည်းသော မျိုးဆက်အဖြစ် ခုလိုပွဲမျိုးမှာ မေမေ ထုတ်ပြရတာ ချီးကျူးစရာပါပဲ။

"ဒါက သားလေး ကောင်းမင်းမြတ်မဟုတ်လား မမြတ်"

"ဟုတ်တယ်လေ နှယ်၊ ဒီကုမ္ပဏီကြီးရဲ့တစ်ဦးတည်းသော အမွေ

www.burmeseclassic.com



ဆက်ခံသူပေါ့၊ သားရေ ဒီက ဒေါ်စန္ဒာနွယ်ကို နှုတ်ဆက်လိုက်ပါဦး။ Less အလှကုန်လုပ်ငန်းကို ဦးစီးနေတဲ့သူပေါ့''

မေမေ့ရှေ့တည့်တည့်ကိုမှန်းပြီး ကျွန်တော် ပြုံးပြနှုတ်ဆက်လိုက်သည်။

''တွေ့ရတာ ဝမ်းသာပါတယ် အန်တီနွယ်''

''ဒါနဲ့ နွယ့်သမီးလေးရော မပါဘူးလား''

''ပါပါတယ် မမရယ်၊ ဟိုဘက်မှာ သူ့မိတ်ဆွေတွေနဲ့ စကားပြောနေတယ်''

''ခေါ်ပြီး မိတ်ဆက်ပေးပါဦး နွယ်ရဲ့၊ သားနဲ့ဆိုရွယ်တူတွေပဲလား မသိဘူး''

''ဟုတ်တယ် အသက်က နှစ်ဆယ့်သုံးနှစ်ရှိပြီလေ၊ မမလိုပဲ တစ်ယောက်တည်းမွေးထားတာဆိုတော့ အလိုလိုက်ထားလို့ နည်းနည်းဆိုးချင်တယ် အဟင်း''

အန်တီနွယ်က သူ့သမီးဆိုသူ မိန်းကလေးကို ခေါ်ယူရန် ထွက်သွားသည်။ သူ စိတ်ညစ်ညူးစွာ မျက်နှာကြီးသုန်မှုန်ထားမိသည်။ ဘယ်သူတွေ ဘယ်လောက်များများတောင် သူ နှုတ်ဆက်ရဦးမှာလဲ မသိပါ။ ဒီအခြေအနေရောက်မှတော့ မေမေ့ကိုလည်း ဘာတစ်ခုမှ ကလန်ကဆန်ပြန်ပြောချင်စိတ်မရှိစွာပင် သူ မျက်မှောင်ကြီးကျုံ့ထားမိသည်။

''ဒီမှာလေ မမမြတ် နွယ့်သမီးလေး''

''ဟယ် သမီးလေးက ချစ်စရာလေးဖြစ်လာပါလား။ ဟိုးငယ်ငယ်တုန်းက မြင်ဖူးပေမယ့် အရွယ်ရောက်ပြီးနောက်ပိုင်း မတွေ့ဖြစ်ခဲ့ဘူးနော်''

''ဟုတ်ကဲ့ရှင့်၊ သမီးက အင်္ဂလန်မှာ စီးပွားရေးပညာဘွဲ့အတွက် ကျောင်းသွားတက်နေခဲ့လို့ပါ''





ဒီ ချိုသာသောအသံလေးကို ကျွန်တော် ကောင်းကောင်းမှတ်မိပါသည်။ ကျွန်တော့်ရင်ဘတ်ပေါ်ကို အချိုရည်တွေ မှောက်ကျသွားအောင် ဝင်တိုက်ခဲ့သော ကောင်မလေး။

''သမီးလေးနာမည်က နတ်မိမယ် မဟုတ်လား၊ နာမည်လေးက ချစ်စရာလေးမို့ ကောင်းကောင်းမှတ်မိနေတာ''

''ဟုတ်တယ် မမမြတ်၊ သူ့အဖေကိုယ်တိုင် မှည့်ခဲ့တဲ့နာမည်လေးပေါ့''

ကျွန်တော်တစ်ယောက်တည်းကြိတ်ပြီး ပြုံးလိုက်မိသည်။ သူမကိုယ်သူမ 'မယ်'ဆိုပြီး သုံးနှုန်းပြောခဲ့တာ သူမနာမည်က 'နတ်မိမယ်'မို့လို့ပေါ့။ မေမေ ပြောသလိုပါပဲ။ ခုလိုကျတော့လည်း နာမည်လေးက စိတ်ပျက်စရာမဟုတ်ဘဲ ချစ်စရာကောင်းသွားပါသည်။

''သားလေး ဒီမှာ အန်တီနွယ့်သမီးလေး နတ်မိမယ် တဲ့၊ သားနဲ့ ရွယ်တူပဲလေ''

''တွေ့ရတာ ဝမ်းသာပါတယ်''

''ခုနက မယ် ဝင်တိုက်မိတဲ့တစ်ယောက် မဟုတ်လား''

''ဝင်တိုက်မိတယ် ဟုတ်လား။ ဘာကိုပြောတာလဲ သမီး''

မေမေက နားမလည်နိုင်စွာ မေးသည်။

''သား ဂုတ်ပေါ်ကို အချိုရည်တွေ မှောက်ကျသွားအောင် သူ ဝင်တိုက်ခဲ့တာလေ''

''ဪ် ဒီလိုလား။ ဒါဆို သားနဲ့သမီးက ဆုံတောင်ဆုံပြီးပြီပေါ့''

''ဟုတ်ပါတယ် အန်တီမြတ်၊ သမီး အပြင်ရောက်နေတုန်း မာမီခေါ်လှမ်းခေါ်တာနဲ့ အမြန်ပြန်ဝင်လာတုန်း သူနဲ့ဝင်တိုက်မိတာပါ''

သွက်လက်ချိုသာသော အသံလေးက ဆွဲဆောင်မှုရှိတာတော့



www.burmeseclassic.com

www.burmeseclassic.com



အသေအချာပါပဲ။ သူမ မျက်နှာလေးကလည်း ထိုအသံနှင့်လိုက်ဖက်စွာ ဖြစ်မည်ဆိုလျှင် ချစ်ခင်ဖွယ်ကောင်းသော သွင်ပြင်ရှိမှာပါ။ အမှောင်ကမ္ဘာထဲမှာ ကျွန်တော့်ဘာသာမှန်းပြီး ပုံဖော်ကြည့်လို့ရသမျှကတော့ ဖြူဖြူနုနု ချောမောလှပသော မိန်းကလေးတစ်ယောက်ပုံစံမျိုး ဖြစ်၏။

ဒီနောက်မှာတော့ မေမေ့မိတ်ဆွေတွေ တစ်ယောက်ပြီးတစ်ယောက်နှင့် မိတ်ဆက်စကားပြောနေရသောကြောင့် ထိုမိန်းကလေးကို ကျွန်တော် မေ့မေ့ပျောက်ပျောက်ပင် ဖြစ်သွားသည်။ ကျွန်တော် မျက်စိမမြင်နိုင်ကြောင်း သိထားကြသော လူတချို့က ကရုဏာသက်သလို လေသံမျိုးလေးတွေဖြင့် ခွဲစိတ်နိုင်ဖို့ နောက်ထပ်တစ်ကြိမ် စမ်းသပ်သင့်ကြောင်း အကြံပေးကြသည်။ တကယ်ဆို ဒီစကားမျိုးကတော့ မေမေ့ထံကနေလည်း ကျွန်တော် မကြာခဏ ကြားနေကျပါ။

မြန်မာနိုင်ငံမှာ အဆင်မပြေနိုင်ရင်တောင် ကျန်တဲ့ဘယ်နိုင်ငံကြီးမှာမဆို သွားရောက်စစ်ဆေးကုသဖို့ မေမေ အမြဲကြိုစည်နေရှာတုန်းခဲ့တာ။ ကျွန်တော်ကိုယ်တိုင်က အိမ်ထဲကအိမ်ပြင် မထွက်ချင်ဘူးဆိုသည့် အကြောင်းပြချက်တစ်ခုတည်းဖြင့် တင်းခံနေခဲ့ခြင်း ဖြစ်သည်။ ❀

ပြီးတော့ အိမ်ထဲမှာပဲ အောင်းမနေသင့်ဘဲ လောကကြီးထဲကို ထွက်ကြည့်လေ့လာသင့်ကြောင်း အကြံပေးသူများလည်းရှိ၏။ လူဆိုတာ ကိုယ်ကိုယ်တိုင် ဒီလိုနေရာမျိုးကိုရောက်မှ ကိုယ်ချင်းစာပေးနိုင်ကြသော သတ္တဝါတွေမှန်း ကျွန်တော် နားလည်ပါသည်။ အရာအားလုံးကို စိတ်ကုန်ညစ်ညူးစွာနှင့်အိမ်ထဲမှာပဲ နေချင်သော ကျွန်တော့်စိတ်ကို သူတို့ကိုယ်တိုင် မကြုံဖူးဘဲ ဘယ်တော့မှ ခံစားနားလည်ပေးနိုင်မှာမှ မဟုတ်တာ။

"ကျွန်တော် ပြန်ချင်ပြီ မေမေ၊ ခေါင်းတွေလည်း ကိုက်နေပြီ"

ကျွန်တော်တို့သားအမိနားမှာ ခဏတာလောက်လေး အသံတွေ





တိတ်သွားတုန်း ကျွန်တော်တိုးတိုးလေး ကပ်ပြောလိုက်၏။ ဒီနေရာမှာ ကျွန်တော်တကယ်ပင် မနေချင်တော့။ ကိုယ့်အခန်းလေးထဲပြန်ပြီး အေးအေးလူလူ အနားယူချင်ပြီ။

"ခေါင်းကိုက်တယ် ဟုတ်လား။ ဒါဆိုရင် မေမေတို့ ပြန်ကြမယ်လေ"

"ဒီမှာ မေမေ့ညီသည်တွေမှမကုန်သေးတာ၊ သားတစ်ယောက်တည်းပဲ ပြန်လိုက်ပါ့မယ်"

"သား အဆင်ပြေပါ့မလား"

မေမေ့ရဲ့စိတ်ပူပန်မှုတွေ ပြည့်နှက်နေသောအသံကို ကျွန်တော်က အပြုံးလေးဖြင့် တုံ့ပြန်လိုက်သည်။ တကယ်တမ်းက ကျွန်တော် ခေါင်းကိုက်နေတာမှမဟုတ်တာ။ မေမေ ခွင့်မပြုမှာစိုးလို့ တမင်ပိုပြောလိုက်ခြင်းဖြစ်သည်။

"အဆင်ပြေပါတယ် မေမေ၊ ကျွန်တော် အိမ်ပြန်ရောက်ရင် ကိုမွှေးကို ပြန်လွှတ်လိုက်မယ်"

"ကောင်းပြီလေ၊ ဒါဆို မေမေလည်း ဒေါ်မြင့်ဆီ ဖုန်းဆက်ထားလိုက်မယ်၊ သား ရေချိုးဖို့ ရေနွေးအဆင်သင့်စပ်ပေးထားရအောင်"

မေမေက ချက်ချင်းပင် အိမ်မှအကူအဒေါ်ကြီးဆီ ဖုန်းလှမ်းဆက်ပြီး ကျွန်တော် ပြန်လာတော့မည့်အကြောင်း ပြောပြနေပြီ၊ ကျွန်တော်နှင့်ကိုမွှေးလည်း မေမေ့ကိုထားခဲ့ကာ ခန်းမကြီးထဲမှ ထွက်ခွာလာခဲ့၏။

"ရှေ့မှာကားတစ်စီး ပိတ်မိနေတယ် အစ်ကိုလေး"

"ရှောင်သွားလို့ မရဘူးလား"

"လမ်းကကျဉ်းတော့ မလွယ်ဘူး"

"ဒါဆိုလည်း မင်းနည်းနည်းလောက် ဆင်းကြည့်ပေးပါလား ကား ပျက်နေတာနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဒါရိုက်ဘာ ကိုဌေးက ကားမောင်းကျွမ်းကျင်ရုံမျှမက စက်ပိုင်းဆိုင်ရာမှာလည်း နားလည်တတ်ကျွမ်းသူဖြစ်သည်။

"ဟာ အစ်ကိုလေး။ ဒါ အစ်ကိုလေးကို ဝင်တိုက်သွားတဲ့ ကောင်မလေးဗျ။ သူ တစ်ယောက်တည်း ပြန်လာတာနဲ့တူတယ်"

"ဟင် ဟုတ်လား။ မင်းသွားကူညီပေးလိုက်ပါ၊ အဲဒါ မေမေ့မိတ်ဆွေရဲ့သမီးလေးကွ"

"ဟုတ်ကဲ့ အစ်ကိုလေး"

ကိုဌေး ထွက်သွားပြီး မကြာပါ။ ချက်ချင်းပင် ကျွန်တော့်နား ပြန်ရောက်လာခဲ့၏။ ကိုဌေး ခြေသံနောက်ကနေ ဒေါက်ဖိနပ်သံလေးတစ်ခု ကပ်ပါလာတာလည်း၊ ကျွန်တော် ကြားနေရသည်။

"ကျေးဇူးတင်ပါတယ် ကိုကောင်းမင်းမြတ်"

ချိုသာသော အသံလေးကို ကျွန်တော် ထပ်ကြားရပြန်သည်။ ကျေးဇူးတင်ပါတယ်ဆိုတော့ ကိုဌေး ကူညီပေးလိုက်လို့ သူမ ကားလေး ပြန်ကောင်းသွားသည့်ပုံပါပဲ။

"ဘတ်ထရီကြိုးပြုတ်နေတာပါ အစ်ကိုလေး။ ထွေထွေထူးထူး မဟုတ်ပါဘူး။ ကျွန်တော် ပြန်လုပ်ပေးလိုက်ပါပြီ"

"ဪ ကြီးကြီးမားမား မဟုတ်လို့ တော်သေးတာပေါ့"

"ဘာပဲဖြစ်ဖြစ် ဒီကပြင်ပေးတဲ့လူရော ကိုကောင်းမင်းမြတ်ရောကိုမယ် ကျေးဇူးတင်ပါတယ်နော်"

"မလိုပါဘူး။ မေမေ့မိတ်ဆွေရဲ့သမီးဆိုတော့ ကျွန်တော့်မှာတာဝန်ရှိပါတယ်"

"ဒါဆို မယ့်ကိုခွင့်ပြုပါဦး။ စကားပြောချင်သေးပေမယ့် နောက်ကကားတွေထပ်ရောက်လာရင် အခြေအနေပိုဆိုးကုန်မှာစိုးလို့ သွားတော့မယ်





နော်"

ကျွန်တော် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။ သူမက ကျွန်တော့်ကို စကားပြောချင်သေးတယ်ဆိုပါလား။ ကျွန်တော်က ဘယ်သူနဲ့မှ စကားမပြောချင်ပါ။ ပြောစရာစကားလည်း မရှိ။ ခုလိုမျိုး ရေလိုက်ငါးလိုက်လုပ်ပြောနေရတာနဲ့တင် လူကတော်တော်လေး စိတ်ကျဉ်းကျပ်နေပြီ။

ဒေါက်ဖိနပ်သံလေး တဖြည်းဖြည်းဝေးသွားတော့ ကိုဌေးလည်း ကားပေါ်ပြန်တက်လာသည်။ ငြိမ့်ခနဲ မောင်းထွက်လာသော ကားလေးပေါ်မှာ ငြိမ့်ငြိမ့်ညောင်းညောင်းသံစဉ်လေးတစ်ခုကို ကိုဌေး ဖွင့်ပေးထား၏။ မေမေ့အကြိုက်က ကားမောင်းနေရင်းနှင့် သာယာသော သီချင်းသံလေးတွေ နားထောင်ရခြင်း ဖြစ်သည်။ သူကတော့ အရင်တုန်းကဆိုရင် ဆူညံပေါက်ကွဲတတ်သော သံစဉ်များဖြင့်သာ ကားတစ်စီးနှင့်လျှောက်လိမ့်နေတတ်၏။ ခုတော့လည်း သူ့အတွက် သာယာငြိမ့်ညောင်းသော သီချင်းဖြစ်ဖြစ် ဆူညံပေါက်ကွဲတတ်သော သီချင်းဖြစ်ဖြစ် ဘာမှထူးထူးခြားခြား ကွဲပြားတာမျိုး မရှိတော့ပါ။

"ကျွန်တော့်အထင်တစ်ခုလောက် ပြောချင်တယ် အစ်ကိုလေး"

သူ့အတွေးများထဲ မျောနေတုန်း ကိုဌေးဆီမှ စကားသံထွက်လာသည်။

"ဘာလဲ ကိုဌေး"

"ခုနက မိန်းကလေးရဲ့ကားဘတ်ထရီကြိုးက လက်နဲ့တမင်သက်သက် ဆွဲဖြုတ်ခံထားရသလိုပဲ"

"မင်း ဘာကိုဆိုလိုတာလဲ"

ကိုဌေးစကားက အဆန်းကြီးမို့ သူ စိတ်ဝင်စားသွားသည်။

"ကျွန်တော် ဘာကိုမှ မဆိုလိုပါဘူး အစ်ကိုလေး။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်အထင်လည်းဖြစ်မှာပါ"

"မင်းပဲပြောတော့ ဘတ်ထရီကြိုးက လက်နဲ့ဆွဲအဖြုတ်ခံထားရသလိုပဲဆို"

"ကျွန်တော် အဲဒီလို ထင်မြင်မိတာတော့ အမှန်ပါပဲ၊ ဒါပေမဲ့ ဒီမိန်းကလေးက ဘာဖြစ်လို့ ကိုယ့်ကားဘတ်ထရီကြိုးကို ဆွဲဖြုတ်စရာအကြောင်းရှိမှာလဲ၊ မဟုတ်ဘူးလား"

သူ ငြိမ်သက်သွားမိသည်။ ဘာပြန်ပြောလို့ ပြောရမှန်းမသိ။ ဘတ်ထရီကြိုး ဆွဲဖြုတ်ခံထားရတယ်ဆိုတာလည်း ကိုဒွေးရဲ့အမြင်တစ်ခုပဲလေ။ ဘယ်မိန်းကလေးကတော့ လမ်းလယ်ခေါင်မှာ ကိုယ့်ကားကို ကိုယ့်ဘာသာ ပြန်ပြီးပျက်အောင် လုပ်မှာတဲ့လဲ။

"ဆွဲဖြုတ်ထားတယ်လို့ ကိုဒွေး အထင်မှားတာလည်း ဖြစ်မှာပါ။ သူ့ဘာသာ တမင်သက်သက် လုပ်စရာ ဘာအကြောင်းမှ မရှိဘူးလေ"

"ဟုတ်ကဲ့ အဲဒီလိုပဲ ဖြစ်မှာပါ"

နှစ်ယောက်သားလုံး တိတ်ဆိတ်သွားပေမယ့် ကျွန်တော့်အတွေးများထဲမှာတော့ ထိုမိန်းကလေး ဝင်ရောက်နေရာယူခဲ့၏။ မေမေ့မိတ်ဆွေရဲ့ သမီးအဖြစ် ရိုးရိုးရှင်းရှင်း တွေ့ဆုံခဲ့သော နတ်မိမယ်သည် ကျွန်တော့်ဘဝထဲကို နစ်နစ်နဲနဲ ဝင်ရောက်လာမည့် မိန်းမတစ်ယောက်မှန်း ထိုအချိန်ကတော့ ကျွန်တော် မသိခဲ့ပါ။

■ ■ ■

နှစ်ပတ်လည်အခမ်းအနားပွဲပြီးလို့ တစ်လကျော်သွားသည်ထိ ကျွန်တော် အိမ်ထဲကအိမ်ပြင် ထပ်မထွက်ဘဲ နေမိပြန်သည်။ ဒီနေ့ ခြံထဲမှာ တစ်ယောက်တည်း ထိုင်နေတုန်း အနားသို့ မေမေ ရောက်လာပြီး

"သားအတွက် ဖိတ်စာတစ်စောင် ရောက်နေတယ်"





"ဗျာ ကျွန်တော့်အတွက် ဟုတ်လား"

ဘယ်လိုပွဲမျိုးကိုတက်ဖို့ ဘယ်သူကများ ကျွန်တော့်ကို ဖိတ်စာပို့လိုက်တာလဲ။ လူတွေနဲ့ အဆက်အသွယ်ဖြတ်တောက်ပြီးနေခဲ့တာ အချိန်အတိုင်းအတာတစ်ခုလောက် ကြာသွားပြီးတဲ့နောက်မှာ ဘယ်လိုလူကများ ကျွန်တော့်ကို တကူးတက ဖိတ်စာပို့တာလဲ။

"ဟုတ်တယ် သား၊ နွယ့်သမီးလေးကို မှတ်မိတယ် မဟုတ်လား"

"နတ်မိမယ်"

စဉ်းစားနေစရာတောင် မလိုလိုက်ပါဘဲ နာမည်လေးတစ်လုံးက ကျွန်တော့်နှုတ်ခမ်းဖျားများကနေ သူ့အလိုလို ထွက်ကျသွား၏။

"အင်း သားက မှတ်မိသားပဲ"

မေမေ့အသံက ကျေနပ်အားရစွာ ကြည်ကြည်နူးနူးလေး။

"သူက ဘာဖြစ်လို့လဲ"

"သူ့ရဲ့မွေးနေ့ပွဲလေ၊ သားကို လာစေချင်တယ်ဆိုပြီး တကူးတက ဖိတ်စာပို့လိုက်တာ"

"ကျွန်တော်နဲ့သူနဲ့ခင်မင်တာလည်း မဟုတ်ဘဲနဲ့၊ ဘာသဘောနဲ့ ဒီလိုလုပ်တာလဲ မေမေ"

"သူတစ်ယောက်တည်း သဘောတော့မဟုတ်ဘူးပေါ့၊ နွယ်ကလည်း မေမေတို့ကို လာစေချင်တယ်လေ"

"ဒါဆိုလည်း မေမေပဲသွားလိုက်ပေါ့"

သူ ပေါ့ပါးစွာပင် ပြောမိသည်။ ဒါပေမဲ့ မေမေက သူ့ပခုံးလေးကို ဆာဖက်လိုက်ခြင်းကြောင့် ဒီတစ်ခါတော့ သူ့ကိုမရမက မေမေ နားချတော့မယ်ဆိုတာလည်း သူ သဘောပေါက်လိုက်၏။

"အဲဒီနေ့ ညနေကို မေမေက တခြားရှယ်ယာရှင်တွေနဲ့ ညစာ



www.burmeseclassic.com

www.burmeseclassic.com



စားပွဲရှိနေတယ်၊ ပြီးတော့ ပွဲကလည်း နတ်မိမယ်လေးရဲ့မွေးနေ့ပွဲဆိုတော့ သားတို့လူငယ်တွေပဲ ပိုလာမှာလေ၊ မေမေ့အစား သားကပဲ သွားပေးဖို့ မေမေ တောင်းဆိုချင်တယ်''

''ဒါ ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာ မေမေ သိရဲ့သားနဲ့''

''သား ဘယ်အချိန်ထိ ဒီလိုနေနေမှာလဲ''

''သား စိတ်တွေပြေသွားတဲ့အထိ''

''အဲဒါ ဘယ်အချိန်ထိလဲ သား''

''သား မသိဘူး''

မေမေ့ထံမှ ရယ်သံသဲ့သဲ့လေး ကြားရသည်။ အဲဒီ ရယ်သံကို ကျွန်တော် နားလည်ပါတယ်။ ဘယ်တော့မှ ရောက်မလာနိုင်မယ့် အချိန်တစ်ခုကို ကျွန်တော် စောင့်နေပါတယ်လို့ မေမေ ဆိုလိုချင်နေတာ။

''သားက စိတ်ပြေသွားတဲ့အချိန်ထိလို့ ပြောနေပေမယ့် အဲဒီလို စိတ်ပြေသွားအောင်လို့ သားဘက်က ဘာတွေများ ကြိုးစားခဲ့လဲ၊ တကယ်ဆိုရင် ဒီဘဝကနေ လွတ်မြောက်အောင် သား ကြိုးစားသင့်တာ၊ သားအတွက် အကောင်းဆုံးဖြစ်မယ့် အရာတွေကို မေမေ စီစဉ်ပေးနိုင်တယ်၊ သားသာ ငြင်းဆန်မနေဘူးဆိုရင် မေမေ သိပ်ဝမ်းသာမိမှာပဲ''

ကျွန်တော့်မှာ ပြန်ပြောစရာ စကားလုံးမရှိ။

''အရင်လိုမျိုး တက်တက်ကြွကြွ ပြန်မနေနိုင်သေးဘူးဆိုရင်တောင် ဖြည်းဖြည်းချင်းစီတော့ ရှေ့ဆက်တိုးစေချင်မိတယ်၊ ပြီးတော့ သား ဒီလိုဖြစ်နေတယ်ဆိုပြီး အထင်သေးမယ့်လူမျိုး ဒီထဲမှာ တစ်ယောက်မှမပါဘူး''

''ဘယ်အထင်သေးမလဲ မေမေ၊ ကျွန်တော်က သာမန် ကောင်းမင်းမြတ်မှမဟုတ်တာ၊ မေမေ့သား ကောင်းမင်းမြတ်လေ၊ စီးပွားရေးလုပ်ငန်းမှာ လျှမ်းလျှမ်းတောက် အောင်မြင်နေတဲ့ ဒေါ်မြတ်မြတ်မွန်ရဲ့ သားလေ





နစ်ဖက်မိဘ ဘိုးဘွားတွေ အစဉ်အဆက် ချမ်းသာလာတဲ့ မျိုးရိုးလေး အဲဒီကောင်းမင်းမြတ်ကို ဘယ်သူကမှ အထင်သေးပြီး မဆက်ဆံရဲတာ သား နားလည်ပါတယ်''

''သား ဘာပြောချင်နေတာလဲ''

ကျွန်တော့်စိတ်တွေ မထိန်းထားနိုင်ဘဲ ပြောမိသွားလျှင် မေမေ က အံ့ဩတကြီး မေးလာသည်။ ကျွန်တော် စိတ်ဓာတ်တွေအရင်လို ပုံမှန် မဟုတ်တော့ဘဲ စိတ်ဓာတ်ကျချင်စရာများကိုသာ ရွေးချယ်တွေးမိနေသလိုမျိုး ဖြစ်နေခဲ့တာ။

''သားက မေမေ့ရဲ့တစ်ဦးတည်းသောသားပဲလေ၊ သားက သာမန် လူတစ်ယောက် ဘယ်တော့မှ မဖြစ်နိုင်ဘူးလေ၊ အဲဒီအတွက်လည်း သား စိတ်ပူစရာမလိုဘူး''

''မသိဘူး မေမေ၊ သား စိတ်ညစ်တယ်၊ အသက်ဆက်မရှင်ချင်တော့ဘူးလို့ ခဏခဏ တွေးမိတယ်''

''သား ဘာတွေပြောနေတာလဲ၊ အဲဒီလို မှားယွင်းတဲ့အတွေးတွေ သားဆီမှာ ဆက်ရှိနေတုန်းပဲလား''

''မေမေ ရှိနေခဲ့တဲ့အတွက် သား ဒီလိုတွေ ထပ်မလုပ်တော့ဖို့ ဆုံးဖြတ်ထားပေမယ့် တစ်ခါတလေ ဒီအမှောင်ထဲကနေ သား ထွက်ပြေးလွတ်မြောက်သွားချင်တယ်၊ သား သေသွားခဲ့ရင် အလင်းရောင်တွေကို ပြန်မြင်ရမှာလားလို့ ရူးရူးမိုက်မိုက်တွေ တွေးမိနေတယ်''

မေမေ့ထံမှ ရှိုက်သံသဲ့သဲ့လေး ကြားရသည်။ ကျွန်တော် မရိပ်မိအောင် ကြိတ်ပြီး မျက်ရည်ကျနေတာပဲဖြစ်ရမည်။

''အမြင်အာရုံနဲ့ပတ်သက်တဲ့ အာရုံကြောတွေအားလုံး ပျက်စီးသွားခဲ့တာ မေမေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း တစ်နည်းနည်းတော့ ရှိမှာပါ၊ မေမေ ယုံတယ်"

သက်ပြင်းလေးချရှုံကလွဲလို့ ကျွန်တော် မေမေ့ကိုဆန့်ကျင်ပြောနိုင်စွမ်း မရှိတော့ပါ။

"မေမေ့ကို လိုက်လျောမယ်မဟုတ်လား သား"

"ဘာကိုလဲ မေမေ"

"လာမယ့်စနေနေ့မှာ နတ်မိမယ်လေးရဲ့မွေးနေ့ကို သား သွားပေးဖို့လေ"

"သား"

"ဘာမှမပြောနဲ့တော့ သား။ မကြာခင်မှာ သားမျက်လုံးတွေ အလင်းရောင်ကို ပြန်မြင်ခွင့်ရစေရမယ်၊ အဲဒီအတွက် ခုတည်းက အားလုံးကိုပြင်ပြီး ကျင့်သားရအောင် လုပ်ထားပါ၊ ဒါ မေမေအလိုချင်ဆုံးပဲ"

"မေမေရယ်"

ကျွန်တော့်ပခုံးကို ဖက်ထားသော မေမေ့လက်များအား ကျွန်တော် အုပ်မိုးကိုင်ကာ ထွေးဆုပ်ထားလိုက်၏။ တကယ်ဆိုရင် ပထမအကြိမ်တုန်းက မျက်လုံးအစားထိုးဖို့ အဆင်မပြေဖြစ်ခဲ့ပြီးနောက်ပိုင်း ကျွန်တော့်စိတ်ဓာတ်တွေ ပိုမိုကျဆင်းခဲ့ရခြင်း ဖြစ်သည်။ တခြား ဘယ်လိုနည်းနဲ့မှ ထပ်မံကြိုးစားချင်စိတ်လည်းမရှိတော့။

ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်တွေ အိမ်ထဲကအိမ်ပြင်မထွက်ဘဲ လောကကြီးထဲကနေ ကင်းကင်းရှင်းရှင်း နေတတ်လာတာတွေ၊ အားလုံးကို အရှုံးပေးချင်လာတာတွေ။ ငယ်ငယ်တည်းက လိုတိုင်းတရခဲ့သော ကျွန်တော့်ဘဝမှာ ဒီတစ်ကြိမ် ရိုက်ခတ်မှုကတော့ မခံမရပ်နိုင်လောက်အောင်ကို အကြီးကျယ်ဆုံးဖြစ်ခဲ့၏၊ ပြင်းထန်လွန်းတဲ့ ထိုးနှက်ချက်က ကျွန်တော့်အတွက် ရှေ့ဆက်မရပ်တည်နိုင်လောက်အောင် စိတ်ဓာတ်ကျဆင်းစေခဲ့တာ။





"သွားပေးမယ်မဟုတ်လား သား"

သူ့ စိတ်မပါလက်မပါစွာနှင့် ခေါင်းညိတ်ပြလိုက်ရသည်၊ မေမေ့ကို စိတ်ချမ်းသာစေချင်သောဆန္ဒတစ်ခုတည်းနှင့်ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ညကျ မွေးနေ့ပွဲသွားဖို့ အဝတ်အစားတွေ သား ခုတင်ပေါ်မှာ မေမေ ထုတ်ပေးထားခဲ့တယ်နော်၊ မွေးနေ့လက်ဆောင်ထုပ်က ခုတင်ဘေးက စားပွဲလေးပေါ်မှာ"

မေမေက ရှယ်ယာရှင်များနှင့်ချိန်းဆိုထားသော ညစာစားပွဲမသွားခင် ကျွန်တော့်ကို သေသေချာချာ မှာနေ၏။ နတ်မိမယ်အတွက်ဆိုပြီး မွေးနေ့လက်ဆောင်လည်း အဆင်သင့်လုပ်ပေးထားသေးသည်။

"စိတ်ချပါ မေမေ၊ သား သွားဖြစ်အောင်သွားမှာပါ"

"မေမေ ယုံပါတယ်၊ သားလေး မေ့နေမှာစိုးလို့ မေမေက မှာနေတာပါ"

ကျွန်တော် ပြုံးရုံသာ ပြုံးနေလိုက်သည်။ မေမေကတော့ ခုလိုမျိုး လူတော်သူတော်ထဲကို ကျွန်တော် ပြန်ဝင်မယ့်အတွက် ဝမ်းမြောက်ရွှင်မြူးနေပုံပါ။

"ကိုဌေးကို သား ကားမောင်းပေးဖို့ ထားခဲ့မယ်"





"မေမေကရော"

"သိန်းဝင်းကို မောင်းပို့ခိုင်းလိုက်မယ်လေ"

ခြံစောင့်ကြီး ဦးလေးသိန်းကလည်း မေမေနဲ့ဖေဖေ လက်ထပ်ကာစတည်းက ဒီအိမ်မှာပဲနေထိုင်လာပြီး ခြံလုပ်ငန်းများအပြင် တခြားလုပ်ငန်းလေးတွေပါ ကူညီလုပ်ကိုင်ပေးနိုင်သည်ထိ ရင်းနှီးနေပြီမို့ ဘယ်နေရာမှာမဆို သူ့လက်သူ့ခြေနှင့် အကူအညီရ၏။ ခြံစောင့်အနေနဲ့ စစချင်း ဝင်လုပ်ခဲ့တာဆိုပေမယ့် ဒီခြံထဲမှာပဲ သူ့တစ်သက်မက နေထိုင်လာတာဆိုတော့ အိမ်သားတစ်ပိုင်းလည်း ဖြစ်နေပါပြီ။

"မွေးနေ့က ခြောက်နာရီစမှာနော် သား၊ အခု ဆယ့်ငါးမိနစ်ပဲ လိုတော့တယ်"

"ကောင်းပါပြီ မေမေ၊ သားကို စိတ်ပူမနေပါနဲ့၊ မာမီ သွားစရာရှိတာ စိတ်အေးအေးနဲ့သာ သွားနော်"

"အင်းပါ မေမေ့သားက ကတိမဖျက်တတ်တာ သိပါတယ်"

ကျွန်တော့်နဖူးလေးကို တစ်ချက်ဖွဖွနမ်းလိုက်ပြီး အခန်းထဲကနေ မေမေ ပြန်ထွက်သွားသည်။ မေမေ့ခြေသံ ဝေးကွာသွားတာနှင့် ကျွန်တော် ရေချိုးခန်းထဲဝင်ပြီး သန့်ရှင်းရေးလုပ်ငန်းများ စတင်လိုက်သည်။ အချိန်က နာရီဝက်စွန်းစွန်းလေးပဲ ကျန်တော့တာလေ။

မေမေ အဆင်သင့်ထုတ်ပေးထားခဲ့သော အဝတ်အစားများ ဝတ်ဆင်ပြီးချိန်မှာ တိုင်ကပ်နာရီဆီမှ အချက်ပြသံ ခြောက်ချက်ထွက်ပေါ်လာသည်။ တစ်ပြိုင်နက်တည်းလိုလိုပင် အပြင်မှ တံခါးခေါက်သံ ထွက်လာ၏။

"ကျွန်တော် ကားထုတ်ထားပြီးပါပြီ၊ အဆင်သင့်ဖြစ်ရင် သွားလို့ ရပြီလို့ လာပြောတာပါ"

"အင်း ပြီးပြီလေ၊ သွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာစားပွဲပေါ်က အထုပ်လေးက မွေးနေ့လက်ဆောင်နဲ့တူတယ်"

"ဪ ဟုတ်တယ်၊ ငါမေ့တော့မလို့ကွာ၊ ဝင်ယူလိုက်ပါဦး"

ကိုဒွေး အထဲဝင်ပြီး လက်ဆောင်ထုပ်ယူနေတုန်း ကျွန်တော် အရင်ကားထဲက ထိုင်စောင့်နေလိုက်၏။ စိတ်ထဲမှာ နည်းနည်းတော့ တစ်မျိုးကြီးပါပဲ။ ကိုယ်နဲ့လည်းမသိသော ပွဲတစ်ခုကို ခုလိုသွားရမှာဆိုတော့ ကြောင်တောင်တောင်နိုင်နေမှာတော့ အမှန်။

အရင်အချိန်တွေတုန်းကတောင် ကိုယ်နဲ့မသိမသင်မင်သည့်ပွဲမျိုးတွေကို ကျွန်တော် သွားလေ့သွားထရှိတာမဟုတ်။ မရင်းနှီးသော မိန်းကလေးတစ်ယောက်ပွဲဆို ပိုတောင်ဆိုးသေးသည်။ ခုတော့ မေမေ့ကို စိတ်မဆင်းရဲစေချင်သည့် အကြောင်းပြချက်တစ်ခုနဲ့ပင် သူ သွားရတော့မည်။

"ဒီမှာပါ အစ်ကိုလေး"

ကိုဒွေး လှမ်းပေးသော အထုပ်လေးက လက်ဝါးတစ်ဝက်စာလောက်ရှိသော ပါကင်ထုပ်လေးဖြစ်သည်။ အထဲမှာ ဘာပါမှန်းလည်း ကျွန်တော် မသိပါ။ မေမေ့စိတ်တိုင်းကျ ဝယ်ယူထားသည့် တန်ဖိုးမနည်းသော ပစ္စည်းတစ်ခုခု ဖြစ်ပါလိမ့်မည်။

"သွားရအောင်"

ယာဉ်ကြောပိတ်ဆို့နေသောကြောင့် ရောက်လိုသည့်နေရာကို မြန်မြန်ဆန်ဆန် ခရီးမတွင်နိုင်ဘဲ ဖြစ်နေသည်။ ကျွန်တော့်အတွက် သီးသန့်အဖြစ် မေမေ မှာယူပေးထားသော လက်နှင့်စမ်းသပ်လို့ရသည့် နာရီလေးကို စမ်းကြည့်လိုက်၏။ ခုနစ်နာရီထိုးဖို့ ငါးမိနစ်သာ လိုတော့သည်။

သူမတို့ခြံလေးရှေ့ရောက်ချိန်မှာ မြူးကြွသော သံစဉ်များဖြင့် ပျော်ပါးမြူးထူးနေသည့်အသံများကို အတိုင်းသား ကြားလိုက်ရသည်။ အရင်





တစ်ချိန်ကတော့ ကျွန်တော်လည်း ဝော်ဒါအပေါင်းနှင့် ခုလိုမျိုး ပျော်ပျော်ရွှင်ရွှင် ပေါ့ပါးလွတ်လပ်စွာ နေထိုင်ခဲ့ဖူးတာကို သတိရမိ၏။

"အစ်ကိုလေး ဆင်းလို့ရပါပြီ"

ကျွန်တော့်ဘေးက တံခါးကို ကိုဒွေးက လာဖွင့်ပေးသည်။ သူ အနားမှာထပ်ချပ်မကွာ လိုက်ပေးမှာမို့ ကျွန်တော့်အတွက် အခက်အခဲတော့ ဖြစ်စေမည် မထင်ပါ။ ကိုဒွေးက ကျွန်တော့်ထက် တစ်နှစ်လောက်ငယ်သော ကောင်လေးတစ်ယောက် ဖြစ်သည်။ ကျွန်တော့်မတော်တဆမှု ဖြစ်ပွားကာစမှာပဲ သူ အလုပ်စဝင်ခဲ့ခြင်းမို့ ကျွန်တော့်ခံစားချက် အကြောင်းအရာများ အားလုံးကို သိရှိနားလည်ပေးနိုင်သူတစ်ယောက်လည်း ဖြစ်၏။

"ဟယ် ကိုကောင်းမင်းမြတ် ရောက်လာပြီပဲ"

ကျွန်တော် ကားပေါ်က ဆင်းလိုက်သည်နှင့် အသံချိုချိုလေးနှင့် အတူ မွှေးပျံ့သော သင်းရနံ့လေးတစ်ခုကိုပါတွဲလျက် ကြားသိခံစားလိုက်ရသည်။

"မယ်က နောက်ကျနေလို့ မလာတော့ဘူးလားတောင် ထင်နေတာ"

"ကျွန်တော်သွားပါ့မယ်လို့ မေမေ့ကို ကတိပေးထားပါတယ်"

"ဪ ဒီလိုဆိုတော့ အန်တီမြတ်ကိုပေးထားတဲ့ကတိကြောင့် လာတာပေါ့လေ၊ မယ့်မွေးနေ့ပွဲကို မှတ်မှတ်ရရ ဂုဏ်ပြုပေးဖို့ လာတာမဟုတ်ဘူးပေါ့"

စကားနာထိုးတာလား၊ ဟန်ဆောင်ပြီး ရန်ထောင်တာလား၊ ကျွန်တော်မသိပါ။ ကျွန်တော်ကတော့ ပြုံးပဲပြုံးနေလိုက်သည်။

"ဟယ် မောင်ကောင်းမင်းမြတ် ရောက်လာပြီပဲ၊ ဒီနေ့ မယ့်ပါတီက အရေးကြီးဧည့်သည်တစ်ခု သွားစရာရှိလို့ သားကိုပဲလွှတ်လိုက်မယ်လို့ ဖုန်းကြို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ထားတယ်၊ ခုနကတောင် အန်တီမျှော်နေသေးတာ''

အနားကို အန်တီနွယ်လည်းရောက်လာပြီး ရွှန်းရွှန်းဝေအောင် ပြောဇ၏။ ဒါနဲ့ပဲ ကျွန်တော် ကားထဲပြန်ဝင်ပြီး အိမ်ပြန်ဖို့အချိန်ရောက်တော့မည်။

''မောင်ကောင်းမင်းမြတ်တို့ကို နေရာချပေးလိုက်လေ သမီး။ ကားပါကင်ကြီးမှာ အကြာကြီးရှိနေပြီမဟုတ်လား''

''ဟုတ်သားပဲ သမီးက သူ့ကိုမြင်တာနဲ့ အားလုံးမေ့သွားတယ် မာမီရေ''

ဟွန် ဘယ်လိုစကားကြီးလဲ။ ကျွန်တော့်ကိုမြင်တာနဲ့ အားလုံး မေ့သွားတယ်ဆိုပဲ။ ဒီမိန်းကလေး စကားတွေက တစ်မျိုးဖြစ်နေတာတော့ အမှန်ပါပဲ။ ပွင့်ပွင့်လင်းလင်း နေတတ်သူတစ်ယောက်ဆိုရင်တောင် အမေ တစ်ယောက်ရှေ့မှာတော့ ခုလို စကားမျိုး မပြောသင့်ဘူးလို့ ကျွန်တော် ထင်သည်။

''ကဲ ရှေ့ပိုင်းမှာ နေရာသေချာလုပ်ပေးလိုက်ပါ၊ သမီး တခြား သူငယ်ချင်းတွေနဲ့လည်း မိတ်ဆက်ပေးလိုက်ပါဦး''

''ဟုတ်ကဲ့ မာမီ၊ သမီး သေချာဂရုစိုက်လိုက်ပါ့မယ်၊ လာ ကို ကောင်းမင်းမြတ်''

ဘယ်လိုသဘောနဲ့ ဒီလောက်ထိ ရင်းနှီးကျွမ်းဝင်စွာ ကျွန်တော့်ကို ဆက်ဆံပြောဆိုနေတာလဲ။ စဉ်းစားလို့မရပါ။ မေမေ့အရှိန်အဝါကြောင့်ဆိုရင် တောင် သူမ ဆက်ဆံနေသည့်ပုံက နည်းနည်းတော့ များနေပါပြီ။

''ဒီမှာထိုင် ကိုကောင်းမင်းမြတ် အို ရှုပ်ပါတယ်၊ ရှယ်တူတွေပဲ ဟာကို ကောင်းလို့ပဲ ခေါ်မယ်နော်၊ ကောင်းတို့စားဖို့ မယ် သွားယူလိုက် ဦးမယ်နော်''

ဒေါက်ဖိနပ်သံလေး တခွပ်ခွပ် ဝေးကွာသွားတော့မှ သူ့ သက်ပြင်း





ချမိသည်။

''အဲဒီ နတ်မိမယ်ဆိုတာ ဘယ်လိုပုံစံလဲ ကိုဒွေး''

အနားမှာရပ်နေသော ကိုဒွေးကို ကျွန်တော် သိချင်လွန်းစွာ မေး မိသည်။

''မိန်းမချောလေးတစ်ယောက်ပါပဲ အစ်ကိုလေး''

''ဒီထက်ပိုပြီး မင်းထင်မြင်ချက်တစ်ခုခု မပေးနိုင်ဘူးလား''

''ဝတ်တာစားတာလည်း ခေတ်ဆန်တယ်၊ စကားပြောလည်း သွက်လက်ပွင့်လင်းတယ်''

''စကားပြောသွက်လက်ပွင့်လင်းလွန်းနေတာတော့ ငါလည်း ကြား နေရတာပဲ၊ ဝတ်တာစားတာ ခေတ်ဆန်မယ်ဆိုတာလည်း ငါ ခန့်မှန်းလို့ ရပါတယ်၊ ဒီထက် ထူးခြားတဲ့ တစ်ခုခုပေါ့၊ မရှိတော့ဘူးလား''

ကိုဒွေးထံ တုံ့ပြန်သံမကြားရတော့ဘဲ ခဏငြိမ်သက်သွားသည်။

''တစ်ခုတော့ ရှိတယ်''

ပြောမယ့်အရေးကို တွန့်ဆုတ်နေပုံမျိုးနှင့် ကိုဒွေး လေသံက နား ထောင်ရတာ ကျွန်တော့်ကို စိတ်မရှည်ဖြစ်လာစေသည်။

''ပြောမှာသာ ပြောစမ်းပါကွာ''

''သူ့မျက်လုံးတွေပါ''

''သူ့မျက်လုံးတွေ ဟုတ်လား။ သူ့မျက်လုံးတွေက ဘာများဖြစ် နေလို့လဲ''

''အစ်ကိုလေးကိုကြည့်တဲ့ သူ့မျက်လုံးတွေက အရောင်တွေ တဖျပ် ဖျပ်လက်နေတယ်''

''မွေးနေ့ပွဲဆိုတော့ မီးရောင်စုံတွေ ထွန်းထားမှာပဲမဟုတ်လား။ ရောင်ပြန်ဟပ်တာနေမှာပေါ့ကွာ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကိုဒွေးကို စနောက်ချင်တာနဲ့ပင် ပေါ့ပေါ့ပါးပါးလေး ရယ်မောပြောဆိုလိုက်သည်။

"ကျွန်တော် အတည်ပြောနေတာပါ အစ်ကိုလေး"

သူ့စကားကို အလေးအနက်မထားသဖြင့် ကိုဒွေး နည်းနည်းတော့ ကျွဲမြီးတိုသွားပုံရသည်။

"ဒါဆို ဘယ်လိုအရောင်တောက်တာလဲကွ ရှင်းပြစမ်းပါဦး"

"တစ်မျိုးပဲဗျာ၊ အစ်ကိုလေးကိုကြည့်နေတိုင်း သူ့မျက်ဝန်းတွေက တစ်ခုခုကို ဆာလောင်နေတဲ့ပုံစံမျိုး အရောင်တွေတောက်နေတာ"

"ဟေ့ မင်းဟာကလည်း ကြောက်စရာကြီးပါလားကွာ"

ကိုဒွေးအပြောကို တကယ်ပဲ ကျွန်တော် အံ့သြတကြီး တုန့်ပြန်လိုက်မိခြင်း ဖြစ်၏။

"ဘာတွေကြောက်စရာကောင်းနေတာလဲ ကောင်း"

အသံချိုချိုလေးနှင့်အတူ အနားသို့ ပြန်ရောက်လာသော နတ်မိမယ်ကြောင့် ကျွန်တော့်စကားတွေ ရှေ့မဆက်နိုင်ဘဲဖြစ်သွားသည်။

"ဪ ကျွန်တော့်ဒါရိုက်တာလေးက ဗိုက်တော်တော်ဆာလောင်နေပြီဆိုလို့ပါ"

"ဪ ဒါများ ဒီမှာ ယူလာပေးပါတယ်၊ ထိုင်ပြီးစားနော်"

အပြောအဆို ချိုသာယဉ်ကျေးသည့်အတွက် နတ်မိမယ်အသံလေးကို ကျွန်တော် ကောင်းကောင်းမှတ်မိနေတာတော့ သေချာပါသည်။ ကိုဒွေးပြောသည့် တစ်ခုခုကို ဆာလောင်နေသောမျက်ဝန်းများကိုတော့ ကျွန်တော် မမြင်နိုင်သည့်အတွက် အားမလိုအားမရ ဖြစ်မိသည်။

သူမ ယူလာပေးသည့် စားသောက်စရာများကို တို့ကနန်းဆိတ်ကနန်းလောက်သာ စားသောက်လိုက်ပြီးမှ မွှေးနေ့လက်ဆောင်တော့ မပေးရ





သေးတာ သွားသတိရသည်။

"စားပြီးမှ သတိရတယ်ဗျာ၊ ဒီမှာ နတ်မိမယ်အတွက် မွေးနေ့လက်ဆောင်"

ကျွန်တော်က သူမရှိနေသော ဘေးဘက်ခြမ်းကို လက်ဆောင်ထုပ်လေးအား စားပွဲပေါ်မှတစ်ဆင့် တွန်းပို့ပေးလိုက်သည်။

"ဘာလေးလဲ ကောင်း"

ရှင်မြူးစွာမေးလာသော သူမမေးခွန်းကို ကျွန်တော် အပြုံးဖြင့်သာ တုံ့ပြန်နိုင်ခဲ့သည်။

"ဖွင့်ကြည့်ရင် သိမှာပေါ့"

တကယ်ဆို အထဲမှာ ဘယ်လိုမွေးနေ့လက်ဆောင်မျိုး ပါဝင်တယ်ဆိုတာ ကျွန်တော်ကိုယ်တိုင်လည်း မသိဘူးလေ။ ထို့အတွက် အလွန်ရိုးရှင်းသောအဖြေတစ်ခုကို ကျွန်တော် ပေးလိုက်ခြင်းဖြစ်သည်။

ပွဲပြီးသည်ထိ မစောင့်စားနိုင်စွာပင် ခုချက်ချင်း ပါကင်ထုပ်ဖြေနေသောအသံကို ကြားနေရ၏။

"ဟယ် လှလိုက်တာ၊ မယ် လိုချင်နေတဲ့ပုံစံလေးနဲ့ ကွက်တိပဲ"

ဘာပစ္စည်းလဲ ကျွန်တော် မသိပေမယ့် သူမရဲ့ပျော်ရွှင်ဝမ်းသာသွားသော အသံလေးကြောင့် ထိုလက်ဆောင်ကို သူမ နှစ်သက်သဘောကျမှန်း ကျွန်တော် သိရှိခွင့်ရလိုက်သည်။

"ဒါ ကောင်းကိုယ်တိုင် ရွေးလာတာလားဟင်"

"ဗျာ"

နတ်မိမယ်ရဲ့မေးခွန်းက သူ့ကို စိတ်ရှုပ်ထွေးနောက်ကျိသွားစေသည်။ လောကကြီးတစ်ခုလုံး အမှောင်များဖြင့်သာ ဖုံးလွှမ်းနေသည့် လူတစ်ယောက်က လှပတဲ့ဘယ်လိုလက်ဆောင်မျိုးကို ရွေးချယ်ပေးတတ်နိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လဲ၊ ကျွန်တော့်အာမေဋိတ်သံကြောင့် သူမကိုယ်သူမ စကားမှားသွားမှန်းလည်း သတိထားမိသွားပုံနှင့် ခဏတာ အသံတိတ်သွားသည်။

"ဆောရီးနော်၊ မယ်က ဝမ်းသာလွန်းအားကြီးပြီး ပြောလိုက်မိတာပါ၊ ကောင်း ပေးတဲ့လက်ဆောင်လေးကို မယ် အရမ်းသဘောကျပါတယ်"

"ကျေးဇူးတင်ပါတယ်"

ကျွန်တော့်လေသံ နည်းနည်းမာသွားတာ ကိုယ်တိုင်လည်း မထိန်းချုပ်နိုင်လိုက်။ သူမထံမှ ဟက်ခနဲ ရယ်မောလိုက်သံကြားရသည်၊ အနည်းငယ်အေးစက်သွားသော အခြေအနေကို ရယ်ရယ်မောမော ပြန်ဖြစ်စေချင်သည့်ပုံပါ။

"ကောင်း ထိုင်နေဦးနော်၊ မယ့်ဘော်ဒါတွေကို သွားခေါ်လိုက်ဦးမယ်၊ ကောင်းနဲ့မိတ်ဆက်ပေးရအောင်လို့"

"မလုပ်ပါနဲ့ နတ်မိမယ်၊ ကျွန်တော် တစ်ယောက်တည်းပဲ အေးအေးဆေးဆေး နေချင်ပါတယ်၊ ဘယ်သူတွေနဲ့မှလည်း မခင်မင်ချင်ဘူး အခုတောင် ကျွန်တော်ပြန်တော့မလို့ တွေးနေတာပါ"

"သူငယ်ချင်းတွေနဲ့ မိတ်ဆက်မပေးနဲ့ဆိုလည်း မပေးတော့ပါဘူး ဒါပေမဲ့ ပြန်တော့မယ်ဆိုတာကတော့ မဟုတ်သေးပါဘူးနော်၊ ခုနလေးကမှ ရောက်တာကို၊ မယ့်မွေးနေ့ကိတ်တောင် မလှီးရသေးဘူး"

"ဒါဆိုလည်း မွေးနေ့ကိတ်လှီးတဲ့ထိ ကျွန်တော် စောင့်ပေးပါ့မယ်"

"အဲဒီလိုလုပ်ပါ ကောင်းရဲ့၊ ဒါပေမဲ့လေ သူငယ်ချင်းတွေကတော့ မယ့်ကိုစိတ်ဆိုးနေကြတော့မှာပဲ သိလား"

"ဘာဖြစ်လို့လဲဗျ"

သူမက ချက်ချင်းမဖြေသေးဘဲ ရယ်မောလိုက်သေးသည်။ ပြီးမှ

"မယ့်သူငယ်ချင်းမိန်းမတွေပေါ့၊ ကောင်းကို စမြင်လိုက်တည်းက





အတင်းပဲ မိတ်ဆက်ပေးဖို့ ပြောနေကြတာလေ"

"မယ့်ကို စိတ်ဆိုးစရာမှ မဟုတ်တာဗျာ၊ ကျွန်တော်ကိုယ်တိုင်က ငြင်းပယ်ခဲ့တာလို့ သူတို့ကို ပြောလိုက်ပေါ့"

"သူတို့စိတ်ဆိုးလည်း မယ်က ဂရုမစိုက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကောင်းကို သူတို့နဲ့မိတ်ဆက်မပေးရတာ မယ်က ပိုတောင် သဘောကျသေးတယ်"

ပြုံးလျက် နားထောင်နေသော သူ့မျက်နှာပူသွားသည်။ ဒီမိန်းကလေးရဲ့ ပွင့်လင်းမှုတွေက ကျွန်တော့်ကို တော်တော်လေး နေရထိုင်ရကျပ်စေ၏။

"ကဲပါ ကောင်း အကြာကြီးစောင့်နေရမှာစိုးလို့ မယ် အခုပဲ မွေးနေ့ကိတ်ခွဲလိုက်တော့မယ်နော်"

ကျွန်တော့်နားကနေ နတ်မိမယ် ထွက်သွားပြီး မကြာခင်မှာပဲ သံပြိုင်သီဆိုနေသော မွေးနေ့သီချင်းသံကို ကြားရသည်။

"မွေးနေ့ကိတ်က အစ်ကိုလေးနားမှာပဲဗျ၊ တမင်သက်သက် အစ်ကိုလေးနား လာလုပ်တယ်လို့တောင် ထင်ရတယ်"

"ဟာ မင်းကလည်း မဟုတ်တာတွေကွာ"

ကျွန်တော် စိတ်ရှုပ်ရှုပ်နှင့် ငြင်းဆန်လိုက်သည်။ ထိုအချိန်မှာပဲ မွေးနေ့သီချင်းသံ ပြီးဆုံးသွားပြီး ရယ်မောစကားပြောသံများ ပြန်လည် ထွက်ပေါ်လာ၏။

"ကဲ မယ်ရေ အခု နင်ကိုယ်တိုင်လှီးထားတဲ့ မွေးနေ့ကိတ်လေးကို ပထမဆုံးခွဲ့ကျွေးခံရမယ့်လူက ဘယ်သူများလဲ"

"ဟုတ်တယ်ဟေ့ ငါတို့တော့ သိပ်သိချင်နေပြီ"

"လုပ် လုပ် ဘယ်သူ့ကို အရင်ဆုံးကျွေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆူညံပွက်လောရိုက်နေသော အသံပိုင်ရှင်တွေဟာ နတ်မိမယ် သူငယ်ချင်းများ ဖြစ်နိုင်ပါသည်။

"ဘယ်သူ့ကို အရင်ဆုံးကျွေးရမှာလဲ၊ မာမီကိုပေါ့"

အင်းလေ ဒါ ဖြစ်သင့်ပါသည်။ ကြားလိုက်ရသော နတ်မိမယ်ရဲ့ အဖြေစကားကို ကျွန်တော် ကျေနပ်သွားမိသည်။

"ဟာ အစ်ကိုလေး၊ သူ့အမေကို ကျွေးပြီးသွားတော့ အစ်ကိုလေး ဘက်ကို လှည့်လာနေပြီဗျ"

"ဟမ် ငါ့ဘက်ဟုတ်လား"

သူ ထိတ်လန့်သွားသည်။ ကျွန်တော့်ဘက်ကို လှည့်လာစရာ ဘာအကြောင်းမှ မရှိဘူးမဟုတ်လား။

"ကောင်း မယ့်မွေးနေ့ကိတ်လေးကို စားဦးနော်"

ကြားလိုက်ရသော စကားသံကြောင့် ကိုဗွေးပြောတာ အဟုတ်ကြီး မှန်း ကျွန်တော် ဖဝေဖဝါနှင့် လက်ခံလိုက်ရသည်။ သူ့အမေကို ကျွေးပြီး သွားတာနှင့် ကျွန်တော့်ကိုလာခွံ့တာ ဘာသဘောလဲ။

ဣန္ဒြေမပျက် ပါးစပ်ဟပြီး စားလိုက်ရပေမယ့် ကိတ်မုန့်က လည် မျိုမှာ လာတစ်နေသလို ဖြစ်နေသည်။ အရသာကောင်းမွန်လှသော ကိတ် ဆိုပေမယ့် နားမလည်နိုင်ခြင်းများဖြင့် ကျွန်တော် တွေဝေစွာ ဖြောင့်ဖြောင့် တန်းတန်း မြိုမချနိုင်။

"အခုလိုမျိုး မယ့်မွေးနေ့လေးကို တကူးတကလာပေးတာ ကောင်း ကို မယ် သိပ်ကျေးဇူးတင်ပါတယ်နော်"

"ရပါတယ် မလိုပါဘူး ကျွန်တော့်မေမေ့ကို ကတိပေးထားတာ ဆိုတော့ ကျွန်တော် သေချာပေါက် ကတိတည်ရမှာလေ"

"အန်တီမြတ်ကိုတော့ အတော်ချစ်ပုံပဲနော်၊ စကားလည်း နား





ထောင်ပုံရတယ်"

"ကိုယ့်အမေကိုယ် မချစ်တဲ့သူ လောကကြီးမှာ ရှိလို့လားဗျာ၊ ပြီးတော့ စကားနားထောင်တယ်ဆိုတာကလည်း ခုလိုမျိုး လောကကြီးကို မှန်းတီးနေခဲ့ပြီးတဲ့နောက်မှပါ၊ အရင်ကတော့ ကျွန်တော်လည်း သိပ်ဆိုးခဲ့ ပါတယ်"

"ဟွန့် မျက်နှာကြည့်ရင် သိသားပဲ"

"ဗျာ"

"ဟား ဟား မယ် ပြောတာကို လန့်သွားတာနဲ့တူတယ်၊ မယ်က နောက်တာနော်၊ တကယ် အတည်မယူနဲ့"

လက်ခုပ်လေး တဖျပ်ဖျပ်တီးလျက် သူမ ရယ်မောပြောသည်။ ကျွန်တော့်မှာ အီလည်လည်ကြီးနှင့် ခံလိုက်ရပြန်၏။ မွေးနေ့ကိတ်လည်း စားပြီးပြီဆိုတော့ အန်တီနွယ်နဲ့ နတ်မိမယ်ကို နှုတ်ဆက်စကားပြောကာ ကျွန်တော်ပြန်ရင် ပြင်လိုက်သည်။

"ခုလို လာပေးတာ အန်တီနွယ် သိပ်ဝမ်းသာပါတယ်၊ သမီးလေး ကလည်း ဟိုတစ်ရက်တည်းက သားကိုမြင်မြင်ချင်း ခင်မင်နေတာလေ"

"ဟုတ်ကဲ့ခင်ဗျ၊ ဒါနဲ့ မေမေ့ကို ဘာများမှာဦးမလဲ မသိဘူး"

"ဪ ဟုတ်တယ်၊ မမြတ်ကို ပြောစရာရှိတယ်၊ ဟိုတစ်ရက်က ပြောထားတဲ့ အိမ်တွင်းရေးကိစ္စလေး ဆက်ပြောကြဖို့ အားတဲ့တစ်ရက်လောက် ရှုန်းဆက်ပါဦးလို့ ပြောပေးပါဦးကွယ်နော်"

"ဟုတ်ကဲ့ပါ အန်တီနွယ်၊ ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါဦးနော်၊ နတ်မိမယ် ကျွန်တော် သွားတော့မယ်"

"ကောင်းပါပြီရှင်၊ နောက်လည်း မယ် သတိရရင် ကောင်းဆီ ရှုန်းဆက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ဩော် အင်း"

ကျွန်တော် အူကြောင်ကြောင်နှင့် ခေါင်းညိတ်ခဲ့ရသည်။ အိမ်ပြန်လမ်းရောက်မှ သားအမိနှစ်ယောက်လုံးပြောခဲ့တဲ့ စကားများကို ပြန်တွေးနေမိသည်။

အန်တီနွယ်ကလည်း မေမေနဲ့အိမ်တွင်းရေးကိစ္စလေး ပြောချင်တယ်တဲ့။ အဲဒါ ဘာကိုဆိုလိုတာလဲ။ အိမ်တွင်းရေးဆိုရင် ကျွန်တော်နဲ့ရောပတ်သက်နေမလား။ ပြီးတော့ နတ်မိမယ် ကျွန်တော့်ဖုန်းနံပါတ်ကို တစ်ခါမှလည်းမတောင်းဖူး မပေးဖူးပါဘဲ သတိရရင် ဖုန်းဆက်မယ်နော်တဲ့။

တွေးရင်းတွေးရင်း ကျွန်တော့်ဦးနှောက်တွေ ချာချာလည်လာသည်။ မွှေးနွေ့ပွဲလေး တစ်ခုလာမိတာ နားတွေလည်ညည်းလျက် ဦးနှောက်တွေလည်းခြောက်ရသည်။ တော်ပါပြီ နောက်တစ်ခါဆို ဘယ်ပွဲလမ်းသဘင်ကိုမှ မသွားနိုင်ကြောင်း မေမေ့ကို ခပ်ပြတ်ပြတ် ငြင်းဆန်ရတော့မည်။

■ ■ ■

"ဘယ်လိုလဲ သား၊ အားလုံး အဆင်ပြေရဲ့လား"

ကျွန်တော် အိမ်ပြန်ရောက်ပြီး နာရီဝက်လောက်နေမှ မေမေပြန်ရောက်လာခဲ့သည်။ အဝတ်အစားများတောင် မလဲနိုင်သေးဘဲ ကျွန်တော့်အခန်းထဲ တန်းတက်လာလျက် အမောတကော မေးသည်။ မဟုတ်သေးပါဘူး။ မေမေကိုယ်တိုင်ကလည်း ဒီသားအမိကိုနည်းနည်းတော့ အရေးပေးနေတာ အမှန်ပဲ။

"ဘာအဆင်မပြေစရာရှိလို့လဲ မေမေ၊ ဘာလဲ သားက မျက်စိမမြင်တဲ့လူတစ်ယောက်မို့ တစ်ခုခုအဆင်မပြေတာတွေ ရှိလိမ့်မယ်လို့ ထင်နေတာလား"

နဂိုတည်းက တင်းချင်နေသောစိတ်တွေက ပြုံးပျော်စွာ အရေး





တယူမေးနေသော မေမေ့ကြောင့် ပိုဆိုးသွားခဲ့သည်။ ကျွန်တော် မေမေ့ကို ဒီလိုလေသံမျိုးနှင့်ပြန်ပြောဖို့ မရည်ရွယ်ထားပါဘဲနှင့်ကို ပြောမိသွား၏။

"သား ဘယ်လိုပြောလိုက်တာလဲ၊ မေမေက အဲဒီသဘောနဲ့ မဟုတ်ဘူးလေ"

"ဆောရီး မေမေ"

မေမေ လေသံပျော့ပျော့လေးနှင့် ပြောလာတော့လည်း ကျွန်တော်ဝင် တောင်းပန်ရပြန်သည်။

"သား ဘာတွေဖြစ်လာတာလဲ၊ တစ်ခုခုများ"

"သား ဘာမှမဖြစ်ပါဘူး။ အားလုံးအဆင်ပြေခဲ့ပါတယ်"

"ပြီးတာပါပဲ သားရယ်၊ မေမေက သားတစ်ယောက်တည်း လွှတ်လိုက်ရလို့ စိတ်ပူနေတာ"

မေမေ့အသံက ကျွန်တော်တစ်ယောက်တည်း တစ်ခုခု အမှားအယွင်းဖြစ်ခဲ့မှာကို တကယ်ပင် စိုးရိမ်ပူပန်နေပုံရသည်။

"ဒါနဲ့လေ သား နတ်မိမယ်လေးက မွေးနေ့လက်ဆောင်ကို သဘောကျရဲ့လား"

"သူ့အသံနားထောင်ရတာတော့ တော်တော်လေး သဘောကျနေတဲ့ပုံပဲ"

"ဟင်း ဟင်း တော်သေးတာပေါ့၊ မေမေက ကြိုက်မှကြိုက်ပါ့မလားလို့လေ"

ချက်ချင်းလိုလိုပင် မေမေ့အသံက အားရကျေနပ်သည့်ပုံမျိုး ဖြစ်သွားပြန်သည်။

"သူ့ကို ဘာလက်ဆောင်ပေးလိုက်တာလဲ မေမေ"

"ဟယ် ဟုတ်သားပဲ၊ သားကို လက်ဆောင်ယူသွားခိုင်းပြီး အထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘာပါတယ်ဆိုတာ မေမေ ပြောဖို့ မေ့သွားတယ် အဟင်း ရင်ထိုးလေး တစ်ခုပါသားရဲ့၊ ကျောက်အဝါလေးတွေနဲ့ လုပ်ထားတဲ့ နှင်းဆီပွင့်ပုံ ရွှေအစစ် ရင်ထိုးလေးပေါ့"

"ဗျာ"

ကျွန်တော် အံ့ဩသွားသည်။ မေမေက ဘာဖြစ်လို့ နတ်မိမယ်ကို အဝါရောင်နှင်းဆီပန်းပုံ ရင်ထိုးလေး မွေးနေ့လက်ဆောင်အဖြစ် ပေးရတာတဲ့ လဲ။ နှင်းဆီဝါတွေဟာ ကျွန်တော် အနှစ်သက်ဆုံး ပန်းတွေ။ ရနံ့မွှေးပြီး အရောင်အဆင်းက ကျက်သရေရှိစွာ လှပသည်။

"မေမေ ဘာဖြစ်လို့ နှင်းဆီအဝါပုံစံမျိုး ပေးလိုက်တာလဲ၊ တကယ် ဆို တခြား နောက်ဆုံးပေါ် ဒီဇိုင်းတွေ အများကြီးရှိနေတာလေ"

ကျွန်တော်တို့ ပိုင်ဆိုင်သော ရတနာဆိုင်မှာ နိုင်ငံခြားက နောက်ဆုံး ပေါ်လက်ရာများကို ပထမဆုံး တင်သွင်းခွင့်ရသည့် အခွင့်အရေးမျိုးတွေပါ ရှိနေတာလေ။ မေမေသာ တကယ်ပေးချင်တယ်ဆို တခြားပုံစံတစ်မျိုးမျိုး လည်း ပေးလို့ရနေသားပဲ။ ခုတော့ ရိုးရှင်းသော နှင်းဆီပန်းပုံတဲ့။

"ဘာဖြစ်လို့လဲ သား။ သမီးလေးကို နှင်းဆီဝါရင်ထိုးလေးပေးတာ ဘာများဖြစ်လို့လဲ သားရဲ့"

"သမီးလေး ဟုတ်လား၊ မေမေ့ကိုကြည့်ရတာ နတ်မိမယ်ကို တော်တော်ချစ်ခင်နေပုံပဲနော်"

မေမေ သက်ပြင်းချသည်။ ချက်ချင်းပြန်ဖြေဖို့ ဒါမှမဟုတ် တစ်ခုခု ငြင်းဆန်လိုက်ဖို့ မေမေ့မှာစကားလုံးတွေမရှိတော့ဘူးလား။

"ပြီးတော့ အန်တီနွယ်ကလည်း မှာလိုက်တယ် မေမေအားတဲ့ အချိန်ဆက်သွယ်ဖို့ အိမ်တွင်းရေးကိစ္စလေးတွေ ဆက်ဆွေးနွေးရအောင်တဲ့ မေမေတို့ ဘာတွေလုပ်နေတာလဲ"





"သားကို မေမေ ပြောပြဖို့ ပြင်ဆင်နေတာပါ၊ ခုတော့ သားက ရိပ်မိနေပြီ"

"ဟင် ဒီလိုဆို တကယ်ပဲ မေမေတို့ကြားမှာ သားမသိသေးတဲ့ တစ်ခုခုရှိနေတာပေါ့"

ကျွန်တော် အံ့ဩတကြီး မေးမိသွားသည်။ ကျွန်တော် မဖြစ်ပါစေ နဲ့လို့ ဆုတောင်းနေသောကိစ္စကြီးတော့ သေချာပေါက်ဖြစ်လာတော့မယ်နဲ့ တူသည်။

"သားနဲ့နတ်မိမယ်နဲ့ကို ပေးစားဖို့ မေမေတို့ လူကြီးချင်း စကားပြော ထားတယ်"

"ဘယ်လို မေမေ၊ ဘာပြောလိုက်တာလဲ၊ သားကို ပြန်ပြောပါဦး"

"ဟုတ်တယ် သား၊ နတ်မိမယ်လေးကိုယ်တိုင်ကလည်း သားမှာ ရှိနေတဲ့ အားနည်းချက်ကို လက်ခံပေးပါ့မယ်လို့ ဝန်ခံထားတယ်"

"ဗျာ ဒီလိုဆို နတ်မိမယ်ကလည်း ဒီကိစ္စကို သိနေတာပေါ့"

ကျွန်တော့်မှာ အံ့ဩပြီးရင်း အံ့ဩနေရတော့သည်။

"တကယ်ဆို မေမေတို့ထက်အရင် သမီးလေးက သားကို စိတ် ဝင်စားခဲ့တာပါ၊ နွယ့်ကို သမီးလေးပူဆာလို့ ဒီကိစ္စကို မေမေတို့ အတည် ပေါက် ဆွေးနွေးဖြစ်ခဲ့တာ"

"ဒါနဲ့ပဲ မေမေက လက်ခံလိုက်တယ်ပေါ့"

"မေမေ့သဘောအရတော့ သမီးလေးရော နွယ့်ကိုရော လက်မခံ နိုင်စရာ မရှိဘူးလို့ ထင်တယ်၊ မေမေတို့လောက် ကျိုကျိုတက် မချမ်းသာ ပေမယ့် သူတို့အသိုင်းအဝိုင်းကလည်း အခြေအမြစ်ရှိတယ်လို့ မေမေ စုံစမ်း ကြည့်ရသလောက် သိထားတယ်"

"မေမေတို့ ဘာတွေလုပ်နေတာလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ညစ်ညူးစွာ ပြောမိသည်။ မေမေက နတ်မိမယ်တို့အသိုင်းအဝိုင်းဘက်ကိုတောင် စုံစမ်းတာတွေ ဘာတွေပြုလုပ်ပြီးနေပြီဆိုတဲ့သဘောပေါ့။ ကျွန်တော် ဘာပြောလို့ ပြောရမှန်းမသိ။ ဒီကိစ္စကြီးက ဘယ်လိုမှ ထင်မှတ်မထားသော အချိန်မှာ ပြန်းစားကြီးပေါ်လာခြင်းဖြစ်သည်။

ပြီးတော့ နတ်မိမယ်က လူကြီးတွေထက်အရင် ကျွန်တော့်ကို လက်ထပ်ဖို့ စပြောခဲ့တာတဲ့။ အဲဒါကရော ဖြစ်နိုင်ပါ့မလား။ ပုံမှန်သာဆို မျက်စိမမြင်သည့် ယောကျ်ားတစ်ယောက်ကို ဘယ်လိုမိန်းကလေးက စတင်စိတ်ဝင်စားပြီး လက်ထပ်ဖို့အထိ ကြိုးစားမှာတဲ့လဲ။

ဒီမိန်းကလေး ဘာဖြစ်ချင်နေတာလဲ။

"သားဘက်က သဘောထားကို မေမေ သိချင်တယ်"

"မေမေ့ဘက်က သဘောထားကတော့ နတ်မိမယ်ကို ချွေးမအဖြစ် သဘောတူလိုက်ပြီပေါ့ ဒီလိုလား"

"ချစ်စရာကောင်းပြီး ယဉ်ကျေးတဲ့ မိန်းကလေးတစ်ယောက်၊ ပြီးတော့ မေမေ့သားကို ဒီလိုအခြေအနေမှာတောင် လက်ခံပေးနိုင်တဲ့ မိန်းကလေးတစ်ယောက်၊ မိသားစုအသိုင်းအဝိုင်းကလည်း ပြောစရာမလို၊ ပညာရေးလည်း ပြောစရာမလိုတဲ့ မိန်းကလေးတစ်ယောက်၊ မေမေ လက်မခံနိုင်စရာ အကြောင်းပြချက် ရှာမတွေ့သေးဘူး သား"

မေမေ့စကားက ပြတ်သားပါသည်။ သူ့မှာသာ ရုတ်တရက် တိုက်ခိုက်ခံလိုက်ရသလို အငိုက်မိနေခြင်း ဖြစ်၏။

"ဒီတော့ သားက သူ့ကို လက်ခံသင့်တယ်ပေါ့နော်"

"လက်ခံသင့်တဲ့အရည်အချင်းတွေအားလုံး သူ့မှာ ပြည့်စုံနေတယ်လေ၊ ကျန်တာကတော့ သားသဘောပါ၊ ဘာကိုမှ မေမေ အတင်းမတိုက်တွန်းပါဘူး"





ကျွန်တော့်နားကနေ မေမေ ထထွက်သွားသည်။ ကျွန်တော့်မှာသာ အတွေးပေါင်းများစွာနှင့် တစ်ကိုယ်တည်း ကျန်နေရစ်ခဲ့၏။ မေမေက ကျွန်တော့်ကို အိမ်ထောင်ချပေးဖို့ ကြိုးစားနေတာပဲ။ ဘာအတွက်နဲ့လဲ။ ကျွန်တော့်ကို မေမေတစ်ယောက်တည်း ပြုစုနေရတာ ပင်ပန်းနေပြီလား။ မေမေ့မှာ ကျွန်တော့်အတွက် အချိန်တွေပေးဆပ်ဖို့ မလုံလောက်တော့လို့လား။

ဒီလိုသဘောမျိုးနဲ့ မေမေ့ကို ကျွန်တော် နားလည်ပေးနိုင်ရင်တောင် နတ်မိမယ်ဆိုတဲ့ မိန်းကလေးကိုတော့ နည်းနည်းမှ နားမလည်နိုင်ပါ။ ကျွန်တော်လို လူတစ်ယောက်ကို သူမ လက်ထပ်လိုက်လို့ ဒုက္ခိတတစ်ယောက်ရဲ့ ဇနီးအဖြစ် ရှင်သန်ရမှာမျိုးကို သူမ မသိဘူးလား။ လူတွေပြောနေကြသလို သူမရဲ့ရုပ်ရည်သွင်ပြင်လေးကလည်း ချစ်ခင်စဖွယ်လေးဆိုရင် ကျွန်တော့်ထက် အများကြီး သာလွန်တဲ့ ယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေမှာပါ။

အဲဒီလို လူတွေထဲကမှ သူမကို နည်းနည်းမှ စိတ်မဝင်စားသော ကျွန်တော့်ကို စတင်စိတ်ဝင်စားခဲ့ခြင်းဟာ ဘယ်လိုမှ နားလည်ပေးလို့ မရသော အကြီးမားဆုံး သံသယဖြစ်၏။

ဟိုတွေးဒီတွေးနှင့် နောက်ဆုံးတော့ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်နိုင်သည်။ တခြားတော့ မဟုတ်ပါ။ နတ်မိမယ်ဆိုသော မိန်းကလေးနှင့် နှစ်ယောက်တည်းသီးသန့်တွေ့ပြီး ကျွန်တော်တို့ကြားက ဒီလက်ထပ်ဖို့ဖြစ်နေသည့် ကိစ္စကြီးကို ဆွေးနွေးဖို့ပဲဖြစ်သည်။

ကာယကံရှင်ဖြစ်သည့် ကျွန်တော်တို့ကိုယ်တိုင် တွေ့တွေ့ဆိုင်ဆိုင် တွေ့ဆုံစကားပြောကြည့်လိုက်တာက ကျွန်တော့်ရင်ထဲမှ သံသယတွေကို ချောက်ဖျက်ပေးနိုင်မယ့် အကောင်းဆုံးသော နည်းလမ်းလို့လည်း ကျွန်တော် ယုံကြည်နေ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစောစီးစီးပင် ကျွန်တော့်ဖုန်းလေးက အသံမြည်လာသည်။ ညက အတွေးပေါင်းများစွာနှင့် ညဉ့်နက်မှ အိပ်ပျော်သောကြောင့် ထိုမြည်လာသော ဖုန်းသံကို ကျွန်တော် မှန်းတီးသွားမိသည်။

"ဟယ်လို"

"ဟယ်ရို ကောင်းလား"

ကျွန်တော့်အသံက အိပ်ချင်မူးတူးဖြစ်စွာ ထိုင်းမှိုင်းနေသလောက် တစ်ဖက်မှ အသံလေးကတော့ ရွှင်ရွှင်လန်းလန်း ချိုချိုသာသာလေး ဖြစ်၏။ ဒီအသံကို အိပ်တစ်ဝက်နိုးတစ်ဝက် အနေအထားမှာတင် ကျွန်တော် ကောင်းကောင်းမှတ်မိပါသည်။ သူမ ကျွန်တော့်ဖုန်းနံပါတ်ကို တကယ်ပဲ ဆက်သွယ်လာခဲ့ပြီပေါ့။

ကျွန်တော်ကလည်း နှစ်ယောက်တည်းဆုံဖို့ ဆုံးဖြတ်ထားပြီးသူ ဝိဝိ သူမဘက်က စတင်ဖုန်းဆက်လာခြင်းအတွက် စိတ်ထဲမှာ အနှောင့်အယှက်တစ်ခုအဖြစ် မမြင်တော့။ ကျွန်တော့်ဖုန်းနံပါတ်ကို ဘယ်ကရတယ်ဆိုတာလည်း ထူးပြီး အံ့ဩမနေတော့။

"နတ်မိမယ်နဲ့တူတယ်"

"ဟုတ်ပါတယ် ကောင်း။ မနေ့က မယ် ပြောလိုက်တယ်လေ၊ ကောင်းကိုသတိရရင် ဖုန်းဆက်လိုက်မယ်ဆိုတာ"

"ဟုတ်ကဲ့ ကျွန်တော် မှတ်မိပါတယ်"

"ကောင်း အိပ်နေတုန်းလား"

တော်သေးတာပေါ့။ အလိုက်တသိနှင့် ထိုမေးခွန်းလေး မေးဖော်ရလို့။

"ဟုတ်တယ် ကျွန်တော် ညက အိပ်ရေးနည်းနည်းပျက်သွားလို့ပါ"





"ညနက်တဲ့ထိ တွေးစရာတွေ ရှိနေပြီနဲ့တူတယ်"

နတ်မိမယ်က တကယ့်ကိုပဲ ကျွန်တော့်ကို တရင်းတနှီး ငယ်ပေါင်းကြီးဖော်လို လေသံမျိုးနှင့် စကားပြောနေခြင်းဖြစ်သည်။ သူမရဲ့ရဲတင်းပွင့်လင်းမှုကိုတော့ ကျွန်တော် အသိအမှတ်မပြုဘဲ မနေနိုင်တော့ပါ။

"ဟုတ်တယ်လေ အရင်ကတော့ စောစောအိပ်ပါတယ်၊ ဒါပေမဲ့ မနေ့ညက မေမေနဲ့စကားပြောပြီးနောက်ပိုင်းမှာ ကျွန်တော့်အတွက် တွေးစရာတွေ အများကြီးဖြစ်သွားတယ်"

"ဘာလဲ အန်တီမြတ်က ကောင်းကို အလုပ်ကိစ္စတွေ ဖိုင်ပင်နေလို့လား"

ကျွန်တော် အသံမထွက်ဘဲ ရယ်မောလိုက်မိသည်။

"အလုပ်ကိစ္စတွေက ကျွန်တော်နဲ့မပတ်သက်ပါဘူး။ ကျွန်တော့်လို ကျွိုတတစ်ယောက်က မေမေ့လုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့လည်း ဘာသစ်ခုမှ ဝင်ကူညီမပေးနိုင်ပါဘူး။ ခုဟာက ကျွန်တော့်ဘဝနဲ့ ပတ်သက်တဲ့ အရေးကြီးကိစ္စတစ်ခု မေမေနဲ့ပြောဖြစ်ခဲ့တာပါ"

တစ်ဖက်က ဘာတုံ့ပြန်မှုမျိုးမှ ချက်ချင်းမထွက်လာဘဲ ငြိမ်ကျသွားသည်။ ကျွန်တော့်စကားရဲ့ အတိမ်အနက်ကို နတ်မိမယ် သိလောက်သည်။

"အဲဒီတော့ ကောင်း မေမေ ပြောပြခဲ့တဲ့ကိစ္စကို စဉ်းစားနေရတာ ညက အိပ်ရေးပျက်တာပေါ့လေ"

"ဟုတ်တယ်"

"ဒီလိုဆိုလည်း မယ် မနှောင့်ယှက်တော့ဘူးနော်၊ ပြန်အိပ်ချင်သေးရင်လည်း အိပ်လိုက်ပါဦး။ ခုမှ ခြောက်နာရီပဲ ရှိသေးတာဆိုတော့ မယ်လည်း နည်းနည်းလွန်သွားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခုမှ တောင်းပန်သလိုလို ဘာလိုလို လေသံလေးနှင့် ရှောင်ထွက်သွားဖို့ ကြိုးစားနေသော သူမအသံက တိုးတိုးဖျော့ဖျော့။

"ရပါတယ် တကယ်ဆို ကျွန်တော်ကိုယ်တိုင်လည်း နတ်မိမယ်နဲ့ စကားပြောချင်နေတာပါ"

"ဟုတ်"

စကားတွေရှုန်းရှုန်းဝေအောင် ပြောတတ်သော မိန်းကလေးတစ်ယောက် ချက်ချင်းလိုလိုပင် စကားနည်းသူအဖြစ် ပြောင်းလဲသွားပြီ။

"ကျွန်တော်တို့ တစ်ရက်လောက် ဆုံကြမယ်လေ"

"ဟုတ် ကောင်း ဖုန်းဆက်လိုက်လေနော်"

"မဟုတ်သေးဘူးလေ၊ နတ်မိမယ်က ဆက်လိုက်ပါ၊ ကျွန်တော်က အိမ်ထဲမှာပဲ အမြဲအားနေတဲ့သူဆိုတော့ အချိန်ပိုင်းဆိုင်းမှ လွတ်လပ်ပါတယ်"

"မယ်လည်း ကောင်းအတွက်ဆို ဘယ်အချိန်မဆို ရပါတယ်"

အဟက် မိုက်လှချည်လား။ ဒီလိုဆိုတော့ ကျွန်တော်တို့နှစ်ယောက် တွေ့ဆုံစကားပြောဖြစ်သွားရင် သူမဘက်ကနေလည်း အမှန်တရားတစ်ခုကို ကျွန်တော့်နားနဲ့ ဆက်ဆက် ကြားခွင့်ရတော့မှာ သေချာနေပါပြီ။

"ကောင်းပြီလေ ဒီလိုဆို ကျွန်တော့်အိမ်ကိုပဲ ဆယ်နာရီလောက် လာခဲ့လိုက်ပါ"

"အိမ်ကို ဟုတ်လား"

"အိမ်ကိုလေ ဟုတ်တယ်၊ ကျွန်တော်က အပြင်လောကနဲ့ သိပ်အဆက်အဆံလုပ်ချင်တာ မဟုတ်ဘူး။ ကျွန်တော့်အတွက် ကျွန်တော့်အိမ်က အသင့်တော်ဆုံးပဲ၊ နတ်မိမယ် အဆင်မပြေလို့လား"

"အဲဒီလိုတော့ မဟုတ်ပါဘူး"

အိမ်ထိလာရမှာဆိုတော့ သူမ တွေဝေတွန့်ဆုတ်နေပုံပါပဲ။





"ကျွန်တော့်အိမ်ကိုလာလို့ နတ်မိမယ် ဘာမှမဖြစ်စေရပါဘူး။ ကျွန်တော်က မျက်စိမမြင်တဲ့ ဒုက္ခိတတစ်ယောက်ပါ၊ နတ်မိမယ်ကို ဘာမှလည်း ဒုက္ခပေးနိုင်မှာမဟုတ်ပါဘူး"

"အို အဲဒီ သဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး။ မယ်က တစ်ခါမှ မရောက်ဖူးတော့ နည်းနည်းစိမ်းနေလို့ပါ"

ဒီအိမ်ထဲကို တိုးဝင်ဖို့ ကြိုးစားနေတဲ့သူက ဒီအိမ်ကို ရင်းနှီးအောင်တော့ လုပ်ထားရမှာ မဟုတ်ဘူးလားကွယ်။ ကျွန်တော့်စိတ်ထဲမှာ ပြောလိုက်မိသည်။

"ဘယ်လိုလဲ လာမယ်မဟုတ်လား"

"အင်းလေ၊ မယ် လာခဲ့ပါ့မယ်၊ ဆယ်နာရီနော်"

"အိုကေ ကျွန်တော်လည်း စောင့်နေပါ့မယ်"

ဖုန်းချလိုက်ပြီးမှ ကျွန်တော် ပင့်သက်လေး ရှိုက်လိုက်မိသည်။ မေမေ ပြောသလိုဆိုရင် နတ်မိမယ်ဟာ ကျွန်တော့်ဘဝအတွက် ရွေးချယ်သင့်သော မိန်းကလေးတစ်ယောက်တဲ့။ ကိုရွှေး ပြောတာကကျ ကျွန်တော့်ကိုကြည့်တဲ့ နတ်မိမယ် မျက်ဝန်းတွေက တစ်ခုခုကို ဆာလောင်နေသလိုမျိုးတဲ့။ သူမ ဆာလောင်နေတာ ကျွန်တော့်ဆီက ဘယ်လိုအရာမျိုးလဲ။

အချစ်တွေလား။

ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်မိသည်။ အချစ်ဆိုတာကြီးက ကျွန်တော့်အတွက် စိမ်းသက်လွန်းနေ၏။ အသက်ရှင်နေထိုင်ခဲ့စဉ်တစ်လျှောက်လုံး ယောက်ျားလေးသဘာဝ ရည်းစားတွေလျှောက်ထားခဲ့ဖူးသည်။ လှပချောင်တင်းသော အမျိုးသမီးတွေကို ငေးကြည့်လျက် မျက်စိအစာကျွေးဖူးသည်။ ရင်ခုန်မှုရဲ့အရသာကို အနည်းငယ်မြည်းစမ်းကြည့်ခဲ့ဖူးသည်။ ဒီလောက်ပါပဲ။ အဲဒီထဲမှာ အချစ်မပါခဲ့ဖူးတာ သေချာသည်။ အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘယ်လိုပုံစံမျိုး၊ ဘယ်လိုခံစားမှုမျိုးလဲ ကျွန်တော် ခုထိ နားမလည်ခဲ့သေး။ အိမ်တွင်းအောင်းပြီး အရာရာကို စိတ်ခတ်ကျစွာ ခံစားနေမိသော ကျွန်တော့်အတွက် အချစ်ဆိုတာ ပေါက်ဖွားလာဖို့ ခဲယဉ်းခက်ခဲဆုံး အရာတစ်ခုဖြစ်မှာပါ။

■ ■ ■

"ဒေါ်မြင့်ရေ ဒီမနက်စာကို ဧည့်သည်လာမှာမို့ သေချာလေး ပြင်ဆင်ပေးထားပါနော်"

နတ်မိမယ်နဲ့ ဖုန်းပြောပြီး ကျွန်တော် မှေးခနဲ ပြန်ဖြစ်သွားကာ နိုးထလာချိန်မှာတော့ မေမေပင် အိမ်မှာမရှိတော့။ နောက်ဖေးမီးဖိုချောင်ထဲမှာ လှုပ်ရှားနေသံများကြောင့် ဒေါ်မြင့်တစ်ယောက် ချက်ပြုတ်ဖို့ ပြင်ဆင်နေပြီမှန်း ကျွန်တော် သိလိုက်သည်။

"ဘယ်နှယောက်တောင် လာမှာလဲ သားလေး"

"တစ်ယောက်တည်းပါ ဒေါ်မြင့်"

"ကောင်းပြီ သားလေး။ ဒေါ်မြင့် စပါယ်ရှယ်ချက်ထားလိုက်မယ်"

ထွေထွေထူးထူး ဘာမှထပ်မမေးပေမယ့် ဒေါ်မြင့်အသံက အံ့ဩတကြီး။ ကျွန်တော်တစ်ယောက်တည်းရှိနေတုန်း လာမယ့်ဧည့်သည်ဆိုတော့ ထူးဆန်းစွာ အံ့ဩနေမိတာ ဖြစ်မှာပေါ့။

တိုင်ကပ်နာရီဆီမှ အချက်ပေးသံ ကိုးချက်ထွက်လာသည်။ ဒေါ်မြင့် ပြင်ဆင်ပေးထားသော မနက်စာကို စားသောက်ပြီးစီးသည်နှင့် ခြံထဲမှ ကျွန်တော့်နေရာလေးဆီ လျှောက်လာခဲ့သည်။ မွှေးပျံ့နေသော ပန်းရနံ့များကို ရှူရှိုက်လိုက်ရလို့ ကျွန်တော့်စိတ်တွေ လန်းဆန်းကြည်လင်သွားသည်။

ခုချိန်မှာ ကျွန်တော့်အတွေးများထဲမှာ နေရာယူထားသော တစ်ခုတည်းသောအရာက နတ်မိမယ်သာဖြစ်သည်။ အဖြစ်ချင်ဆုံးဆန္ဒသည်





သူမမျက်နှာလေးကို တွေ့မြင်ချင်နေခြင်းပင် ဖြစ်၏။ သူမ မျက်လုံးများထဲကို ကြည့်ပြီး အတွင်းစိတ်ကို ဖတ်ကြည့်ချင်သည်။ ကျွန်တော်နဲ့ပတ်သက်ပြီး ဘယ်လိုသဘောထားတွေ ရှိနေတာလဲ။ သူမရဲ့အစစ်အမှန်ဆန္ဒက ဘာလဲ။ တကယ်ကြီးကိုပဲ ကျွန်တော်နဲ့လက်ထပ်ချင်နေတာလား။

မျက်လုံးများထဲကို တိုက်ရိုက်ဖတ်ရှုခွင့်မရခဲ့ရင်တောင် ခဏာနေရင်တော့ သူမနှင့်တိုက်ရိုက်စကားပြောရတော့မှာပဲလေ။

ကျွန်တော် သိချင်တာတွေ အားလုံးကို သူမ ပါးစပ်များက ဖြေကြားတာ နားနဲ့ဆတ်ဆတ် နားထောင်ခွင့်တော့ ကျွန်တော့်မှာ ရှိနေသေးသည်။

"သားရေ မိန်းကလေးတစ်ယောက် ရောက်နေတယ်၊ သားနဲ့ ချိန်းထားတာလို့ ပြောတာပဲ"

ဦးလေးသိန်းက တအံ့တသြ မယုံကြည်နိုင်သော အမူအရာလေသံမျိုးနှင့် ကျွန်တော့်ကို သတင်းလာပို့သည်။ နှစ်နဲ့ချီကာ အိမ်ထဲမှာပဲ နေထိုင်ခဲ့ပြီး သူငယ်ချင်းတွေကိုတောင် အဆက်အသွယ် ဖြတ်တောက်ထားခဲ့သော ကျွန်တော့်ဆီကို ချိန်းဆိုထားသည့် မိန်းကလေးတစ်ယောက် ရောက်ရှိလာခြင်းဟာ ဦးလေးသိန်းနဲ့ ကျွန်တို့အလုပ်သမားတွေအားလုံးအတွက် အံ့ဩစရာကြီး ဖြစ်နေမှာပါ။

"သူ့ကို ခေါ်လာခဲ့ပေးပါ ဦးလေးသိန်း"

ခဏကြာတော့ မွှေးပျံ့သော ပန်းရနံ့များကြားထဲမှာ ထူးခြားစွာ ဆွဲဆောင်မှုရှိသည့် ရေမွှေးနံ့တစ်ခု ရောထွေးပါဝင်လာခဲ့သည်။ ကျွန်တော့်နားမှာ သူမ ရောက်ရှိနေပြီပေါ့။

"မင်း ရောက်လာပြီလား နတ်မိမယ်"

"ကောင်းက တော်တယ်နော်၊ မယ်က ကောင်းကို စချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ခြေသံဖွဖွလေးနဲ့ လျှောက်လာတာ''

ရယ်သံစွက်လျက် ပြောလိုက်သော သူမအသံက တကယ့်ကို ပေါ့ပေါ့ပါးပါး။

''မင်းခြေသံ ဘယ်လောက်ပဲဖွဖွ မင်းရဲ့ရေမွှေးနံ့ကိုတော့ မင်း ဖျောက်လို့မရဘူးလေ''

''ဟုတ်ပါပြီရှင် နောက်ဆို ကောင်းကိုစနောက်ချင်ရင် ရေမွှေးပါ စွတ်မလာရတော့မယ့်သဘောပဲ''

''ကျွန်တော်နဲ့နတ်မိမယ်နဲ့ကြားမှာ စရနောက်ရလောက်အောင် ရင်းနှီးမှုမျိုးမရှိဘူးလို့ ကျွန်တော်တော့ ထင်တာပဲ''

သူမအသံတိတ်သွားသည်။ ကျွန်တော့်ရှေ့တည့်တည့်မှ ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်မှန်း သိလိုက်၏။

''ကောင်း စကားက ဘာကိုဆိုလိုချင်တာလဲ''

''ကျွန်တော် ရိုးရိုးရှင်းရှင်းလေးပဲ ပြောတာပါ၊ ကျွန်တော်နဲ့ နတ်မိမယ် လူချင်းဆုံဖူးတာ ခုမှနှစ်ခါပဲ ရှိသေးတယ်၊ တစ်ယောက်အကြောင်းကို လည်း တစ်ယောက်မသိဘူး၊ အပွင့်လင်းဆုံးပြောရရင် နတ်မိမယ်ရဲ့မျက်နှာ ဟာ ဘယ်လိုပုံစံဆိုတာမျိုးတောင် ကျွန်တော် သိတာမဟုတ်ဘူးလေ''

''လူတစ်ယောက်နဲ့တစ်ယောက် သိဖို့အတွက်ကို ရုပ်ရည်တွေ မြင်ဖူးတွေ့ဖူးဖို့က ဒီခေတ်မှာ အရေးမကြီးတော့ပါဘူး''

''မင်းစကားက အဆန်းပါလား၊ ဘာကိုဆိုလိုချင်တာလဲ''

''ဟုတ်တယ်လေ ခုနောက်ပိုင်း လူတော်တော်များများက အင်တာနက်ကနေ ချိန်းတွေ့တာတို့ လူမမြင်ဖူးဘဲ အွန်လိုင်းမှာစကားပြောဖူးရုံး ချစ်သူတွေဖြစ်သွားတာတို့ ပိုများလာတာ မဟုတ်လား''

သိပ်ကို ပိုင်နိုင်စွာ ပြောလိုက်သောစကားက ကျွန်တော့်ကို ရယ်





မောမိသွားစေသည်။

''အဲဒါနဲ့ အခု ကျွန်တော်တို့ ဖြစ်နေတာနဲ့ဆိုင်လို့လား နတ်မိမယ်၊ ကျွန်တော်တို့နှစ်ယောက်က တစ်ယောက်ရေမွှေးနံ့ကိုတောင် တခြားတစ် ယောက်က ရနေနိုင်တဲ့အကွာအဝေးမှာ မျက်နှာချင်းဆိုင်ရှိနေတာလေ၊ ဒါပေမဲ့ မင်းမျက်နှာကို တစ်ခါမှ ကျွန်တော် မမြင်ဖူးဘူး။ အဲဒါထက် ပိုဆိုးတာက မင်းအကြောင်းကို ကျွန်တော် နည်းနည်းမှ မသိဘူးဆိုတဲ့အချက်ပဲ''

''မယ့်အကြောင်းက ဘာတွေတွေထူးထူးများ ရှိလို့လဲ ကောင်းရဲ့ မယ့်မာမီက ဒေါ်စန္ဒာနွယ် ဒယ်ဒီက ဆုံးသွားပြီ၊ အလှကုန်ထုတ်တဲ့ လုပ်ငန်း တစ်ခုရှိတယ်၊ မယ်က ကောင်းနဲ့အသက်တူတူပဲ၊ အင်္ဂလန်ကနေ စီးပွားရေး အထူးပြုဘွဲ့ယူလာတယ်၊ ဒါပဲလေ၊ ကောင်း သိပြီးသားအရာတွေပဲ၊ ဘာတွေ ထပ်ပြီး ထူးထူးခြားခြား သိချင်နေသေးတာလဲ''

''ဒီအချက်တွေလောက်နဲ့ဆိုရင်တော့ ကျွန်တော်တို့ ခုလိုအနေ အထားမျိုး မိတ်ဆွေတွေအနေနဲ့ နေသွားနိုင်ဖို့ လုံလောက်ပါတယ်၊ ဒါပေမဲ့ ဒီထက်အဆင့်တွေပိုလာတော့မယ်ဆိုရင် ဒီထက်ပိုအတွင်းကျတဲ့အရာတွေကို တစ်ယောက်နဲ့တစ်ယောက် သိထားဖို့ လိုလာမယ်လို့ ကျွန်တော်ထင်တယ်၊ မဟုတ်ဘူးလား နတ်မိမယ်''

သူမထံမှ ရယ်သံသဲ့သဲ့လေး ကြားရသည်။

''မာမီနဲ့အန်တီမြတ်တို့ စီစဉ်နေကြတာကို ကောင်း သိပြီးပြီနဲ့ တူတယ်''

''ဟုတ်ပါတယ် ညက မေမေ ပြောပြလို့ ဘယ်လိုအခြေအနေ ဖြစ်နေတယ်ဆိုတာ ကျွန်တော် သိခဲ့ရတယ်၊ ကျွန်တော်အိမ်ရေးပျက်ရခြင်း အဓိကအကြောင်းအရင်းကို ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် နတ်မိမယ်ကြောင့်ပဲ''

''အို့ ကြားရတာ ကျေနပ်စရာပါလား ကောင်းရယ်''



www.burmeseclassic.com

သူမအသံက တကယ်ကိုပဲ ဝမ်းသာကြည်နူးသွားပုံ။

"အဲဒီတော့ အနိတ်မြိတ်ကို ကောင်း ဘာပြန်ပြောခဲ့လဲဟင်"

"ကျွန်တော်က တိကျသေချာတဲ့ ဘယ်လိုစကားမျိုးမှ ပြန်မပြော ခဲ့ပါဘူး"

"ဘာဖြစ်လို့လဲဟင် ကောင်း"

"ကျွန်တော် နတ်မိမယ်နဲ့နှစ်ယောက်တည်းတွေ့ပြီး စကားပြောချင် သေးလို့လေ၊ နတ်မိမယ်ဘက်ကလည်း ဒီလိုပဲ ဖြစ်ချင်လိမ့်မယ်လို့ ထင်ပါ တယ်"

"မယ်က ကောင်းနဲ့စကားပြောခွင့်ရဖို့ ကြိုးစားနေတဲ့သူပါ၊ ခုလို မျိုး ကောင်းဘက်က သဘောထားကို သိရတော့ ဝမ်းသာပါတယ်"

"ဒီမင်္ဂလာပွဲကို စတင်ဖို့ ကြိုးစားခဲ့တဲ့သူက နတ်မိမယ်လို့ ကျွန် တော် သိထားတယ်၊ ကျွန်တော့်စကား ရိုင်းသွားခဲ့ရင် ခွင့်လွှတ်ပါ"

ဒီစကားကို ကျွန်တော် ပြောလိုက်တဲ့အချိန်မှာ သူမမျက်နှာလေး ဘယ်လိုဖြစ်သွားမလဲလို့ ကျွန်တော် သိချင်မိသည်။ မြင်ချင်မိသည်။ ဒါပေမဲ့ လောလောဆယ်မှာ ကျွန်တော် ခံစားလို့ရနေတာက တိတ်ဆိတ်မှုသာ ဖြစ်၏။

"နတ်မိမယ်"

"ဪ ဟုတ်၊ ဆောရီး အဲဒီလိုမျိုးကြီး မျက်နှာချင်းဆိုင်မေးလိုက် တော့ ရုတ်တရက် အဖြေစကားရှာမရဖြစ်သွားတာပါ"

ကျွန်တော် အသံပြုလိုက်မှ သူမရဲ့ရှက်ဝဲဝဲအသံလေးကို ကျွန်တော် ပြန်ကြားရသည်။

"ဆောရီးပါ၊ ကျွန်တော် နည်းနည်းရိုင်းသွားတယ်"

"မဟုတ်ပါဘူး ကောင်း မလွန်ပါဘူး။ မေးသင့်ပါတယ်၊ မိန်းကလေး





တစ်ယောက်ဘက်က စခဲ့တယ်ဆိုတာလည်း အမှန်ပါပဲ၊ အဲဒါကို ဖြေဖို့ အတွက် မယ် ပြင်ဆင်မလာခဲ့မိရုံလေးပါ"

"ဒါဆိုရင် ပြောလက်စနဲ့ အကြောင်းရင်းကိုရော ကျွန်တော် မေး လို့ရမလား"

"အကြောင်းရင်း ဟုတ်လား။ ကောင်း ဘာကိုဆိုလိုတာလဲ"

"နတ်မိမယ်ဘက်ကစပြီး ကျွန်တော်နဲ့လက်ထပ်ဖို့လုပ်ခဲ့တဲ့ အ ကြောင်းရင်းကို ပြောတာပါ၊ ဘာအကြောင်းပြချက်မှမရှိဘဲနဲ့တော့ ကျွန်တော့် ကို လက်ထပ်ဖို့ ပြောခဲ့မှာမဟုတ်ဘူးလေ"

"ဟုတ်ပါတယ် ကောင်း မှန်တယ်၊ ဘာအကြောင်းပြချက်မှ မရှိ ဘဲနဲ့ ဘယ်မိန်းကလေးကမှ ယောကျ်ားလေးတစ်ယောက်ကို စပြီး လက်ထပ် ဖို့ ပြောမှာမဟုတ်ပါဘူး။ မယ့်မှာလည်း အဲဒီအတွက် အကြောင်းပြချက် ကောင်းကောင်း ရှိပါတယ်"

"အိုကေ ကျွန်တော်မေးနေတာလည်း အဲဒါပဲပေါ့"

"ဒီစကားထိပါ မယ့်ဘက်ကစပြီး ဖွင့်မပြောချင်ပေမယ့် ကောင်းက သိပ်သိချင်နေရင် မယ် ပြောပြပါ့မယ်"

တိုးတိုးသက်သက်လေး ပြောလိုက်သော အသံရဲ့နောက်မှာ ဘယ် လိုအဖြေမျိုးများ ရှိနေမှာလဲ။

"ကောင်းကိုချစ်လို့"

"ဗျာ"

ပါးစပ်အဟောင်းသားပွင့်လျက် မျက်လုံးများလည်း ပြူးသွားမိသည်။ နတ်မိမယ် ပါးစပ်ကနေ ဒီလောက်တိုက်ရိုက်ကျသော စကားမျိုး ထွက်လာ လိမ့်မယ်လို့တော့ ကျွန်တော် မမျှော်လင့်ခဲ့တာ အမှန်ပါ။

"အံ့သြသွားလားဟင်၊ ပြီးတော့ မယ့်ကို အထင်သေးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘယ်လိုဖြစ်"

ကျွန်တော် ဘာဆက်ပြောရမှန်း မသိ။

"မိန်းကလေးတစ်ယောက်က စပြီး ချစ်ပါတယ်လို့ ဖွင့်ပြောတယ်ဆိုတော့ မယ့်ကို အထင်သေးသွားမှာပဲနော်၊ ဒါကလည်း ကောင်း သိချင်တဲ့အကြောင်းရင်းဆိုတာကို ဖွင့်ပြောပြခဲ့ရုံတင်ပါ၊ ကောင်းသာ မမေးခဲ့ရင် မယ်လည်း ပြောပြဖြစ်မယ် မထင်ပါဘူး"

ကျွန်တော့်အပြစ်တောင် ပြန်ဖြစ်နေခဲ့သလို သူမက ဆိုသည်။ အင်းပေါ့လေ မိန်းမတစ်ယောက်က ဒီလိုစကားမျိုးထိ ပြောလိုက်ရတာဆိုတော့ အနည်းနဲ့အများဆိုသလို သူမသိက္ခာအတွက် ထိန်းထိန်းသိမ်းသိမ်းဖြစ်စေမယ့် စကားမျိုးဖြင့် ကာဗာလေးတော့ ပြန်လုပ်ဦးမှာပေါ့။ ကျွန်တော်နားလည်ပေးလို့ ရပါသည်။

"ကျွန်တော့်ကိုယ်ကျွန်တော်တော့ တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့ကောင်လို့ သတ်မှတ်ထားတာ၊ လောကကြီးကို အရှုံးပေးဖို့ အမြဲတမ်းစဉ်းစားနေတဲ့ကောင်၊ လူတောထဲကို မသွားဝံ့တဲ့ ဒုက္ခိတ တစ်ယောက်၊ ဒီလိုလူကို နတ်မိမယ်လို လှပပြီးချစ်စရာကောင်းတဲ့ မိန်းကလေးက တစ်ခါနှစ်ခါလောက် တွေ့ဖူးဆုံဖူးရုံနဲ့ ချစ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ကျွန်တော် စိတ်ပျက်စွာ ပြောမိသော စကားအဆုံးမှာ သူမက ရယ်သည်။ ကျွန်တော့်ခံစားချက်ကို လှောင်ပြောင်လိုက်တာများလား။ ကျွန်တော်လို ဒုက္ခိတတစ်ယောက်ရဲ့စကားတွေက သူမအတွက် ရယ်စရာဖြစ်နေခဲ့တာလား။

"ကျွန်တော့်စကားတွေက ဒီလောက်တောင်ပဲ ရယ်စရာကောင်းနေလား"

ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်စွာပြောမိသော လေသံကနေ ချက်





ချင်းလိုလိုပင် ဒေါသသံသို့ ပြောင်းလဲသွားသောအခါ သူမ ရယ်သံလေးလည်း တိခနဲ ရပ်တန့်သွား၏။

"ဆောရီးပါ ကောင်းရယ်၊ တကယ် ဆောရီးပါ၊ မယ်က ကောင်းကို လှောင်ပြောင်တဲ့သဘောနဲ့ ရယ်တာမဟုတ်ပါဘူး။ ကောင်းက မယ့်ကိုလည်း တစ်ခါမှမမြင်ဖူးဘဲနဲ့ မယ့်လို လှပပြီးချစ်စရာကောင်းတဲ့မိန်းကလေးလို့ ပြောလိုက်လို့ သဘောကျပြီး ရယ်မိတာပါ၊ တကယ်ပြောတာပါ ကောင်းရဲ့"

"ကျွန်တော်ကိုယ်တိုင် မမြင်နိုင်ပေမယ့် သေးလူတွေအပြောကိုတော့ နားထောင်နိုင်တဲ့နားရွက်တွေ အကောင်းအတိုင်း ရှိပါသေးတယ်"

"ဟောတော့ မယ့်ကို တကယ်ကြီး ဒေါသထွက်သွားတာလား"

"ကျွန်တော် ဒေါသမထွက်ပါဘူး၊ ကျွန်တော့်ပုံမှန်စိတ်ကိုက ဒီအတိုင်းပါပဲ၊ ဒါကြောင့် ကျွန်တော်တို့နှစ်ယောက် အခုထက်ပိုပြီး တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ လိုအပ်သေးတယ်လို့ ကျွန်တော်ထင်တယ်"

"မယ် ဘာပြောရမှန်းတောင် မသိတော့ပါဘူး"

"လောလောဆယ်တော့ ဘာမှမပြောပါနဲ့ဦးလေ၊ မင်းလည်း ပြန်စဉ်းစားပါ၊ ကျွန်တော်လို လူတစ်ယောက်ကို ခင်ပွန်းသည်အနေနဲ့ တစ်သက်လုံး လက်တွဲဖို့ ပြန်စဉ်းစားပါဦး၊ ကျွန်တော်က ဒေါသကြီးတယ်၊ စိတ်ဆတ်တယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ မင်း ထည့်စဉ်းစားလို့ရဖို့ ပြောပြထားတာပါ"

"အခု ပြောနေတာတွေကို မသိခဲ့ပေမယ့် ကောင်းက နှင်းဆီပန်းအဝါတွေကို သိပ်ကြိုက်တာတော့ မယ် သိတယ်၊ ဒီပန်းခြံလေးထဲမှာ နှင်းဆီပန်းအဝါတွေချည်းပဲ မြင်လိုက်တည်းက မယ် သိပ်သဘောကျမိတယ်၊ မယ့်မွေးနေ့လက်ဆောင် ရင်ထိုးလေးလိုပေါ့"

"အဲဒီလက်ဆောင်က မေမေ ရွေးချယ်ပေးခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မယ် သဘောကျပါတယ်၊ ပြီးတော့ ကောင်း အကြောင်းတွေကို ခုလိုပြောပြပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ မယ့် ဆုံးဖြတ်ချက်ကို ပြင်ဆင်ဖို့အတွက်တော့ ဒီအချက်တွေက အထောက်အကူ ပြုမယ် မထင်ဘူး"

ချိုသာသည့် ပြတ်သားသော အဖြေစကားကို ကြားလိုက်ရချိန်မှာ အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော့်စိတ်ထဲမှာ နည်းနည်းတော့ ကျေနပ် သွားမိသည်။

"ကျွန်တော့်ဘက်က ပြောသင့်တယ်ထင်လို့ပြောပြထားတာပါ၊ ဆုံးဖြတ်တာကတော့ နတ်မိမယ် လုပ်ရမယ့်အပိုင်းလေ"

"ဟုတ်ကဲ့ မယ် သေသေချာချာ မှတ်ထားပါ့မယ်နော်"

သေချာပါတယ်၊ ဒီမိန်းကလေး ကျွန်တော့်စကားတွေကို ပြောင်စပ်စပ်နဲ့ တုံ့ပြန်လိုက်တာပါ။

"ဒါနဲ့လေ အိမ်ထိလာလည်ရတဲ့ ဧည့်သည်ကို ဘာမှဧည့်မခံတော့ဘူးလား"

"ဩော် ဟုတ်သားပဲ၊ စကားကောင်းတာနဲ့ ဖိတ်ဖို့မေ့သွားတယ်၊ မယ့်ကို ဒီမှာပဲ နေ့လယ်စာ စားသွားစေချင်ပါတယ်၊ ကျွန်တော် အားလုံး လည်း ချက်ပြုတ်နိုင်းထားတယ်"

"ဟုတ်ကဲ့ စားသွားပါ့မယ်၊ ကောင်းက ခုလို တကူးတက ချက်နိုင်းထားတယ်ဆိုတော့ မယ် ငြင်းလို့တယ်ကောင်းမလဲနော်၊ မဟုတ်ဘူးလား"

အဆိုးတွေပဲ မြင်နေမိသော ကျွန်တော့်အတွက် ပျော်တတ်ပုံရသော နတ်မိမယ်သာ တကယ်ပဲ ကျွန်တော့်ဘဝထဲ ဝင်လာခဲ့မယ်ဆိုရင်။

■ ■ ■

"ဒီနေ့ အိမ်ကိုနတ်မိမယ်လေး လာသွားတယ်ဆို သား"





ညစာစားနေရင်းနှင့် မေမေ မေးသည်။ အိမ်က အလုပ်သမားတွေပဲ ပြောတာလား၊ ဒါမှမဟုတ် နတ်မိမယ်ပဲ ပြောတာလား။

"မေမေ ဘယ်လိုသိတာလဲ"

"သမီးလေး ဖုန်းဆက်ပြောတာလေ သားရဲ့၊ မနက်စာကလည်း အိပ်စားလို့ကောင်းပါတယ်လို့ မေမေ့ကိုပြောသေးတယ်"

"အဲဒီ မိန်းကလေး တကယ်မလွယ်ပါလား ဟ့ူ"

ကျွန်တော် သက်ပြင်းပင် ချလိုက်မိသည်။

"ဒီလို ပြောနေပေမယ့် မေမေ မြင်နေရတာတော့ သမီးလေးကို သားစိတ်ထဲမှာ ပစ်ပစ်ခါခါတော့ မဖြစ်ပါဘူး။ မေမေပြောတာ ဟုတ်တယ် မဟုတ်လား သား"

ဒီမေးခွန်းကို ဖြေရမှာ နည်းနည်းတော့ အကျပ်ရိုက်မိ၏။ မေမေ ပြောခဲ့သလိုပဲ နတ်မိမယ်ဟာ ငြင်းဆန်ဖို့အတွက် ပြစ်ချက်ရှာမရသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ ဒါပေမဲ့ ကျွန်တော် သူမကို ချစ်လားဆိုတော့ မချစ်ပါ။ အဲဒါကလည်း သေချာနေသည်။

"ပစ်ပစ်ခါခါတော့ မဖြစ်ပါဘူး မေမေ၊ ဒါပေမဲ့ သား သူ့ကို ချစ်လည်းမချစ်ဘူး"

"သားဆီက ဒီလိုစကားမျိုး ကြားရတာနဲ့တင် မေမေ ဝမ်းသာမိတယ်၊ ဘာပဲဖြစ်ဖြစ် သားနဲ့သမီးလေးကို ဒီထက်ပိုပြီး ရင်းရင်းနှီးနှီး ဖြစ်စေချင်မိတယ်၊ အဲဒီအခါကျ ချစ်ချင်လည်း ချစ်သွားနိုင်တာပဲလေ"

"မေမေ့အပြောကတော့ ဟုတ်နေတာပဲ"

"မေမေ ပြောတဲ့အတိုင်းသာ သား လုပ်ကြည့်ပါဦးကွယ်၊ သံယောဇဉ်ဆိုတာ ဒီလိုပဲ နေကြည့်ရင်းနဲ့ ပေါ်လာတတ်တာမျိုးပါ"

"ကဲပါ မေမေရယ်၊ ထမင်းပဲ အရင်ပြီးအောင် စားကြရအောင်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မနက် မိုးလင်းတည်းက ဒီကောင်မလေးအကြောင်းတွေချည်းပဲ ဖြစ်နေပြီ''

''အင်းပါ အင်းပါ၊ ဒီနေ့အတွက်ကတော့ ဘာမှထပ်မပြောတော့ပါဘူးနော်''

မေမေက ကျွန်တော့်ကို ချစ်စနိုးနှင့် စနောက်သလို ပြောသည်။ ကျွန်တော်တော့ ဘာမှမပြောချင်တော့ပါ။ မေမေ့သဘောအတိုင်း ဒီမိန်းကလေးနဲ့ ရင်းနှီးအောင် နေကြည့်တာလည်း ကောင်းတဲ့အချက်တစ်ခုပါပဲ။ ကျွန်တော့်ကို ချစ်ပါတယ်လို့ သူမဘက်က အရင် စတင်ဖွင့်ပြောထားသော မိန်းမတစ်ယောက်ဟာ ကျွန်တော့်ဆီမှာ ရှုံးနိမ့်ဖို့အတွက် အသင့်ဖြစ်နေတာပဲ မဟုတ်လား။

အကယ်၍များ လက်ထပ်ဖြစ်ခဲ့ရင်တောင် ကျွန်တော့်ဘက်က နစ်နာစရာ ဘာမှမရှိဘူးလေ။

■ ■ ■

## အခန်း (၃)

''မယ်တို့နှစ်ယောက် တစ်နေရာရာကို လျှောက်လည်ကြမလား ကောင်း''

နေ့တိုင်းလိုလို ဖုန်းဆက်ကာ ကျွန်တော့်ကို တစ်ခုမဟုတ်တစ်ခု အကြောင်းပြချက်များဖြင့် အပြင်ခေါ်ထုတ်ဖို့ ကြိုးစားနေတတ်သော နတ်မိမယ်ကို ဒီနေ့တော့ ကျွန်တော် မဖြစ်မနေ လိုက်လျောရတော့မည်နဲ့ တူသည်။

''လျှောက်လည်တယ်ဆိုတာထက် ကျွန်တော် အေးအေးဆေးဆေး အနားယူလို့ရမယ့်နေရာမျိုးဆို ပိုသင့်တော်မယ်လို့ ထင်တယ်''

''ဒါဆို ညနေကျ မယ်တို့ ကန်ပေါင်မှာ လမ်းလျှောက်ကြမယ်ဆိုရင်ရော''

''အင်း မဆိုးပါဘူး၊ အိမ်နဲ့လည်း သိပ်မဝေးဘူးလေ''

''အိုကေ ဒါဆို ကောင်း အဆင်သင့်လုပ်ထားနော်၊ နေအေးသွားပြီဆိုတာနဲ့ မယ် ထွက်လာခဲ့မယ်''

ညနေ ငါးနာရီလောက်တွင် သူမထံမှ ဖုန်းထပ်ဝင်လာခဲ့၏။

''ကောင်းတို့ အိမ်ရှေ့နားကို ရောက်တော့မယ်၊ ခြံထဲ မဝင်တော့ဘူးနော်''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အပြင်ထွက်စောင့်နေပါ့မယ်"

ကားလေးတစ်စီး ကျွန်တော့်ရှေ့တည့်တည့်မှာ ထိုးရပ်လိုက်ပြီး ဟွန်းနှစ်ချက်ဆင့်တီးသံ ကြားရသည်။

"တက်လေ ကောင်း"

အသံချိုချိုလေးအဆုံးမှာ ကျွန်တော့်ရှေ့တည့်တည့်မှ ကားတံခါးကို ဆွဲဖွင့်ဝင်ထိုင်လိုက်၏။

"မင်းမောင်းတဲ့ကားစီးရတာ ပျင်းစရာကောင်းတယ်"

သီချင်းနားထောင်ချင်တာလား။ ဒါမှမဟုတ် အရှိန်မြှင့်စေချင်တာလား။ ဒုတိယတစ်ခုဆိုရင်တော့ မလိုက်လျောနိုင်ဘူး"

"ကျွန်တော်ကလည်း ပထမတစ်ခုပဲ တောင်းဆိုတာပါ"

"အိုကေ"

သူမက မြူးကြွသော သီချင်းတစ်ပုဒ်ကို စတင်ဖွင့်လိုက်သည်။ ထိုသီချင်းကြောင့်ပဲ ဟိုအရင်အတိတ်က ကျွန်တော်တို့သူငယ်ချင်းတစ်သိုက် ညတိုင်းလိုလို ကားတစ်ယောက်တစ်စီးနှင့် သောင်းကျန်းခဲ့သော အချိန်တွေကို ပြန်အမှတ်ရလာမိ၏။ ဒီလိုမျိုး သောင်းကျန်းခဲ့မိလို့လည်း နောက်ဆုံးမှာ ဒီအခြေအနေထိ ကျွန်တော် ကျရောက်ခဲ့ရခြင်း ဖြစ်သည်။

"ကားအက်ဆီးဒင့်ကြောင့် ကောင်း မျက်လုံးတွေ ကွယ်ခဲ့တာလို့ မယ် သိထားတယ်"

"ဟုတ်ပါတယ်"

ကျွန်တော့်လက်စွဲတော် စတီးတုတ်ချောင်းကို ကန့်လန့်ပေါင်မှာ နတ်မိမယ်နှင့်အတူ ဘေးချင်းလျှောက်နေတုန်း သူမက စတင်မေးခွန်းထုတ်လာသည်။ ကျွန်တော် မျက်လုံးကွယ်ခဲ့တဲ့အတိတ်နဲ့ ပတ်သက်ပြီး ဘယ်တုန်းကမှ မမေးခဲ့ဖူးတဲ့ သူမက ခုတော့ ထူးထူးဆန်းဆန်း။





"ကျွန်တော်တို့ ဘော်ဒါတွေအားလုံး ညဘက်ဆို ကားမောင်းပြိုင်တယ်။ ကံဆိုးချင်တော့ ကျွန်တော် ဒီဘဝရောက်ခဲ့တယ်၊ ဖာတ်လမ်းကတော့ ရိုးရိုးရှင်းရှင်းလေးပါပဲ"

"ကားကားချင်းဝင်တိုက်ခဲ့တာဆို၊ တစ်ဖက်ကားကရော ဘာမှ ဖြစ်မသွားဘူးလား"

ကျွန်တော့်အာရုံတွေထဲမှာ ထိုညက အဖြစ်အပျက်များကို ကွက်ကွက်ကွင်းကွင်း ပြန်မြင်ယောင်လာမိသည်။ ကားရဲ့လီဗာကို ဂိတ်ဆုံးတင်ကာ မီးနီကိုဖြတ်ဖို့အလုပ်မှာပဲ လမ်းကြောင်းမှားပြီးဝင်လာသော ကွေ့ကြောမှ အနက်ရောင်ကားလေးနှင့် မျက်နှာချင်းဆိုင်တိုက်ခဲ့မိခြင်း ဖြစ်သည်။ ကျွန်တော့် ကားရှေ့မှန်တွေ တစ်စစီ ကွဲထွက်ကာ ထိုမှန်ကွဲစများက ကျွန်တော့်မျက်လုံးများကို ခုလိုအခြေအနေမျိုးရောက်အောင် ဒုက္ခပေးခဲ့ခြင်းပင်။ တစ်ဖက်ကား သမားမှာတော့ ကားပေါ်ကနေ လွင့်စင်ထွက်ကျသွားပြီး ပလက်ဖောင်းနှင့် နောက်စိဆောင့်မိကာ ပွဲချင်းပြီး သေဆုံးခဲ့ခြင်းဖြစ်သည်။

ဒါတွေကို ကျွန်တော် ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ပြန်မပြော ချင်ခဲ့ဘူးပါ။

"သူလည်း နေရာမှာတင် ဆုံးပါးသွားတယ်၊ ဒါနဲ့လေ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်ကို ထပ်မမေးစေချင်တော့ဘူး"

"အိုး ဆောရီးပါ၊ မယ်က ကားအက်ဆီးဒင့်ဖြစ်ခဲ့တယ်ဆိုတာပဲ သိပြီး အသေးစိတ်ကိုမသိတော့ စိတ်ဝင်စားမိသွားလို့ပါ၊ စိတ်မရှိပါနဲ့နော်"

"ရပါတယ်၊ နောက်ထပ်မမေးရင် ပြီးတာပါပဲ"

"မယ့်ကြောင့်နဲ့ ကောင်း စိတ်တွေကို ပိုနောက်ကျိသွားစေပြီနဲ့ တူတယ်၊ မယ် ဘာပြန်လုပ်ပေးရမလဲဟင်"

"ဒီကိစ္စကို စိတ်ထဲက ထုတ်လိုက်ပါ၊ ကျွန်တော်တို့ အေးအေးလူ



www.burmeseclassic.com

www.burmeseclassic.com



လှုပဲ လမ်းလျှောက်ကြတာပေါ့''

ဆောင်းတွင်းပိုင်းရောက်နေပြီမို့ ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော နေဝင်ချိန်လေညင်းသည် သန့်ရှင်းလတ်ဆတ်ကာ အအေးဓာတ်ပိုနေ၏။ လေအေးရဲ့တိုးဝှေ့မှုကြောင့် ကျွန်တော့်မျက်နှာများပင် အေးစက်တောင့်ခဲလာသလို ခံစားရသည်။ အင်္ကျီပါးလေးပဲဝတ်ပြီး ထွက်လာခဲ့မိတာမှားသွားသည်။ မေမေသာသိရင် အနွေးထည် ထပ်မဝတ်သွားလို့ ဆူဆူပူပူလုပ်ဦးမှာပါ။

''ကောင်း ချမ်းနေပြီလား''

''ဟုတ်တယ်၊ ဒီည နည်းနည်းလေးများ အအေးပိုသလားလို့''

''မယ်က ဒါတွေသိလို့ အနွေးထည်ထူထူ ဝတ်လာတယ်ရှင့်၊ ကောင်းကသာ ချည်သားအပါးလေးနဲ့ ဘယ်လိုဖြစ်တာတုန်း''

''အိမ်ထဲက အိမ်ပြင်မထွက်တာကြာတော့ အဝတ်အစားကိုလည်း ဘာမှကြိုမစဉ်းစားလိုက်မိဘူး''

''ကောင်း''

ဆက်လျှောက်လာမိသော ကျွန်တော့်ခြေလှမ်းများနောက်မှာ သူမ ခေါ်သံ ပြတ်ကျန်ခဲ့၏။ သူမ ရပ်တန့်ပစ်လိုက်ခြင်း ဖြစ်သည်။

''ဘာပြောမလို့လဲ နတ်မိမယ်''

''ဘဝကို ခုလိုပဲ ပေပေတေတေ ဖြတ်သန်းသွားတော့မှာလား''

''ကျွန်တော့်ကိုယ်ကျွန်တော် သတ်သေတာ မအောင်မြင်ခဲ့လို့ ဒီလိုပုံစံမျိုးနဲ့ မြင်ခွင့်ရနေတာ မင်း ကျေးဇူးတင်သင့်တယ်''

''အဲဒါကိုက မဟုတ်သေးတာပဲလေ၊ မျက်လုံးခွဲစိတ်မှုဆိုတာ ဒီနေ့ခေတ်မှာ သိပ်ကြီးမားနေတဲ့ကိစ္စမျိုးလည်း မဟုတ်ဘူး။ ငွေကြေးအရလည်း ကောင်းတို့မိသားစုမှာ မတတ်နိုင်စရာ ဘယ်လိုအခြေအနေမျိုးမှ မရှိဘူး





ဒါကို ဘာဖြစ်လို့ ကောင်းရဲ့အလှူပေးချင်တဲ့စိတ်တစ်ခုတည်းနဲ့ လက်လျှော့ချင်နေရတာလဲ၊ လောကကြီးကို ဒီလောက်လွယ်လွယ်နဲ့ အရှုံးမပေးစမ်းပါနဲ့''

''ဒီလောက်လွယ်လွယ်နဲ့ ဟုတ်လား။ မင်းစကားကို မင်းပြန်ရုပ်သိမ်းလိုက်တာကောင်းမယ်နဲ့တူတယ်''

''မယ်ပြောတာ မှားသွားလို့လား ကောင်း''

''ဟုတ်တယ် မင်းသိပ်မှားတာပေါ့၊ မင်းကိုယ်တိုင် မျက်လုံးကွယ်သွားတဲ့အချိန်ကျရင် ငါပြောတာ မှန်တယ် မမှန်ဘူး မင်းသိလာလိမ့်မယ်''

ကျွန်တော် စိတ်တိုစွာပင် သူမနှင့် မျက်နှာချင်းဆိုင်ရပ်နေရာကနေ လှည့်ထွက်ခဲ့လိုက်သည်။ စိတ်မရှည်စွာ လှမ်းနေရသော ခြေလှမ်းတွေက အမှောင်ထုထဲမှာ စိတ်ထင်တိုင်း မရောက်သလိုမို့ ဒေါသက ပိုပိုထွက်လာ၏။

''အ''

ကမူရှုးထိုး ခြေလှမ်းများက မာကျောသော အရာတစ်ခုကို ခလုတ်တိုက်မိပြီး ကျွန်တော့်ကိုယ်ကျွန်တော် မထိန်းနိုင်တော့ဘဲ လမ်းပေါ်သို့ ခင်တိုင်လျက် ပြုတ်ကျသွား၏။ နောက်က အပြေးလေး လှမ်းလာသော ခေါက်ဖိနပ်သံလေးကို ကြားရသည်။ သူမရှေ့မှာမှ ဒီလိုပုံစံဖြစ်ခဲ့ရတာမို့ ကျွန်တော် ရှက်ရွံ့စွာပင် ပြန်ကုန်းရုန်းထလိုက်သည်။

ဘေးမှာကျနေသော တုတ်လေးကို ပြန်ကောက်ယူလိုက်၏။ ခြေထောက်က ခေါက်သွားတာလား မသိ၊ အတော်လေး နာကျင်နေသည်။

သို့သော် ကျွန်တော် ဂရုမစိုက်ပါ။ မတ်မတ်ပြန်ရပ်ပြီး တည့်တည့်ဆက်လျှောက်နိုင်ဖို့ပဲ အရေးကြီးသည်။

''ကောင်း စောင့်ဦးလေ၊ ဟေး ကောင်း''

နာကျင်နေရင်းကပင် ကျွန်တော် ဆက်လျှောက်နေမိသည်။ သို့သော် သိပ်မကြာခင်မှာပဲ သူမ ကျွန်တော့်ကို မီသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်း ဘာဖြစ်သွားတာလဲ၊ မယ့်ကိုစိတ်တိုသွားတာလား"

"မင်းကိုငါ ပြောပြထားတယ်လေ၊ ငါက ဒေါသထွက်တတ်တယ်၊ စိတ်ကြီးတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်ဆိုတာတွေ မင်း မမှတ်မိတော့ဘူးလား"

"အဲဒါတွေနဲ့ အခုက ဘာဆိုင်လို့လဲ ကောင်းရယ်"

"မင်းစကားတစ်ခွန်းက ငါ့စိတ်ထဲမှာ အမြင်မကြည်စရာတစ်ခု ဖြစ်သွားခဲ့ရင် ငါ ခုလိုပဲ တုံ့ပြန်မိမှာပဲ၊ အဲဒီတော့ ငါ ဒီလိုဖြစ်တာကို မင်း မခံနိုင်ရင် ခုတည်းက ငါနဲ့ခပ်ဝေးဝေးနေပါ၊ ငါ့ဘဝထဲကိုလည်း ဝင်လာဖို့ မကြိုးစားပါနဲ့"

"အို မဟုတ်သေးပါဘူး ကောင်းရယ်၊ ခုလောက်ထိ ပြောဖို့ မလိုအပ်ဘူးလို့ ထင်ပါတယ်"

သူမအသံလေး သနားစဖွယ် ဖျော့တော့နေသည်။ သို့သော် ကျွန်တော်ကလည်း တကယ်ပင် စိတ်ညစ်နေသဖြင့် ခုချိန်မှာ သူမအသံ ဘာဖြစ်ဖြစ် ဂရုမစိုက်နိုင်အားပါ။

"လာပါ ကောင်းရယ်၊ မယ်တို့ အိမ်ပြန်ကြမယ်နော်"

"ငါ့ဟာငါ ကားငှားပြီးပြန်မယ်"

"ကောင်းကလည်း အဲဒီလိုလုပ်ဖို့ အဆင်မပြေတာကို သိရဲ့သားနဲ့ မယ့်ကို ဂျစ်မတိုက်ပါနဲ့ကွာ"

"မင်းကိုငါ ဂျစ်တိုက်စရာလည်း ဘာမှမရှိဘူး၊ ငါ မင်းနဲ့အတူတူ ရှိနေချင်ရုံသက်သက်ပဲ"

"ကောင်းသာ အခုလို ကားငှားပြီး ပြန်သွားရင် မယ် ဘာဖြစ်သွားမလဲ၊ အန်တီမြတ်ကလည်း မယ့်ကို ဘယ်လိုထင်သွားမလဲ"

"မင်းက ငါ့အမေ မင်းကိုအဆိုးမြင်မှာ ကြောက်နေတာပဲ"





ကျွန်တော် နှုတ်ခမ်းလေးတစ်ချက်တွန့်လျက် ခပ်ရွဲ့ရွဲ့ပြောဆိုက်သည်။

"အဲဒါထက် ကောင်းကို တစ်ယောက်တည်းလွှတ်လိုက်ဖို့ မယ် ဘယ်လိုမှ စိတ်မချနိုင်တာ"

"ငါက ကလေးမဟုတ်ဘူး"

"ကောင်း ကလေးတစ်ယောက်မဟုတ်တာ သိပါတယ်၊ ဒါပေမဲ့"

"ဘာလဲ အကန်းတစ်ယောက်ဆိုတော့ တစ်ယောက်တည်း ကားငှားပြီးပြန်ရင အဆင်မပြေနိုင်ဖြစ်မယ်ပေါ့လေ၊ ဒီလိုလား"

"ကောင်းကွာ ရှင် တော်တော်ပြောရခက်တာပဲ"

စိတ်ပျက်စွာ သူမ ညည်းညူချေင် ကျွန်တော် ကြိတ်ပြုံးဝမ်းသာသွား၏။ သူမက ကျွန်တော့်ကို အလွယ်တကူ ချုပ်ကိုင်ပြောဆိုလို့ရမည့် ယောကျ်ားတစ်ယောက်လို့ ထင်နေခဲ့သလားမှ မသိတာ။

တကယ်တော့ ကျွန်တော်ကိုယ်တိုင်လည်း ကားငှားပြန်ဖို့ အစီအစဉ် မရှိပါ။ ဦးလေးသိန်းဖြစ်ဖြစ် ကိုရွှေးကိုဖြစ်ဖြစ် ဖုန်းဆက်ခေါ်ဖို့ စဉ်းစားမိပြီး လက်များက ဖုန်းခလုတ်သေးသေးလေးများကိုတောင် စမ်းနှိပ်စပြုပြီးပြီ။

ထိုအချိန်မှာ။

"ဟာ ဟော့ကောင် ကောင်းမင်း မင်းကို ဒီမှာတွေ့ရလိမ့်မယ်လို့ လုံးဝ ထင်မထားဘူးကွာ"

ဒီအသံ။ ဒီအသံကို ကျွန်တော် ရင်းရင်းနှီးနှီး သိပါသည်။ ကျွန်တော်နှင့်အတူ တစ်ကျောင်းတည်း တက်ခဲ့သော ကျောင်းနေဖက်၊ သောင်းကျန်းဖော်သောင်းကျန်းဖက်၊ ကျွန်တော် အက်ဆီးဒင့်ဖြစ်သည့်ညက ကျွန်တော့်ရဲ့ကားမောင်းပြိုင်ဘက် နေဗလရဲ့အသံ။

"လမ်းလျှောက်ထွက်လာတာလား ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"နေဗလာလား"

"အေး ဟုတ်တယ်လေကွာ၊ မင်း ငါ့အသံကို မှတ်မိသားပဲ"

"ငါ့မျက်လုံးတွေ မမြင်ပေမယ့် ငါ့ဦးနှောက်တွေက အကောင်းအတိုင်း ရှိပါသေးတယ်ကွ"

"မင်းကွာ ငါတို့အားလုံးကို အဆက်အသွယ်ဖြတ်ထားပြီး အိမ်ထဲမှာပဲ အောင်းနေလိုက်တာ၊ ခုလို မင်းကိုတွေ့ရတော့ ငါ တော်တော်တောင် အံ့သြသွားတယ်"

သူငယ်ချင်းက ဖက်လှဲတကင်းစကားတွေ လာပြောနေတော့ ကျွန်တော် မကောင်းတတ်စွာနှင့်ပင် မတ်တပ်ဆက်ရပ်နေရပြန်သည်။

"ငါ့ကို မိတ်ဆက်ပေးဦးလေ"

ဒီကောင် နတ်မိမယ်ကို ရည်ရွယ်ပြီးပြောတာ ဖြစ်မှာပါ။

"မလိုပါဘူး"

"ကျွန်မက နတ်မိမယ်ပါ၊ ဒီက ကောင်းမင်းမြတ်နဲ့ လက်ထပ်ဖို့ စီစဉ်ထားသူပါ"

ကျွန်တော်က အရေးတယူမလုပ်စွာ မိတ်ဆက်ပေးဖို့ မလိုအပ်ဘူးလို့ ငြင်းဆန်နေချိန်မှာပဲ နတ်မိမယ်က သူမကိုယ်သူမ ဝင်မိတ်ဆက်ခဲ့ခြင်း ဖြစ်သည်။

"ဟာ ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်က နေဗလပါ၊ ကောင်းမင်းမြတ်ရဲ့ငယ်သူငယ်ချင်းပေါ့"

"သူက သူငယ်ချင်းတွေနဲ့လည်း အဆက်အသွယ်ဖြတ်ထားတော့ ကျွန်မတို့ ခုမှပဲ မိတ်ဆက်ခွင့်ရတော့တယ်နော်၊ တွေ့ရတာ ဝမ်းသာပါတယ် ကိုနေဗလ"

ကျွန်တော် နတ်မိမယ်ကို ပိုလို့ စိတ်တိုသွားမိသည်။ သူမက





အာသဘောနဲ့ ကျွန်တော့်သူငယ်ချင်းကို ဒီလိုပုံစံမျိုး ဝင်မိတ်ဆက်ခဲ့တာလဲ။ နေဗလဆိုတဲ့ကောင်ကလည်း အဟုတ်ကြီးတွေထင်ပြီး ဝမ်းသာအယ်လဲနှင့် ပြန်နှုတ်ဆက်နေသေးသည်။

"မင်းကရော ကန်ပေါင်ကို ဘာလာလုပ်တာလဲ"

သူတို့နှစ်ယောက် စကားစရှည်နေမည်စိုးသောကြောင့် ကျွန်တော် ကြားဖြတ်ဝင်ပြောလိုက်၏။

"ငါက ဒီကန်ပေါင်မှာ စားသောက်ဆိုင်ဖွင့်ထားတယ်လေကွာ၊ တစ်နှစ်ကျော်လောက်တော့ ရှိပြီ"

"ဩော် ဟုတ်လား"

မိဘအရိပ်အဝါနှင့် သောင်းကျန်းချင်တိုင်း သောင်းကျန်းခဲ့ကြသော သူငယ်ချင်းတွေတောင် ကိုယ်ပိုင်စီးပွားရေးတွေ ဘာတွေလုပ်နေကြပါလား။ ကျွန်တော်သာ သူတို့ထဲမှာ ဘာမှဖြစ်မလာဘဲ အမှောင်နှင့်ကျင့်သားရအောင် နေထိုင်နေရသူတစ်ယောက် ဖြစ်နေပြီ။

"မင်း ငါ့ကို တစ်ခုလောက်ကူညီပါ နေဗလ"

"ပြောလေကွာ"

"မင်းအချိန်ရမယ်ဆိုရင် ငါ့ကို အိမ်ပြန်လိုက်ပို့ပေးပါ"

"မင်းကို ငါက အိမ်ပြန်ပို့ရမယ် ဟုတ်လား"

ဘေးမှာ နတ်မိမယ်ပါနေတာကို သူ့ကိုအိမ်ပြန်လိုက်ပို့ခိုင်းတယ်ဆိုတော့ နေဗလ အံ့အားတသင့်ဖြစ်သွားမှာ သေချာပါတယ်။

"ဟုတ်တယ် မင်းငါ့ကို မေးခွန်းတွေ ထပ်မမေးနဲ့တော့ကွာ၊ လိုက်ပို့မှာလား မပို့ဘူးလားပဲ ဖြေ"

"အေး အေးပါကွာ ငါလိုက်ပို့ပေးပါ့မယ်"

"ကောင်း"



www.burmeseclassic.com

www.burmeseclassic.com



နေဗလဆီက ကတိရတာနှင့် ကျွန်တော့်ခြေလှမ်းများကို ရှေ့ဆက်လိုက်သည်။ နောက်ဘက်မှာ ကျန်ခဲ့သော သူမခေါ်သံကိုလည်း လှည့်မကြည့်ဖြစ်တော့။

"ဟော့ကောင် မင်းဟာက ဘယ်လိုကြီးတုန်းကွ"

ကားပေါ်တက်ထိုင်မိသည်နှင့် နေဗလက စတင်မေးခွန်းထုတ်လာသည်။

"မင်းကိုငါ မေးခွန်းတွေ ထပ်မမေးနဲ့လို့ ပြောထားတယ်လေကွာ"

"အဲဒါက ဟိုမိန်းကလေးရှေ့မှာမို့လို့ပေါ့ ငါ သဘောပေါက်ပါတယ်။ အခု ငါတို့နှစ်ယောက်တည်းပါကွ၊ ငါမေးတာလေးလည်း မင်းနည်းနည်းပါးပါး ပြန်ဖြေစမ်းပါဦး။ သူ ပြောတော့ မင်းတို့နှစ်ယောက်က လက်ထပ်"

"ကျွတ်"

ကျွန်တော် စိတ်ပျက်ပျက်နှင့် စကားဖြတ်လိုက်လျှင် နေဗလထံမှ သက်ပြင်းချသံ ထွက်လာသည်။

"မတော်တဆဖြစ်ပြီးတည်းက ငါတို့အားလုံးလည်း မင်း အစအန ပျောက်ပြီး နေနေတယ်၊ မင်းအိမ်ကိုလာရင်လည်း တွက်မတွေ့ဘူး။ ဖုန်းလည်း မကိုင်ဘူး။ ဘာသတင်းအစအနမှလည်း ငါတို့မရဘူး။ အခု ပြန်တွေ့မယ့် တွေ့တော့လည်း မင်းနဲ့လက်ထပ်ဖို့ လုပ်ထားပါတယ်ဆိုတဲ့မိန်းကလေးတစ်ယောက်နဲ့အတူ ကန်ပေါင်လိုနေရာမျိုးမှာ ငါမင်းကို မေးခွန်းတွေမေးတာ မများပါဘူးနော် ကောင်းမင်း"

"အင်းလေ တကယ်တော့ မင်းမများပါဘူး။ ငါကိုယ်တိုင်ကိုက ပြန်ဖြေချင်စိတ်မရှိလို့ပါ"

"ဒီလောက်ဆိုရင် မင်းစိတ်တွေ အနည်ထိုင်သင့်ပါပြီကွာ"

"လာပြန်ပြီလား"





"ဟင် ဘာဖြစ်လို့လဲ"

"ငါ့နေရာကို မင်းတို့ဝင်မကြည့်ပေးနိုင်ဘဲနဲ့ ဒီလိုမျိုး နှစ်သိမ့်စကားတွေပဲ ပြောနေမယ်ဆို ငါ့အတွက် အဆင်မပြေဘူး"

ကျွန်တော့်လေသံမာမာကို နေဗလ သဘောပေါက်မှာပါ။

"ငါသိပြီ၊ မင်းအခုလည်း နတ်မိမယ်ဆိုတဲ့တစ်ယောက်နဲ့ ဒီကိစ္စပဲ စကားများလာတာနဲ့တူတယ်"

"လူတွေက ကိုယ်ကိုယ်တိုင် ကြုံဖူးတော့မှ ဒုက္ခတစ်ခုကို ကိုယ်ချင်းစာနိုင်တာကွ၊ ကိုယ်တိုင်မကြုံဖူးရင် နှစ်သိမ့်စကားလေးပြောလိုက်တာနဲ့ အရာအားလုံး အဆင်ပြေသွားမယ်လို့ ထင်နေကြတာ"

"ဒီလိုတော့ မပြောပါနဲ့ကွာ၊ ငါတို့က မင်းကို တကယ်ပဲ စိတ်ပူခဲ့ကြတာပါ၊ မင်းကသာ ငါတို့အားလုံးကို အဆက်အသွယ်ဖြတ်ထားခဲ့တာလေ၊ နောက်ဆို အရင်လိုပဲ ပြန်နေကြရအောင်ကွာ"

"အရင်လို ဟုတ်လား။ ငါ့ပုံစံ မင်းတို့နဲ့အရင်လို ပြန်နေနိုင်တဲ့ပုံစံများ ပေါက်နေလို့လား"

"ငါဆိုလိုတာက ငါတို့ကြားက အဆက်အသွယ်တွေကို ဖြတ်တောက်မထားဖို့ ပြောတာပါ၊ အားလုံး စုစုစည်းစည်း ပြန်နေရလို့လည်း ရနေတာပဲကွာ၊ ပြီးတော့ မင်းမျက်လုံးတွေက ခွဲစိတ်လိုက်ရင် အရင်လို ပြန်ကောင်းလာနိုင်တာပဲလေ"

"ခွဲစိတ်ဖို့လား"

"ဘာလဲ မင်းက ဒီတိုင်းကြီးပဲ၊ တစ်သက်လုံးနေသွားဖို့ စိတ်ကူးနေတာလား"

"မေမေကတော့ စုံစမ်းနေတာပဲ"

"အေးလေ ဒါဆို မင်းက ဘာကိုစိတ်ဓာတ်ကျနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ လက်ရှိနေထိုင်နေရတဲ့ဘဝကြီးကိုပေါ့၊ အဲဒီ အမှောင်ထုတွေ ဘယ်လောက်ထိကြောက်ဖို့ကောင်းတယ်ဆိုတာ မင်းတို့ဘယ်တော့မှ မသိနိုင်ပါဘူး"

နေဗလထံမှ ဘာတုံ့ပြန်မှုမှ ထွက်မလာခဲ့ပါ။ ကျွန်တော့်ခံစားချက်ကို သူ ဒီလောက်တော့ နားလည်ပေးသင့်ပါတယ်လေ။

"ကဲ မင်းခြံရှေ့တော့ ရောက်ပြီ"

နေဗလက ဟွန်းသံကို ခပ်ကျယ်ကျယ်လေး သုံးလေးချက်ဆင့်တီးလိုက်သည်။ ခြံတံခါးမကြီးဖွင့်လိုက်သံ ကြားရသည်။

"ငါ ဒီမှာပဲ ဆင်းမယ်"

"မထူးပါဘူးကွာ ငါ ဆင်ဝင်အောက်ထိ လိုက်ပို့ပါ့မယ်၊ အန်တီ့ကိုလည်း တစ်ခါတည်း နှုတ်ဆက်ရအောင်လေ"

ပြောပြောဆိုဆို နေဗလက ကားကို ခြံထဲသို့ ချိုးကွေ့ဝင်လိုက်သည်မို့ ကျွန်တော် ထပ်တားချိန်မရလိုက်ပါ။

"ဟင် သား၊ နေဗလ ဘယ်လိုဖြစ်လာတာလဲ"

မေမေက ဆင်ဝင်အောက်မှာ ကျွန်တော့်ကို ထွက်ကြိုနေပုံရသည်။ နေဗလကိုမြင်တော့ မေမေ အံ့ဩသွားမှာပေါ့။

"ကန်ပေါင်မှာတွေ့လို့ ကျွန်တော် ပြန်လိုက်ပို့တာပါ"

"သား ဘယ်လိုဖြစ်တာလဲ၊ မေမေ ပြန်လာတော့ သားက နတ်မိမယ်လေးကားနဲ့ ပါသွားတယ်လို့ သိန်းဝင်းပြောပြခဲ့တာ"

"ဟုတ်တယ် မေမေ၊ သွားတုန်းကတော့ နတ်မိမယ်နဲ့ပဲ၊ ဒါပေမဲ့ ကန်ပေါင်မှာ နေဗလနဲ့တွေ့လို့ သူ့ကားနဲ့ပဲ ပြန်လိုက်လာခဲ့လိုက်တယ်၊ သား အခန်းထဲပြန်တော့မယ်နော်၊ နေဗလ ကျေးဇူးပဲကွာ၊ ငါ့ကို ပြန်လိုက်ပို့ပေးလို့"





"မလိုပါဘူးကွာ၊ မင်းကလည်း သူစိမ်းဆန်လိုက်တာ"

ကျွန်တော် ခွန်းတုံ့ပြန်ပြောမနေတော့ဘဲ ကိုယ့်အခန်းထဲကိုယ် ဝင်လာခဲ့လိုက်သည်။

"ခုလိုမျိုး သားတို့နဲ့ ပြန်တွဲပြီးမြင်ရတာ အန်တီတော့ ဝမ်းသာမိတယ်"

"ကျွန်တော်လည်း ကောင်းမင်းကို အရင်လိုပြန်ပြီး စုစုစည်းစည်း နေကြဖို့ ပြောထားပါတယ်"

မေမေနဲ့နေဗလတို့ ပြောနေသံများကို ကျွန်တော် နားမထောင်ပါဘဲ ကြားနေရသေးသည်။ ဘာပဲဖြစ်ဖြစ် ခုလိုမျိုး အရင်ကသူငယ်ချင်းတစ်ယောက်နှင့်တွဲပြီး ပြန်လာတာ မေမေ မြင်လိုက်ရလို့ တကယ်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမှာပါ။ ဘယ်သူ့ကိုမှ အဆက်အသွယ်မလုပ်ဘဲ နှစ်နှစ်နီးပါး လောက် နေခဲ့သော ကျွန်တော့်ကို မေမေက သူငယ်ချင်းတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေထိုင်နေတာမျိုး ပြန်မြင်ချင်နေခဲ့တာ ကြာပြီပဲလေ။

"သား နတ်မိမယ်လေးက ကန်ပေါင်ကနေ တန်းပြန်သွားတာလား"

ကျွန်တော်အဝတ်အစားများ လဲလှယ်နေတုန်း အခန်းထဲသို့ မေမေ ဝင်လာမေးသည်။

"မေမေက စိတ်ပူနေတာလား"

"သမီးလေးနဲ့တူတူသွားပြီး မောင်နေဗလနဲ့အတူပြန်လာတယ်ဆိုတော့ မေမေ့စိတ်ထဲ တစ်မျိုးဖြစ်နေလို့ပါ"

"ဘယ်လိုတစ်မျိုးလဲ မေမေ"

"သားနဲ့နတ်မိမယ်လေးနဲ့ တစ်ခုခုများ ပြဿနာဖြစ်ကြသလား"

ကျွန်တော် မဖြေချင်ပေမယ့် မေမေက အတင်းမေးနေသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ဖြည်းညှင်းစွာ ညိတ်ပြလိုက်သည်။

"ဟယ် ဘာတွေများဖြစ်တာလဲကွယ်၊ သားတို့နှစ်ယောက်ကို အဆင်ပြေနေတယ်ဆိုပြီး မေမေနဲ့နွယ်က ဝမ်းသာနေတာ"

ကျွန်တော် စိတ်ပျက်စွာပင် ခုတင်ထက် ငုတ်တုတ်ထိုင်ချလိုက်၏။

"သူက သားကို နှစ်သိမ့်ပေးဖို့ကြိုးစားနေတာ"

"အဲဒီတော့"

"သား မသိဘူး မေမေ၊ ဒါပေမဲ့ သူ အဲဒီလို ကြိုးစားနေတာကို သား မခံချင်ဘူး"

ကျွန်တော့်စကားအဆုံးမှာ မေမေ့ထံမှ ရယ်သံလေးထွက်လာသည်။ ကျွန်တော် ကြောင်တောင်တောင် ဖြစ်သွား၏။

"မေမေ ဘာလို့ရယ်တာလဲ"

"ယောက်ျားလေးဆိုတာမျိုးက ကိုယ်စိတ်ဝင်စားနေတဲ့ မိန်းမတစ်ယောက်ရှေ့မှာ ကိုယ့်ရဲ့အားနည်းချက်တွေကို ဖုံးဖိထားချင်ကြတာလေ၊ အထူးသဖြင့် အဲဒီမိန်းကလေးက ကိုယ့်ကိုပြန်ပြီး အားပေးနှစ်သိမ့်နေရတယ် ဆိုတာမျိုးကို မဖြစ်ချင်ကြဆုံးပဲ"

"မေမေ"

ကျွန်တော် အလန့်တကြားနှင့် မေမေ့ကိုခေါ်မိသည်။ မေမေ့မှတ်ချက်က ကြောက်စရာကောင်းပါသည်။

"ဘာဖြစ်လို့လဲ သား။ မေမေပြောတာ မှန်နေလို့လား"

"ကျွန်တော် လုံးဝတောင် သတိမထားမိတဲ့ဘက်ခြမ်းကနေ မေမေက တွေးလိုက်တာကိုး"

"မဟုတ်လို့လား သား"

အဲဒီလို မေးလာပြန်တော့လည်း ကျွန်တော် နှုတ်ဆိတ်နေမိပြန်





သည်။ မေမေပြောသလိုမျိုးများ ကျွန်တော် ဖြစ်နေခဲ့တာလား။

"မဟုတ်လောက်ပါဘူး မေမေ"

"သား အဖြေကြီးကို မေမေ အားမရဘူး"

"သား အမှန်ကို ဖြေတာပါ မေမေ"

"ကဲပါလေ မေမေဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှထပ်မမေးတော့ပါဘူး။ သားလည်း နားလိုက်ပါဦး။ ဒါပေမဲ့ မေမေ့ကို ကတိတစ်ခုတော့ ပေးရမယ်"

"ဘာလဲ မေမေ"

"မနက်ဖြန်ကျရင် သားဘက်ကစပြီး နတ်မိမယ်ဆီကို ဖုန်းဆက်လိုက်ပါ"

"အာ မေမေကလည်း သားမလုပ်ချင်ဘူး"

ကျွန်တော် အကြောက်အကန် ငြင်းမိသည်။ သူမ ရှေ့ကနေ ပြတ်ပြတ်သားသားပြောကာ ထွက်လာခဲ့သော ကျွန်တော့်ကို မေမေက ဖုန်းဆက်ခိုင်းနေသည်။ ဒါ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။

"ဘာလို့မလုပ်ချင်တာလဲ သား။ ယောက်ျားလေးတစ်ယောက်ရဲ့ အနေကြောင့်လား"

"သားက သူ့ကိုစပြီး ထားခဲ့တာ မေမေ၊ ဒါကို သားဘက်ကပဲ ပြီး ဖုန်းဆက်ရမယ်ဆိုတာ မဖြစ်နိုင်ဘူး"

"သားရဲ့ယောက်ျားမာနကို ခဏဘေးမှာထားပြီး သားဘက်က ဆက်သွယ်လိုက်ပါကွယ်၊ မိန်းကလေးတစ်ယောက်အနေနဲ့ နတ်မိမယ်ဘက် က ကြိုးစားသင့်သလောက် ကြိုးစားပြီးနေပြီပဲ"

"မေမေ"

"သားလည်း နတ်မိမယ်ကို ပစ်ပစ်ခါခါ မဖြစ်ဘူးဆိုတာ မေမေ



www.burmeseclassic.com

www.burmeseclassic.com



သိနေတာပဲလေ''

မေမေကတော့ တကယ့်ကို ဖွတ်ပါပဲ။ ကျွန်တော့်ဆီက ကထိ တစ်လုံးမရမချင်၊ ကျွန်တော့်အခန်းထဲကနေတောင် ထွက်သွားမှာမဟုတ် တော့သလိုမျိုး ပြောနေတော့သည်။

''မေမေ့ထင်မြင်ချက်တွေကို သားဆက်နားထောင်ရဦးမှာလား''

''ဆက်နားမထောင်ချင်တော့ရင် မေမေလိုချင်တဲ့ ကတိကိုပေး လေ''

''အိုကေ မနက်ဖြန်ကျရင် သားဘက်ကစပြီး နတ်မိမယ်ဆီ ဖုန်း ဆက်လိုက်ပါ့မယ်''

''စကားကောင်းကောင်းမွန်မွန် ပြောပါ့မယ်ဆိုတာပါ ပါသေးတယ် နော်''

''မေမေ''

တစ်ခုခု ဆန့်ကျင်ပြောလိုက်ဖို့ ကြိုးစားပြီးတော့မှ ကျွန်တော် စိတ်လျှော့လိုက်သည်။

''ကောင်းပါပြီ မေမေ့သဘောအတိုင်း လုပ်ပါ့မယ်''

''ဒါမှ မေမေ့သားပေါ့၊ ကဲ နားလိုက်ဦး သားလေး''

ကျွန်တော့်နဖူးကို တစ်ချက်ဖွဖွနမ်းလျက် မေမေ အခန်းထဲမှ ပြန်ထွက်သွားသည်။ ထိုအခါမှပင် ကျွန်တော့်မှာ အိပ်ရာပေါ်လှဲချရင်း သ ပြင်းကိုချမိတော့သည်။

နတ်မိမယ်ဟာ ကျွန်တော့်ဘဝထဲကို တစ်စထက်တစ်စ တိုး လာနေသော လေပြည်ညင်းလေးလား။ ဒါမှမဟုတ် တောက်လောင်ဖို့ အ ယူနေသော မီးတစ်စလား။ ကျွန်တော် မဝေခွဲနိုင်ပါ။ မေမေ့အပြောများ တော့ နတ်မိမယ်ဟာ သိပ်ကိုလိမ္မာယဉ်ကျေးသော မိန်းကလေးတစ်ယော





ဆိုပေမယ့် ကျွန်တော့်မသိစိတ်များထဲမှာ သူမနဲ့ပတ်သက်ပြီး စိတ်ချလက်ချ ယုံကြည်ပေးလို့မရ ဖြစ်နေသေးတာ ထူးဆန်းပါသည်။

■ ■ ■

ကိုယ့်စိတ်ကို အကြိမ်ကြိမ်အားတင်းကာ ဖုန်းခလုတ်လေးများကို နှိပ်လိုက်သည်။ မြည်သံရှည်လေး အဆက်မပြတ် မြည်နေသော်လည်း တစ်ဖက်မှ ကိုင်မည့်သူ မရှိသောကြောင့် ကျွန်တော် ပြန်ချမယ်လုပ်တော့မှ

''ဟယ်လို''

အရင်လို အသံချိုချိုလေးမဟုတ်ဘဲ အောင့်ကြီးအောင့်သက် ပြန် ဖြေလိုက်သံကို ကြားရသည်။

''နတ်မိမယ်လား''

''ဟုတ်တယ် ဘာကိစ္စရှိလို့လဲ''

သူမလေသံက ခပ်မာမာ။ နတ်မိမယ်နှင့် စကားကောင်းကောင်း မွန်မွန် ပြောပါ့မယ်ဟု မေမေ့ကို ကတိပေးထားသဖြင့်သာ ကျွန်တော့်စိတ် ကို တတ်နိုင်သလောက် လျှော့ချထားခြင်းဖြစ်သည်။

''မနေ့ကကိစ္စ ကျွန်တော် နည်းနည်းလွန်သွားတယ်နဲ့တူတယ်၊ အဲဒါ စိတ်မရှိပါနဲ့''

''အခု မယ့်ကိုတောင်းပန်နေတာလား''

''အဲဒီလို သတ်မှတ်ချင်လည်း ရပါတယ်''

သူမဘက်မှ အသံတိတ်သွားပြန်၏။ ကျွန်တော်လည်း ဘာဆက် ပြောရမှန်းမသိတော့။ မေမေ့ဆန္ဒအတိုင်း လိုက်လျောပေးနိုင်ခဲ့ပြီမို့ ရှေ့ဆက် ပြောစရာစကား ရှာမရဖြစ်နေသည်။

''မယ့်စိတ်ထင်ပြောရရင်တော့ မယ့်ဆီ ကောင်းက အရင်စပြီး ဆက်တာ အန်တီမြတ်ခိုင်းလို့နဲ့တူတယ်၊ ပြီးတော့ အခု ပြောစရာစကား



www.burmeseclassic.com

www.burmeseclassic.com



မရှိ ဖြစ်နေတယ် ဟုတ်တယ်မဟုတ်လား''

ကျွန်တော်နဲ့ပတ်သက်ပြီး မေခင်ပော်စားရင်တောင် ရလောက်
သည်။ သူမပြောတာတွေအားလုံးက တကယ့်ကို အမှန်တရားတွေ ဖြစ်နေ

''နတ်မိမယ်က ခုလို အားလုံးကို ကွက်တိမှန်အောင် ပြောနိုင်
တော့လည်း ကျွန်တော် မငြင်းတော့ပါဘူး''

''ဒါပဲမဟုတ်လား။ ပြောစရာစကားမရှိဘူးဆိုတော့ မယ် ဖုန်း
လိုက်တော့မယ်''

နတ်မိမယ်အသံ နားထောင်ရတာ အရင်နဲ့လုံးဝမတူတဲ့ ကျွန်တော်
ကို တကယ်ပဲ ပြတ်ပြတ်သားသား ဆက်ဆံနေနိုင်ပြီနဲ့တူသည်။ စိတ်ထဲ
တော့ နည်းနည်းကသိကအောင့်ဖြစ်မိတာ ဝန်ခံပါသည်။

''ခဏနေပါဦး''

ကိုယ့်ကိုယ်ကိုယ်ပင်မသိလိုက်ပါဘဲ ကျွန်တော့်နှုတ်ဖျားမှ
တားမြစ်စကား ထွက်ကျသွားခဲ့ပြီ။

''ပြောစရာရှိသေးလို့လား''

''ကျွန်တော်နဲ့တွေ့ပြီး စကားပြောရအောင်''

''ဘာတွေပြောမှာလဲ၊ မယ့်ကိုထိခိုက်နစ်နာစေမယ့် စကားတွေ
လား။ မယ့်ရင်ကို နာကျင်စေမယ့် စကားတွေလား''

''ကျွန်တော်တို့ အရင်တွေ့ကြရအောင်နော်၊ မယ့်ဆီ ကျွန်တော်
လာခဲ့ရမလား''

''နေပါစေလေ၊ ကောင်း၊ အိမ်ကိုပဲ မယ်လာခဲ့ပါ့မယ်''

သူမဆီမှ ထိုစကားကြားမှပင် ကျွန်တော် ပြုံးနိုင်သွားသည်။

ကိုယ်တိုင်ပင် မသိလိုက်ပါဘဲ စိတ်ထဲဖြစ်ပေါ်လာသော ဝမ်း
ကြည်နူးမှုတစ်ခုကို သတိထားလိုက်မိချိန်မှာ မေမေ့စကားများကို ပြန်သတိ





လာမိသည်။ ကျွန်တော် တကယ်ပဲ နတ်မိမယ်ကို စိတ်ဝင်စားမိနေပြီလား။

■ ■ ■

''ကျွန်တော် မယ့်ကိုလက်ထပ်ပါ့မယ်''

''ရှင်''

နတ်မိမယ်ရဲ့မျက်နှာကို မြင်ဖူးချင်ခဲ့သော အချိန်တွေ အများကြီး
ထဲမှာမှ ခုချိန်ကတော့ အမြင်ချင်မိဆုံးပါပဲ။ အံ့သြသွားမည့်မျက်နှာလေး
တော်တော်လှပပါလိမ့်မည်။

''ကောင်း''

''ကျွန်တော် ပြောတာကို မယုံဘူးလား''

''ဟုတ်တယ်၊ မယ် မယုံနိုင်ဘူးဖြစ်နေတယ်''

အခုလေ တကယ်တော့ ကျွန်တော့်ကိုယ်ကျွန်တော်တောင် မယုံ
နိုင်သေးပါ။ နတ်မိမယ်ဆီက တင်းမာသောလေသံလေးတစ်ခု ကြားလိုက်
ရချိန်မှာ ကျွန်တော့်စိတ်တွေ အလိုလိုပျော့ပျောင်းသွားခဲ့ရခြင်း ဖြစ်၏။
ကျွန်တော့်အပေါ်မှာ အမြဲတမ်းလိုလို ချိုသာရွှင်မြူးစွာ ဆက်ဆံတတ်ခဲ့သော
မိန်းကလေးတစ်ယောက်က နွေးချင်းညချင်း လေသံတင်းမာသွားသောအခါ
ကျွန်တော့်စိတ်တွေ မရိုးမရွဖြစ်မိသည်။

ဒီမိန်းကလေးဆီက ချိုသာလှိုက်လှဲမှုများကိုသာ ကျွန်တော် လိုချင်
နေခဲ့မှန်း ကိုယ့်ကိုယ်ကိုယ် ပြန်သိလိုက်ရချိန်မှာ။

''မယ့်ဆီက ချိုချိုသာသာစကားလုံးတွေနဲ့ ဂရုစိုက်မှုတွေကိုပဲ
ကျွန်တော် လိုချင်တယ်၊ မယ်နဲ့ကတောက်ကဆ မဖြစ်ချင်ဘူး''

''အဲဒါနဲ့ပဲ မယ့်ကို လက်ထပ်မယ်လို့ ကောင်း ဆုံးဖြတ်လိုက်တာ
လား''

''ဘာလဲ ကောင်းကို လက်ထပ်ဖို့ကိစ္စ မယ့်ဘက်က နောက်ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့''

''အို မဟုတ်ပါဘူး''

ကျွန်တော်စိုးရိမ်နေခဲ့တာတွေ အားလုံး အဲဒီစကားလေးအောက်မှာ ပျောက်ဆုံးသွားသည်။ ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာမိသွားခြင်းကို ဘယ်လိုစကားလုံးမျိုးတွေနဲ့မှ ကျွန်တော် မဖော်ပြတတ်ပါ။

''ဒါဆို ကျွန်တော်တို့ လက်ထပ်ပွဲလုပ်ဖို့ မေမေ့ကို ပြောပြလိုက်တော့မယ်''

''ကောင်း ရုတ်တရက်ကြီး ဆန့်ကျင်ဘက်ပြောင်းလဲသွားတော့ မယ် တကယ်ပဲ နားမလည်နိုင်ဘူး''

''ဟုတ်တယ် ကျွန်တော့်ကိုယ်ကျွန်တော်လည်း နားမလည်နိုင်ပါဘူး''

''ဒါနဲ့များ''

''ဒါပေမဲ့ အရင်လိုမျိုး မယ်နဲ့လက်ထပ်ဖို့ ငြင်းဆန်တာမျိုးလည်း ကျွန်တော် မလုပ်ချင်တော့ဘူး။ ခုလိုမျိုး ဆုံးဖြတ်လိုက်တဲ့အတွက် မေမေ ရော အန်တီနွယ်ပါ ဝမ်းသာမှာပါ''

ထိုအချိန်မှာပဲ ကျွန်တော်တို့နှစ်ယောက် ထိုင်နေသော ခြံထဲမှ ရေတံခွန်လေးနားသို့ မေမေ ရောက်လာပြီး

''သမီးလေး ရောက်နေတာပဲ''

''ဟုတ်ကဲ့ ခုမှ ပြန်လာတာလား အန်တီမြတ်''

''အေးကွယ်၊ အန်တီကတော့ အမြဲတမ်း ဒီအချိန်မှပဲ ပြန်ဖြစ်နေတာပါ၊ ဒါနဲ့ သမီးလေး ညစာစားပြီးမှ ပြန်နော်၊ အန်တီ ပြင်ဆင်ထားလိုက်မယ်''

''အို မဟုတ်တာ သမီးလည်း ကူညီပါ့မယ်''





''ဒါဆို ကျေးဇူးတင်စရာပေါ့ သမီးရယ်၊ သားလေးရော ဗိုက်ဆာနေပြီလား''

''ရပါတယ် မေမေ၊ အေးအေးဆေးဆေးပဲ လုပ်ပါ''

မေမေတို့နှစ်ယောက် ရယ်ရယ်မောမော စကားတပြောပြောနှင့် ထွက်ခွာသွားသံကို နားထောင်ပြီး ကျွန်တော် ကျေနပ်နေမိသည်။ နတ်မိမယ်နှင့်လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည့်အချက်ကို မေမေ မသိသေးဘဲ ခုလို ကျွန်တော်တို့နှစ်ယောက်ကို တွဲမြင်လိုက်ရတာနဲ့တင် မေမေ ဒီလောက် ဝမ်းသာနေတာ၊ လက်ထပ်ဖြစ်မည့်အကြောင်းပါ ပြောပြလိုက်ရင် သိပ်ကျေနပ်သွားမှာ သေချာပါသည်။

''မေမေ''

ထမင်းဝိုင်းမှာ ထိုင်ဖြစ်ကြတော့ ကျွန်တော်ကပင် စကားစရန် ခွင်လိုက်သည်။

''ပြောလေ သားရဲ့''

''သား နတ်မိမယ်နဲ့ လက်ထပ်ပါ့မယ်''

''ဟော''

ကျွန်တော် မျှော်လင့်ထားသည့်အတိုင်းပါပဲ။ မေမေ အံ့အားတသင့်နှင့် ဘာပြောလို့ပြောရမှန်းမသိ ဖြစ်နေပုံရပါသည်။

''ဟုတ်တယ် အန်တီ၊ သမီးလည်း အဲဒီစကားကို သူ့ဆီက ကြားကြားချင်း ဘာပြောလို့ပြောရမှန်းမသိ ဖြစ်သွားတာ''

''တကယ်ပြောနေတာလား သား''

''ဒီကိစ္စကို သား မနောက်ပါဘူး''

''ဝမ်းသာလိုက်တာ သားရယ်၊ နွယ် သိရင်လည်း ဝမ်းသာမှာပဲ၊ သမီး မာမီ့ကိုရော အကြောင်းကြားပြီးပြီလား''

www.burmeseclassic.com



"မပြောရသေးပါဘူး အန်တီ၊ အိမ်ပြန်ရောက်မှ ပြောမလားလို့ပါ"

"အို ဘယ်ဟုတ်မလဲ၊ ဒီသတင်းက သိပ်ဝမ်းသာစရာကောင်းတာပဲ၊ အန်တီကိုယ်တိုင် နွယ့်ဆီ ဖုန်းဆက်ပြောမှသင့်တော်မှာပေါ့"

ထမင်းပင် ဆက်မစားတော့ဘဲ မေမေ ထသွားသည်။ ဧည့်ခန်းဘက်ဆီမှ ဝမ်းသာအယ်လဲ ဖုန်းပြောနေသံ ကြားရ၏။

"လူကြီးတွေတော့ တော်တော်ဝမ်းသာနေတယ်နဲ့တူတယ်"

"ဘာလဲ နတ်မိမယ်ကရော ဝမ်းမသာဘူးလား"

"မယ်က အရင်စပြီး ဒီလက်ထပ်ပွဲကို တောင်းဆိုခဲ့တဲ့သူပါ"

"ကျွန်တော်က သာမန်လူတစ်ယောက်မဟုတ်တဲ့အတွက် ရှေ့လျှောက် ကျွန်တော်နဲ့လက်တွဲသွားရမယ့်ဘဝမှာ မယ့်အတွက် အခက်အခဲတွေ အများကြီးပဲဖြစ်နိုင်ပါတယ် အဲဒီအတွက်"

"မယ် သိပါတယ်၊ သိသိလျက်နဲ့ မယ် ရှေ့တိုးခဲ့တာပါ"

"ကျေးဇူးတင်ပါတယ်"

"မယ်တို့နှစ်ယောက်ကြားမှာ ဒီလို စိမ်းကားတဲ့စကားမျိုးတွေ မပြောပါနဲ့"

"ကျေးဇူးတင်စကားဟာ စိမ်းကားတဲ့စကားမဟုတ်ပါဘူး မယ်၊ တော်ရုံတန်ရုံလည်း ကျွန်တော် မပြောတတ်ပါဘူး။ ရင်ထဲက တကယ်ဖြစ်လာမှ ဒီလိုစကားကို ပြောတာပါ"

"ဩော် ဟုတ်ကဲ့ရှင့်၊ ဒါဆိုရင် ကောင်းရဲ့ကျေးဇူးစကားအတွက် မယ်က ပြန်ပြီးကျေးဇူးတင်ရမှာပေါ့နော်"

ကျွန်တော်တို့နှစ်ယောက်လုံး ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိသည်။ အချိန်ပေါင်း ဘယ်လောက်အကြာမှာ ခုလိုပုံစံမျိုးနဲ့ ကျွန်တော် ပြန်ရယ်မောနိုင်ခဲ့တာလဲ။ တော်တော်တော့ ကြာခဲ့ပါပြီ။





စိတ်တိုဒေါသထွက်ဖို့များကိုသာ တွေးနေမိခဲ့သော ကျွန်တော့်အမှောင်ကမ္ဘာထဲ မထင်မှတ်စွာ ဝင်ရောက်လာခဲ့ပြီး ခုလိုပြန်ရယ်မောနိုင်ဖို့ အထောက်အကူဖြစ်စေခဲ့သော မယ့်ကို ကျွန်တော့်စိတ်ထဲကနေ တကယ့်ကို ကျေးဇူးတင်မိတာပါ။ မျက်လုံးခွဲစိတ်ဖို့အတွက်လည်း မေမေ့ကို အမြန်ဆုံး စီစဉ်ခိုင်းရမည်။ ကျွန်တော့်အနာဂတ်ကို ပျော်ရွှင်စိတ်ချမ်းမြေ့စရာများဖြင့်သာ ပြည့်နှက်နေစေဖို့ အခုချိန်ကစပြီး ကြိုးစားတော့မည်ဟု ကျွန်တော် ဆုံးဖြတ်ထားလိုက်ပါပြီ။

■ ■ ■

ဒီနေ့ ကျွန်တော်တို့နှစ်ယောက်ရဲ့မင်္ဂလာပွဲကို မေမေနဲ့အန်တီနွယ်တို့ ကြီးကျယ်သော ဘုန်းကြီးကျောင်းခန်းမမှာ စီစဉ်ဖြစ်သည်။ ဘယ်လိုပုံရိပ် ဘယ်လိုလှပမှုမျိုးကိုမှ ကျွန်တော် မမြင်နိုင်ပေမယ့် အောင်မြင်ပျော်ရွှင်စွာ ပြီးဆုံးသွားသော အခမ်းအနားတစ်ခုဆိုတာတော့ ကျွန်တော် အတပ်ပြောနိုင်ပါသည်။

"တကယ်ဆိုရင် ကျွန်တော်တို့နှစ်ဖက်မိသားစုအနေအထားနဲ့ သိပ်ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲမျိုး မယ့်အတွက် လုပ်ပေးသင့်တာပါ၊ ကျွန်တော့်အခြေအနေကြောင့် ခုလောက်နဲ့ ပြီးသွားခဲ့ရတာ ကျွန်တော် အားမကောင်းပါဘူး"

"မဟုတ်တာ ကောင်းရယ်၊ မယ် ကျေနပ်ပါတယ်"

အထူးပြန်လည်ပြင်ဆင်ထားသော ကျွန်တော့်အခန်းလေးဟာ ကျွန်တော်တို့နှစ်ယောက်အတွက် မင်္ဂလာဦးအခန်းလည်း ဖြစ်၏။

"ဒီအခန်းထဲက အသုံးအဆောင်တွေကို အသစ်တွေနဲ့ ပြန်လဲထားပေမယ့် နေရာအထားအသိုကိုတော့ အရင်လိုပဲ လုပ်ခိုင်းထားတယ်၊ ကျွန်တော့်အတွက် အဆင်ပြေအောင်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ကိစ္စမရှိပါဘူး၊ မယ့်အတွက်လည်း ဘယ်လိုမဆို အဆင်ပြေပါတယ်"

"နှင်းဆီပန်းနဲ့တွေ လှိုင်နေတာပဲနော်"

"ဟုတ်တယ် ကောင်း ကြိုက်တတ်တဲ့ နှင်းဆီဝါတွေနဲ့ တစ်ခန်း လုံး အလှဆင်ထားတာလေ"

"ကျွန်တော် မြင်ချင်လိုက်တာ"

"စိတ်မပူပါနဲ့ကွာ၊ မယ် အားလုံးကို တစ်နေ့ရာမကျန် ဓာတ်ပုံ တွေ ဗီဒီယိုတွေနဲ့ မှတ်တမ်းတင်ထားပါတယ်၊ အလင်းရောင်ကို ကောင်း ပြန်မြင်ရတဲ့တစ်နေ့ကျရင် ဒါတွေအားလုံးကို ပြန်ခံစားလို့ရအောင်လေ"

ခုတင်ထက်မှာ နှစ်ယောက်သားထိုင်ပြီး စကားလက်ဆုံကျနေတုန်း မေမေနှင့်အန်တီနွယ် ရောက်လာသည်။

"မာမီ ပြန်တော့မယ် သမီးလေး"

"ဟုတ်ကဲ့ မာမီ"

"ခုဆို နွယ်တစ်ယောက်တည်း ကျန်ခဲ့တာဆိုတော့ မမ စိတ် တောင်မကောင်းဘူးကွယ်"

မေမေက အန်တီနွယ့်ကို အားနာစကားဆိုသည်။

"မဟုတ်တာ မမြွတ်ရယ်၊ ဘယ်ကလာ တစ်ယောက်တည်း ရမှာလဲ၊ အိမ်မှာ အလုပ်သမားတွေ များလွန်းလို့ နွယ်တောင် စိတ်ညစ်နေ တာ"

အရွှန်းဖောက်ကာ ပြန်ပြောသော အန်တီနွယ့်စကားကြောင့် ကျွန် တော်တို့အားလုံး ရယ်မောမိကြသည်။

"သမီး မကြာမကြာလာမှာပါ မာမီ၊ မာမီတစ်ယောက်တည်း မဖြစ်စေရပါဘူး"





"အကြောင်းမရှိဘဲနဲ့ ခဏခဏ မလာပါနဲ့ကွယ်၊ ခုချိန်မှာ သမီးက ဒီအိမ်ရဲ့ချွေးမတစ်ယောက် ဖြစ်သွားပြီလေ၊ အဲဒါကို နှလုံးသွင်းထားပါ၊ သားလေးနားမှာပဲ စောင့်ရှောက်ပြီး နေပေးရမှာ သမီးတာဝန်ပဲ"

"ကျွန်တော်က အိမ်မှာဆို အမြဲတမ်း စောင့်ရှောက်ပေးနေဖို့ လူမလိုပါဘူး အန်တီနွယ်၊ မယ့်ကို မကြာမကြာ လွှတ်ပေးပါ့မယ်"

"ဟုတ်တယ် နွယ်၊ မမလည်း သဘောတူပါတယ်"

ထို့နောက် အမေနှစ်ယောက်ရဲ့ဆုံးမစကားများကို ခံယူလျက် ကျွန်တော်တို့နှစ်ယောက် ကြမ်းပြင်မှာ ပုဆစ်တုပ်လေးတွေထိုင်ရင်း ရှိခိုး ကန်တော့လိုက်ကြသည်။ အိုအောင်မင်းအောင် ပေါင်းရပါစေဆိုသောဆုအား ကျွန်တော့်စိတ်ထဲက နှစ်နှစ်ကာကာ ပြည့်ချင်ခဲ့ပါ၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မေမေတို့လူကြီးတွေ အခန်းထဲက ထွက်သွားတော့ တိတ်ဆိတ်သော အခန်းလေးထဲမှာ ကျွန်တော်နဲ့နတ်မိမယ်သာ ကျန်ရစ်ခဲ့၏။ သူမ ရေချိုးခန်းထဲ ဝင်နေတုန်း ကျွန်တော်က အဝတ်အစားများကို ချွတ်လဲလှယ်ထားလိုက်သည်။ ခဏနေတော့ ရေချိုးခန်းတံခါးဖွင့်သံကြားရပြီး လတ်ဆတ်သော မွှေးရနံ့လေးတစ်ခု ကျွန်တော့်နှာဝမှာ လာရိုက်ခတ်၏။

သူမထံမှလည်း အဝတ်များချွတ်လဲသံ ကြားရသည်။ ကျွန်တော် ပြုံးလိုက်မိ၏။

ကျွန်တော်သာ အကောင်းပကတိ လူတစ်ယောက်ဆိုရင် အခုချိန်လောက်ဆို နတ်မိမယ်တစ်ယောက် အဝတ်အစားလဲဖို့ ချီတုံချတုံဖြစ်နေမှာ ကျိန်းသေပါသည်။

"ခုဆို ကိုယ်တို့တွေ လင်မယားဆိုတဲ့ခေါင်းစဉ်အောက်ကို ရောက်သွားပြီနော်"

ကျွန်တော့်စကားကို သူမ ဘာမှမတုံ့ပြန်။ ကျွန်တော် ထိုင်နေသော ခုတင်လေး အိဝင်သွားသောကြောင့် သူမလည်း အနားမှာဝင်ထိုင်လိုက်မှန်း





တော့ သိလိုက်သည်။

"လင်မယားဆိုတာ့ တာဝန်ယူမှုသိပ်ကြီးတယ်လို့ ကျွန်တော်သိတယ်၊ ဒါပေမဲ့ လောလောဆယ်တော့ အဲဒီလို တာဝန်ယူမှုမျိုးတွေကို ကျွန်တော့်ဘက်က မကျေနိုင်ဖို့များနေတယ်၊ မယ့်ဆီကပဲ အကူအညီတွေ ယူရမယ့်ပုံမျိုးပေါ့၊ ကျွန်တော့်ကို သည်းခံနိုင်ပါ့မလား မယ်"

"ဒီစကားတွေက ခုချိန်မှာ မမေးသင့်တော့ပါဘူးလေ၊ အားလုံးကို သိပြီး မယ် ရွေးချယ်ခဲ့တဲ့လမ်းပဲ မယ်လျှောက်မှာပါ"

"ခုလိုမျိုး ရဲရဲဝံ့ဝံ့နဲ့ ကျွန်တော့်လက်ကိုတွဲပေးခဲ့တာ ကျေးဇူးတင်ပါတယ်"

"ကဲ ဒီတစ်ညလုံး စကားတွေပဲ ပြောနေတော့မှာလား ကောင်း၊"

"ဗျာ"

အနားကပ်ကာ တိုးတိုးလေး ပြောလိုက်သော မယ့်အသံကြောင့် ကျွန်တော် ကြက်သီးများပင် ထသွားသည်။

"မဟုတ်ပါဘူး စကားတွေပဲပြောနေမှာတော့ မဟုတ်ဘူးပေါ့၊ ဘာဖြစ်လို့လဲဟင် မယ်"

"မယ် အိပ်ချင်နေပြီ"

နာရီမှ ကိုးချက်တိတိမြည်သံ ကြားရသည်။ သို့သော် ထိုနာရီသံက ကျွန်တော့်ရင်ဘတ်ထဲမှ နှလုံးခုန်သံကို မီလောက်အောင်တော့ မကျယ်ထဲ အနားနားကပ်ကပ်လေးမှာ ရှိနေသော သင်းပျံ့သည့် ခေါင်းလျှော်ရည်နံ့ လေးက ကျွန်တော့်ရင်ဘတ်ထဲက နှလုံးခုန်သံကို ပိုမိုမြန်နေစေသည်။

နူးညံ့ထွေးအိသော လက်ချောင်းပြည့်ပြည့်လေးများ ကျွန်တော့်ရင်ပြင်တစ်လျှောက် ဖြည်းညင်းစွာ ပွတ်တိုက်ဆွဲသွားကြ၏။

ယောကျ်ားရင့်မာကြီးတစ်ယောက်ဖြစ်ပြီး အတွေ့အကြုံမရှိသော



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ကျော်သက်ကောင်လေးတစ်ယောက်လို ဒီလောက်ထိ ရင်ခုန်သံမြန်နေမိတာ ကိုယ်တိုင်ပင် ပြန်အံ့သြနေမိသည်။

"မယ့်မျက်နှာကို စမ်းကြည့်ချင်လားဟင်"

ကျွန်တော် အယောင်ယောင်အမှားမှားနှင့် ခေါင်းညိတ်လိုက်မိ၏။ သူမရဲ့နွေးထွေးသော လက်များဖြင့် ကျွန်တော့်လက်နှစ်ဖက်ကို ဖမ်းဆုပ်ကိုင်လိုက်ပြီး သူမ မျက်နှာလေးထက်မှာ ညင်ညင်သာသာလေး တင်ပေးသည်။

လက်ချောင်းလေးများကို ရွေ့လျားပြီး ကျွန်တော့်စိတ်ကူးထဲမှာ သူမ မျက်နှာလေးကို ပုံဖော်ကြည့်မိသည်။ ထူထဲပေမယ့် သေးသွယ်သော မျက်ခုံးလေး။ မျက်တောင်ရှည်ရှည်ကော့ကော့များ။ ထိပ်ဖျားလေး အေးစက်နေသော ခပ်ချွန်ချွန် နှာခေါင်းလေး။

ကျွန်တော့်လက်ချောင်းများ ရွေ့လျားမှုနှင့်အတူ ကျွန်တော့် တစ်ကိုယ်လုံးမှာ ချွေးစေးများ ရွှဲနစ်လာ၏။ ညီညာချောမွတ်သော ပါးပြင်လေးနှစ်ဖက်၊ လုံးဝန်းသော မေးစေ့လေးနှင့် ကျွန်တော့်လက်ချောင်းများ နောက်ဆုံးရပ်နားရာက သူမရဲ့ခပ်ထူထူ ဖူးဖူးအိအိ နှုတ်ခမ်းနှစ်လွှာထံမှာပဲ ဖြစ်သည်။

"မယ်"

"ပြောလေ ကောင်း"

နှုတ်ခမ်းလေးများရဲ့လှုပ်ခတ်မှုဟာ သူတို့အပေါ်မှာ ရပ်နားနေသော ကျွန်တော့်လက်ချောင်းလေးတွေကိုပါ တုန်ယင်သွားစေ၏။

"ကျွန်တော့်ကို ခွင့်ပြုပါနော်"

ကျွန်တော့်လက်များကို သူမ လက်များဖြင့် ထွေးဆုပ်ကိုင်လျက် သူမရဲ့ချောမွတ်သော ပါးပြင်လေးနှစ်ဖက်ပေါ် တင်ပေးပြီး

"ဒီအရာတွေအားလုံးကို ကောင်း ပိုင်တာပါ"

ထိုစကားလေးအဆုံးမှာ ကျွန်တော့်ရဲ့မှောင်မိုက်နေသော ကမ္ဘာထဲ





ကို အလင်းတန်းလေးတစ်ခု တိုးဝင်လာခဲ့ခြင်း ဖြစ်သည်။ ထိုအလင်းတန်းလေးကို မိမိရရ ဖမ်းဆုပ်နိုင်ရန် ကျွန်တော် ရင်ခုန်စွာ ကြိုးစားလိုက်မိသည်။

■ ■ ■

အချစ်ကို ဘာမှန်းမသိခင်လေးမှာဘဲ ကျွန်တော် မယ်နှင့်လက်ထပ်ခဲ့ရသည်။ လက်ထပ်လိုက်ရသော ဘဝနှင့် ကျွန်တော်တစ်ယောက်တည်း ရှင်သန်ခဲ့ရသောဘဝကြားမှာ ခြားနားတာဆိုလို့ ကျွန်တော့်အိပ်ရာကို မယ်နှင့်အတူတကွ မျှဝေသုံးစွဲခြင်းပဲဖြစ်၏။ ကျန်တာ ဘာမှထူးထူးခြားခြား ပြောင်းလဲသွားခြင်း မရှိခဲ့ပါ။

အိမ်မှာနေသည်။ မြို့ထဲမှာ လမ်းလျှောက်သည်။ သီချင်းနားထောင်သည်။ အိမ်ထောင်ကျသွားလို့ ခင်ပွန်းသည်တစ်ယောက်ရဲ့တာဝန်ဆိုတာမျိုးတွေကိုလည်း ကျွန်တော် မလုပ်ခဲ့ရ။ ကျွန်တော်ရော မယ်ပါ အိမ်ထောင်ရှင်များဆိုပေမယ့် လွတ်လပ်စွာ နေထိုင်ခွင့်ရကြသည်။

"ဒီညနေ ဘုရားသွားကြရအောင်နော် ကောင်း"

"သွားလေ၊ ကျွန်တော်က မကောင်းဆိုးဝါးဖြစ်နေတာ အတော်ကြာပြီ"

"ဟင် ဘာကိုပြောတာလဲ"

"သြော် တစ်ယောက်တည်း ရှင်သန်ခဲ့တဲ့တစ်လျှောက်လုံး ဘုရားလည်း မရောက်ဖြစ်ဘူးလေ"

"ဒါဆိုရင် အရင်ဆုံးအနေနဲ့ မယ်တို့ ဘုရားသွားကြမယ်နော်၊ ပြီးမှ မရောက်ဖြစ်တာကြာတဲ့ တခြားနေရာတွေအားလုံး သွားကြမယ်"

"နေအေးသွားရင် သွားကြတာပေါ့"

ထိုညနေက ကျွန်တော်တို့နှစ်ယောက် ဘုရားရှိခိုးပြီး တောင်အောက်ခြေအဆင်းမှ ပန်းခြံလေးထဲ ဝင်ထိုင်ဖြစ်ကြသည်။ အေးမြသည့် လေနှင့်ထိတွေ့



www.burmeseclassic.com

www.burmeseclassic.com



မှုက ကျွန်တော့်စိတ်ကို ရွှင်လန်းသွားစေပါသည်။

"ဘယ်လိုလဲ ကောင်း၊ နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် လေကော အေးစိမ့်နေတော့ လူလည်း လန်းတာပေါ့"

"ဟယ် ဟုတ်ပါရဲ့၊ ကောင်း အနွေးအကျႌ ကားပေါ်မှာ ကျန်ခဲ့တယ်၊ ခဏလေးနော် မယ် သွားယူပေးမယ်"

ကျွန်တော် တားချိန်တောင် မရလိုက်ဘဲ အနားက ထွက်သွားသော ခြေသံတရှပ်ရှပ်ကို ကြားရသည်။ တအောင့်လောက်အကြာ ကျွန်တော့်ပခုံးများထက်မှာ နွေးထွေးသော ခြုံထည်တစ်ခု၏အထိအတွေ့ကို ခံစားလိုက်ရသည်။

"ကျွန်တော် ဒီလောက်လေကတော့ ခံနိုင်ပါတယ် မယ်ရယ်"

"မေမေက ပြောထားတယ်၊ ကောင်းက လေစိမ်းတိုက်ခံရရင် နေမကောင်းဖြစ်တတ်တယ် တဲ့"

"အဲဒါ ကျွန်တော် ငယ်ငယ်ကပါဗျာ၊ ဒါပေမဲ့ မေမေကတော့ ကျွန်တော့်ကို ကလေးလေးတစ်ယောက်လိုပဲ အမြဲဆက်ဆံနေတာလေ"

ကျွန်တော် ရယ်မောကာ ပြောမိသည်။ ခုတော့ ကျွန်တော့်အပေါ် သည်းသည်းလှုပ်နေတာ မေမေတစ်ယောက်တည်း မကတော့ဘဲ မယ် တစ်ယောက်ပါ ပိုတိုးလာခဲ့ပြီ။

"ဒါကတော့ မယ့်အိမ်မှာဆိုရင်လည်း မာမီက ကလေးတစ်ယောက်လို ဆက်ဆံတာကို အမြဲခံနေရတာလေ၊ တစ်ခါတလေတော့လည်း ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ်လေး နေချင်မိတယ်"

နတ်မိမယ်ကလည်း သူမ ခံစားချက်များကို ရင်ဖွင့်နေသည်။ ကျွန်တော် အလေးအနက်ပင် နားထောင်ပေးဖြစ်ပါသည်။ နှစ်ဦးသားလုံးက လက်ထပ်ပြီးနောက်မှာမှ တစ်ယောက်အကြောင်းတစ်ယောက်သိအောင်





ကြိုးစားနေကြရတာ မဟုတ်လား။

"မယ်က နိုင်ငံခြားမှာ ကျောင်းသွားတက်ခဲ့သေးတယ်နော်"

"ဟုတ်တယ် မယ့်ဘဝမှာ အဲဒီအချိန်တွေက လွတ်လပ်မှုအရှိဆုံးနဲ့ အပျော်ရွှင်ခဲ့ရဆုံးပါပဲ"

မယ့်အသံလေး ရွှင်လန်းတက်ကြွနေသည်။ စကားလုံးတိုင်းမှာ ပျော်ရွှင်မှုတွေ ပါဝင်နေတာ ကျွန်တော် ခန့်မှန်းလို့ရ၏။ ခုချိန် မယ့်မျက်နှာလေးမှာလည်း ကြည်နူးမှုအရိပ်အယောင်တွေ ဖြတ်သန်းနေမှာပါ။

"တစ်ခုလောက် ကျွန်တော် မေးလို့ရမလားဟင်"

"မေးလေ ကောင်းရဲ့"

"ကျွန်တော့်ကို ဘယ်လိုဖြစ်လို့ ချစ်သွားတာလဲ"

တစ်ချိန်လုံး ကျွန်တော် သိချင်နေခဲ့သော အဖြေတစ်ခုပါ။

"အချစ်ဆိုတာ အဲဒီလိုမျိုး အကြောင်းပြချက်တွေနဲ့ ပြောလို့ရလို့လား ကောင်း"

"ကျွန်တော် မသိဘူး"

ကျွန်တော့်ရဲ့ရိုးသားသော အဖြေတစ်ခုကို နတ်မိမယ်ဘက်က ဘယ်လိုတုံ့ပြန်မှာလေလဲ။

"မယ် သိပါတယ်၊ ခုချိန်ထိ မယ့်ကို ကောင်း မချစ်နိုင်သေးဘူး ဆိုတာကို"

အချစ်ဆိုတာ ဘယ်လိုအခိုက်အတန့်လေးမှာ ဘယ်လိုအနေအထားမျိုးနဲ့ပေါက်ဖွားလာမှာလဲ။ ကျွန်တော့်နှလုံးသားထဲမှာတော့ အချစ်ကို မှတ်မှတ်ထင်ထင် ဖြစ်မလာသေးတာ ထူးဆန်းပါသည်။

"မယ် စိတ်မကောင်းဖြစ်သွားလား"

"ကိုယ်နဲ့တစ်ခန်းတည်းတူတူနေတဲ့ ကိုယ့်ခင်ပွန်းသည်ပါက အချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို မရတဲ့အတွက်လား ကောင်း။ ဒီလိုဆိုရင်တော့ မယ် စိတ်မကောင်းဖြစ်မိတယ်လို့ပဲ ပွင့်ပွင့်လင်းလင်း ဝန်ခံမှာပါ၊ ဒါပေမဲ့ မယ်တို့နှစ်ယောက်တွေ့တဲ့အချိန်က ဘာမှမကြာသေးပါဘူးလေ၊ အချစ်ဆိုတာ တစ်ချိန်ချိန်မှာပေါ်လာမှာပေါ့၊ မယ်တို့အတွက် တစ်သက်တာလောက် အချိန်တွေ ကျန်နေပါသေးတယ်''

ဒါဟာ ကျွန်တော့်ကို အားပေးသောစကားလား။ သူမကိုယ်သူမ နှစ်သိမ့်သောစကားလား။ ကျွန်တော် မသဲကွဲပါ။ သူမပြောသလိုသာဆိုရင်တော့ တစ်ချိန်ချိန်မှာ ကျွန်တော့်ရင်ထဲက အချစ်တွေဟာ နတ်မိမယ်အတွက် ဖြစ်လာဦးမှာပေါ့လေ။

■ ■ ■

''မယ် အလုပ်တစ်ခုခုလုပ်ဖို့ စဉ်းစားထားတယ် ကောင်း''

လက်ထပ်ပြီး နှစ်လလောက်အကြာမှာ အလုပ်လုပ်ဖို့ အတွေးတစ်ခု သူမ ခေါင်းထဲဝင်ရောက်နေခဲ့ပြီပေါ့။ ကျွန်တော်နဲ့အတူ အိမ်ထဲမှာပဲနေနေရသောဘဝကို သူမ ပျင်းရိငြီးငွေ့နေပြီလား။

''ဘာဖြစ်လို့လဲ မယ်၊ အိမ်မှာနေရတာ ပျင်းလို့လား''

''ပျင်းလို့တော့ မဟုတ်ပါဘူး။ အလုပ်လေးတစ်ခုလုပ်နေတာ ပိုသင့်တော်မယ်ထင်လို့ပါ၊ အခုက ကောင်း မေမေတစ်ယောက်တည်းက အလုပ်လုပ်နေပြီး မယ်တို့နှစ်ယောက်လုံးက အိမ်မှာထိုင်စားနေသလို ဖြစ်နေတယ်၊ အိမ်ကိစ္စဆိုတာကလည်း မယ် ဝင်လုပ်စရာမှ မလိုတာ''

''ဒီတော့ မယ်က ဘာလုပ်ချင်လို့လဲ''

''မေမေကို အနားရစေချင်လို့ပါ၊ မယ် ဝင်ပြီးကူညီပေးမလားလို့ စဉ်းစားထားတယ်''

''အင်းလေ ဆိုးတော့မဆိုးပါဘူး။ ဒီည မေမေ ပြန်လာရင် မယ်





ကိုယ်တိုင် ပြောကြည့်ပေါ့''

ညစာထမင်းစားသောက်ပြီးစီးတော့ ကျွန်တော်တို့သုံးယောက် ဧည့်ခန်းမှာထိုင်နေတုန်း မယ်က အလုပ်ကိစ္စစကားစခဲ့၏။

''မေမေ ခွင့်ပြုမယ်ဆိုရင် မယ် လုပ်ငန်းထဲမှာ ဝင်လုပ်ချင်ပါတယ်''

''သမီးက မေမေ့အလုပ်မှာ ဝင်လုပ်မယ်လို့ ပြောတာလား''

''ဟုတ်တယ် မေမေ''

ချက်ချင်းအဖြေမပေးသေးဘဲ မေမေ ဏာတော့ ငြိမ်သက်သွားသည်။

''ဒီလိုဆို သားက တစ်ယောက်တည်း အိမ်မှာကျန်ခဲ့မှာပေါ့''

''သားအတွက်နဲ့တော့ မယ့်ဆန္ဒကို မတားပါနဲ့ မေမေ၊ အရင်တုန်းတည်းက သားတစ်ယောက်တည်းပဲ အိမ်မှာနေလာတာဆိုတော့ ကျင့်သားရနေပါပြီ''

အိမ်ထောင်သည်ဖြစ်သွားသော သားဖြစ်သူကို မေမေက အရင်တုန်းကအတိုင်း တစ်ယောက်တည်းဖြင့် နေ့ရက်တွေဖြတ်သန်းနေရမှာမျိုး မလိုလားသည့်ပုံပါ။ ဒါကို ကျွန်တော် နားလည်နိုင်ပါသည်။ ဒါပေမဲ့လည်း အနားမှာ မယ် မရှိလို့ ကျွန်တော့်အတွက် ခက်ခဲသွားစေနိုင်တာမျိုးမှ မရှိတာလေ။ အရာရာတိုင်းက ပုံမှန်သာ လည်ပတ်နေမှာပဲ ဖြစ်သည်။

ဒါကြောင့်လည်း မေမေ့လုပ်ငန်းများကို မယ် ကူညီပေးမယ်ဆိုတော့ ကျွန်တော် ဝမ်းမြောက်ဝမ်းသာစွာပင် လက်ခံနိုင်ခဲ့ခြင်း ဖြစ်သည်။

''အကယ်ဆိုရင် ခုလိုမျိုး မယ်က မေမေ့ကို ကူညီပေးမယ်ဆိုတော့ ဝမ်းအသာဆုံးက ကျွန်တော်ပါပဲ''

''သား၊ ဘာပြောချင်တာလဲ''

''မေမေ့လုပ်ငန်းတွေကို ခုချိန်မှာ သားက ဦးစီးပြီးလုပ်ပေးရမယ့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မျိုးကို ရောက်နေပြီလေ၊ ဒါပေမဲ့ သားက မလုပ်ပေးနိုင်ဘူး။ အဲဒီတော့ မယ့်ရဲ့ဆန္ဒကို သား သဘောတူတယ်၊ သားကိုယ်စား လုပ်ပေးတယ်လို့ သဘောထားပြီး မေမေလည်း သဘောတူပေးပါ''

နောက်ဆုံးတော့ မေမေ ခေါင်းညိတ်သဘောတူကာ မယ့်ကို လုပ်ငန်းထဲဆွဲသွင်းဖို့ ကတိပေးလိုက်ရတော့သည်။

''သမီးရေ မေမေ့အတွက် ကော်ဖီလေးတစ်ခွက်လောက်များ ရ နိုင်မလား''

''ဟုတ် မေမေ၊ ညအိပ်ခါနီးဆိုတော့ ပေါ့ပေါ့လေးပဲ ဖျော်ခဲ့မယ် နော်''

ကျွန်တော်နှင့်ဘေးချင်းကပ်ထိုင်နေရင်းကနေ မယ် ထထွက်သွား သည်။ ထိုအခါမှ မေမေက တိုးသက်သော လေသံလေးနှင့် စကားစလာ ခြင်းဖြစ်သည်။

''သားတစ်ယောက်တည်း ဖြစ်နေမှာကို မေမေ မမြင်ချင်တာတော့ အမှန်ပဲ''

''သားအတွက် ဘာမှမထူးခြားပါဘူးလို့ မေမေ့ကို ပြောခဲ့ပြီးပြီပဲ သူ လုပ်ချင်တာကို ခွင့်ပြုပေးလိုက်ချင်တယ်၊ ခုနတုန်းက သားပြောခဲ့တာတွေ က ရင်ထဲကဆန္ဒအမှန်ပါပဲ၊ မေမေ တစ်ယောက်တည်း ဒီလုပ်ငန်းကြီးတစ်ခု လုံးကို လုပ်နေရတာ သား မမြင်ချင်တော့ဘူး။ မယ်က သားကိုယ်စား ကူညီပေးနိုင်မယ့် လက်တစ်စုံဖြစ်မှာပါ''

''အင်းလေ-သားကိုယ်တိုင်က ဒီလို စိတ်ရင်းအမှန်နဲ့ဆိုရင်တော့ မေမေကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမှာပါ၊ ဒါပေမဲ့''

''ဘာ ဒါပေမဲ့မှ ပြောမနေပါနဲ့တော့ မေမေရယ်၊ သား ကျေနပ် ပါတယ်ဆိုနေမှ''





မေမေက ကျွန်တော်တစ်ယောက်တည်း အထီးကျန်ပြီး အရင်လို စိတ်ဓာတ်ကျကာ လုပ်မိလုပ်ရာတွေ ထပ်လုပ်နေမှာမျိုးကို စိုးရိမ်ပုံရပါသည်။

''ဒီလိုဆို မေမေ့လုပ်ငန်း စာရင်းဇယားဖိုင်တွေ မနက်ဖြန်ကျ သယ်လာခဲ့ပြီး သမီးကို လေ့လာခိုင်းထားရမယ်၊ အိမ်မှာပဲ တစ်ပတ်လောက် အချိန်ယူပြီး လုပ်ငန်းနားလည်အောင် အရင်လုပ်ခိုင်းရမှာပဲလေ''

''ကျေးဇူးတင်ပါတယ် မေမေ''

■ ■ ■

မေမေက လုပ်ငန်းနှင့်ပတ်သက်သော စာရင်းဇယားတွေအားလုံး ကို အိမ်သယ်လာပြီး နတ်မိမယ် လက်ထဲအပ်လိုက်တဲ့နေ့ကစလို့ အရင်နေ့ တွေတုန်းကလိုမျိုး ကျွန်တော့်နားမှာ သူမ တစ်ချိန်လုံး ရှိမနေတော့ပါ။ ကွန်ပျူတာတစ်လုံး ဖိုင်တစ်ထပ်နှင့်အတူ စာကြည့်ခန်းထဲမှာသာ အချိန်ကုန် ဆုံးနေတတ်၏။

''မယ်''

အခန်းထဲကို ကျွန်တော် ဝင်သွားပြီး ခေါ်လိုက်ချိန်မှာ ခွက်နှင့် ပန်းကန်ပြားသံလေး ကျွန်တော် ကြားလိုက်ရသည်။

''ကော်ဖီသောက်နေတာလား''

''ဟင် ကောင်း ဘယ်လိုသိလဲ''

''မခက်ခဲပါဘူး မယ်ရယ်၊ ပန်းကန်ပြားပေါ်ကို ခွက်ပြန်ချလိုက်တဲ့ အသံကြားလိုက်ရလို့ပါ၊ ပြီးတော့ ဒီအချိန်က ကျွန်တော်တို့နှစ်ယောက် ကော်ဖီအတူသောက်နေကျအချိန် မဟုတ်လား''

ထမင်းစားပြီး နေ့လယ်နေခင်းအချိန်မျိုးမှာ တစ်ယောက်နှင့်တစ်ယောက် အလာပသလာပလေးတွေပြောရင်း ကော်ဖီတစ်ခွက်နှင့် အချိန်ဖြုန်း တာမို့ ကျွန်တော် သတိတရနှင့် ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သောနိုးပါ ကောင်းရယ်၊ မယ် အလုပ်တွေများနေတာနဲ့ ခေါ်မြင်း
ကို မေ့ပြီး၊ အခန်းထဲပဲ လာပို့နိုင်းလိုက်တာ၊ ကောင်းနဲ့အတူ မသောက်နိုင်
တော့တာ ခွင့်လွှတ်ပါနော်"

"အရေးမကြီးပါဘူး မယ်၊ ကျွန်တော်လည်း ဒီနေ့ ကော်ဖီသောက်
ချင်စိတ် မရှိပါဘူး"

တကယ်တော့ မယ့်ကို ကော်ဖီအတူသောက်ဖို့လာခေါ်တာမှ
ကျွန်တော် မပြောတော့ပါ။ စကားသံလေးများ တိတ်ဆိတ်သွားပြီး၊ ကွန်ပျူ
တာလုပ်များကို တဖျောက်ဖျောက်ရိုက်နေသံများသာ အခန်းထဲမှာ ပျံ့လွင့်
နေသောကြောင့် ကျွန်တော် အလိုက်သိစွာနှင့်ပင် တကြည့်ခန်းထဲမှ ပြန်ထွက်
လာခဲ့လိုက်သည်။

ပန်းခြံလေးထဲမှ ကျွန်တော်ထိုင်နေကျနေရာလေးမှာ တစ်ယောက်
တည်း တိတ်ဆိတ်စွာ ထိုင်နေမိ၏။

"သားလေး ဒီအချိန်က နေတွေပူနေသေးတယ်လေ၊ အိမ်ထဲမှာ
နေပါလားကွယ်"

ဦးလေးသိန်းက ကျွန်တော့်ကိုစိတ်ပူသလို လာပြောသည်။

"နေပူနေတာတောင် သတိမထားလိုက်မိပါဘူး ဦးလေးသိန်းရယ်"

"သားမှာ စိတ်ညစ်စရာတွေ ရှိနေလို့လား"

"မဟုတ်ပါဘူး ဒီလိုပဲ တစ်ယောက်တည်းဆိုတော့ ဘာလုပ်
လုပ်ရမှန်းမသိတာနဲ့ ခြံထဲဆင်းလာတာ"

"သမီးလေးရော"

"သူက မေမေ့လုပ်ငန်းတွေ လေ့လာနေတယ်လေ"

"ဟင် သမီးလေးက"

"ဟုတ်တယ် မနက်ဖြန်ဆို မေမေနဲ့အတူ ရုံးကို သူပါလိုက်





မှာ"

"ဒါဆို သားလေးက တစ်ယောက်တည်းဖြစ်ကျန်ခဲ့ဦးမှာပေါ့"

"ကျွန်တော့်အတွက် တစ်ယောက်တည်းဖြစ်နေတယ်ဆိုတာ
ထူးဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး ဦးလေးသိန်းရယ်"

လူကြီးတွေက ကျွန်တော်တစ်ယောက်တည်းဖြစ်နေခဲ့မှာကို စိုးရိမ်
ပူပန်နေကြသည်။ တစ်ယောက်တည်းသာဆို အတွေးတွေ ဟိုရောက်ဒီရောက်
နှင့် စိတ်မတည်ငြိမ်မှုတွေ ပြန်ဖြစ်မှာကို သူတို့စိတ်ပူနေကြပုံပါပဲ။ နတ်မိမယ်
နှင့် လက်ထပ်ပြီးတည်းက နှစ်ယောက်သားအတူတွဲပြီး အပြင်လေးထွက်လိုက်
လေညင်းလေးခံလိုက် ညစာလေးထွက်စားလိုက်နှင့် ပြုံးပြုံးရွှင်ရွှင် ဖြစ်နေခဲ့
တာကို မေမေရော ဦးလေးသိန်းပါ သတိထားမိပြီး ကျေနပ်နေကြတာဖြစ်
မည်။

"ဒါပေမဲ့ နတ်မိမယ်လေးနဲ့လက်ထပ်ပြီးတည်းက သားပုံစံကိုကြည့်
ရတာ ဦးလေးသိန်းတော့ သိပ်အားရတယ်၊ အရင်လို ထိုင်းထိုင်းမှိုင်းမှိုင်း
မဟုတ်တော့ဘဲ လောကကြီးကို အကောင်းမြင်လာတယ်လို့ ခံစားရတယ်"

"အခုလည်း နတ်မိမယ်နဲ့ကျွန်တော်က အရင်အတိုင်းပဲလေ ဦးလေး
သိန်းရဲ့၊ အလုပ်ကပြီးရင် ကျွန်တော့်နားကို သူ ပြန်ရောက်လာမှာပဲလေ၊
ပြီးတော့ အမေ့အလုပ်တွေကို တကယ်တမ်း ကျွန်တော်ကူညီပေးသင့်တာပါ၊
ကျွန်တော့်ကိုယ်စား နတ်မိမယ် လုပ်ပေးမယ်ဆိုတော့ ကျွန်တော့်အတွက်က
ဝမ်းသာစရာတွေချည်းပါပဲ"

"ဟုတ်ပါတယ်လေ မမကြီးလည်း တစ်ယောက်တည်း လုပ်နေ
ရတာ ပင်ပန်းပါတယ်"

နောက်ဆုံးတော့ ဦးလေးသိန်းက ကျွန်တော့်စကားတွေကို သက်
ပြင်းလေးတစ်ချက်နှင့် ထောက်ခံမှုပြုရသည်။ မယ့်ကို အပြင်ထွက်ပြီး အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်းတာဟာ ကျွန်တော်တို့ အိမ်ထောင်ရေးမှာ ဆိုးဆိုးရွားရွား ထိခိုက်မှုတွေ ဖြစ်မလာနိုင်ဘူးလို့ ကျွန်တော် ထင်ပါသည်။

■ ■ ■

"ဘယ်လိုလဲ မေမေ၊ မယ် ရှိနေတော့ မေမေ့အတွက် အားကိုးအားထားဖြစ်ရဲ့လား"

"သမီးက မေမေ့ထက်တောင် စီးပွားရေးလာဘ်မြင်သေးတယ်"

ညစာ စားသောက်နေရင်းနှင့် ကျွန်တော့်မေးခွန်းကို မေမေက ဝမ်းသာကြည်နူးစွာ ဖြေသည်။

"ဒီလောက်လည်း မဟုတ်ပါဘူး မေမေရဲ့"

"ဪ သမီးပြောထားတဲ့ အစီအစဉ်လေးကို မေမေ သဘောကျတယ်"

"ဘာအစီအစဉ်တွေလဲ မေမေ၊ သားကိုလည်းပြောပါဦး"

"နို့ထွက်ပစ္စည်းတွေကို ဒီတိုင်းပဲ ထုတ်လုပ်နေတာထက် နည်းနည်းဆန်းသစ်ပြီး ရေခဲမုန့်လုပ်ငန်းတစ်ခု ထပ်တိုးချဲ့ဖို့ ပြောထားတာလေ"

မယ်က တက်ကြွသောအသံလေးဖြင့် ဝင်ဖြေသည်။

"ဟုတ်တယ် သား၊ မေမေလည်း သဘောကျတယ်၊ အစီအစဉ်က ရိုးရိုးရှင်းရှင်းလေးပေမယ့် အောင်မြင်မယ်လို့ မေမေတော့ ထင်တယ်"

"မဆိုးပါဘူး မေမေ၊ သားလည်း လုပ်ကြည့်စေချင်တယ်"

"မယ်က ရေခဲမုန့်ကြိုက်တဲ့သူဆိုတော့ ဘာရယ်မဟုတ် တွေးမိသွားတဲ့ အစီအစဉ်လေးပါ၊ အောင်မြင်မယ်လို့လည်း ယုံကြည်နေတယ်"

အိပ်ရာထဲရောက်တဲ့ထိ မယ်က ရှေ့ဆက်ပြီး သူမ လုပ်မည့် အစီအစဉ်များကို တတွတ်တွတ်ရွတ်လျက် ကျွန်တော့်ကို ရှင်းပြနေ၏။

"အလုပ်လုပ်ရတာ မင်းပျော်နေတဲ့ပုံပဲ"





"ဟုတ်တယ် ကောင်း။ မယ် စိတ်ချမ်းသာနေတယ်"

"လုပ်ငန်းထဲရောက်တာ နှစ်ပတ်လောက်ပဲ ရှိသေးတယ်၊ မင်းက အိုင်ဒီယာအသစ်ကို တင်ပြနိုင်တယ်ဆိုတော့ မဆိုးဘူးပဲ"

"တကယ်တော့ ဒီအကြံလေးကို မယ် စဉ်းစားမိနေတာ ကြာပါပြီ၊ ခုမှ စနစ်တကျနဲ့ လုပ်နိုင်တော့မှာမို့ ဝမ်းသာမိတယ်"

"မယ့်မာမီရော ခုလို မယ် အလုပ်ဝင်နေတာ သိပြီးပြီလား"

"မယ် ပြောပြထားပါတယ် ကောင်းရဲ့၊ ဒါနဲ့ ကောင်းရယ် မယ် တစ်နေ့လုံး ပင်ပန်းထားလို့ အိပ်ချင်နေပြီကွာ၊ နောက်မှ စကားဆက်ပြောရအောင်နော်"

မီးခလုတ်ပိတ်လိုက်သံ ထောက်ခနဲ မြည်သွားသည်။ အိပ်ရာထက်ကို ကျွန်တော် အသာလေးလှဲချလိုက်၏။ မျက်လုံးများကို ပိတ်ထားသော်လည်း ကျွန်တော် အိပ်လို့မပျော်။ မေမေနဲ့အတူ အလုပ်တွဲလုပ်သည့်နေ့တည်းက ညဘက်တွေဆို မယ် ပင်ပင်ပန်းပန်းနှင့် အိပ်ပျော်သွားမြဲ ဖြစ်သည်။ ကျွန်တော်နှင့် စကားပြောချိန်ပင် မရှိတော့။

ရင်ခွင်ထဲမှာ မယ့်ကိုပွေ့ဖက်လျက် အေးအေးချမ်းချမ်းလေး နေချင်ခဲ့သော ကျွန်တော့်ဆန္ဒတွေလည်း အချည်းနှီးဖြစ်ခဲ့ရ၏။

မယ့်စိတ်ထဲမှာ ကျွန်တော် ရှိရောရှိသေးရဲ့လား။ အလုပ်ကိစ္စများဖြင့် မြည့်နှက်လျက် ကျွန်တော့်ကို အချိန်နည်းနည်းလောက် ဖဲ့ပေးဖို့ကို မယ် မေ့လျော့နေခဲ့ပြီလား။

လက်ထပ်ကာစက အနားမှာ အမြဲရှိခဲ့သော မယ်သည် ဘာမှမကြာသေးသော အချိန်လေးအတွင်းမှာပဲ သိပ်ကိုပြောင်းလဲသွား၏။ အလုပ်ရဲ့စိတ်ပင်ပန်းမှုကြောင့် မယ် တကယ်ပဲ ပင်ပန်းနေခဲ့ရင်တောင် ဖြေသိမ့်အားပေးဖော် မဖြစ်ခဲ့သော ကိုယ့်ကိုယ်ကိုယ်လည်း အားမလိုအားမရ ဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခံစားချက်များကို မမေ့ကိုလည်း ဖွင့်ပြောလို့မဖြစ် တော်ကြာနေ မယ့်ကို အလုပ်လုပ်ခွင့်ဝိတ်ပင်လိုက်မှာ စိုးရိမ်ရသည်။ ကျွန်တော်သာ မျက်လုံးများမကွယ်နေခဲ့လျှင် ခုလိုတွေလည်း ဖြစ်လာမှာမဟုတ်ပါဘူးလေ။ ဟုတ်တယ်၊ အဲဒီကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားရမယ်။

■ ■ ■

"မမေ့အလုပ်တွေကို မယ်နဲ့လွှဲပေးထားခဲ့ပြီး သားမျက်စိခွဲစိတ်မှုကို မမေကိုယ်တိုင် သွားစုံစမ်းကြည့်ချင်တယ်ကွယ်"

ကျွန်တော့်မျက်စိများ အလင်းပြန်မြင်နိုင်မှုကိစ္စ အမြန်ဆုံးဆောင်ရွက်ရန် မမေ့ကို ပြောဖို့ပြင်နေတုန်းမှာပင် မမေ့ဘက်က အခုလို စပြောလာခဲ့တော့ ကျွန်တော် အတော်လေး ဝမ်းသာသွားမိသည်။

"ကောင်းတာပေါ့ မမေ၊ သားလည်း မြန်မြန်ကောင်းချင်နေပြီ"

"အမယ် ငါ့သားက ထူးထူးဆန်းဆန်းပါလား"

"ဟုတ်တယ် မမေ၊ တကယ်ဆို မမေ့လုပ်ငန်းတွေကို သားကိုယ်တိုင် ကြီးကြပ်လုပ်ကိုင်ပေးရမယ့်အချိန် ရောက်နေပါပြီ"

"ဝမ်းသာတယ် သား။ ဘယ်လိုအကြောင်းပြချက်ကြောင့်ပဲဖြစ်ဖြစ် သားဆီက ခုလိုမျိုး ခွဲစိတ်ဖို့ကို စိတ်အားထက်သန်နေတာ မြင်ရတော့ မမေ တကယ်ဝမ်းသာတယ်၊ ကိုနိုင်ကျော်တို့ကိုလည်း မမေ ကြိုပြီး အကြောင်းတော့ကြားထားတယ်"

ဦးနိုင်ကျော်ဆိုတာ မမေနှင့်ရင်းနှီးသော အထူးကုဆရာဝန်ကြီး တစ်ယောက် ဖြစ်သည်။ တစ်မိသားစုလုံး အမေရိကန်မှာ နေထိုင်အခြေချ နေပြီး သူ အလုပ်လုပ်နေသော ဆေးရုံမှာ ခွဲစိတ်ကုသဖို့ မမေက စီစဉ်ထားခြင်းဖြစ်၏။





"ဒါဆို မမေက ယူအက်စ်ကို လိုက်သွားမှာပေါ့"

"အဲဒါက အသင့်တော်ဆုံးဖြစ်မယ် သား။ ဟိုမှာနေဖို့ထိုင်ဖို့တွေ ဘာတွေပါ မမေ တစ်ခါတည်း စီစဉ်ခဲ့မယ်၊ ဆေးရုံအခြေအနေတွေရော ဒီမှာစစ်ထားတဲ့ သားရဲ့နောက်ဆုံးမှတ်တမ်းတွေပါ တစ်ခါတည်းယူသွားမယ်လေ"

"ဘယ်တော့လောက် သွားဖြစ်မလဲ မမေ"

"မမေ အမြန်ဆုံး စီစဉ်ပါ့မယ်"

ကျွန်တော့်ရင်ထဲမှာ ကြိတ်ပြီး ကြည်နူးသွားမိသည်။ ကျွန်တော့်မျက်လုံးတွေသာ အလင်းရောင်ကို ပြန်မြင်ခွင့်ရရင် မယ့်မျက်နှာလေးကို အရင်ဆုံး မြင်ချင်မိသည်။ လူတိုင်းက သိပ်ချောသိပ်လှပါတယ်လို့ ချီးမွမ်းနေကြသော ကိုယ့်မိန်းမမျက်နှာလေးကို တစ်ဝကြီး ထိုင်ကြည့်ပစ်မည်။

"ဟဲ့ သား ဘာတွေပြုံးနေတာတုန်း"

"မျက်လုံးသာ ပြန်မြင်ရရင်ဆိုတဲ့ အတွေးဝင်သွားလို့ ပျော်သွားမိတာ"

"ဪ သားရယ်၊ တကယ်ဆိုရင် ခုချိန်မှာ သားမျက်လုံးတွေက အကောင်းအတိုင်းတောင် ပြန်ဖြစ်နေရမှာ၊ တစ်လျှောက်လုံး ပေတေပြီးနေခဲ့တာတွေလေ"

"သား မှားခဲ့ပါတယ် မမေရယ်"

အနားမှာထိုင်နေသော မမေ့လက်လေးတစ်ဖက်ကို ကျွန်တော်က ဖမ်းဆုပ်ညှစ်ထားလျက် တောင်းပန်လိုက်သည်။ မမေက ကျွန်တော့်လက်များကို ပြန်လည်အုပ်ကိုင်ထားရင်း

"သမီးက အလုပ်ခန်းထဲမှာပဲလား"

"ဟုတ်တယ် မမေ၊ သူ့အဖွဲ့က လူတွေလည်း ရောက်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့တူတယ်''

''အလုပ်ကို ကြိုးစားတာတော့ မေမေ သဘောကျပါတယ်ကွယ်၊ ဒါပေမဲ့ ဒီနေ့လို ဝိတ်ရက်မျိုးမှာတော့ သားနားမှာ သမီးလေး နေပေးသင့်တယ်လို့ မေမေ ထင်တယ်''

ကျွန်တော့်နားမှာ မယ်ရှိနေတာကို ကျွန်တော်လည်း လိုချင်ပါတယ် မေမေ၊ ဒါပေမဲ့ ကျွန်တော် မပြောရက်ဘူး။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းတဲ့ ဒုက္ခိတတစ်ယောက်ရဲ့ဘေးမှာ ဘယ်သူက အကြာကြီးနေချင်မှာတဲ့လဲ။

''မေမေ ရှိနေတာပဲလေ သား မပျင်းပါဘူး''

''မပူနဲ့ သား။ ခုလိုမျိုး အထီးကျန်နေတဲ့ဘဝထဲကနေ သားကို မေမေ အမြန်ဆုံး ကယ်တင်မယ်''

''ကျေးဇူးတင်ပါတယ် မေမေရယ်''

မေမေ့မျက်နှာကို မမြင်နိုင်သော်လည်း မေမေ့မျက်နှာထက်က အပြုံးများကိုတော့ ကျွန်တော် စိတ်မှန်းဖြင့် ပုံဖော်ကြည့်နိုင်ပါသည်။ ကျွန်တော့်အတွက်ဆို ဘယ်တော့မဆို ဘယ်လောက်ပင်ပန်းပန်း မျက်နှာမပျက်ခဲ့သော မေမေက ခုလည်း ကျွန်တော့်မျက်လုံးများ ပြန်မြင်နိုင်ဖို့အတွက် ငွေဘယ်လောက်ကုန်ကုန် လူဘယ်လောက်ပင်ပန်းပန်း အကောင်းဆုံး ကြိုးစားပေးမယ်ဆိုတာ ကျွန်တော် ယုံကြည်နေမိသည်။

■ ■ ■

''ကောင်း မျက်လုံးတွေ ခွဲစိတ်ဖို့အတွက် မေမေကိုယ်တိုင် ယူအက်စ်မှာ စီစဉ်ထားတယ်ဆို''

ဒီသတင်းကိုကြားတော့ နတ်မိမယ်လည်း ကျွန်တော့်လိုပဲ ပျော်ရွှင်နေမှာပါ။

''အင်း ဟုတ်တယ်၊ တခြားနေရာတွေမှာလည်း ရပေမယ့် အဲဒီ





မှာက မေမေ့အသိဆရာဝန်ကြီးတစ်ယောက် ရှိတယ်လေ''

''မေမေ ယူအက်စ်လိုက်သွားမယ်ဆိုတော့ ဒီကအလုပ်တွေက''

''မယ်နဲ့လွှဲပေးထားခဲ့မှာလေ၊ အခုဆို မယ်လည်း လုပ်ငန်းပိုင်းကို တော်တော်လေး ကျွမ်းကျင်နေပြီ မဟုတ်လား''

''အင်း ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ လုပ်ငန်းအသစ်စဖို့ လုပ်နေတဲ့ ပရောဂျက်က ခုထိ မပြီးသေးဘူးလေ''

''ခုချိန်မှာ မေမေ့အတွက် ကျွန်တော့်ထက်ပိုပြီး ဘာကမှ အရေးကြီးမှာမဟုတ်ဘူး မယ်''

သူမဘက်မှ စကားသံတိတ်သွား၏။ တအောင့်လောက်ကြာတော့မှ

''ဒါဆို ကောင်း မျက်လုံးမခွဲခင် မယ်တို့ ခရီးထွက်ကြမလား''

''ခရီးထွက်ဖို့ ဟုတ်လား။ ဘယ်ကိုသွားမှာလဲ မယ်ရဲ့၊ မေမေက သတင်းခါလောက် သွားစုံစမ်းပြီး ဟိုမှာ အားလုံးအဆင်သင့်ဖြစ်တာနဲ့ ကျွန်တော့်ကို ချက်ချင်းပြန်လာခေါ်မှာ''

''သိပ်အဝေးကြီးမဟုတ်တဲ့ တစ်နေရာရာပေါ့''

သိပ်မဝေးတဲ့နေရာတစ်ခုခု။ ကျွန်တော် စဉ်းစားလိုက်တော့ ခေါင်းထဲမှာ ပေါ်လာတဲ့နေရာက

''ကျွန်တော်တို့ မွေးမြူရေးခြံကို မယ် မရောက်ဖူးသေးဘူး မဟုတ်လား''

''ဟုတ်တယ် ရန်ကုန်နဲ့လည်း သိပ်မဝေးဘူးနော်''

''အင်း ကျွန်တော်တို့ အဲဒီကိုပဲ သွားကြမလား။ ရှုခင်းလေးတွေလည်း သိပ်လှတယ်၊ ကျွန်တော် ငယ်ငယ်တုန်းကဆို နွေကျောင်းပိတ်တိုင်း အဲဒီကို သွားနေကျပဲ၊ မယ်လည်း သဘောကျမှာ သေချာတယ်''

''သွားမယ်လေ၊ မယ့်အတွက်က ကောင်းနဲ့အတူ တစ်နေရာရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ အေးအေးချမ်းချမ်းလေး နေရရင် ပြီးတာပါပဲ''

ယူအက်စ်ကို မေမေ ထွက်သွားပြီး နောက်တစ်နေ့မှာပင် ကျွန်တော်တို့နှစ်ယောက်ရဲ့ တစ်ရက်တာခရီးလေးကို စတင်ခဲ့ခြင်းဖြစ်သည်။

''အလုပ်တွေက မယ်ရော မေမေပါ မရှိတော့ ဘယ်လိုလုပ်မလဲ''

''ဒီတစ်ရက်လောက်လေးနဲ့တော့ ဘာမှဖြစ်မသွားပါဘူး ကောင်းရယ်၊ မန်နေဂျာတွေ ဒရိုက်တာတွေ ခန့်ထားတာ ဘာလုပ်ဖို့လဲ''

မယ်က ရွှင်ရွှင်မြူးမြူးလေး ပြောသည်။ တစ်ရက်တာ စားသောက်စရာများကိုလည်း ခေါ်မြင့်ကို အားလုံးပြင်ဆင်ခိုင်းထားပြီးသားမို့ ကျွန်တော်တို့နှစ်ယောက်လုံး ခရီးသွားဖို့ အဆင်သင့်ဖြစ်နေခဲ့ပြီ။

''မယ် တစ်ယောက်တည်း မောင်းနေရမှာနော်၊ ပင်ပန်းမှာပေါ့ ကိုဒွေးဖြစ်ဖြစ် ဦးလေးသိန်းဖြစ်ဖြစ် ခေါ်ခဲ့ပါလား။ လမ်းကလည်း မယ် တစ်ခါမှမရောက်ဖူးတော့''

''အို မလိုပါဘူး လမ်းကတော့ မေးသွားလည်း ရပါတယ် ကောင်းရယ်၊ မယ် တစ်ယောက်တည်းပဲ မောင်းမယ်၊ ဒီခရီးလေးက မယ်တို့နှစ်ယောက်တည်း သီးသန့်ခရီးလေးလေ''

ကျွန်တော်က မယ် ပင်ပန်းမှာစိုးလို့ ပြောခြင်းဆိုပေမယ့် မယ်က လုံးဝငြင်းဆန်နေသောကြောင့် သူမဆန္ဒကို လိုက်လျောပေးလိုက်သည်။

ကားစက် စတင်နှိုးလိုက်ချိန်ကစပြီး မယ်က တစ်လမ်းလုံး နှုတ်ဆိတ်သွား၏။ ကားကို အာရုံစိုက်မောင်းနေရသောကြောင့် ဖြစ်လိမ့်မယ်လို့ ဖြေတွေးလေးတွေးလျက် ကျွန်တော်ကိုယ်တိုင်လည်း မျက်လုံးများမှေးစင်းပြီး အေးအေးလူလူ အနားယူလျက်လိုက်လာခဲ့သည်။

ကျွန်တော် မှေးခနဲ အိပ်ပျော်သွားရာကနေ နိုးထလာချိန်မှာ ကားလေးက ရပ်တန့်ထားပြီး ဖြစ်သည်။





''မယ်''

ကျွန်တော် ခေါ်လိုက်ပေမယ့် ဘာသံမှ ပြန်မကြားရ။ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း တိတ်ဆိတ်ငြိမ်သက်နေသည်။ ဖြတ်သွားဖြတ်လာ ကားသံများလည်း မကြားရ။ ငှက်ကောင်သေးသေးလေးများ၏ တစီစီ အော်သံများကသာ တစ်ချက်တစ်ချက် ပျံ့လွင့်လာ၏။

ကျွန်တော်တို့ မြို့ထဲကို ရောက်နေပြီလား။

''မယ်''

ကျွန်တော် နောက်တစ်ကြိမ် ထပ်ခေါ်ကြည့်မိသည်။ ပထမတစ်ခါလိုပဲ ပြန်ထူးသံ မကြားရပေမယ့် ကျွန်တော့်ဆီ လျှောက်လာနေသော ခြေသံတစ်ခုကိုတော့ ကြားရသည်။

''မယ်လား''

''ဦးတိုးပါ မောင်ကောင်းမင်း''

ကျွန်တော်တို့ မွေးမြို့ရေးမြို့ထဲမှ ဦးတိုးအသံကို ကြားလိုက်ရတာမို့ ကျွန်တော်တို့ မြို့ထဲရောက်နေတာတော့ သေချာသွားပါပြီ။ ဒါဆို မယ်က ဘယ်ရောက်သွားတာလဲ။

''မယ်ရော ဦးတိုး''

''သမီးလေးက တစ်လမ်းလုံး ကားမောင်းလာရတာ ပင်ပန်းလို့ဆိုပြီး အခန်းထဲဝင်သွားပါပြီ။ သားကို သွားနှိုးဖို့ ဦးတိုးကို ပြောသွားလို့''

ကျွန်တော်နည်းနည်းတော့ စေတေဝါ ဖြစ်သွားမိ၏။ ရောက်ပြီဆိုရင်လည်း ကျွန်တော့်ကို မယ်ကိုယ်တိုင် နှိုးသင့်ပါသည်။ ခုတော့ ဒီတိုင်းကြီး ထားသွားပြီး ဦးတိုးကို လွှတ်လိုက်တာ ဘာသဘောလဲ။

''အခန်းတွေက အဆင်သင့်ဖြစ်နေပြီလား''

''ရန်ကုန်က ထွက်လာမယ်လို့ မောင်ကောင်းမင်း မှန်ကြိုဆက်



www.burmeseclassic.com

www.burmeseclassic.com



ထားတည်းက ဦးတိုးတို့ ပြင်ထားတာလေ၊ သားရော နားတော့မလား''

''ကျွန်တော့်ကို အခန်းဆီ လိုက်ပို့ပေးပြီးရင် ရေနွေးလုပ်ပေးထားပါ၊ ရေချိုးလိုက်ချင်လို့''

အခန်းတံခါးကို ဖြည်းညှင်းစွာ ခေါက်လိုက်သော်လည်း တုံ့ပြန်သံမကြားရသောကြောင့် ကျွန်တော် တံခါးဘုလေးကို အသာအယာ လှည့်ဖွင့်လိုက်သည်။ အတွင်းမှ မပိတ်ထားသောကြောင့် လွယ်ကူစွာပင် ပွင့်သွား၏။

''ဦးတိုး သွားလို့ရပါပြီ၊ ရေနွေးရရင်သာ လာပြောပေးနော်''

ခုတင်ထက်ကို စမ်းသပ်ကြည့်တော့ လှဲနေသော မယ့်လက်လေးများကို ထိတွေ့မိသည်။ အင်းပေ့ါလေ၊ တစ်လမ်းလုံး ပင်ပန်းလာတာဆိုတော့ ဟန်မဆောင်နိုင်လောက်အောင်ပဲ သူမ ပင်ပန်းပြီး အိပ်ပျော်သွားတာ ဖြစ်မှာပါ။

ကျွန်တော် အဝတ်အစားများကို ချွတ်လျက် ရေချိုးရန် အဆင်သင့် လုပ်ထားလိုက်သည်။ ညနေဘက်ဆို ရန်ကုန်မှာတောင် အေးနေတာမို့ ခုလို နယ်မြို့လေးတွေဘက်မှာ ပိုလို့တောင် ချမ်းစိမ့်နေသေးသည်။ ဒါပေမဲ့ ခရီးတစ်လျှောက်လုံး ထိုင်လိုက်လာရလို့ လူက နုံးချိနေခြင်းကို ရေနွေးနွေးလေးချိုးလိုက်ခြင်းဖြင့် အနားယူရမည်။

''မောင်ကောင်းမင်းရေ ရေနွေးရပြီနော်''

''လာပြီ ဦးတိုး''

ဟင် မယ့်အသံ။ ကျွန်တော်က မယ့်ကို အိပ်ပျော်နေတာလို့ ထင်နေတာ၊ ခုတော့ ဦးကောင်းမင်းက တံခါးခေါက်ပြီး အသံပြုလိုက်သည်နှင့် ခုထင်ထက်မှ ထသွားသော မယ့်ခြေသံလေးကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။

''ရတယ် ဦးတိုး၊ ရေစပ်တာကို မယ်ပဲလုပ်ပေးလိုက်ပါ့မယ်၊ အခန်း





ထဲမှာ ဒီတိုင်းချထားခဲ့လိုက်နော်''

မွေးမြူရေးခြံလေးထဲမှာ အဆင့်မြင့် ပြင်ဆင်မှု ဘာမှမရှိ၊ ရေပူရေအေး အဆင်သင့် တပ်ဆင်ထားခြင်းလည်း မရှိ။ ရေနွေးနဲ့ချိုးချင်ရင် ဦးတိုးတို့ကို မီးဖိုထဲမှာ သပ်သပ်တင်မှိုင်းပြီး တကူးတက လာပို့ခိုင်းမှသာ အဆင်ပြေသည်။

''မယ် အိပ်ပျော်နေတယ် ထင်တာ''

ဦးတိုး ပြန်ထွက်သွားသော ခြေသံကြားမှ ကျွန်တော် မယ့်ကို စကားစပြောလိုက်သည်။

''အင်း ဦးတိုး တံခါးခေါက်သံကြောင့် မယ် နိုးသွားတာလေ''

သိပ်လည်းမကျယ်လောင်လှသော ဦးတိုး တံခါးခေါက်သံကြောင့် မယ် လန့်နိုးသွားတယ်ဆိုတာ ဟုတ်ပါ့မလား။ ဒါပေမဲ့ ဘာမဟုတ်တာလေးကို မယ်ကလည်း လိမ်မှာမှ မဟုတ်တာလေ။ ကျွန်တော် ဘာဖြစ်လို့များ မယ့်အပေါ် သံသယဖြစ်သွားမိတာပါလိမ့်။

ရေချိုးခန်းထဲက မယ် ပြန်ထွက်လာသံကြားမှ ကျွန်တော် ဝင်လာခဲ့လိုက်သည်။ ခွေးခြေလေးပေါ် ဇုတ်တုတ်ထိုင်လိုက်ပြီး ရေစည်ပိုင်းကြီးထဲမှ ရေတစ်ခွက်ကို အားရပါးရ ခပ်ချိုးလိုက်၏။

ကျွန်တော့်တစ်ကိုယ်လုံးမှာရှိသော သွေးကြောတွေ အေးစက်တောင့်တင်းသွားကြသည်။ တစ်ခွက်တည်းနဲ့ပင် လူက ချမ်းပြီး စိမ့်တက်လာ၏။ ဒါဟာ ရေနွေးနှင့်ရောစပ်ထားသော ရေမှဟုတ်ရဲ့လား။ လက်များဖြင့် ဘေးဘီဝဲယာကို စမ်းကြည့်ပါသော်လည်း တခြားရေစည်နှင့်တူတာ တစ်ခုမှ မရှိ။

ခုနက ဦးတိုးယူလာပေးသော ရေနွေးတွေ ဘယ်ရောက်သွားပြီလဲ။

''မယ် အပြင်မှာရှိလား''



www.burmeseclassic.com

www.burmeseclassic.com



ဘာသံမှ ပြန်မကြားရ။

"ဟေး မယ် အပြင်မှာရှိလားလို့"

ကျွန်တော့်အသံကို အနည်းငယ် ထပ်မြှင့်ပြီးခေါ်တော့လည်း ဘာတုံ့ပြန်သံမှ မကြားရ။ တစ်ခုခုတော့ မှားယွင်းနေပါပြီ။ မထူးတော့ပြီမို့ ရှိုလက်စနှင့်ပင် ဆက်တိုက်တဖွစ်ဖွစ် လောင်းချိုးပစ်လိုက်သည်။

အပြစ်ကို ခပ်မြန်မြန်လေး ထွက်လာလျက် မျက်နှာသုတ်ပဝါကို လက်နှင့်စမ်းရှာဖွေလိုက်သည်။ အိမ်မှာဆို ကျွန်တော် ရေချိုးပြီးထွက်လာတိုင်း ခုတင်ထက်မှာ မျက်နှာသုတ်ပဝါလေး အခေါက်လိုက်တင်ပေးထားတတ်သော မယ့်အကျင့်ကြောင့် ကျွန်တော် ခုတင်ပေါ်ကို စမ်းရှာဖွေလိုက်ခြင်းဖြစ်သည်။ ညီညာပြန့်ပြူးသော အိပ်ရာခင်းလေးမှအပ ဘာမှမရှိ။ ခုတင်နားကနေ တစ်ဖက်သို့အလှည့် အနောက်တည့်တည့်မှာ ရှိနေသော ကုလားထိုင်တစ်လုံးကို ဝင်တိုက်မိပြီး ကြမ်းပြင်ပေါ်သို့ ကျွန်တော် ရှပ်ပျက်ဆင်းမှောက်လဲကျသွားသည်။

"ဝုန်း ဖုန်း"

"ဟင် ကောင်း ဘယ်လိုဖြစ်တာလဲ"

ကျယ်လောင်သော ဖြိုလဲသံနှင့်တစ်ဆက်တည်းမှာပင် မယ့်အသံကို ကြားလိုက်ရသည်။

"မျက်နှာသုတ်ပဝါ ရှာနေတာ"

ကျွန်တော့်လက်မောင်းနစ်ဖက်ကို မယ်က မနိုင်မနင်းနှင့် လာတွဲထူသည်။ ထို့နောက် ခုတင်ပေါ်မှာ ထိုင်ပေးလိုက်ရင်း မျက်နှာသုတ်ပဝါဖြင့် ရေစိုနေသော ကျွန်တော့်ဆံပင်များကို သုတ်သင်ပေးသည်။

"မယ် ဘယ်ရောက်နေတာလဲ"

"မြိတ်မှာ လမ်းလျှောက်နေတာပါ"





"ပြီးတော့ ကျွန်တော့်အတွက် ရေနွေးစပ်ပေးထားတဲ့ ရေစည်လည်း မတွေ့ဘူး"

"ဟင် ဒါဆို"

"ကျွန်တော် ရေအေးနဲ့ ချိုးလာတာ"

"အို မဟုတ်တာ ကောင်းရယ်၊ ဒီမှာလေ မယ်ကိုယ်တိုင် ရေနွေးစပ်ပေးထားတဲ့ စည်"

ကျွန်တော် နှုတ်ခမ်းလေးတွန့်ရုံမျှ ပြုံးမိသည်။ သူမပြလည်း ကျွန်တော် မြင်နိုင်တာမှ မဟုတ်တာ။

"မျက်နှာသုတ်ပဝါကလည်း ခုတင်ပေါ်မှာ ရှိမနေဘူး"

"အဲဒါကတော့ မယ် မေ့သွားတာပါ။ စင်ပေါ်မှာ လှန်းရက်သား ရှိနေတာ"

တကယ်တော့ ဘယ်သူ့မှာမှ အပြစ်မရှိပါ။ မျက်လုံးများ ကန်းနေသော ကျွန်တော့်အပြစ်သာ ဖြစ်သည်။ အပြင်တစ်နေရာရာကို ရောက်သွားတိုင်း လူတစ်ယောက်ယောက် အကူအညီမပါဘဲ ဘာမှမလုပ်နိုင်သော ကျွန်တော့်အပြစ်များသာ ဖြစ်သည်။ ဘယ်သူ့ကို အပြစ်တင်နေရဦးမှာလဲ။

"ဒုန်း"

"ဟင် ကောင်း ကောင်း ဘာဖြစ်တာလဲ"

အနားမှာရှိနေသော ကျွန်တော့်လက်စွဲတော် တုတ်ချောင်းလေးကို အဝေးသို့ စိတ်တိုစွာနှင့် လွှင့်ပစ်လိုက်ခြင်း ဖြစ်သည်။ နောက်ဆုံးတော့ ကျွန်တော့်ဒေါသများက ထိုတုတ်လေးပေါ် ကျရောက်သွားခြင်းသာ။

"ကိုယ့်ဘာသာ လုပ်မယ်၊ မင်းထွက်သွားတော့"

"ကောင်း"

ကျွန်တော့်ဆံပင်များကို ရေသုတ်ပေးနေသည့် သူမ လက်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



လေးများ ရပ်တန့်သွားသည်။

"မယ့်ကို စိတ်ဆိုးနေတာလားဟင်"

"ငါတစ်ယောက်တည်း နေချင်တယ်"

ရွှေတည့်တည့်မှာရှိနေသော သူမကို ကျွန်တော့်လက်များဖြင့် တွန်းထုတ်လိုက်တော့

"ကောင်းပြီလေ ခဏနေမှပဲ မယ် ပြန်လာခဲ့ပါ့မယ်"

ကျွန်တော့်လက်များထဲသို့ မျက်နှာသုတ်ပဝါလေး လာထည့်ပေးပြီး အခန်းထဲကနေ သူမ ထွက်သွားသည်။ ဒေါသဖြစ်ဖြစ်နှင့် ခုတင်ကို လက်သီးနှင့်အချက်ပေါင်းများစွာ ထိုးပစ်လိုက်သည်။ ဒီလို အမှောင်တွေထဲကနေ ကျွန်တော်အမြန်ဆုံး လွတ်မြောက်ချင်ပြီ။ လောကကြီးကို အများနည်းတူ ကိုယ်ပိုင်မျက်လုံးများဖြင့် ခံစားကြည့်ချင်ပြီ။

■ ■ ■

"ကောင်း ကောင်း မယ်ခေါ်နေတာ ကြားလား"

ကျွန်တော့်ကို ဝိုင်းရံထားသော မီးတောက်တွေရဲ့ တစ်ဖက်ကနေ မယ့်အသံကို ကြားရသည်။ ပြန်ထူးချင်သော်လည်း အသံတို့က လည်ချောင်းဝမှာတင် တစ်ဆို့ပျောက်ကွယ်နေ၏။

"ကောင်း ကြားလား။ မယ့်အသံကို ကြားလား"

မီးလျှံတွေကြားက ဝိုးတဝါးမြင်နေရသော နတ်မိမယ်မျက်နှာမှာ အပြုံးတွေလား။ သူမ ဘာဖြစ်လို့ ပြုံးနေတာလဲ။ ပတ်ပတ်လည် ဝိုင်းရံထားသော မီးတောက်တွေကြားမှာ ကျွန်တော် ပိတ်မိနေတာကို နတ်မိမယ်ပျော်ရွှင်နေတာလား။

"ကိုယ်တွေ တအားပူနေတယ်၊ ဦးတိုး ဆရာဝန်ပင့်လိုက်မယ် သမီး"





နောက်ဆုံး ဦးတိုးအသံကိုပါ ကြားလိုက်ရတော့မှ ကျွန်တော့်အသိတရားများကို အမြန်ပြန်ပြီး ထိန်းချုပ်လိုက်ရသည်။ ကျွန်တော့်ကို ဘယ်မီးတောက်မီးလျှံမှ ဝိုင်းရံမထားပါ။ ညနေက ရေအေးများဖြင့် အားရပါးရ ရေချိုးလိုက်သောကြောင့် ကိုယ်တွေတအားပူပြီး ကျွန်တော် အဖျားတက်နေခြင်းပဲဖြစ်မည်။

တအောင့်လောက်ကြာတော့ ဦးတိုးနှင့်အတူ ဆရာဝန်တစ်ဦး ပါလာပုံရ၏။ ကျွန်တော့်ကို စမ်းသပ်မှုတွေလုပ်ပြီး ဆေးတစ်လုံး ထိုးပေးသွားသည်။

"ဘာလိုသေးလဲ သမီး။ ဦးတိုး ဘာလုပ်ပေးရဦးမလဲ"

"ရပါပြီ ဦးတိုး။ ခုပဲ နှစ်နာရီတောင် ကျော်နေပြီ၊ ဦးတိုးတို့လည်း အိပ်ရေးပျက်ရောပေါ့၊ မနက်လည်း အစောကြီးထရဦးမှာကို"

"ရတယ် သမီးလေး မောင်ကောင်းမင်းကို စိတ်ပူတာနဲ့ ဦးတိုးတို့လည်း အိပ်ပျော်မှာ မဟုတ်တော့ပါဘူး"

ကျွန်တော့်ရင်ထဲမှာ ပီတိတစ်ခု ဖြစ်ထွန်းသွားရသည်။

ရန်ကုန်အိမ်က အလုပ်သမားတွေရော မွေးမြူရေးခြံထဲက အလုပ်သမားတွေပါ ကျွန်တော့်ကို အားလုံးချစ်ခင်ကြသည်။ လူငယ်သဘာဝ ပျော်ပါးသောင်းကျန်းတာတွေရှိပေမယ့် ကောင်းမင်းမြတ် ဘဝတစ်လျှောက်လုံးမှာ လူတစ်ဦးတစ်ယောက်ကိုမှ မယုတ်မာခဲ့ဘူး။ မကောက်ကျစ်ခဲ့ဘူး။ အလုပ်သမားတွေဆိုပြီး အဆင့်အတန်းခွဲခြားပြောဆိုခဲ့ခြင်းလည်း မရှိခဲ့။ အဲဒီ အကျင့်လေးကတော့ ငယ်စဉ်တည်းက ဖေဖေရော မေမေပါ ရိုက်သွင်းပေးခဲ့သော အကျင့်ကောင်းလေးတစ်ခု ဖြစ်သည်။

"ဒီမှာ ရေခဲတွေနဲ့ပုဝါ၊ ဦးတိုးကိုယ်တိုင် ရေခဲကပ်ပေးသွားရဦးမလား သမီး"

www.burmeseclassic.com



"အို မဟုတ်တာ ဦးတိုးရယ်၊ မယ် လုပ်ပါ့မယ်၊ ပစ္စည်းတွေသာ ထားခဲ့လိုက်နော်"

"သမီးလေးလည်း အိပ်ရေးပျက်မခံပါနဲ့ကွယ်၊ မောင်ကောင်းမင်း အိပ်ပျော်နေရင် နည်းနည်းပါးပါး အိပ်လိုက်ပါဦး"

"ဟုတ်ကဲ့ ဦးတိုး"

နတ်မိမယ်ရော ဦးတိုးကိုပါ ကျွန်တော် စိတ်ထဲကနေ ကျေးဇူးတင်လိုက်မိသည်။ လူကတော့ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်နေလျက် ပူလောင်နေသောကြောင့် ဘာစကားတစ်ခွန်းမှလည်း ပြောချင်စိတ်မရှိ။ ရေခဲအုပ်လိုက်ရင်တော့ အပူနည်းနည်းကျသွားလောက်ပါသည်

မအိပ်နိုင်သေးဘဲ ကျွန်တော့်ကို ရေခဲအုပ်ပေးဖို့ ပြင်ဆင်နေလောက်သော နတ်မိမယ်ကို ကျွန်တော် အားလည်းနာမိ၏။ ညနေတုန်းက ကျွန်တော် အော်ဟစ်ကာ အခန်းထဲက ထွက်သွားခိုင်းခဲ့ခြင်းကို ပြန်အမှတ်ရမိသည်။ ဒါကို စိတ်မဆိုးဘဲ ကျွန်တော့်ကို ခုလောက်ထိ ဂရုတစိုက်ဆက်ဆံပေးသည့် စိတ်ဓာတ်လေးကိုလည်း လေးစားသွားမိသည်။

သို့သော် နာရီလက်တံ ရွေ့လျားသည့် တစ်ချက်ချက်အသံသာ အခန်းထဲမှာ မရေမတွက်နိုင်အောင် မြည်နေခဲ့သော်လည်း ကျွန်တော် ထင်သလို ဖြစ်မလာခဲ့ပါ။ ဘာရေခဲဝတ်မှလည်း ပူခြစ်တောက်နေသော ကျွန်တော့်နဖူးများထက် ရောက်မလာ။ မွှေ့ရာလေး အိဝင်သွားလျက် ခေါင်းနားမှာ ဝင်လှဲလိုက်သော နတ်မိမယ်ရဲ့ကိုယ်သင်းနံ့လေးကိုသာ ကျွန်တော် ရှူလိုက်သည်။ ဘ် ဏ

သူမ အိပ်တော့မှာလား။ ဦးတိုးကိုပြောတော့ သူမကိုယ်တိုင် ကျွန်တော့်ကို အပူကျသွားအောင် ရေခဲကပ်ပေးမှာဆို၊ ကျွန်တော့်ခေါင်းတွေ ချာချာလည်နေ၏။ စဉ်းစားလိုက်တိုင်း ခေါင်းမူးသွားခြင်းသာ အဖတ်တင်တာ





မို့ ဘာကိုမှမတွေးမိတော့အောင် ကြိုးစားလိုက်တာနှင့် တစ်ပြိုင်နက် ကျွန်တော် ပြန်လည်အိပ်မောကျသွားတော့၏။

ငှက်ကလေးတွေရဲ့ကျလိကျလိသံများက ဒီမွေးမြူရေးခြံကိုရောက်တိုင်း ကျွန်တော့်အတွက် မနက်ခင်းနှိုးစက်သံလေးများပင်ဖြစ်သည်။ ခုလည်း ပတ်ဝန်းကျင်တစ်ခုလုံးမှာ ငှက်သံလေးများဖြင့် ဆူညံလျက် ကျွန်တော် နိုးထလာခဲ့ရသည်။

မျက်လုံးနှစ်လုံးပွင့်သည်နှင့် ကျွန်တော် ပထမဆုံး သတိရမိသူဟာ နတ်မိမယ်သာ ဖြစ်သည်။ ဘေးကပ်လျက်မှ နေရာလေးကို လက်များဖြင့် စမ်းကြည့်သော်လည်း ဗလာ။ အေးစက်စက်အိပ်ရာခင်းရဲ့ အထိအတွေ့က သူမ နိုးထသွားတာ ကြာပြီဖြစ်ကြောင်း သက်သေခံနေ၏။

ကျွန်တော်တစ်ယောက်တည်း ငုတ်တုတ်ထထိုင်လျက် ညက အဖြစ်အပျက်ကို ပြန်တွေးနေမိသည်။ ဘာကြောင့်များ ဦးတိုးကို နတ်မိမယ် ယိမ်လည်လိုက်ရတာလဲ။ ဒါမှမဟုတ် သူမ သိပ်ပင်ပန်းသွားလို့များလား။ ဒီနေရာလေးကို ရောက်လာပြီးမှ ထူးထူးဆန်းဆန်းများသာ ကျွန်တော် ကြုံတွေ့နေရသည်။

"ဩော် ကောင်း နိုးနေပြီကိုး"

အခန်းထဲ ဝင်လာသော နတ်မိမယ်အသံက ပုံမှန်သာ၊ ကိုယ်တွေ ခြစ်ခြစ်တောက်ပူရာကနေ အနည်းငယ်သက်သာလာသော ခင်ပွန်းသည် တစ်ယောက်ကို မေးသည့်လေသံက အလွန်ပုံမှန်ဖြစ်လွန်းနေသည်။ သူမ ဘာတွေပြောင်းလဲနေတာလဲ။

"မယ် ဘယ်အချိန်တည်းက နိုးနေတာလဲ"

"ကြာပြီ ဦးတိုးတို့နဲ့တောင် မနက်စာအတူ စားပြီးသွားပြီ"

သဘောကတော့ ကျွန်တော်နှင့်အတူစားဖို့ မဖြစ်နိုင်တော့ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကောင်းအတွက် နွားနို့ပူပူလေး ယူလာတယ်၊ မယ်တော့ ဒီက နွားနို့ကို သိပ်ကြိုက်သွားပြီ"

"ဒီမှာက ချက်ချင်းညှစ် ချက်ချင်းသောက်လို့ရတယ်လေ၊ တကယ့် နွားနို့စစ်စစ်တွေ"

"အင်း ဒီလို နွားနို့စစ်စစ်နဲ့သာ ထုတ်မယ်ဆို မယ်တို့ ရေခဲမုန့် အရသာက ရှယ်ဖြစ်ဦးမှာ"

အိဗ်ရာဘေးမှ စားပွဲလေးပေါ် နွားနို့ခွက်တင်ပေးလျက် သူမ ပြောသည်။ ခုချိန်မှာ အလုပ်အကြောင်းကို သူမ ပြောနိုင်နေသော်လည်း ကျွန်တော်ကတော့ နားမထောင်ချင်ပါ။ အနည်းဆုံးတော့ ကျွန်တော်သက်သာရဲ့လားဆိုသည့် မေးခွန်းလေးဖြစ်ဖြစ် သူမ မေးသင့်သည်။

"ကျွန်တော် ညက တော်တော်ဒုက္ခပေးလိုက်သေးလား"

"အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး"

တကယ့်ကို ပုံမှန်သာ။ ကျွန်တော့်ဘက်က အစဖော်ပေးတာကို တောင် သာမန်ကာလျှံကာသာ ပြန်ဖြေသော သူမအသံက ကျွန်တော့် သိချင်စိတ်များကို ပိုလို့တိုးလာစေသည်။

"မယ် ဘာဖြစ်နေတာလဲ"

"မယ်က ဟုတ်လား၊ မယ် ဘာဖြစ်လို့လဲ ကောင်းရဲ့၊ ဘာမှမ ဖြစ်ပါဘူး"

"စကားပြောနေတာ စိတ်မပါသလိုပဲ"

"ဪ မဟုတ်ပါဘူး၊ ကောင်း စိတ်ထင်လို့ဖြစ်မှာပါ"

ကျွန်တော်တို့နှစ်ယောက်ရဲ့ စကားဝိုင်းလေးက ပြန်လည်တိတ် ဆိတ်သွားပြန်သည်။ ဘာဖြစ်လို့များ ကျွန်တော်တို့ကြားမှာ စကားလုံးတွေ ရုတ်တရက် ရှားပါးကုန်တာလဲ။ အရင်ကဆို တတွတ်တွတ်နှင့် စကားတွေ





ဆိုနေတတ်သော မယ် ခုလိုတိတ်ဆိတ်နေတာ ကျွန်တော့်အတွက် တကယ့် ကို ဟာတာတာပါပဲ။

"ကျွန်တော်တို့ ခြံထဲဘက် လျှောက်ကြည့်ကြမလား"

"ကောင်းသားပဲလေ၊ ဒါပေမဲ့ ကောင်း နေရောကောင်းလို့လား"

ခုလိုလေး မေးဖော်ရတာကိုပဲ စိတ်ထဲက ကျေးဇူးတင်လိုက်မိပါ သည်။

"ခြံထဲမှာလောက်တော့ အေးအေးဆေးဆေး လမ်းလျှောက်လို့ ရပါသေးတယ်"

"အိုကေလေ ဒါဆို သွားကြရအောင်"

နွားနို့ခွက်ကို တစ်ကျိုက်တည်းနှင့်မော့သောက်ချပစ်လိုက်ပြီး သူမ ထုတ်ပေးသော အဝတ်အစားများကို မြန်မြန်လဲလိုက်သည်။

ပထမဆုံး နွားခြံများဘက် လျှောက်ကြည့်သည်။ နောက်တော့ ဆိတ်များမွေးထားသည့်ဘက်။ ခြံထဲမှာ နွားတွေဆိတ်တွေသာမကဘဲ ကျွန် တော်အနှစ်သက်ဆုံး အကောင်များကတော့ မြင်းများဖြစ်၏။ ငယ်ငယ်တည်း က ဖေဖေသင်ကြားပေးမှုဖြင့် မြင်းစီးကျွမ်းခဲ့သော ကျွန်တော့်မှာ ခုတော့ ထိုမြင်းများရဲ့ဟီသံကို နားထောင်ရုံကလွဲလို့ ဘာမှထူးထူးခြားခြား မလုပ်နိုင် တော့ပါ။

"မြင်းတွေ သိပ်လှတာပဲနော်"

ကျွန်တော်တို့နှင့်အတူ ပါလာသော ဦးတိုးကို မယ်က အံ့အား တသင့်ပြောသည်။ ကျွန်တော့်မျက်လုံးများသာ အကောင်းပကတိအတိုင်းဆို မယ့်ကို မြင်းပေါ်တင်ပြီး ခြံရဲ့ဟိုဘက် ကျယ်ပြောလှသော ကွင်းပြင်ကျယ် တစ်လျှောက် လိုက်ပြချင်ပါသည်။

"ဟိုးက အမြီးဖြူကြီးက မောင်ကောင်းမင်းရဲ့ အချစ်တော်ကြီးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ခုချိန် ဦးတိုး လက်ညှိုးထိုးပြနေမယ့် အကောင်ကြီးကို ကျွန်တော် မြင်ယောင်ရင်း ပြုံးလိုက်မိသည်။ တစ်ကိုယ်လုံး ညိုမှောင်ကာ ပြောင်လက်နေသော်လည်း အမြီးများကတော့ ဖွတ်ဖွတ်ဖြူအောင် ဖွေးသော မြင်းကြီး။ လွှန်ခဲ့တဲ့ ရှစ်နှစ်ကျော်လောက်တည်းက ကျွန်တော်တို့မြို့ထဲ တောင်ရောက်လာခဲ့သောကောင်ကြီး။ နွေရာသီကျောင်းပိတ်လို့ ကျွန်တော် မြို့ထဲလာလည်တိုင်း သူနဲ့သာ အချိန်ကုန်ဆုံးတတ်မြဲ ဖြစ်သည်။

"မောင်ကောင်းမင်းက မြင်းစီးသိပ်ကျွမ်းတာကွဲ့"

"ဟုတ်လား ကောင်း"

"အရင်တုန်းကပေါ့ မယ်"

"မယ်လည်း မြင်းစီးတတ်ချင်လိုက်တာ"

"ကျွန်တော့်မျက်လုံးတွေ ပြန်ကောင်းသွားရင် သင်ပေးမှာပေါ့"

"သွားရအောင်လေ၊ မယ် မိုက်ဆာနေပြီ"

စကားအဆုံးမှာ အနားကထွက်သွားသော ဖိနပ်သံလေး။

ကျွန်တော့်စကားကို အရေးမစိုက်သလို ဖြတ်ချခဲ့လိုက်ခြင်းမို့ နည်းနည်းတော့ စိတ်ထဲခုသွားမိတာ အမှန်။ ဦးတိုးတို့ ပြင်ဆင်ပေးထားသော အစားအသောက်များကို စားရတာလည်း ကျွန်တော် ခံတွင်းမတွေ့တော့။

နတ်မိမယ်ရဲ့ထူးဆန်းသည့် အပြုအမူများကိုသာ ကျွန်တော် အံ့ဩနေမိသည်။ သူမ ဘာတွေဖြစ်နေတာလဲ။ တစ်ခုခုဖြစ်နေတာကတော့ သေချာနေပါပြီ။ ဒါပေမဲ့ ဘာဆိုတာကို ကျွန်တော်ခန့်မှန်းကြည့်လို့မရ။ နှုတ်ကနေ ဖွင့်မေးရင်လည်း ဘာမှမဖြစ်ပါဘူးဆိုသည့် အလိမ်အညာစကားကိုသာ ရမည်။

ကျွန်တော် ဘာလုပ်ရမလဲ။



## အခန်း (၅)

ဒီနေရာလေးကတော့ မြို့ထဲကိုရောက်ဖြစ်တိုင်း ကျွန်တော် အမြဲသွားနေကျ နေရာများထဲက တစ်ခုဖြစ်သည်။ ရေကန်ကျယ်ကြီးနံဘေးက သစ်ပင်တန်းလေး။ တိတ်ဆိတ်ငြိမ်သက်သည်။ အေးချမ်းသည်။ လွတ်လပ်သည်။ ခုလည်း ဦးတိုးကို လိုက်ပို့ခိုင်းပြီး ကျွန်တော်တစ်ယောက်တည်း လာထိုင်နေမိ၏။

"ခေါတစ်လုံးလောက် ထိုးလိုက်တာနဲ့ မောင်ကောင်းမင်း သက်သာသွားလို့ တော်သေးတာပေါ့"

"ဦးတိုးတို့သာ မရှိရင် ကျွန်တော်တော့ တော်တော်ဒုက္ခများမှာပဲ"

"အကောင်းကြီးကနေ ခရီးပန်းသွားတာနဲ့ တူတယ်"

"မဟုတ်ဘူး ဦးတိုးရေ သိတဲ့အတိုင်းပဲ၊ ညနေဘက်ဆို အအေးခံလို့မရတာကို သိသိကြီးနဲ့ ရေအေးတွေနဲ့ ရေချိုးမိုက်မိတာလေ"

"ဟင် မောင်ကောင်းမင်း၊ မနေ့ညနေတုန်းက ရေချိုးသေးတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ ဦးတိုးကိုတောင် ရေနွေးတည်ခိုင်းခဲ့တာ မေ့သွားပြီလား"

"မဟုတ်သေးပါဘူးကွယ် မနေ့ညနေကပဲ အဲဒီရေနွေးတွေကို သစီးလေး မြက်ခင်းပြင်မှာ သွန်ပစ်နေတာ ဦးတိုးကိုယ်တိုင် တွေ့ခဲ့တာလေ"

"သွန်ပစ်တယ် ဟုတ်လား။ ဦးတိုး ပြောချင်တာက"

"ဟုတ်တယ်လေ၊ ဦးတိုး သယ်လာခဲ့တဲ့အတိုင်းပဲ"

"အဲဒါ ရေနွေးတွေမှန်း ဦးတိုး ဘယ်လိုသိလဲ"

"သားရယ် ဒီလောက် အငွေ့တထောင်းထောင်းထနေတာ ဦးတိုး မြင်တာနဲ့ သိတာပေါ့"

ဒါဆို နတ်မိမယ်မှာ တခြားရည်ရွယ်ချက်တစ်ခုခုရှိနေတာ သေချာပြီပေါ့။ ဘာသဘောနဲ့ ကျွန်တော့်ကို ဒီလိုလုပ်တာလဲ။ ညနေဘက် အအေးခံလိုက်ရင် နေမကောင်းဖြစ်တတ်ကြောင်း သူမကိုလည်း ပြောပြထားရဲ့သားနဲ့ ဒါဟာ တမင်သက်သက် လုပ်ကြံမှုကြီးပဲ။

"သားလေး ညက ရေအေးတွေနဲ့ ချိုးလိုက်တာလား"

"မဟုတ် မဟုတ်ပါဘူး ဦးတိုး၊ သူ သွန်ပစ်လိုက်တာ ကျွန်တော် ချိုးလို့ ပိုတဲ့ရေဖြစ်မှာပါ"

အလကားသက်သက် ဦးတိုးကို စိတ်မပူစေချင်သောကြောင့် ကျွန်တော် လိမ်ပြောလိုက်သည်။

"ဒါနဲ့ မယ့်ကို ဒီနေရာလေး လိုက်လာခဲ့ဖို့ ဦးတိုး ပြောပေးပါလား။ ပြောစရာရှိလို့ ကျွန်တော် စောင့်နေတယ်လို့"

"အေး အေး မောင်ကောင်းမင်း၊ ဦးတိုးပြောပေးမယ်"

ဦးတိုး ပြောပုံအရဆိုရင်တော့ ကျွန်တော့်အပေါ်မှာ တစ်ခုခုဖြစ်စေချင်တဲ့ ရည်ရွယ်ချက်မျိုး နတ်မိမယ်၌ ရှိနေတာ သေချာနေပါပြီ။ ဘာဖြစ်





လို့လဲ။ ကျွန်တော် သူမကို စိတ်ဆိုးအောင်သဖြစ်အောင် ဘယ်တုန်းက လုပ်ခဲ့လို့လဲ။ ဘာအတွက်နဲ့ ကျွန်တော့်ကို ဒီလိုလုပ်ရတာလဲ။ သူမ လုပ်ရပ်က ဘာမှမဟုတ်တဲ့ သေးသေးလေးလို့ ထင်ရပေမယ့် ကျွန်တော် ထိတ်လန့်နေမိတာတော့ အမှန်ပင်။

"ကောင်းက ဒီရောက်နေတာကိုး"

အသံနှင့်အတူ ကျွန်တော့်ဘေး မြက်ခင်းပြင်ပေါ်မှာ သူမ ဝင်ထိုင်လိုက်သည်။ ကျွန်တော် ဘာမှမပြောသေးဘဲ ငြိမ်သက်နေမိ၏။ မင်း ငါ့ကို တမင်သက်သက်လုပ်ကြံတာလားလို့ စမေးလိုက်ရမှာလား။ နည်းနည်းတော့ ကြောင်တောင်တောင်နိုင်သည့်ပုံစံမျိုး ဖြစ်နေပါသည်။

"ပြောစရာရှိလို့ဆို ကောင်း"

"ဟုတ်တယ် မယ့်ကို မေးစရာလေး နည်းနည်းရှိတာပါ"

"ဘာများလဲ ကောင်းရဲ့"

ခုတော့လည်း သူမလေသံက ဘာမှမဖြစ်သလို ချိုသာနေပြန်သည်။ ကျွန်တော် ဘယ်လိုနားလည်ရမလဲ မသိတော့ပါ။

"မယ် စိတ်ဆိုးအောင် ကျွန်တော် တစ်ခုခုများ လုပ်မိသေးလား"

"ရှင်"

"ဟုတ်တယ် ကျွန်တော် အဲဒီလိုကြီး ခံစားနေရတယ်"

"ဘယ်လို ခံစားနေရတာလဲ ကောင်း"

"ကျွန်တော့်ကို မယ် စိတ်ဆိုးနေတယ်လို့လေ"

သူမ ခပ်တိုးတိုးလေး ရယ်မောသည်။ အဲဒီရယ်မောသံကို ဘာဖြစ်လို့များ ကျွန်တော့်ကို လှောင်ပြောင်လိုက်သံများအဖြစ် ခံစားမိသွားတာလဲ သိပါ။

"ဘာဖြစ်လို့ အဲဒီလို ထင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံများအဆုံးမှာ ထွက်လာသော သူမအသံက လိုတာထက် ပိုတင်းမာနေခဲ့သည်။

"မင်းဘာဖြစ်နေတယ်ဆိုတာ ကျွန်တော် သိချင်တယ်"

"ကျွန်မ ဘာဖြစ်နေတယ်ဆိုတာ ပြောပြရရင် ဇာတ်လမ်းက တော်တော်လေးရှည်တယ်ရှင့်၊ ဒီက ကောင်းမင်းမြတ် နားထောင်နိုင်ပါ့မလား"

ချက်ချင်း ပြောင်းလဲသွားသော လေသံကြောင့် ကျွန်တော် လန့်ဖျပ်သွားမိသည်။ သူမ အသံနားထောင်တာနဲ့တင် ဆက်ကြားရမည့် စကားလုံးတွေဟာ တစ်ခုမှ ကောင်းနိုင်တာမရှိမှန်းလည်း သဘောပေါက်လိုက်၏။

"မယ် ဘာတွေပြောနေတာလဲ"

"ရှင် တကယ်သိချင်ရင် ကျွန်မ ပြောပြမှာပေါ့"

နတ်မိမယ် အသံကို နားထောင်တာနဲ့တင် သူမ ရင်ထဲမှ မကျေနပ်မှုများကို အတိုင်းသား မြင်နေရသည်။ ဘာအတွက်နဲ့များ ကျွန်တော့်ကို မကျေမနပ်ဖြစ်နေရတာလဲ။ ကျွန်တော် ဘာအမှားတွေများ သူမအပေါ်မှာ ကျူးလွန်မိထားလို့လဲ။

"မင်းဘာတွေဖြစ်နေတာလဲ"

"ဟုတ်တယ် ကျွန်မ ဘာတွေဖြစ်နေတယ်ဆိုတာ ရှင်လည်း သိထားသင့်ပြီ၊ ကျွန်မက ရှင့်ကို ဒုက္ခရောက်စေချင်နေတာ၊ ရှင်ဒုက္ခရောက်အောင်ပဲ ကျွန်မ လုပ်ချင်နေခဲ့တာ"

"မင်း ပြောနေတာတွေက ငါ တစ်ခုမှ နားမလည်ဘူး"

"ရှင့်ကို လက်ထပ်ဖို့ ချဉ်းကပ်ခဲ့တာလည်း ဒုက္ခတွေ ပေးချင်လို့ပဲ၊ ရှင့်နားမှာ အနီးကပ်နေပြီး ရှင့်ကို မကောင်းတာတွေပဲ ဖြစ်စေချင်ခဲ့တာ"

"မင်း လိမ်နေတယ်"

သူမ ဟားတိုက်ရယ်မောပါသည်။





"ကာယကံရှင်ကိုယ်တိုင်က ဝန်ခံနေတာကို ရှင်က ဘယ်လို အကြောင်းပြချက်နဲ့ လိမ်နေတယ်လို့ စွပ်စွဲတာလဲ"

"မင်း ငါ့အပေါ်မှာ အကောင်းဆုံး ဆက်ဆံခဲ့တာ ငါသိတယ်၊ ပြီးတော့ မင်းကိုယ်တိုင် ငါ့ကိုချစ်တယ်လို့ ဖွင့်ပြောခဲ့တာ"

"ရှင်က ကျွန်မထင်ထားတာထက် ပိုလို့တောင် တုံးအနေသေးတာကိုး၊ ရှင့်အပေါ် ကောင်းပြခဲ့တာတွေရော ရင်ထဲကမပါဘဲ ချစ်ပါတယ်လို့ ပြောခဲ့တာတွေရောက ဟန်ဆောင်မှုတွေချည်းပဲ၊ ရှင့်ဆီက လက်ထပ်ခွင့်ကို ရဖို့အတွက် လုပ်ခဲ့တဲ့ ရှိုးပဲ"

"မင်းက ငါ့ကို အဲဒီလို လုပ်ရလောက်အောင် ငါတို့နှစ်ယောက်ကြားမှာ ဘယ်တုန်းက အငြိုးတွေအမုန်းတွေ ရှိနေခဲ့လို့လဲ"

တုန်လှုပ်နေသော ရင်အစုံကို ငြိမ်သက်အောင် ထိန်းသိမ်းရင်း ကျွန်တော် မေးလိုက်သည်။

"အင်းပေါ့လေ ရှင့်အတွက်ကတော့ ကျွန်မတို့နှစ်ယောက်ကြားမှာ ဘာအမုန်းမှ ဘာအာဃာတမှ မရှိခဲ့ဘူးလို့ ထင်ချင်ထင်မှာပေါ့"

"မင်း ဘာတွေပြောနေတာလဲကွာ"

စိတ်မထိန်းနိုင်တော့စွာ ကျွန်တော် အော်ပစ်လိုက်သည်။

"ဘာတွေပြောနေတယ်ဆိုတာ ရှင် အခုနားလည်လာမှာပေါ့၊ စိတ်ကို အေးအေးထားပြီး နားထောင်ကြည့်လေ"

"တစ်ခုခုတော့ မင်းအကြီးအကျယ် လွဲနေပြီ"

"ဟင့်အင်း ကျွန်မ ဘာမှမလွဲဘူး ကောင်းမင်းမြတ်၊ ကျွန်မ သိပ်ချစ်တဲ့ချစ်သူ သေခဲ့ရတာ ရှင့်ကြောင့်ပဲ၊ အဲဒါလုံးဝ သေချာတယ်"

"ဘာ မင်းချစ်သူ ဟုတ်လား၊ ငါ့ကြောင့် သေတယ်၊ မင်းဘာတွေ ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နတ်မိမယ် ပြောနေသမျှ ဘယ်စကားလုံးကိုမှ ကျွန်တော် နား မလည်နိုင်တော့ပါ။ သူမမှာ ချစ်သူရှိနေခဲ့တယ်ဆိုတာရော ထိုချစ်သူက ကျွန်တော့်ကြောင့် သေဆုံးခဲ့ရတယ်ဆိုတာရော ဘာတွေလဲ။

"ဟုတ်တယ် ရှင့်ရဲ့မတော်တဆမှုမှာ သေဆုံးခဲ့ရတဲ့ တစ်ဖက်ကား ကလူဟာ ကျွန်မချစ်သူပဲ"

"ဘာ"

ကျွန်တော့်ခေါင်းတည့်တည့်ကို မိုးကြိုးပစ်ချလိုက်သလို ဒိန်းခနဲ ဖြစ်သွားသည်။ အမှန်ကို ဝန်ခံရရင် တစ်ဖက်မှ သေဆုံးသွားသူအကြောင်းကို ကျွန်တော့်ခေါင်းထဲ ထည့်မထားခဲ့ပါ။ ပြန်လည်းမတွေးခဲ့။ သေတဲ့သူက သေဆုံးသွားပြီး ကျွန်တော်ကတော့ ဝဋ်ရှိသရွေ့ ခံစားနေရသည်လို့သာ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ထားခဲ့သည်။

"မင်းလျှောက်ပြောနေတာ"

"အို ကျွန်မက ဘာအကြောင်းပြချက်နဲ့ လျှောက်ပြောရမှာလဲ ကျွန်မ တကယ်ပြောနေခဲ့တာ၊ ရှင်တို့သူငယ်ချင်းတွေ သောင်းကျန်းချင်တိုင်း သောင်းကျန်းခဲ့လို့ ကြားထဲက ကျွန်မချစ်သူ သေခဲ့ရတာ"

"မင်းမှားနေပြီ နတ်မိမယ်၊ အဲဒီလူက လမ်းကြောင်းမှားပြီး မှေး လာခဲ့တာ၊ ငါက အရှိန်မြှင့်ပြီး မောင်းနေတုန်း ဝင်တိုက်မိရုံသက်သက်ပဲ"

"ရှင်သာ ပရမ်းပတာ မမောင်းခဲ့ရင် သူ သေခဲ့မှာမဟုတ်ဘူး အဲဒါ သေချာတယ်"

"မင်းဟာက မဟုတ်သေးပါဘူးကွာ"

ကျွန်တော် ကယောင်ချောက်ချား ရေရွတ်ရင်း နေရာမှ ထရပ်လိုက် သည်။

"ရှင် ဘယ်သွားမလို့လဲ"





"ငါပြန်တော့မယ်၊ ဒီမှာ ဆက်မနေချင်တော့ဘူး"

"ဒီလောက်လွယ်လွယ်နဲ့ ရှင့်ကို ပြန်ခွင့်ပေးမယ်များ ထင်နေတာ လား။ မဖြစ်နိုင်ဘူး ကောင်းမင်းမြတ်"

"မင်းက ဒါဆို ငါ့ကို ဘာလုပ်ချင်နေတာလဲ"

"ရှင်လည်း ကျွန်မချစ်သူ သေသလို ပြန်သေမှ ကျေနပ်နိုင်မှာ"

"မင်းရူးနေပြီ"

သူမ ပြောနေသမျှ အရာတွေကို ကျွန်တော် မယုံနိုင်ပါ။ ဘယ်လို ဖြစ်နိုင်မှာလဲ။ ကျွန်တော့်ကို ချစ်ခင်ပါတယ်ဆိုပြီး လက်ထပ်ခဲ့သော မိန်းမ တစ်ယောက်က ဆိုးရွားသည့် တခြားရည်ရွယ်ချက်တစ်ခုဖြင့် အခုလို ကျွန် တော့်ဘေးနားမှာ ရှိနေခဲ့တယ်ဆိုတာ ဘယ်လိုမှ မယုံနိုင်။

"ဟုတ်တယ် ကျွန်မ ရူးမတတ် ခံစားခဲ့ရတယ်၊ ကျောင်းအတူတူ တက်နေရင်းကနေ သူ့အမေဆုံးလို့ မြန်မာပြည်ခဏပြန်သွားခဲ့တဲ့ ချစ်သူကပါ ကားတိုက်ခံရလို့ ပွဲချင်းပြီး သေဆုံးသွားပြီဆိုတဲ့သတင်းကို ကြားလိုက်ရတည်း က ကျွန်မ ရူးသွားတာ၊ အဲဒါတွေအားလုံးက ရှင့်ကြောင့်ပဲလေ"

ပြောနေရင်းနှင့် အသံများ တိမ်ဝင်ကာ သူမ ငိုသည်။ ကျွန်တော် ဘာလုပ်ရမှာလဲ။ ဒါတွေအားလုံးဟာ ရုပ်ရှင်ဆန်ဆန် ဖြစ်ပျက်နေခဲ့တာ။ ကျွန်တော့်ကို အိပ်မက်ဆိုးတစ်ခုလို နှောင့်ယှက်နေခဲ့တာ။ နတ်မိမယ် ပြော သမျှ အားလုံး အမှားတွေပါလို့ ကျွန်တော် စိတ်ထဲကနေ အကြိမ်ကြိမ် ငြင်းဆန်နေမိသည်။

"ငါ မသိဘူး နတ်မိမယ်၊ ငါ ဘာမှမသိခဲ့ဘူး"

"ရှင်က ဘယ်သိမလဲ၊ ရှင့်ရဲ့မျက်လုံးတွေ ကန်းသွားခဲ့တာကို ကမ္ဘာကြီးတစ်ခုလုံး ဆုံးရှုံးသွားခဲ့သလို စိတ်ဓာတ်တွေကျပြနေခဲ့တာပဲ။ ကျွန်မကတော့ ဘယ်တော့မှ အသက်တစ်ချောင်း ဆုံးရှုံးခဲ့ရတဲ့ လူတစ်ယောက်ကို ရှင်တို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချင်းမစာပေးခဲ့ဘူးလေ၊ ရှင် ကြုံရတဲ့ဒုက္ခကို သိပ်ကြီးတယ်လို့ ထင်နေ ခဲ့တာမဟုတ်လား''

သေဆုံးသွားတဲ့လူတစ်ယောက်ဟာ ဆင်းရဲဒုက္ခတွေ ချုပ်ငြိမ်းသွား ခဲ့တာမဟုတ်လား။ အသက်ရှင်ကျန်ရစ်ရင်း ဝေဒနာကို ခံစားနေရသည့်လူက မှ ဝဋ်ဒုက္ခကြီးတာ၊ ကျွန်တော် အမြဲတမ်း မှတ်ယူထားခဲ့တာ ကိုသို့သာ ဖြစ်သည်။ ထို့ကြောင့်လည်း ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကျွန်တော် အကြိမ်ကြိမ် ကြိုးစားခဲ့ခြင်း။

''တကယ်ဆိုရင် ရှင် သေသွားရမှာ''

ငိုသံစွက်နေသော နတ်မိမယ်အသံက ကြောက်မက်ဖွယ်ကောင်း အောင် ကျယ်ကျယ်လောင်လောင် ထွက်လာသည်။

''ငါ့ကိုယ်ငါ သတ်သေဖို့ ခဏခဏ ကြိုးစားခဲ့ပါတယ် နတ်မိမယ် အသက်ရှင်ရက်နဲ့ ခံနေရတဲ့ ဝဋ်ဆင်းရဲက ပိုကြီးတယ်လို့ ငါထင်တဲ့အတွက် ငါ သေချင်ခဲ့တယ်''

''ဒါဆိုလည်း ရှင် ဘာလို့ သေမသွားတာလဲ၊ ရှင် သေသွားရမှာ ကျွန်မ ချစ်သူ သေသွားခဲ့သလိုမျိုး ရှင်လည်း သေသွားခဲ့ရမှာ''

သူမ နာနာကျင်ကျင် အော်သည်။ ကျွန်တော်ကတော့ ဒီနေရာ ကနေ အဝေးဆုံးကိုသာ အမြန်ဆုံးရောက်ချင်နေသည့်သူမို့ ခြေလှမ်းများ ရှေ့သို့သာ လှမ်းလိုက်၏။ သို့သော် နောက်ဖက်ကနေ သူမ လှမ်းဆွဲထား သောကြောင့် ကျွန်တော် ရှေ့ဆက်မရ ဖြစ်နေသည်။

''သေချင်ခဲ့ပါတယ်ဆိုတဲ့ ရှင့်ဆန္ဒ ပြည့်ဝအောင် ကျွန်မ ကူညီ ပေးဖို့ အနားမှာ ရောက်နေခဲ့တာ ကောင်းမင်းမြတ်၊ ရှင့်မျက်လုံးတွေ အလင်း ပြန်ရတော့မယ်ဆိုတာ ကျွန်မအတွက် သတင်းဆိုးပဲ၊ အဲဒါကြောင့်လည်း ဒီခရီးကို ကျွန်မဖန်တီးခဲ့တာ၊ ရှင့်မျက်လုံးတွေ ဘယ်တော့မှ ခွဲစိတ်ခွင့်





စေရဘူး''

''မင်း၊ မင်း ဘယ်လိုပြောလိုက်တာလဲ''

''ဟုတ်တယ် ရှင့်မျက်လုံးတွေ မခွဲစိတ်ရသေးခင်မှာပဲ ရှင် သေဆုံး သွားတယ်ဆိုတာမျိုးဖြစ်အောင် ဒီခရီးကို ကျွန်မ အကောင်အထည်ဖော်ခဲ့ တာ''

''မင်း တကယ်ရူးနေပြီ''

''မချစ်မနှစ်သက်ဘဲနဲ့ ရှင့်လိုလူတစ်ယောက်နားမှာ နေနေခဲ့တာ တွေက ဒီလိုနေ့ကို ရောက်ဖို့အတွက်ပဲ၊ ရှင့်အသက်ကို ကျွန်မ ပြန်ယူနိုင်ဖို့ အတွက်ပဲ''

''မင်းမှားနေပြီ နတ်မိမယ်''

''ရှင့်မှာ ဒီလိုစကားမျိုးတွေကလွဲရင် ပြောစရာမရှိတော့ဘူးဆိုတာ ကျွန်မ သိပါတယ် ဟင်း ဟင်း''

ကျွန်တော့်လက်များကို တင်းကျပ်နေအောင် ဖမ်းဆုပ်ထားရင်း သူမ စိတ်ရှိလက်ရှိ ပြောနေသည်။

''လူတစ်ယောက်ရဲ့ အသက်ကို နုတ်ယူဖို့ ကြိုးစားတယ်ဆိုတာ လွယ်ကူတဲ့ကိစ္စတစ်ခုလို့ မင်းထင်နေလား''

''တခြားလူဆိုရင်တော့ မသိဘူး။ ရှင့်လို မျက်စိမမြင်တဲ့လူတစ် ယောက်ရဲ့အသက်ကို နုတ်ရတာတော့ လွယ်ကူလိမ့်မယ်လို့ ကျွန်မ ထင် တယ်''

နတ်မိမယ် ဆုပ်ကိုင်ထားသော ကျွန်တော့်လက်များကို ရုန်းပစ် လိုက်သည်။ လွတ်ထွက်သွားသည်နှင့် ကျွန်တော့်တည့်တည့်ကို စွတ်ပြေး မိ၏။ သို့သော် နောက်ကနေ ထပ်ချပ်မကွာ ပါလာသော နတ်မိမယ်က ကျွန်တော့်အကျႌလည်ပင်းကို ဆောင့်ဆွဲလိုက်သောကြောင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မြေကြီးပေါ်သို့ ပုံပျက်ပန်းပျက် ပြုတ်ကျသွားသည်။

"ရှင် ဘယ်ကိုပြေးဖို့ ကြိုးစားနေတာလဲ"

"မင်း ငါ့ကို အခုလွှတ်ပေး"

"မလွှတ်ပေးနိုင်ဘူး။ ဒီလိုအချိန်ကို လိုချင်လွန်းလို့ ကျွန်မ ရှင့်ကို အကောင်းဆုံးတွေ ဆက်ဆံပေးခဲ့တာ ကောင်းမင်းမြတ်၊ ခုကျမှ လွှတ်ပေးရမယ်ဆိုတာ ဟင်း ဟင်း ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ"

သူမရဲ့စကားသံတွေ ရယ်မောသံတွေ အားလုံးဟာ နူးညံ့ချိုသာသော နတ်မိမယ်ဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ပုံရိပ်ကို ဝါးမြိုပစ်လိုက်ပြီ ဖြစ်သည်။ ခုတော့ ကြောက်စရာကောင်းသော အမုန်းအာဃာတတွေဖြင့် ပြည့်နှက်နေသည့် မိန်းမတစ်ယောက် ကျွန်တော့်မျက်စိရှေ့တည့်တည့်မှာ ရောက်ရှိနေ၏။

"မိန်းမတစ်ယောက်အနေနဲ့ ချစ်ပါတယ်ဆိုတဲ့စကားကို စပြောပြီး လက်ထပ်ဖို့ကိုပါ မရမက စီစဉ်ခဲ့တာ၊ အဲဒီအတွက် နင့်ကိုယ်နင် သိပ်များ အထင်ကြီးနေခဲ့တာလား ကောင်းမင်းမြတ်၊ နင် သိပ်မှားခဲ့တာပေါ့၊ ငါ့ကို လက်ထပ်ချင်လာအောင် နင့်ကိုတမင်တကာ ဆင်ခဲ့တဲ့ ထောင်ချောက်တွေချည်းပဲ၊ နင့်နားမှာ အနီးကပ်ရှိနေပြီး ဒီလိုနေ့မျိုးကို စောင့်နေခဲ့တာ"

ကျွန်တော့်လည်ပင်းများဆီ ရောက်လာသော တင်းကျပ်သည့် သူမ လက်များ။ လက်နှစ်ဖက်လုံးရဲ့အားကို အစွမ်းကုန်သုံးပြီး လည်ပင်းညှစ်ခံထားရသောကြောင့် ကျွန်တော် အသက်ရှူကျပ်လာသည်။ အဲဒီလက်များကို ဘယ်လိုမှဖယ်ပစ်လို့ မရနိုင်တော့ဘူးလို့ ထင်မှတ်ရလောက်အောင်ပဲ။

"နင်တို့ လုပ်ငန်းနှစ်ပတ်လည်ပွဲမှာ နင့်ကုတ်ပေါ်ကို အချိုရည်တွေ မှောက်အောင်လုပ်ခဲ့တာကစပြီး အားလုံးဟာ ငါကိုယ်တိုင် ဖန်တီးထားတဲ့ ဇာတ်လမ်းပဲ၊ ခုတော့ နင့်ကို လက်စားချေခွင့်ရပြီ ဟား ဟား ဟား"





တင်းသထက်တင်းလာသော လက်များ။ ကျွန်တော် တကယ်ပင် အသက်မရှုနိုင်တော့။ မျက်လုံးများပင် ပြာဝေလာသည်။ သို့သော် ကျွန်တော် မသေချင်သေးပါ။ ဒီလိုနည်းနဲ့တော့ အရှုံးမပေးနိုင်သေး။ နောက်ဆုံး ကျန်ရှိနေသော လက်ကျန်အင်အားလေးကို အသုံးချပြီး နတ်မိမယ်ရဲ့ပခုံးများကို ဆောင့်တွန်းပစ်လိုက်သည်။

ကံကောင်းထောက်မစွာပင် ဒီတစ်ခါတော့ ကျွန်တော် အောင်မြင်သွား၏။ တွန်းထုတ်ပစ်လိုက်သော အရှိန်ကြောင့် ကျွန်တော်တို့နှစ်ယောက်လုံးမြေကြီးပေါ် ပြုတ်ကျသွားသည်။ သူမဘက်မှ ဒုတ်ခနဲ ဆောင့်မိသံကိုပင် ကျွန်တော် ကြားလိုက်ရ၏။ လဲပြိုနေသော ခြေထောက်များကို အတင်းပြန်မတ်မတ်ရပ်လျက် ဒီနေရာကနေ အမြန်ဆုံး ထွက်ပြေးဖို့ ကျွန်တော် ကြိုးစားလိုက်သည်။

ကျွန်တော် ရှေ့သို့ ခြေလှမ်းသုံးလေးလှမ်းမျှ လှမ်းပြီးသော်လည်း နောက်ဘက်ကနေ သူမအသံတစ်စုံတစ်ရာမှ ထပ်ထွက်မလာသောအခါ နည်းနည်းတော့ ဇဝေဇဝါ ဖြစ်သွားမိသည်။

"နတ်မိမယ်"

ဘာတုံ့ပြန်မှုမှ မကြားရ။ လှုပ်ရှားမှုသေးသေးလေးမျှပင် မရှိသလို မျိုး ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျွန်တော့်ခြေလှမ်းများကို နောက်သို့ ပြန်လှည့်လိုက်မိ၏။ သူမရှိရာဆီ စိတ်ဖြင့်ခန့်မှန်းလျက် တဖြည်းဖြည်းချင်း လျှောက်သွားလိုက်သည်။ မြေကြီးပေါ် ပြုတ်ကျနေသော ကျွန်တော့်လက်ကိုင်တုတ်လေးကို ခြေထောက်များဖြင့် စမ်းမိသောကြောင့် ကောက်ယူထားလိုက်သည်။

ထိုတုတ်ချောင်းလေးဖြင့် မြေကြီးကို စမ်းသပ်ရှာဖွေသောအခါမှ နတ်မိမယ်ကို ကျွန်တော် တွေ့ရှိခဲ့ခြင်း။ မြေကြီးပေါ် လဲကျနေသော နတ်မိ



www.burmeseclassic.com

မယ်ဟာ မလှုပ်မယှက်ဖြင့် ငြိမ်သက်နေခဲ့သည်။ ကျွန်တော် ချက်ချင်း
သူမဘေးမှာ ထိုင်ချလိုက်၏။

"နတ်မိမယ် ဟေး နတ်မိမယ် ငါ့အသံ ကြားလား"

တုတ်တုတ်မျှပင် မလှုပ်။ ကျွန်တော် စိတ်ပူသွားမိသည်။
မကြာခင် မိနစ်ပိုင်းလောက်တုန်းက ကျွန်တော့်အသက်ကို ရန်ရှာထားခဲ့
မိန်းကလေးဆိုသည့်အတွေးတွေလည်း ကျွန်တော့်ထံမှာ မရှိတော့။
ကျွန်တော် စိတ်ပူနေမိတာ ကျွန်တော့်ဇနီးတစ်ယောက်ကိုသာ ဖြစ်

ကျွန်တော့်လက်များဖြင့် ဦးခေါင်းပိုင်းကို စမ်းသပ်မိချိန်မှာ
တောင် ထိတ်လန့်တုန်လှုပ်မိသေးသည်။ လက်ချောင်းများမှာ ပေ
သော စေးကပ်ကပ် အထိအတွေ့။ ဒါ ဒါ သွေးတွေများလား။

"ဟင် မောင်ကောင်းမင်း။ ဒါ ဘယ်လိုတွေဖြစ်တာလဲ၊ သ
ကရော ဘယ်လိုဖြစ်တာလဲ"

ထိတ်ထိတ်ပျာပျာ ဖြစ်နေသော အသံနှင့်အတူ အနားသို့
ရောက်လာသည်။

"ဦးတိုး လုပ်ပါဦး။ သူ့ခေါင်း တစ်ခုခုနဲ့ ထိသွားတယ်နဲ့တူ

"ဟုတ်တယ် မောင်ကောင်းမင်းရေ၊ ဒီဘေးက ကျောက်
ထိမိသွားတာပဲ၊ ဘယ်လိုဖြစ်ကြတာတုန်း"

ပထမတော့ အမှန်အတိုင်း ဖြေမိမလို ဖြစ်သွားသေး

"ဒီတိုင်းပဲ ခြေချော်သွားတာပါ ဦးတိုး။ အရှိန်တော်တော်
တယ်နဲ့တူတယ်"

နောက်ဆုံးတော့ ကျွန်တော် လိမ်ညာလိုက်မိပါသည်။
အမှန်အတိုင်းတွေ ပြောလိုက်ရင် ပိုပြီးဇာတ်လမ်းရှုပ်သွားတာကလွဲလို့
ထူးဖြစ်မလာနိုင်ပါ။





"မမကြီးက မောင်ကောင်းမင်းတို့ဆီ ဖုန်းခေါ်တာ မရလို့ဆိုပြီး
တိုးတို့ဆီ လှမ်းဆက်တာ၊ သူ ပြန်လာနေပြီ၊ သားကိုလည်း အားလုံး
ဆင်သင့်လုပ်ထားပါဆိုပြီး ခဏနေရင်တော့ ထပ်ခေါ်ဦးမယ်နဲ့တူတယ်"

ကျွန်တော့်ဖုန်းကို အခန်းထဲမှာထားပြီး ဒီတိုင်း ထွက်လာခဲ့မိတာ
သတိရသည်။ နေပါဦး ခုချိန်မှာ ဒီကိစ္စက အရေးကြီးတာမှ မဟုတ်ဘဲ။
တ်မိမယ် တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်စိတ်တို့က ကျွန်တော့်ရင်ထဲမှာ ပြည့်
တ်နေသည်။

"ကျွန်တော်တို့ မယ့်ကို ဆေးရုံ မြန်မြန်ပို့မှဖြစ်မယ်၊ ဦးတိုး ကျွန်
တော့်ကို ကူညီပါဦး"

"ရန်ကုန်ကိုပဲ သွားမှာလား မောင်ကောင်းမင်း"

"လောလောဆယ်တော့ ဒီက ဆေးရုံပဲ သွားကြတာပေါ့၊ သိပ်
ကြီးကြီးမားမားလည်း ဟုတ်ချင်မှဟုတ်မှာပါ"

ပြောသာပြောလိုက်ရသည်။ ကျွန်တော့်ရင်ထဲမှာ နတ်မိမယ်အ
ဘာ ဗလောင်ဆူနေအောင် စိတ်ပူပန်နေမိတာကိုတော့ ကျွန်တော်ကိုယ်တိုင်
သိပါသည်။ ကိုယ့်အသက်အန္တရာယ်ကို ရန်ရှာခဲ့သော အကြံကြီးသည့်
တစ်ယောက်အဖြစ် လုံးဝမမြင်နိုင်ဘဲ သူမ တစ်ခုခုဖြစ်သွားမှာကိုသာ
တ်ပူနေမိသော ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြမိပါရဲ့လေ။

■ ■ ■

ဒဏ်ရာကိုဆယ့်နှစ်ချက် ချုပ်လိုက်ရသည်။ ခုဆိုရင် သူမ သတိ
နေခဲ့တာ လေးနာရီကျော်သွားခဲ့ပြီ။ ဒီလောက်အကြာကြီး သတိမေ့နေ
တာ ကောင်းသောလက္ခဏာတစ်ခုမဟုတ်ဘူးဆိုတာ ကျွန်တော် သိပါ
သည်။

"မမကြီးဆီက ဖုန်းလာနေတယ် မောင်ကောင်းမင်း"

www.burmeseclassic.com



ဦးတိုးလှမ်းပေးသော ဖုန်းလေးကို ကျွန်တော် စိတ်မပါစွာ လှမ်းယူလိုက်ရသည်။

"ဦးတိုး ပြောပြလို့ မေမေ သိရတယ် သား၊ သမီးလေး အခြေအနေ ဘယ်လိုလဲ"

"ခေါင်းကတော့ ဆယ့်နှစ်ချက်ချုပ်လိုက်ရတယ်၊ သတိလည်း မရသေးဘူး မေမေ၊ ငါးနာရီနီးပါးလောက် ဖြစ်နေပြီ"

"နွယ့်ကိုရော အကြောင်းကြားပြီးပြီလား"

"အကြောင်းကြားပြီးပါပြီ၊ ဒီကို လိုက်လာမယ်လုပ်နေလို့ သားတားထားရတယ်၊ ခဏနေရင် မယ့်ကိုရန်ကုန်ပြန်ခေါ်လာမှာမို့ အဲဒီကပဲ စောင့်ဖို့ ပြောထားတယ်"

"အင်း ကောင်းတယ် သား၊ ရန်ကုန်မှာဆိုတော့ မေမေတို့ အသိ ဆရာဝန်တွေပေါတယ်လေ၊ စိတ်ချရအောင် အပ်ထားခဲ့ပြီး သားလည်း ထွက်လာခဲ့လိုက်လို့ ရတာပေါ့"

"ဗျာ ဘာကိုလဲ မေမေ"

ကျွန်တော် ကြောင်တောင်တောင်နှင့် ပြန်မေးမိသည်။

"မေမေ အခု လေဆိပ်မှာ သား၊ ခဏနေရင် မြန်မာပြည်ပြန်လာပြီး သားကိုခေါ်မယ်လေ၊ ဒီမှာ အားလုံး စီစဉ်ပြီးသွားပြီ၊ ငါ့သားလေး မကြာခင်မှာ အလင်းရောင်ကို ပြန်မြင်နိုင်တော့မယ်"

ယူအက်စ်နဲ့မြန်မာပြည်ကို မေမေက ခဏလေးအတွင်း သွားလာနိုင်သော ခရီးတစ်ခုလို ပြောသည်။ ကျွန်တော့်မျက်စိတွေ ပြန်မြင်နိုင်တော့မှာမို့ ဝမ်းသာလုံးဆို့ပြီး ဒီလောက်ခရီးရှည်ကြီး သွားလာနေရတာကို ပင်ပန်းတယ်လို့ မေမေ ထင်ပုံမပေါ်။ ကာယကံရှင်ဖြစ်သော ကျွန်တော့်မှာသာ ပျော်သင့်သလောက်မပျော်နိုင်ဘဲ ရင်ဘတ်ထဲမှာ ဆို့နင့်ကြေကွဲနေ၏။





နတ်မိမယ်သာ သတိပြန်မလည်လာရင် ဘယ်လိုလုပ်ကြမလဲ။ သတိပြန်ရလာခဲ့ရင်ရော ကျွန်တော်တို့နှစ်ယောက်ရဲ့ ဇာတ်လမ်းက ဘယ်လိုတွေများ ရှေ့ဆက်ရမှာလဲ။ သူမက ကျွန်တော့်ကို သေစေချင်တယ်တဲ့။ ကျွန်တော့်မျက်လုံးတွေ ပြန်မြင်နိုင်မှာကို မလိုလားဘူးတဲ့။

"သားလေး မေမေပြောတာကို နားထောင်နေရဲ့လား"

"ဗျာ ဟုတ် မေမေ၊ သား နားထောင်နေပါတယ်"

"ရန်ကုန်ကို ပြောင်းမယ်ဆိုရင်လည်း အမြန်ဆုံး လုပ်လိုက်တော့ သား။ သတိပြန်မလည်လာသေးဘူးဆိုတော့ ဒီမှာ ဓာတ်မှန်တွေဘာတွေလည်း ရိုက်ကြည့်ပြီး သေချာစစ်ဆေးရမယ် မဟုတ်လား။ နွယ်လည်းရှိနေတော့ ပိုအဆင်ပြေတယ်"

"ဟုတ်ကဲ့ပါ မေမေ၊ ကျွန်တော်တို့လည်း ခဏနေရင် ထွက်လာဖို့ ပြင်ဆင်နေပါတယ်"

"တိုးကြီးကို သေချာလိုက်ပို့နိုင်းလိုက်နော်၊ ပြီးမှ ခြံထဲပြန်နိုင်း"

"ဟုတ် ဦးတိုးလည်း ရန်ကုန်ထိ ပါလာမှာပါ"

ကျွန်တော်တို့ ရန်ကုန်ပြန်ရောက်ပြီး နောက်တစ်နေ့ညနေမှာ မေမေလည်းရောက်လာခဲ့သည်။ ထိုအချိန်ထိ သတိမရသေးသော မယ့်နားကနေ ကျွန်တော် တစ်ဖဝါးမှ မခွာဖြစ်သေး။

"နွယ်တော့ စိတ်ဆင်းရဲလို့ သေသာသေချင်တော့တာပဲ မမြတ်ရယ်"

မေမေ့ကိုမြင်သည်နှင့် မယ့်မာမီက ဖက်ငိုသည်။ အမှန်ကို ဝန်ခံရရင် ကျွန်တော်ကိုယ်တိုင်လည်း အန်တီနွယ့်ထက်မလျော့သော စိုးရိမ်မှုများဖြင့် ရင်ထဲမှာ ဗလောင်ဆူနေတာပါ။ ကြီးကြီးမားမား ခတ်ရာမဟုတ်ပေမယ့် ဦးခေါင်းကို ထိခိုက်သွားတာမို့ မျှော်လင့်မထားသော တစ်ခုခုဖြစ်သွားမှာကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူမိသည်။

"ဒါနဲ့ သားမျက်လုံးတွေ ခွဲစိတ်ဖို့ မမမြတ် စီစဉ်ခဲ့တာ အဆင်ပြေရဲ့လား"

"ပြေပါတယ်နွယ်ရယ်၊ ဒီတစ်လျှောက်လုံး သားက တင်းခံနေခဲ့လို့သာ ခွဲစိတ်ဖို့ကိစ္စက ကြန့်ကြာနေခဲ့တာလေ"

"အင်းလေ သားလေး မျက်လုံးတွေ ပြန်မြင်ခွင့်ရတော့မယ့် ဝမ်းသာစရာသတင်းကို သမီးလေးက နားမထောင်နိုင်ဘူးဖြစ်နေတယ်"

ယောက္ခမက ရိုးရိုးသားသားပြောပေမယ့် ကျွန်တော်ကတော့ သက်ပြင်းကိုသာ အခါခါ ချနေမိသည်။ သမီးဖြစ်သူရဲ့ရင်ထဲက အငြိုးတွေ အမုန်းတွေကို အန့်တီနွယ် သိပုံမပေါ်ပါ။

"သားလေးလည်း ဒီနေ့ အိမ်ပြန်လိုက်တော့လေ၊ ဒီမှာ လူတွေ ရှိနေတာပဲ၊ နာ့စ်လည်း ရှိတယ်၊ ဘာမှစိတ်ပူမနေနဲ့၊ ခရီးသွားဖို့ အေးအေးဆေးဆေး အနားယူသင့်ပြီ"

"ဟုတ်ကဲ့ပါ မာမီ"

မဖြစ်မနေမို့သာ မေမေနဲ့အတူ အိမ်ပြန်လိုက်လာရပေမယ့် ကျွန်တော့်စိတ်များကတော့ နတ်မိမယ်နားမှာသာ ကျန်နေရစ်ခဲ့သည်။ သူမ သတိပြန်ရလာမယ်ဆိုရင် ကျွန်တော့်ကို သေအောင်ပဲ မုန်းနေပါစေဦး။ ထိုအမုန်းကို ခံယူဖို့ထိ ကျွန်တော် ပြင်ဆင်ထားပြီးပါပြီ။

■ ■ ■

ကျွန်တော်နဲ့မေမေ မြန်မာပြည်ပြန်ရဖို့ ရက်နီးကပ်လာပြီးမှ ပြင်ဆင်စရာရှိသည့် အထုပ်အပိုးများအားလုံး ပြင်ဆင်ပြီးချိန်မှာ အတူပါလာသော ကိုဓွေး အခန်းထဲ ဝင်လာသည်။

"ဒေါက်တာနိုင်ကျော်တို့အိမ်က ဖိတ်စာတစ်စောင်ရောက်လာပါတယ်"



"ဪ ဟုတ်တယ် ကိုဓွေးရေ စားပွဲပေါ် တင်ခဲ့လိုက်ပါ"

ကိုဓွေး စားပွဲပေါ် တင်ထားခဲ့သော ဖိတ်စာအပြာနုရောင်လေးကို ကျွန်တော လှမ်းယူလိုက်သည်။ နောက်နှစ်ရက်အကြာမှာ ကျင်းပမယ့် ဒေါက်တာနိုင်ကျော်တို့ ဇနီးမောင်နှံ၏မင်္ဂလာနှစ်ပတ်လည် အခမ်းအနားသို့ ဆက်ရောက်ပါရန် ဖိတ်ကြားစာဖြစ်သည်။

"ကိုနိုင်ကျော်တို့ မင်္ဂလာနှစ်ပတ်လည်ဖိတ်စာ မဟုတ်လား သား"

"ဟုတ်တယ် မေမေ"

"မေမေ့ကို မနက်ကပဲ ဖိတ်စာပို့နိုင်းလိုက်မယ့်အကြောင်း ဖုန်းဆက်ပြောထားတယ်လေ"

"ဪ ဟုတ်၊ သားတို့သွားရမှာပေါ့နော်"

ကျွန်တော့်မျက်လုံးများ အကောင်းပကတိ ဖြစ်အောင် ခွဲစိတ်ပေးခဲ့သော ဆရာဝန်ကြီးလင်မယားပွဲမို့ ကျွန်တော် သွားဖို့သင့်ပါသည်။ ဒါပေမဲ့ စိတ်တို့က မြန်မာပြည်ကိုသာ အမြန်ဆုံး ပြန်ချင်နေ၏။

"သွားရမှာပေါ့ သားရယ်၊ ဒီပွဲအတွက်ကို မေမေတို့ ရက်နည်းနည်း ဆင်နေနေတာပဲလေ"

"အမှန်အတိုင်းဆိုရင်တော့ သားက မြန်မာပြည်ကို အမြန်ဆုံး ပြန်ချင်လှပြီ"

"ဘာဖြစ်လို့လဲ သား၊ သမီးလေးကြောင့်လား"

"ဟုတ်တယ် မေမေ၊ ခုဆို သားတို့ထွက်လာတာ တစ်လကျော် သွားပြီ၊ မယ် ခုချိန်ထိ သတိမရသေးဘူးဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး မဟုတ်လား"

"ဪ သားရယ်၊ မေမေတို့ တစ်ရက်လောက် စောပြန်ရောက်လို့

www.burmeseclassic.com

www.burmeseclassic.com



လည်း သမီးလေးက သတိပြန်ရလာမှာမှ မဟုတ်တာ၊ ပြီးတော့ ကိုနိုင်ကျော်တို့က သားကို တကယ့်တူသားအရင်းလေးလို သဘောထားကြတာလေ၊ သူတို့ပွဲကိုတော့ သား ကိုယ်တိုင်တက်သင့်ပါတယ်''

''ဒေါက်တာနိုင်ကျော်ကို သား တကယ်ပဲ ကျေးဇူးတင်ပါတယ် မေမေ၊ ဒါပေမဲ့''

''ဘာမှမပြောပါနဲ့တော့ သား၊ မေမေ မျက်နှာမပျက်ချင်ဘူး၊ အဲဒီပွဲပြီးတဲ့ညမှာပဲ မေမေတို့ မြန်မာပြည်ပြန်ကြတာပေါ့''

ကျွန်တော် ဘာမှထပ်မပြောနိုင်တော့ဘဲ နှုတ်ပိတ်ထားလိုက်ရသည်။

မျက်လုံးများ ပြန်မြင်ခွင့်ရတည်းက ကျွန်တော် အရင်ဆုံးတွေ့မြင်ခွင့်ရချင်ခဲ့သော မျက်နှာလေးက မယ့်မျက်နှာသာ ဖြစ်၏။ မေမေ့ဖုန်းထဲမှာလည်း မယ်နဲ့ပတ်သက်သော ဘာဓာတ်ပုံမှမရှိ။ ကျွန်တော်က မြင်ချင်လှပြီး မြန်မာပြည်ကို အမြန်ဆုံး ပြန်ချင်နေရသည့် အဓိကအချက်တွေထဲမှာ မယ့်ကို တွေ့မြင်ခွင့်ရချင်တာကလည်း ထိပ်ဆုံးနားလောက်မှာ ရှိ၏။

ဒါပေမဲ့ မယ့်အသံလေးကိုတော့ ကျွန်တော် ကြားခွင့်ရမည်မဟုတ်ပါ။ ခေါင်းကို ကျောက်ခဲနှင့်ရိုက်မိသွားသည့်အရှိန် ဘယ်လောက်တောင်ပြင်းထန်သွားလို့ ခုချိန်ထိ မယ် သတိမရသေးဘဲ ရှိနေတာလဲ၊ သတိရလာရင်ရော ကျွန်တော့်ကို မုန်းတီးစိတ်များဖြင့် သူမ ဘယ်လိုတုံ့ပြန်မှာလဲ။

သူမ မုန်းတီးသည့်လူက ကိုယ်ပိုင်မျက်လုံးများဖြင့် သူမကို ပြန်ကြည့်နေမှန်း သိသောအခါ အရင်တုန်းက အမုန်းတွေထက် ပိုပြီး မုန်းတီးသွားမှာလား။ အဲဒီလို ဆိုးဆိုးရွားရွားတွေ တွေးမိခဲ့ရင်တော့ ကျွန်တော့် မြန်မာပြည်ကို ပြန်ချင်စိတ်များ ပျောက်ဆုံးကုန်ရသည်။

နတ်မိမယ်ထံမှ ချိုသာသော အသံလေးဖြင့် ကျွန်တော့်နားမှာ





အမြဲရှိနေတာကိုသာ ကျွန်တော် လိုချင်ပါသည်။ သူမထံမှ အမုန်းတရားတွေ အပြီးအဝေးတွေကို ကျွန်တော် မလိုချင်၊ ကျွန်တော့်ကို သတ်ပစ်ချင်လောက်အောင်ထိ မုန်းတီးနေခဲ့သော သူမ၏စိတ်ကို ကျွန်တော်ကြောက်နေမိတာတော့ အမှန်ပါ။

■ ■ ■

''ဒါ ကျွန်တော့်အငယ်ဆုံးသမီးလေးလေ၊ ထက်ထက်ငယ်တဲ့''

ဒေါက်တာနိုင်ကျော်က သူ့နားမှာ ရပ်နေသော လှတပတ ကောင်မလေးတစ်ယောက်နှင့် ကျွန်တော်တို့သားအမိကို မိတ်ဆက်ပေးသည်။

''သမီးလေးတောင် ဒီအရွယ်ရောက်သွားပြီနော်''

''ဟုတ်တယ် မမမြတ်တို့နဲ့ မြန်မာပြည်မှာ ဆုံတုန်းက ငါးနှစ်အရွယ်ပဲရှိသေးတာလေ၊ ခုတော့ ရှေ့လကျရင်ပဲ အသက်နှစ်ဆယ်ပြည့်တော့မယ်''

မေမေနဲ့ဒေါက်တာနိုင်ကျော်က ထိုကောင်မလေးအကြောင်းကို ဆက်မဝင် ပြောနေကြသည်။ ကျွန်တော်ကတော့ ဝိုင်ဖြူတစ်ခွက်ကိုကိုင်ပြီး ကုလားထိုင်တစ်လုံးနှင့် ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက် ထိုင်နေသည်။

''သမီးလေးနဲ့ မိတ်ဆက်ပေးဦးမယ်၊ ဒါက အန်တီမြတ်ရဲ့တစ်ဦးတည်းသောသား ကောင်းမင်းမြတ်တဲ့''

''ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ကိုကြီး''

ငယ်ငယ်တည်းက အမေရိကားရောက်နေပေမယ့် မြန်မာစကားကိုတော့ ထိုကလေးမ ပီပီသသ ပြောဆိုနိုင်သည်။ အပြုံးချိုချိုလေးဖြင့် ကျွန်တော့်ကို ထာနှုတ်ဆက်နေသောကြောင့် ကျွန်တော်လည်း မကောင်းတတ်၍ ပြုံးပြလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငယ်က နောက်တစ်ပတ်လောက်နေရင် မြန်မာပြည်ပြန်လာမှာလေ"

"ဟုတ်တယ် သားရေ့ အငယ်ဆုံးဆိုတော့ အသွားလုပ်တဲ့သူက မခွဲနိုင်ဘူးလေ၊ အလည်လွှတ်ပေးပါဦးဆိုတာနဲ့ပဲ သွားမှာ"

"သမီးလေးတစ်ယောက်တည်းလား"

"ဟုတ်တယ် အန်တီမြတ်၊ သမီးတစ်ယောက်တည်း"

"ဒီလိုဆို အန်တီတို့အိမ်ကို လာလည်လေကွယ်"

"ဟုတ် လာခဲ့မယ်၊ ဟိုရောက်ရင် ရန်ကုန်မှာလျှောက်လည်ဖို့အတွက်တော့ ကိုကြီးကို အကူအညီတောင်းမယ်နော်"

သွက်လက်ချက်ချာသော ကောင်မလေးက ကျွန်တော့်ကိုကြည့်ပြီး စကားစလာပြန်သည်။ မကောင်းတတ်တာမို့ ကျွန်တော့်မှာ ခေါင်းညိတ်ပြုံးပြရပြန်၏။

"ဒီလိုဆိုရင်တော့ အကောင်းဆုံးပေါ့ကွာ၊ သားကို အားကိုးပါတယ်နော်"

ဒေါက်တာနိုင်ကျော်ကပါ ဒီလိုစကားဆိုလာတော့ ကျွန်တော်သာမန်ကာလျှံကာ အပြုံးမျိုးလောက်နဲ့ တုံ့ပြန်လို့မရတော့ဘဲ

"စိတ်ချပါ အန်ကယ်၊ ညီမလေး သွားချင်တဲ့နေရာတွေအားလုံး ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"ဪ ဒါနဲ့ သားက လက်ထပ်ပြီးသားနော်"

"ဟုတ်ပါတယ် အန်ကယ်"

ထိုမေးခွန်းကိုတော့ ကျွန်တော် အားတက်သရော စိတ်ပါလက်ပါ ဖြေလိုက်ခြင်း ဖြစ်သည်။ ထက်ထက်ငယ်ဆိုတဲ့ ကောင်မလေး နှုတ်ခမ်းစူပြီး မျက်မှောင်ကျုံ့သွားသည်။





"ကိုကြီးက ငယ်ငယ်လေးရှိသေးတာကို ဘာဖြစ်လို့ မိန်းမအစောကြီး ယူလိုက်တာတုန်း"

"ဟဲ့ သမီးရေလေး ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ့်ထက်အကြီးကို"

ထက်ထက်ငယ်ရဲ့မိခင်ဖြစ်သူက ဝင်ဟန့်သည်။ အမေ့စကားကြောင့် ရှေ့ဆက်ဘာမှမပြောတော့ပေမယ့် မျက်နှာလေးစူပုပ်နေတာကပြေလျော့မသွား။

"မြန်မာပြည်ကို ငယ်လာလည်ရင် ကိုကြီးနဲ့ပဲ လျှောက်လည်မှာနော်၊ ကိုကြီးမိန်းမဆိုတာကို မခေါ်နဲ့ သိလား"

သူမ သူငယ်ချင်းတွေ လာခေါ်လို့ ထထွက်သွားချိန်မှာ ကျွန်တော့်နားနားကပ်ပြီး ပြောသွားသော စကား။ အသက်နှစ်ဆယ်ဆိုတာ ရင့်ကျက်နေရမည့်အရွယ်မဟုတ်သေးသော်လည်း ငယ်ရွယ်လွန်းသောအရွယ်လည်း မဟုတ်တော့၊ ကျွန်တော့်ကို ဒီလိုစကားမျိုးတွေ ပြောသင့်မပြောသင့် စဉ်းစားချင့်ချိန်နိုင်သော အနေအထားလောက်တော့ သူမမှာ ရှိမှာပါ။

မျက်နှာလေးကလည်း လိုတာထက်ပိုနုပျို ကလေးဆန်ကာ ဂါဝန်ကားကားလေး ဝတ်ဆင်ထားသော ထက်ထက်ငယ်ဟာ တကယ့် ကလေးလေးတစ်ယောက်လိုပါပဲ၊ နိုင်ငံခြားမှာ ကြီးပြင်းလာရလို့ ရဲတင်းပွင့်လင်းတာလေးကိုသာ ဖယ်လိုက်ရင် သူမ မြန်မာပြည်လာလည်သောအခါ ညီမလေးတစ်ယောက်အနေနဲ့ ကျွန်တော် စောင့်ရှောက်ပေးနိုင်မှာပါလေ။

■ ■ ■

အိမ်ကိုတောင်မပြန်ဘဲ အငှားယာဉ်ဖြင့် လေဆိပ်ကနေတန်းပြီး ဆေးရုံဆီ ကျွန်တော် အပြေးလာခဲ့သည်။ မေမေကတော့ အိမ်ပြန်ရေမိုးချိုးခဏတမြုတ်နားနေပြီးမှ ဆေးရုံကို အတူတူသွားဖို့ ပြောပေမယ့် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ နတ်မိမယ် မျက်နှာလေးကို မြင်တွေ့ချင်နေစိတ်အား ဘယ်လိုမှ ထိန်းမရနိုင်ခဲ့။

ဓာတ်လှေကားကိုတောင် မစောင့်နိုင်ဘဲ ဆေးရုံလှေကားထစ်များကို အပြေးတစ်ပိုင်း တက်လာမိသည်။ မှတ်မိနေသော အခန်းနံပါတ်လေးကို တံခါးဝမှာ မြင်နေရပြီ။ ထိုပိတ်ထားသော တံခါးလေးကို တွန်းဖွင့်ဝင်သွားဖို့အတွက် အသက်တစ်ချက်ပြင်းပြင်းရှူသွင်းလိုက်ရသေးသည်။

တံခါးလက်ကိုင်ဘုလေးကို ညင်သာစွာကိုင်ပြီး ဖြည်းဖြည်းလေး လှည့်ဖွင့်လိုက်သည်။ ကျွန်တော့်အသံကြောင့် နတ်မိမယ်ကို နိုးမသွားစေချင်ပါ။ အင်းလေ တကယ်တော့ မယ် အိပ်ပျော်နေခဲ့တာမှ မဟုတ်ဘဲ။ အမှန်တွေကနေ ခဏအနားယူနေတာသာ ဖြစ်သည်။

အခန်းထဲမှာ ဘယ်သူမှမရှိ။ ခုတင်ထက်မှာ ဆန့်ဆန့်လေး လဲလျောင်းနေသောနတ်မိမယ်တစ်ယောက်တည်းသာ ရှိ၏။ လေဆိပ်ကနေ အခု ဒီအခန်းရှေ့ထိ အပြေးလာခဲ့မိသော ခြေလှမ်းများသည် ခုတော့ ဒီအခန်းဝကနေ နတ်မိမယ်ရှိနေသော ခုတင်ဆီသွားဖို့ကို လေးလံနှေးကွေးနေသည်။

ပုံမှန်ဆို ခြေလှမ်းသုံးလှမ်းလောက်မျှနှင့် ရောက်သွားနိုင်သော အကွာအဝေးကို ခုတော့ ကျွန်တော့်ခြေလှမ်းနစ်ဆယ်လောက် လှမ်းနေရသည်။

မျက်လုံးများထဲ အရင်ဆုံး ဝင်ရောက်လာခဲ့တာက သူမရဲ့နှာတံချွန်ချွန်လေး ဖြစ်သည်။ နောက်တော့ နှုတ်ခမ်းဖူးဖူးလေး၊ အစက်အပြောက်ကင်းစင်သော ပါးပြင်လေးများ။ မှိတ်ထားသော မျက်လုံးများကို ဝန်းရံထားသည့် မျက်တောင်ထူထူလေးတွေ။ အစာသွင်းရသော ပိုက်များရှုပ်ယှက်ခတ်နေတာတောင် သူမ လှနိုင်လွန်းပါသည်။

ဒါဟာ ကျွန်တော်ပိုင်ဆိုင်ထားသော ကျွန်တော့်ဇနီးပါလို့ ဂုဏ်ယူဝင့်ကြွားပစ်ချင်လောက်အောင်ကို မယ် လှပါသည်။ ဒါပေမဲ့ ထိုအလှတရား





များရဲ့နောက်ကွယ်မှာ ကျွန်တော့်ကိုမုန်းတီးခြင်းတွေ ပြည့်နှက်နေခဲ့သည်။ ကျွန်တော့်ကို သေသွားစေချင်သော စိတ်ဆန္ဒများ ပြည့်နေသည်။ ဒီမိန်းကလေး သတိရလာလျှင် ကျွန်တော့်ကို ဘယ်လိုပုံစံတွေနဲ့များ တုံ့ပြန်ဦးမှာလဲ။ ကျွန်တော် မသေသည့်အပြင် မျက်လုံးများပါ အကောင်းပကတိအတိုင်း ဖြစ်နေတာ သူမ တွေ့သွားရင် ဘာတွေဆက်ဖြစ်လာမှာလဲ။

ဒေါသများဖြင့် ပေါက်ကွဲမှာလား။

သူမရဲ့ဒေါသတွေ အမုန်းတရားတွေကို ကျွန်တော် မလိုချင်တော့ပါ ဟိုးအရင် လက်ထပ်ကာစကလို နှစ်ဦးသား အေးအေးချမ်းချမ်းဖြင့်သာ အချိန်တွေကို ဖြတ်သန်းချင်သည်။ အဲဒီအချိန်တွေဟာ ဟန်ဆောင်ခဲ့တာပါလို့ သူမ ဘယ်လောက်ပဲပြောပြော ကျွန်တော့်အတွက်ကတော့ တကယ့်ကို တန်ဖိုးမဖြတ်နိုင်ခဲ့သော အမှတ်တရတွေပါပဲ။

"မယ် ဘာဖြစ်လို့ ဒီလောက်အကြာကြီး အိပ်စက်နေတာလဲဟင်"

နှစ်ကိုယ်စာ ကြားလောက်ရုံလေး ကျွန်တော် ခပ်တိုးတိုးပြောမိသည်။

"ကျွန်တော့်ကို မုန်းလွန်းလို့ ခုလို အိပ်နေတာလား။ ပြန်နိုးလာရင် ကျွန်တော့်မျက်နှာကို မြင်နေရမှာစိုးလို့လား"

ပြောနေရင်းနှင့် ကျွန်တော့်အသံတွေ ဆို့နင့်လာသည်။

"မယ် မဖြစ်စေချင်ခဲ့တာတွေ ဖြစ်လာခဲ့ပြီ မယ်၊ အဲဒီအတွက် ကျွန်တော် စိတ်မကောင်းပါဘူး။ မယ်က ကျွန်တော့်ကို သေစေချင်တယ်၊ ကျွန်တော် မသေခဲ့ဘူး။ ကျွန်တော့်မျက်လုံးတွေ အလင်းရောင်ကို ပြန်မြင်ခွင့်ရမှာ မယ် မလိုချင်ဘူး။ ဒါပေမဲ့ အခု အဲဒီမျက်လုံးတွေနဲ့ပဲ မယ့်ကို ကြည့်ပြီး စကားတွေပြောနေနိုင်တယ်၊ မယ် သိပ်မုန်းနေမှာပဲနော်"

သူမ လက်လေးတစ်ဖက်ကို ကျွန်တော် ဆုပ်ကိုင်လိုက်၏။ နွေး



www.burmeseclassic.com

www.burmeseclassic.com



ထွေးသော လက်လေးများဟာ ကျွန်တော် ပြောသမျှကို သူမ ကြားနေရ
တယ်လို့ သက်သေခံနေသလိုပါပဲ။

"မယ့်ချစ်သူ သေဆုံးသွားခဲ့တဲ့အတွက် ကျွန်တော် ဘာမှမတ
နိုင်ပေမယ့် မယ့်တစ်ဘဝလုံးကို မယ့်ချစ်သူထက်မလျော့တဲ့ ဂရုစိုက်ကြင်နာ
တွေနဲ့ ကျွန်တော်လည်း စောင့်ရှောက်နိုင်ပါတယ်၊ မယ် ကျွန်တော့်
မုန်းချင်သလောက်မုန်းပါ၊ သေစေချင်ရင်လည်း ထပ်ပြီးတစ်ခါ သတ်ပစ်
ရပါတယ်၊ ဒါပေမဲ့ မယ် ပြန်ပြီးနိုးလာဖို့တော့ လိုတယ်နော်"

ပါးပြင်ထက်သို့ စီးကျလာသော မျက်ရည်တစ်စက်ကို ကျွန်တေ
ပန်းစွန်းဖြင့် ပွတ်သုတ်လိုက်သည်။

"ကျေးဇူးပြုပြီး မယ် ပြန်နိုးလာပါတော့နော်"

ကျွန်တော့်စိတ်ထင်ပဲလား၊ တကယ်ပဲလား မသဲကွဲလိုက်ပေ
ဆုပ်ကိုင်ထားမိသော မယ့်လက်ချောင်းလေးများ အနည်းငယ် လှုပ်ရှားသွ
သည်လို့ ကျွန်တော် ခံစားလိုက်ရသည်။

"မယ် ကျွန်တော် ပြောတာတွေ ကြားတယ်မဟုတ်လား"

ထိုင်နေရာကနေ ငုံ့မိုးလျက် မယ့်မျက်နှာလေးကို ကျွန်တေ
အငမ်းမရ ကြည့်မိသည်။ ခုကျတော့လည်း ဘာမှထူးထူးခြားခြား မတွေ့
ပါဘဲ ငြိမ်သက်နေပြန်၏။

"ဟယ် သားလေး၊ ဒီရောက်နေတာလား၊ မာမီက အိမ်တန်း
မယ်လို့ ထင်နေတာ"

အသံနှင့်အတူ အန်တီနွယ် အခန်းထဲရောက်လာသည်။

"မေမေကတော့ အိမ်ပြန်ခဏတဖြုတ် နားပြီးတော့မှ သူနဲ့တူ
ဆေးရုံသွားဖို့ပြောတာပါ၊ ကျွန်တော်က မယ့်ကို တွေ့ချင်လွန်းတာနဲ့ ကို
ဘာသာ ကားငှားပြီး ရောက်လာလိုက်တာလေ"





"မယ်ကလည်း သားကို မျှော်နေမှာပါကွယ်"

သမီးဖြစ်သူမျက်နှာကို ငေးကြည့်ပြီး ဒေါ်စန္ဒာနွယ် ဖွေးဖွေးမြည့်
မြည့် ပြောသည်။ သမီးဖြစ်သူရဲ့ရင်ထဲက ကျွန်တော်နဲ့ပတ်သက်တဲ့ အမုန်း
တရားတွေကို မသိသေးလို့ ပြောနေခြင်းမို့ ကျွန်တော့်မှာ မပြုံးချင်ဘဲနှင့်
မြူပြုံးကြီးလုပ် နားထောင်နေရသည်။

"သားမျက်လုံးတွေ အရင်အတိုင်းပဲ ပြန်ဖြစ်လာခဲ့တယ်နော်၊ အဲဒီ
အတွက် မာမီ သိပ်ဝမ်းသာတာပဲကွယ်၊ ခုချိန်မှာ သမီးလေးလည်း သားနား
မှာရှိပြီး အပျော်တွေကိုတူတူခံစားနေရမှာ"

ပြောနေရင်းနှင့် မျက်ရည်တွေ ကျဆင်းလာသောကြောင့် ကျွန်
တော့်မှာ စားပွဲပေါ်မှ တစ်သျှူးလေး ကမ်းပေးရသေးသည်။ မေမေတောင်
ကျွန်တော့်အတွက် အမြဲစိတ်ပူပန်စိုးရိမ်နေတတ်တာ၊ အန်တီနွယ်လည်း
တ်မိမယ်အတွက် ရင်နဲ့မဆန့်အောင် ဝမ်းနည်းနာကျင်နေမှာပါပဲလေ။

"မာ မာမီ"

အန်တီနွယ်နှင့်စကားပြောနေတုန်း ကျွန်တော့်နားနှင့် ဆက်ဆက်
ကြားလိုက်ရသောအသံ။ ဒါ ဒါ မယ့်အသံမဟုတ်လား၊ ချက်ချင်းပင် မယ့်
ခုတင်ဘေး ပြန်ရောက်သွားပြီး မယ့်မျက်နှာလေးကို ကျွန်တော် ငေးစိုက်ကြည့်
နေမိသည်။ သေချာပါသည်။ ခုနက ကျွန်တော့်နားနဲ့ သဲသဲကွဲကွဲ ကြားလိုက်
သံဟာ မယ့်အသံပါ။

"သား ဘာဖြစ်တာလဲ"

မာမီလို့ ခေါ်လိုက်သံကို ကြားပုံမရသော အန်တီနွယ်က ကျွန်တော့်
ကို မျက်လုံးကြီးပြူးကြည့်ပြီးမေးသည်။

"မာမီလို့ ခေါ်လိုက်တဲ့အသံ ကြားလို့" -

"ဟေ ဟုတ်လား တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက်လုံး မယ့်မျက်နှာလေးကို စိုက်ကြည့် တုန်းမှာပဲ မျက်တောင်လေးတွေ ဖြည်းညင်းစွာ ပုတ်ခတ်ပုတ်ခတ် လုပ် တာကို မြင်လိုက်ရခြင်းဖြစ်သည်။ ကျွန်တော့်နှလုံးခုန်သံတွေ မြန်ဆန်ပ လျက် ဝမ်းသာလုံးဆို့သွားမိသည်။ ဒေါ်စန္ဒာနွယ်လည်း ကျွန်တော့်နည်း ဖြစ်မှာပါ။

"သမီးလေး သတိရလာပြီနဲ့တူတယ်"

"ဟုတ်တယ် မာမီ၊ မျက်လုံးလေးတွေ လှုပ်သွားသလိုပဲ"

"ဒါဆို ဆရာဝန်ခေါ်မှဖြစ်မယ်၊ သား ဒီမှာပဲနေနော်၊ မာမီ ဆရာ ပြေးခေါ်လိုက်မယ်"

ပြောပြောဆိုဆိုပင် ဒေါ်စန္ဒာနွယ်တစ်ယောက် အခန်းထဲက အသည်းအသန် ပြေးထွက်သွားသည်။

ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့တော့မှ သူမ လက်လေး ကို ဆုပ်ညှစ်ကိုင်ထားရင်း

"မယ် သတိရလာပြီလားဟင်၊ ကျွန်တော်ပြောတာတွေကို ကြားခဲ့လား၊ ကြားလို့ သတိရလာတာ မဟုတ်လားဟင်"

သူမ မျက်လုံးလေးတွေ တဖြည်းဖြည်းချင်း ပွင့်လာသည်။ တော် ဝမ်းသာလိုက်တာ။ သူမ ကျွန်တော့်ကို သေလောက်အောင်ပဲ ပါစေဦး။ ခုလိုမျိုးလေး မျက်လုံးများ ပြန်လည်ပွင့်လာခြင်းအတွက် ဘုရားကို ကျေးဇူးအထူးတင်မိပါသည်။

လှလိုက်တဲ့ မျက်လုံးလေးတွေ။ တစ်လကျော်ကျော်လောက် မှိတ်ထားခဲ့ရသော်လည်း ဒီမျက်လုံးလေးတွေရဲ့ တောက်ပမှုက အ လင်းလက်လွန်းပါသည်။

ဒါပေမဲ့ ပထမဆုံးအဖြစ် သတိပြန်လည်လာတဲ့အချိန်မှာ





တွေ့ရတဲ့ မျက်နှာက မင်းသိပ်မုန်းတဲ့ကိုယ့်မျက်နှာဖြစ်နေတဲ့အတွက်တော့ သိပ်မကောင်းပါဘူး နတ်မိမယ်ရယ်။

"မယ် သတိရလာပြီနော်"

တုန်လှုပ်နေသော ရင်အစုံကို မနည်းထိန်းချုပ်ရင်း ကျွန်တော့်အသံ ကို အားယူပြောလိုက်ရသည်။

"အား ခေါင်းတွေကိုက်လိုက်တာ"

တိုးသက်နေသော လေသံလေးဖြင့် မယ် ပြောသည်။ ဆရာဝန် လည်း ခုထိ ရောက်မလာသေးပါလား။ မယ်က ခေါင်းကိုက်နေတယ်ဆို တာကို ကျွန်တော်လည်း ဘာမှမလုပ်ပေးတတ်။

"ရှင်က ဘယ်သူလဲ"

"ဗျာ"

ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ ကြောင်တောင်တောင် ဖြစ်နေ သော ကျွန်တော့်ကို သူမ မေးလိုက်သောမေးခွန်းက ပိုလို့ပင် အူကြောင် ကြောင်နိုင်နေခဲ့၏။ ကျွန်တော့်ကို ဘယ်သူလဲတဲ့။

"ရှင့်ကို ဘယ်သူလဲလို့ မေးနေတာ"

"ကျွန်တော့်ကိုလား"

ကိုယ့်ကိုယ်ကိုယ် လက်ညှိုးပြန်ထိုးလျက် မေးနေသော ကျွန်တော့် ကို သူမက နှာခေါင်းလေးရှုံ့ပြီး ကြည့်နေသည်။

"ကျွန်မကရော ဘာဖြစ်လို့ ဒီနေရာကို ရောက်နေတာလဲ၊ ရှင်က ရော ဘယ်သူလဲ"

"ဟာ"

ပါးစပ်အဟောင်းသားပွင့်လျက် ပြန်ဖြေစရာစကားလုံး ကျွန်တော့် ပျောက်ပါးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း မင်း ဘာမှမမှတ်မိဘူးလား"

"ကျွန်မက ဘာကိုမှတ်မိရမှာလဲ"

စိတ်ရှုပ်ထွေးစွာနှင့်ပင် ကျွန်တော် ခေါင်းကုတ်နေမိသည်။ ဘာ
လို့ပြောရမှန်းလည်း မသိ။ အတိတ်မေ့သွားတယ်ဆိုတာမျိုးများလား။ ဟု
သူမနာမည်ကို မေးကြည့်ရမယ်။

"မင်းနာမည် ဘယ်သူလဲ သိလား"

"ကိုယ့်နာမည်ကိုယ် မသိတဲ့လူဆိုတာ ဒီကမ္ဘာပေါ်မှာ ရှိသေ
လား။ ကျွန်မနာမည်က နတ်မိမယ်"

"ဟာ"

ကျွန်တော် တကယ် ရူးချင်သွားပါသည်။ နတ်မိမယ်ဆိုတဲ့နာ
ကိုလည်း မှတ်မိတယ်ဆိုတော့ သူမ အတိတ်မေ့သွားတာ မဟုတ်ဘူး

"အ ခေါင်းတအားကိုက်တယ်ကွာ။ ဘာတွေလာမေးနေမှန်းလ
မသိဘူး။ အူကြောင်ကြောင်နဲ့"

ကျွန်တော့်ကိုပင် သူမက အူကြောင်ကြောင်နဲ့ဆိုပြီး ပြစ်တင်
ဆိုလိုက်သေးသည်။ အင်းလေ၊ ဟုတ်လည်း ဟုတ်ပါရဲ့၊ ကျွန်တော့်အဖြ
ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘဲ အူကြောင်ကြောင်နိုင်လွန်းနေတာ မဟု
လား။

"သမီးလေး ပြန်သတိရလာပြီလား သား"

နှုတ်က ကသောကမျောမေးရင်း အန်တီနွယ် အခန်းထဲ ပြန်
လာသည်။ အနောက်မှာ ဆရာဝန်ကြီးလည်း ပါလာခဲ့၏။

"မာမီ"

"အို သမီးလေး သတိရလာပြီနော်၊ အမယ်လေး မာမီ ဝမ်း
လိုက်တာကွယ်၊ ငါ့သမီးလေး သတိရလာပြီ"





ဒေါ်စန္ဒာနွယ်က နတ်မိမယ်ကို ပြေးဖက်ကာ ငိုသည်။ နတ်မိမယ်
တော့ ဘာကိုမှနားမလည်နိုင်သလို မျက်ဝန်းမျိုးဖြင့် အခန်းထဲရောက်နေ
သာအားလုံးကို ငေးကြည့်နေခဲ့၏။

"ဆရာ သူ တစ်ခုခုတော့ ဖြစ်နေတယ်၊ ကျွန်တော့်ကို မမှတ်မိ
ဘူး ဒါပေမဲ့ သူ့နာမည်ကျတော့ မှတ်မိနေတယ်"

"ဟင် သား ဘယ်လိုပြောလိုက်တယ်"

"ဟုတ်တယ် မာမီ၊ မယ်က ကျွန်တော့်ကို မမှတ်မိဘူး။ ဒါပေမဲ့
သူ့ကိုကျတော့ မှတ်မိတယ်လေ"

"ကျွန်တော် စမ်းသပ်ကြည့်ပါ့မယ်"

နောက်ဆုံးထွက်လာတဲ့အဖြေကတော့

"လွယ်လွယ်ပြောရရင်တော့ အတိတ်မေ့သွားတာ ဟုတ်ပါတယ်၊
ဒါပေမဲ့ သူ မေ့ချင်တဲ့နေရာလေးကိုပဲ ကွက်ပြီး မေ့သွားခဲ့တာ"

"ဗျာ"

"ဘယ်လိုပြောလိုက်တာလဲ ဆရာ"

ကျွန်တော်ရော မာမီပါ အံ့သြထိတ်လန့်သွားမိသည်။ ဘယ်လိုကြီး
လဲ။ သတိပြန်ရလာခဲ့တာတောင် ဖြစ်ခဲ့သမျှကိစ္စအားလုံးကို မှတ်မိတာ
မဟုတ်ဘူးတဲ့လား။ မေ့ချင်တဲ့နေရာလေးကို ကွက်ပြီး အတိတ်မေ့နေခဲ့တယ်
တဲ့လား။ ပြီးတော့ သူမ မေ့လျော့ချင်နေခဲ့သော အတိတ်ဟာ ကျွန်တော်
ဝင်ပတ်သက်ခဲ့သော အတိတ်နေရာလေးကိုသာ။ အင်းလေ၊ ဖြစ်သင့်ပါ
တယ်။

ကျွန်တော် မချိပြုံးလေးတစ်ခု ပြုံးမိသွားသည်။

"အခု မေမေတို့ ဘယ်လိုလုပ်ကြမလဲ သား"

နတ်မိမယ် သတိပြန်ရလာကြောင်း ဖုန်းဆက်ပြောလိုက်သောအခါနှင့်



www.burmeseclassic.com

www.burmeseclassic.com



မေမေလည်း ချက်ချင်း ရောက်လာခဲ့သည်။ ဆရာဝန်အခန်းထဲမှာ ကြားခဲ့ရသော အခြေအနေတစ်ရပ်ကို မေမေလည်း နားမလည်နိုင်ဖြစ်နေမှာ အမှန်ပဲ။

“မယ်က သားရဲ့မိန်းမပဲလေ၊ သားကတော့ အိမ်ကိုပြန်ခေါ်သွားချင်တယ်”

“အင်းလေ၊ ဒီလိုပဲ လုပ်ရမှာပေါ့၊ ဒါပေမဲ့ နွယ်ဆန္ဒနဲ့ သမီးလေး ကိုယ်တိုင်ရဲ့ဆန္ဒကိုလည်း မေးကြည့်ရဦးမှာမဟုတ်လား”

“သား မေးမှာပါ၊ ဒါပေမဲ့ သားကတော့ မယ့်ကို သားတို့အိမ်ကိုပဲ ပြန်ခေါ်ချင်တယ်”

ဆရာဝန်ကြီးက လိုအပ်တဲ့စစ်ဆေးမှုတွေပြုလုပ်ပြီး နောက်တစ်နေ့မှာ ဆေးရုံဆင်းလို့ရပြီဖြစ်ကြောင်း ပြောပြသည်။

“မာမီ”

“ပြောလေ သား”

“မယ် ခုလိုဖြစ်နေတာကို မာမီ့ရင်ထဲ ဝမ်းနည်းနေမှာ နားလည်ပါတယ်”

ခုတင်ထက်မှာ အပြစ်ကင်းစင်စွာ အိပ်ပျော်နေသော နတ်မိမယ်ကိုကြည့်ရင်း ကျွန်တော် ပြောလိုက်သည်။

“မာမီ ဝမ်းနည်းပေမယ့် သားအတွက်ဖြစ်တဲ့ ဝမ်းနည်းစိတ်က ပိုပါတယ်၊ ကိုယ်လက်ထပ်ထားတဲ့မိန်းမက ကိုယ့်ကိုမမှတ်မိဘူးဆိုတာ”

ပြောနေရင်းတန်းလန်းနှင့် ဒေါ်စန္ဒာနွယ် မျက်ရည်လေး ဝိုင်းလာသည်။ ကျွန်တော့်ကို အပြစ်တင်ချင်လည်း တင်ပါ။ ကျွန်တော်ကတော့ ခုလိုမျိုး မယ် ကျွန်တော့်ကို မေ့လျော့နေခြင်းအတွက် စိတ်ချမ်းသာမိသည်။

“မယ် မမှတ်မိပေမယ့် ကျွန်တော် မှတ်မိနေရင် ရပါတယ် မာမီ





...ယ်၊ ပြီးတော့ ဆေးရုံကဆင်းတာနဲ့ မယ့်ကို ကျွန်တော့်အိမ်ခေါ်သွားချင်တယ်”

“နဂိုကလည်း တူတူနေနေတဲ့ လင်မယားတွေကို မာမီလည်း ခွဲခွာဖို့ အစီအစဉ်မရှိပါဘူး။ ဒါပေမဲ့ မယ့်ကို ဒီအကြောင်းတွေ မပြောပြရသေးတော့ နည်းနည်းစိတ်ပူမိတယ်”

“ကျွန်တော့်အကြောင်းတွေလား မာမီ”

“ဟုတ်တယ်ကွယ် သမီးလေးက အခု အိမ်ထောင်ရှင်ဖြစ်နေပြီဆိုတဲ့အကြောင်း ပြောမယ်ကြံလိုက်တိုင်း ဘယ်ကစပြောလို့ ပြောရမှန်း မာမီ မသိဘူး”

“ကျွန်တော့်တာဝန် ထားလိုက်ပါ မာမီ၊ မယ် နိုးလာရင် ကျွန်တော် ကိုယ်တိုင်ပြောပြပါ့မယ်၊ မာမီရော မေမေပါ ညစာမစားရသေးဘူးမဟုတ်လား၊ ဆေးရုံမှာ ကျွန်တော် ရှိနေပါ့မယ်၊ မာမီတို့ တစ်ခုခုသွားစားလိုက်ဦးလေ”

အမေနှစ်ယောက် ထွက်သွားတော့ ကျွန်တော်နွမ်းလျော့ပင်ပန်းစွာဖြင့် ဆိုဖာခုံလေးမှာ ထိုင်ချလိုက်သည်။ ခုတင်ထက်မှာ ငြိမ်သက်စွာ အိပ်ပျော်နေသော မယ်ကတော့ မေ့ပစ်ချင်သည့်အတိတ်များကို မေ့ပစ်လိုက်လျက် အေးချမ်းစွာ ရှိနေသည်။ သူမက မေ့ပစ်ချင်သော အတိတ်များကို လုံးလုံးလျားလျား မှတ်မိသိရှိနေသည့် ကျွန်တော့်မှာသာ ဘယ်သူ့ကိုမှ ထုတ်ဖော်ပြောနိုင်သော ဝေဒနာမီးတွေ ရင်ထဲမှာ တောက်လောင်နေရခြင်းဖြစ်၏။

ကျွန်တော့်အပူတွေကို ဘယ်သူနဲ့မျှဝေခံစားရမှာလဲ။ ဘယ်သူကရော ဒီလို ဆန်းကြယ်သည့်အဖြစ်မျိုးကို ယုံကြည်ပေးမှာတဲ့လဲ။

“ဟင် ရှင် ရှင် ရှိနေသေးတာလား။ မာမီရော”

ကျွန်တော်တစ်ကိုယ်တည်း အတွေးများဖြင့် လွင့်မျောနေတုန်း



www.burmeseclassic.com

www.burmeseclassic.com



မယ့်အသံတွေက အတွေးအာရုံတွေကို ကျော်လွှန်လျက် ဝင်ရောက်လာသည်။

"ဩော် မယ် နိုးလာပြီလား"

"မာမီရောလို့ မေးနေတယ်လေ"

ကျွန်တော့်မေးခွန်းကို အရေးမလုပ်ဘဲ သူမ သိချင်တာကို မယ် ဖွတ်မေးသည်။

"မာမီနဲ့မေမေ ညစာသွားစားကြတယ်"

"ဘာတွေလဲ၊ ဘာ မာမီနဲ့မေမေလဲ၊ ရှင်ပြောလိုက်ရင် ကျွန်မ ခေါင်းမူးမူးသွားတာပဲ အဖတ်တင်တယ်၊ ဘာတစ်ခုမှ နားမလည်ဘူး"

လှဲနေရာကနေ ခုတင်ထက်မှ ကုန်းရုန်းထကာ သူမ အခန်းပြင် ထွက်ဖို့ ကြိုးစားသည်။ အခန်းတံခါးကို ဆွဲဖွင့်နေသော သူမ လက်လေး တစ်ဖက်အား နောက်ကနေ ကျွန်တော် လှမ်းဆွဲထားလိုက်သည်။ ကျွန်တော့် စိတ်ကိုလည်း ပြင်ဆင်ထားလိုက်၏။ အခုပြောပြမယ့် အဖြစ်မှန်တွေတွေထဲမှာ သူမနဲ့ကျွန်တော် နှစ်ယောက်တည်းသိသော အဖြစ်အပျက်လေးတစ်ခုကိုတော့ ချန်လှပ်ထားခဲ့ရမှာပေါ့လေ။

"ဘာလို့ ကျွန်မလက်ကို ဆွဲထားတာလဲ၊ လွှတ်ပါ ရာရာစစ"

"နတ်မိမယ်"

ခပ်တင်းတင်းခေါ်လိုက်သံကြောင့် ရုတ်တရက် သူမ ကြောင်သွား လျက် ကျွန်တော့်ကိုငေးကြည့်နေ၏၊ လက်များကို ရုန်းပယ်ဖို့လည်း မေ့လျော့ သွားသည့်ပုံ။

"မင်းကို ပြောစရာရှိတယ်"

"ရှင်က ဘာဖြစ်လို့ ကျွန်မကို လေသံမာမာနဲ့ လာအော်နေတာလဲ"

ကျွန်တော့်စကားများကို သူမ နားဝင်ပုံမရပါ။





"အခု ကျွန်မ လက်ကိုလွှတ်နော်"

ရုန်းကန်ဖို့ ပြန်သတိရသွားသလို ဆုပ်ကိုင်ထားသော ကျွန်တော့် လက်များထဲမှ သူမ လက်လေးများကို အတင်းလှုပ်ရုန်းပြန်၏။

"ဒီအခန်းထဲမှာပဲ ငြိမ်ငြိမ်လေးနေမယ်ဆို မင်းလက်တွေကို ငါ လွှတ်ပေးမှာပါ"

သူမ စဉ်းစားသလိုလေး ငြိမ်ကျသွားသည်။ ပြီးမှ

"ကျွန်မ ရှင်ပြောတာတွေကို ဘာလို့နားထောင်ရမှာလဲ၊ အဲဒီ အကြောင်းပြချက်က"

ကျွန်တော့်ကို တည့်တည့်စိုက်ကြည့်ကာ မေးခွန်းပြန်ထုတ်လိုက် သောသော နတ်မိမယ် မျက်နှာလေးက ကြောက်ရွံ့မှုတစ်စက်မှမရှိ။ သူမ အကျနုစ်တာမှန်သမျှ ဆတ်ဆတ်ထိမခံ တုန့်ပြန်တတ်မည့် မျက်နှာပေးလေး ဖြစ်သည်။

"မင်း သိပ်သိချင်လား။ ငါပြောမယ့်စကားတွေကို မင်းနားထောင် သင့်တဲ့အကြောင်းပြချက်ကို"

"ဟုတ်တယ်၊ ကျွန်မ သိချင်တယ်၊ လောလောဆယ်မှာ ရှင်က ဘယ်သူမှန်းလည်း ကျွန်မ မသိဘူး။ ရှင်ပြောတာတွေကို နားထောင်ဖို့အတွက် ယုံကြည်မှုလည်း နိုင်လုံတဲ့အကြောင်းပြချက်တစ်ခုတော့ ရှိထားသင့်တယ်"

"အိုကေ မင်းလိုချင်တဲ့အကြောင်းပြချက် ငါပေးမယ်"

ငါ့ဆီက အကြောင်းပြချက်ကို သိရပြီးတဲ့နောက်မှာ မင်းရဲ့ထိမထင် ဒဲ့မျက်နှာလေး ဒီတိုင်းပဲရှိနေနိုင်ဦးမလားလို့ ငါသိချင်လိုက်တာ။

"ငါက မင်းနဲ့လက်ထပ်ထားတဲ့ မင်းရဲ့တရားဝင်ယောကျ်ားပဲ"

"ဘာ"

ဖြိုင်ပွဲတစ်ခုလို ကျွန်တော် အနိုင်ရတာ သေချာသွားသေသော



www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းပါပဲ။ သူမ မျက်နှာလေးပေါ်မှာ မယုံကြည်နိုင်ခြင်း၊ လက်မခံနိုင်ခြင်း၊ ငြင်းဆန်လိုခြင်း စသည့်အရိပ်တွေ တစ်ခုပြီးတစ်ခု ဖြတ်သန်းပြေးလွှားနေသည်။

"ရှင် ဘာတွေလာပြောနေတာလဲ"

ထိတ်လန့်တကြားထွက်လာသော မေးခွန်း။ တကယ်ဆို ကျွန်တော် ပြုံးပြုံးလေးနေပြီး သူမကိုယ်တိုင် စတင်ခဲ့သော လက်ထပ်ပွဲတစ်ခု အကြောင်း၊ အစအဆုံး ဖွင့်ပြောလိုက်ရမှာ။ သို့သော် ကျွန်တော် မပြုံးနိုင်ခဲ့ပါ။ မပြုံးနိုင်သည့်အပြင် ရှေ့ဆက်ပြောရမယ့်စကားတွေအတွက် လိပ်ပြာမလုံသလို ခံစားနေရသည်။

"မပြောနိုင်တော့ဘူးလား"

ဘယ်ကစပြောရမှန်းမသိစွာပင် သူမလက်များကို ကျွန်တော် ဖြေလျှော့ပေးမိတော့မလို ဖြစ်သွား၏။

"နင်အရူးပဲ၊ ငါ့ကိုလာလိမ်နေတယ်"

ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်ပြီး ခပ်မာမာပြောလိုက်သော စွပ်စွဲချက်ကတော့ ပြင်းထန်လွန်းသွားပါပြီ။ ဒီဇာတ်လမ်းအစစ်အမှန်မှာ တကယ်တမ်း လိမ်ညာထားခဲ့တာက ဘယ်သူလဲ။ နတ်မိမယ် ကိုယ်တိုင်ပဲလေ။ ကျွန်တော် လူလိမ်တစ်ယောက် မဟုတ်ခဲ့တာ သေချာပါသည်။

"ငါမလိမ်ဘူး နတ်မိမယ်၊ ငါက မင်းကိုယ်တိုင် ရွေးချယ်ခဲ့တဲ့ မင်းရဲ့လင်ယောကျ်ားပဲ"

"မဟုတ်ဘူး နင် လိမ်နေတာ"

"ငါပြောတာတွေကို နားထောင်လိုက်ပါဦး။ ငါလိမ်တာလား မင်း မမှတ်မိတာလားဆိုတာ သေချာသွားအောင်"

"မဖြစ်နိုင်ဘူး ဘယ်လိုမှ မဖြစ်နိုင်ဘူး"





အကြောက်အကန် ငြင်းနေသော နတ်မိမယ် မျက်နှာလေးက အတယ့်ကို သွေးမျက်ချောက်ချားနေသည်။

"ဘာလို့ ဒီလောက်တောင် အတင်းငြင်းနေတာလဲ နတ်မိမယ်"

"ရှင်နဲ့ကျွန်မ လက်ထပ်ထားတယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး"

"မင်းမယုံလည်း မတတ်နိုင်ဘူးလေ၊ ငါတို့နှစ်ယောက်က လူသိရှင်ကြား လက်ထပ်ထားတဲ့လင်မယားပဲ"

"ငါ မယုံဘူး"

"ဘာဖြစ်လို့ မျက်လုံးစုံမှိတ်ပြီး ငြင်းနေတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ငါ့မှာ သိပ်ချစ်ရတဲ့ ချစ်သူရှိတယ်၊ သူ ရှိနေရဲ့သားနဲ့ နင့်ကိုလက်ထပ်ခဲ့တယ်ဆိုတာ ဘယ်လိုမှ ယုံနိုင်စရာမရှိဘူး"

အဲဒါပဲ ကျွန်တော့်ကို အပြည့်အဝထိုးနှက်လိုက်သော စကား။ တစ်လျှောက်လုံး နိုင်နေခဲ့သော ကစားပွဲတစ်ခုကို ထိုစကားတစ်ခုတည်းနဲ့ပင် ကျွန်တော် ရှုံးနိမ့်သွားသည်။

"မာမီ့ကိုခေါ်ပေး။ ငါ့အမေနဲ့ပဲ ငါစကားပြောမယ်"

"မင်း ဘယ်သူ့ကိုမေးမေး၊ ငါပြောတာတွေပဲ ကြားရမှာ နတ်မိမယ်"

"အို ဘာပဲဖြစ်ဖြစ် မာမီ့ကိုပဲခေါ်ပေး"

ကျွန်တော် သူမကို ဘယ်လိုမှပြောလို့မရတော့မှန်း သေချာသွားသောအခါ မယ်မာမီရဲ့ဖုန်းနံပါတ်လေးများကို နှိပ်ပေးလိုက်ရတော့သည်။

"မာမီ ဘယ်ရောက်နေလဲဟင်"

သူမရဲ့နောက်ဆက်တွဲစကားများအဆုံးမှာ အမေနှစ်ယောက်လုံး ဆေးရုံခန်းထဲ ပြန်ရောက်လာကြသည်။

"ဘာတွေဖြစ်နေကြတာလဲ၊ သမီး သား ဘာဖြစ်ကြတာလဲ ပြော



www.burmeseclassic.com

www.burmeseclassic.com



ပါဦး''

''ရန်ဖြစ်နေကြတာလား။ သားတို့နှစ်ယောက် ဘာတွေစကားများ နေတာလဲ''

ဒေါ်စန္ဒာနွယ်က နတ်မိမယ်နားကို အပြေးရောက်လာပြီး မျက်လုံး ပြူးမျက်ဆန်ပြူးမေးသည်။ မေမေကတော့ ကျောက်ရုပ်တစ်ရုပ်လို တုပ်တုပ် မလှုပ်ဘဲ ရပ်နေသည့် ကျွန်တော့်လက်မောင်းများကို ကိုင်လှုပ်ကာ မေး၏။

''မေးနေတယ်လေ သားရော သမီးရော မဖြေတော့ဘူးလား''

ကျွန်တော်က ဖြေစရာစကားလုံးမရှိစွာ နှုတ်ဆိတ်နေသလောက် သူမကရော ဘာဖြစ်လို့များ ငြိမ်သက်နေတာလဲ။

''သမီး မယုံနိုင်ဘူး မာမီ''

''ဘာကိုလဲ သမီး''

''သူပြောတာတွေကိုပါ သမီးနဲ့သူက လက်ထပ်ထားတဲ့လူတွေလို့ ပြောတယ်''

ဒေါ်စန္ဒာနွယ်က ကျွန်တော့်ကိုအားတုံ့အားနာဖြစ်နေသော မျက်နှာ မျိုးနှင့် လှမ်းကြည့်သည်။ မပီပြင်သော အပြုံးတစ်ခုကို တုံ့ပြန်ပြုံးပြရင်း ကျွန်တော် ခေါင်းငုံ့ထားလိုက်၏။

''အဲဒါ အမှန်ပဲ''

''ရှင်''

''ဟုတ်တယ် သမီးကိုယ်တိုင် မောင်ကောင်းမင်းမြတ်ကို လက် ထပ်ချင်ပါတယ်ဆိုပြီး မာမီ့ကို ပူဆာခဲ့လို့ မာမီနဲ့မမြတ်နဲ့ လူကြီးတွေကိုယ် တိုင် စီစဉ်ပေးခဲ့ရတာပဲ''

''ဟင့်အင်း''

ကျွန်တော်ပြောတုန်းက ဒေါသတကြီး တုံ့ပြန်ခဲ့သော နတ်မိမယ်





သည် သူမ မိခင်ကိုယ်တိုင်ပြောသော စကားများကိုတော့ ခွန်းတုံ့မပြန်နိုင်သဲ ခေါင်းတခါခါနှင့် နားထောင်နေရရှာသည်။

''သမီးတို့နှစ်ယောက် မောင်ကောင်းမင်းတို့ရဲ့မွေးမြူရေးခြံထဲကို သွားလည်တုန်း သမီးချော်လဲပြီး ကျောက်တုံးနဲ့ခေါင်း ထိခိုက်မိရာက သတိ လစ်နေခဲ့တာ နှစ်လနီးပါးလောက် ဖြစ်နေပြီ၊ ခုမှ သတိပြန်လည်လာခဲ့တာ''

''ရှင် ဘာတွေဖြစ်နေတာလဲ မာမီ၊ သမီးတကယ်ပဲ နားမလည် တော့ဘူး''

''သမီးဦးနှောက်မှာ ထိခိုက်မှုနည်းနည်းရှိခဲ့တယ်၊ ဒါကြောင့်မို့လို့ တချို့အပိုင်းတွေကို သမီး မမှတ်မိနိုင်ဘူး ဖြစ်နေခဲ့တာပဲ''

''ဒါ ဒါဆို ဒီလူပြောတာတွေက အမှန်တွေပေါ့''

''ဟုတ်တယ် သမီး၊ မောင်ကောင်းမင်းဟာ သမီးရဲ့ခင်ပွန်းသည်ပဲ''

ဘာတစ်ခွန်းမှ မပြောနိုင်တော့ဘဲ သူမ ခေါင်းငိုက်စိုက်ကျသွား သည်။ မိခင်ကိုယ်တိုင်ပြောလို့သာ နားထောင်လိုက်ရပေမယ့် နတ်မိမယ် ရင်ထဲမှာ ပဟေဠိတွေနဲ့ ပြည့်နှက်နေမှာ ကျွန်တော် နားလည်၏။

''ဆေးရုံကဆင်းရင် သမီးက မောင်ကောင်းမင်းနဲ့အတူ လိုက်သွား ရမှာ''

''အဲဒါကတော့''

မျက်ဝန်းလေးတွေက ဒီအမှန်တရားကို ဘယ်လိုမှ လက်ခံချင်ပုံ မရ

''ဆေးရုံပေါ်ကို ရောက်မလာခင်တည်းက သမီးရှိနေခဲ့တဲ့နေရာ အဲ အဲဒီနေရာကိုပဲ သမီး သေချာပေါက် ပြန်သွားရမှာလေ''

ကျွန်တော် မေမေ့ကို တစ်ချက်လှမ်းကြည့်လိုက်၏။ ဘာမှမပြော ဘဲ နားထောင်သူသက်သက်အဖြစ်သာ ရှိနေခဲ့သော မေမေ့မျက်ဝန်းတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မသက်မသာဖြစ်မှုကို ကျွန်တော် ခံစားလိုရနေသည်။

"ဒါဆို မာမီတို့သားအမိ အေးအေးဆေးဆေး စကားပြောကြပါဦး။ ကျွန်တော်နဲ့မေမေ ပြန်လိုက်ဦးမယ်၊ မနက်ပြန်ဆေးရုံဆင်းချိန်မှပဲ ကျွန်တော် ကိုယ်တိုင် မယ့်ကိုလာခေါ်ပါ့မယ်"

ကျွန်တော်က အားလျော့နေသော မေမေ့လက်မောင်းတစ်ဖက်ကို ဖေးမရင်း ဆေးရုံထဲမှ ထွက်ခဲ့ကြသည်။ အဆင်သင့်စောင့်နေသော ကိုဒွေးက ကားတံခါးကို ဆွဲဖွင့်ပေး၏။

"မေမေ"

"ပြော သား"

"စိတ်ဆင်းရဲနေတာလား"

မေမေက သက်ပြင်းလေးချရင်း လျော့ရဲရဲ အပြုံးများဖြင့် ကျွန်တော့်ကို ကြည့်သည်။

"မေမေ့သားလေးမှာ ဘာဖြစ်လို့များ စိတ်ဆင်းရဲစရာတွေချည်းပဲ ကြုံတွေ့နေရပါလိမ့်လို့ တွေးမိနေတာပါ"

"မေမေရယ် ကျွန်တော့်ကံမှာကိုက ဒီလိုဖြစ်ဖို့ ပါလာတာပါ"

"မျက်လုံးတွေ အလင်းရောင် ပြန်မြင်ခွင့်ရလို့လည်း ပြည့်ပြည့်ဝဝ ဝမ်းမသာနိုင်ဘူး။ နတ်မိမယ်လေးက ဒီလိုထပ်ဖြစ်တယ်"

"ဒါ ဘယ်သူ့မှာမှ အပြစ်မရှိပါဘူးလေ"

"မေမေ သိပါတယ် သားရယ်၊ ဒါပေမဲ့ မေမေ့သားလေးကို အဖက်ဖက်က စိတ်ချမ်းသာစေချင်နေပြီ"

"အခုလည်း သား စိတ်ချမ်းသာပါတယ်မေမေ"

မေမေကတော့ ဒီစကားကို သူမစိတ်ချမ်းသာအောင် တမင်လုပ်ပြီး ပြောတယ်လို့ ထင်ကောင်းထင်မှာပါ။ သို့သော် ကျွန်တော်ကတော့





အတည်ပေါက်ပြောခြင်း ဖြစ်၏။ နတ်မိမယ်သာ အတိတ်တချို့တစ်ဝက်ကို မေ့မနေခဲ့ဘူးဆိုရင် ဒီထက်မက ပိုများတဲ့စိတ်ဆင်းရဲစရာတွေကို ကျွန်တော် ကြုံတွေ့နေရလောက်ပြီလေ။

လေဆိပ်ကနေ ဆေးရုံကို တန်းသွားခဲ့သောကြောင့် အိမ်ခြံဝင်းထဲကို ကားလေးချိုးကွေ့ဝင်လိုက်စဉ်မှာပဲ ကျွန်တော့်စိတ်တွေ သက်သက်သာသာ အေးချမ်းသွားသည်။ ဘာပဲဖြစ်ဖြစ် အိမ်ဆိုတာကတော့ လူတိုင်းအတွက် ဆိပ်ကမ်းတဲ့ နားခိုရာတစ်ခုပါပဲ။ ရေမိုးချိုး ညစာစားသောက်ပြီးလျှင် ဘာမှမတွေးဘဲ အိပ်ရေးဝဝ အိပ်စက်ပစ်လိုက်မည်။

"မေမေ ဝင်နှင့်လေ၊ သား ကိုဒွေးကို ပြောစရာလေးရှိလို့"

ကိုဒွေးနဲ့ကျွန်တော်က အသက်ချင်းမတိမ်းမယိမ်းမို့ တစ်ခါတလေ တည်း အပျင်းပြေစကားပြောဖြစ်သည့်အချိန်များ ရှိတာမို့ မေမေက ဘာမှ သွေ့သွေ့ထူးထူး မေးမနေဘဲ အိမ်ထဲသို့ ရှေ့မှအရင်ဝင်သွားသည်။

"ကိုဒွေး မင်းငါ့ကို လုပ်ပေးရမယ့်ကိစ္စတစ်ခု ရှိတယ်"

"ဟုတ်ကဲ့ ပြောပါ အစ်ကိုလေး"

"ငါ မတော်တဆမှုဖြစ်တုန်းက သေဆုံးခဲ့တဲ့ တစ်ဖက်လူအကြောင်း သိချင်လို့၊ မင်း စုံစမ်းပေးရမယ်"

ကျွန်တော့်စကားကြောင့် ကိုဒွေး အံ့အားသင့်သွားပုံပါပဲ။ အခု ဖြစ်နေတာတွေနဲ့လည်း ဘယ်လိုမှမအပ်စပ်သော အကြောင်းအရာတစ်ခုကို ပြန်အစဖော်နေတယ်လို့ ထင်နေမှာပေါ့။

"ဘယ်လိုအကြောင်းအရာတွေလဲ အစ်ကိုလေး"

"အဲဒီလူရဲ့မိသားစုတို့ ဒီလူနဲ့သေသေချာချာ ရင်းနှီးခဲ့ဖူးတဲ့ လူတွေ ယောက်ယောက်နဲ့ လက်ရှိဆက်သွယ်လို့ရနိုင်မယ့် ဖုန်းနံပါတ်တို့ ဘာတို့ပေါ့။ ဒီ အဲဒါတွေ အမြန်ဆုံး လိုချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်တော် စုံစမ်းပေးပါမယ် အစ်ကိုလေး"

နုတ်မိမယ် မှတ်မိနေခဲ့သော လူတစ်ယောက်၊ အတိတ်တစ်ခု၏ ကျွန်တော်လည်း၊ သူမနည်းတူ သိရှိထားသင့်ပါသည်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က လက်ရှိအချိန်မှာ သူမရဲ့ကာမပိုင်လင်ယောကျ်ားတစ်ယောက် ဖြစ်နေလို့ပါပဲ။ ဒီအားသာချက်လေးကို မိမိရရ ဆုပ်ကိုင်ထားရမှာ ကျွန်တော့် အခွင့်အရေးပဲမဟုတ်လား။

■ ■ ■

အခန်း (၆)

သူမ မျက်ဝန်းတွေက ကျွန်တော်တို့အိမ်ထဲကို စဝင်လိုက်တည်းက မြင်မြင်သမျှကို စိမ်းသက်စွာ လိုက်ငေးကြည့်နေခဲ့ပေမယ့် မနှစ်မြို့ဟန်တော့ တွေ့ရပါ။ သူမမိခင်ကိုယ်တိုင် လိုက်ပို့ပေးခြင်းမှ ဘာမှလည်း၊ ကလန် ကဆန်မပြောဘဲ တိတ်တိတ်ဆိတ်ဆိတ်လေး လိုက်ပါလာခဲ့ခြင်း ဖြစ်ဟန်တူ သည်။

"ဒါ သမီးတို့လင်မယားအခန်းပဲ"

ကျွန်တော်တို့အခန်းရှေ့မှာ မတ်တတ်ရပ်လျက် ဒေါ်စန္ဒာနွယ် ပြော သည်။ အခန်းထဲတော့ မဝင်ပါ။ အမေနှစ်ဦးက ကျွန်တော်တို့နှစ်ယောက်ကို အပေါ်ထပ်မှာထားရစ်ခဲ့ပြီး ပြန်ဆင်းသွား၏။

"ဒါ နင်နဲ့ငါ သုံးခဲ့တဲ့အခန်းပေါ့"

"မင်း မယုံလို့လား"

နံရံမှာချိတ်ဆွဲထားသည့် ကျွန်တော်တို့နှစ်ယောက်ရဲ့မင်္ဂလာပွဲ အထိမ်းအမှတ်ဓာတ်ပုံကိုငေးကြည့်ရင်း ကျွန်တော် ပြုံးပြုံးလေး မေးမိသည်။ သူမကိုယ်တိုင်လည်း ထိုဓာတ်ပုံကို စိုက်ကြည့်ရင်း ဘာမှပြန်မပြော။ ဒါဟာ

www.burmeseclassic.com



ထပ်မေးဖို့ မလိုတော့လောက်အောင်ပဲ တိကျသေချာသည့် အဖြေတစ်ခု မဟုတ်လား။

"ဒီကြားထဲမှာ တစ်ခုခုတော့ဖြစ်ခဲ့တာ သေချာတယ်"

"မင်း ဘာကိုဆိုလိုတာလဲ"

"ငါက နင့်ကိုလက်ထပ်ခဲ့တယ်ဆိုတာ သွေးရိုးသားရိုးတော့ မဟုတ် နိုင်ဘူး။ ငါ မမှတ်မိတဲ့တစ်ခုခု ရှိကိုရှိရမယ်"

"ငါ သိတာကတော့ မင်းကစပြီး ငါ့ကိုချစ်ပါတယ်လို့ ပြောခဲ့တယ် လက်ထပ်ချင်တယ်ဆိုတာလည်း မင်းဘက်ကစတင်တဲ့ တောင်းဆိုမှုပဲ။ ငါ အချိန်ယူလေ့လာပြီးမှ မင်းရဲ့လက်ထပ်ခွင့်ကို ခွင့်ပြုပေးခဲ့ရုံပဲ"

သူမ မျက်တောင်နီကြီးနှင့် ကျွန်တော့်ကို လှမ်းကြည့်သည်။ ကျွန်တော် ပခုံးလေးတစ်ချက်သာ အသာတွန့်ပြလိုက်၏။ ဒါအမှန်တရား ပဲလေ။ သူမ လက်မခံချင်လို့မှ မရတာ။

"နင်နဲ့ငါ တကယ့်လင်မယားတွေလို နေထိုင်ခဲ့ကြတာလား"

တွေးတွေးဆဆ မေးလိုက်သော ထိုမေးခွန်းအတွက်တော့ ကျွန် တော် ဟက်ဟက်ပက်ပက် ရယ်မောမိသွားသည်။ ရှုတ်တရက်ဆို ဘာပြန်ဖြေလို့ ဖြေရမှန်းပင်မသိ။

"နင်ဘာဖြစ်လို့ ရယ်နေတာလဲ၊ ငါ့ကိုလှောင်တာလား"

ဒေါသသံလေးနှင့် သူမ ခပ်စွာစွာမေးတော့မှ ကျွန်တော် မျက်နှာ သတ်လိုက်ပြီး

"မင်းကို မလှောင်ပါဘူး၊ မေးခွန်းကို သဘောကျလို့ပါ"

"နင်မဖြေချင်လည်း ရတယ်"

ဘောက်ဆတ်ဆတ် ခြေလှမ်းများဖြင့် သူမ အခန်းထဲမှ ထွက် သည်။ ကျွန်တော့်မှာအောင့်အီးထားသော ရယ်ချင်စိတ်ကို မနည်းထိန်း





ခန်း သူမနောက်မှ အပြေးလေး လိုက်ခဲ့ရ၏။

အဲဒီနေ့မနက်စာကို လေးယောက်သား မျက်နှာစုံညီစားသောက် ပြီး သားအမိနှစ်ယောက် ခြံထဲဆင်းကာ စကားတွေပြောနေကြသည်။ ကျွန်တော် အနှောင့်အယှက်မပေးချင်သောကြောင့် အိမ်ထဲမှာထိုင်ကာ စာနယ်တစ်စောင် ထိုင်ဖတ်နေလိုက်၏။

"သားရေ မယ့်ကိုထားခဲ့ပြီနော်၊ မာမီ ပြန်တော့မယ်"

"ဟုတ်ကဲ့ မာမီ၊ ကိုဌေးရေ ဒီမှာ ကားထုတ်ပါဦး"

ဆေးရုံကနေ ကျွန်တော်ကိုယ်တိုင် သွားကြိုလာတာမို့ ဒေါ်စန္ဒာ နွယ်က ကားပါမလာ။

"နွယ်ရေ မမြတ်လည်း ဝယ်စရာလေးတစ်ခုပေါ်လာလို့ အတူတူ သွားရအောင်ဟေ့"

မေမေကပါ ကားပေါ်တက်သွားတော့ ကျွန်တော်နှင့်မယ်သာ ကျန်တော့သည်။ မယ်က ခုချိန်ထိ ခြံထဲမှ တက်မလာသေး။ အရင်တစ်ချိန် က ကျွန်တော်ထိုင်နေကျ ရေတံခွန်လေးနားမှာ တစ်ယောက်တည်း ငြိမ်ငြိမ် လေး ထိုင်နေသည်။ စနောက်လိုသော သဘောနှင့် ကျွန်တော် သူမအနားကို သံမပေးဘဲ လျှောက်သွားလိုက်၏။

တိုးတိုးလေးရှိုက်နေသံက ကျွန်တော့်ရင်ဘတ်ကို စူးခနဲ နာကျင် စေသည်။ သူမ ငိုနေတာလား။ ထိတ်လန့်သွားအောင် ခြောက်လှန့် ဖို့ ရည်ရွယ်ချက်ကို ကျွန်တော် ချက်ချင်းပင် ပြင်လိုက်ပြီး သူမ ရှေ့ တည့်တည့်သို့ ခြေလှမ်းကျဲကြီးများဖြင့် ဝုန်းခနဲ ရောက်ရှိသွားသည်။

မရည်ရွယ်ပါဘဲ သူမ လန့်သွားဟန်ရှိ၏။ မျက်ရည်များကို လက်ဖြင့် ခပ်မြန်မြန်ပွတ်သုတ်ပစ်လိုက်သည်။

"မင်းဘာဖြစ်လို့ ငိုနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာငိုလို့လဲ"

"မင်းအခုပဲ ငိုနေတာလေ၊ ငါ့ကိုတာဖြစ်လို့ ပြောင်လိမ်နေတာလဲ"

"ငါဘာမှမငိုဘူး။ ငိုစရာလည်း အကြောင်းမရှိဘူး"

"ကျွတ်စ် မင်း တော်တော်ခေါင်းမာပါလား"

"ဟုတ်လား ငါ ခေါင်းမာသလား"

"မင်း ငါ့ကိုရွဲ့နေတာလား"

"အတည်မေးနေတာပါ၊ ငါက တော်တော်များများ အဖြစ်အပျက်တွေကို မမှတ်မိဘဲ ဖြစ်နေတာဆိုတော့ တခြားနင်သိထားတာရှိရင်လည်း ငါ့ကိုပြန်ပြောပြဦးနော်"

သေချာပါတယ်။ နတ်မိမယ် ကျွန်တော့်ကို ရွဲ့နေတာပါ။

"လက်ရှိဖြစ်နေတဲ့အမှန်တရားကိုလက်ခံဖို့ပဲ မင်းကြိုးစားသင့်တယ် အတိတ်မှာကျန်ခဲ့တဲ့အရာတွေက ဘာမှလုပ်လို့မရတော့ဘူးလေ"

"နင်အခု ငါ့ကို တရားလာပြနေတာလား"

"ငါဘာပြောပြော မင်းကတော့ အဆိုးပဲမြင်နေမှာပဲ"

ကျွန်တော်စိတ်ပျက်လက်ပျက်ပြောတော့ သူမ ရယ်သည်။

"ဒါနဲ့ မာမီ ပြောပြပုံအရဆိုရင်တော့ နင်ကိုယ်တိုင်လည်း လောက ကြီးကို အဆိုးတွေချည်းပဲမြင်ပြီး အိမ်တွင်းပုန်းရင်း အမှောင်ကမ္ဘာတစ်ခုကို ဖြတ်သန်းခဲ့ရတယ်ဆို"

သူမ မျက်နှာပေးက မထီမဲ့မြင်။ မျက်စိမမြင်တဲ့ဒုက္ခတ တစ် ယောက်ပဲအဖြစ် နေထိုင်ခဲ့ရသော ကျွန်တော့်ဘဝအစိတ်အပိုင်းတစ်ခုကို သူမ လှောင်ပြောင်ဖို့ ကြိုးစားနေတာလား။

"အကန်းတစ်ယောက်ကို ငါက လက်ထပ်ခွင့်တောင်းပြီး ချစ်ခဲ့ တယ်လို့လည်း ပြောခဲ့တယ်ဆိုတာ မယုံနိုင်စရာပဲ၊ ဒီကြားထဲမှာ လိမ်လည်မှု





တစ်ခုခုတော့ ရှိကိုရှိရမယ်"

လက်သီးများကို ကျစ်ကျစ်ပါအောင် ကျွန်တော် ဆုပ်ထားလိုက် သည်။ အမှောင်ထဲမှာ နေနေရတဲ့ဘဝတုန်းက အားပေးနှစ်သိမ့်သည့် စကား မျိုးတွေ ပြောပေးခဲ့သော နတ်မိမယ်ဆိုတဲ့ မိန်းကလေး ဘယ်ရောက်သွား ပြီလဲ။ သူမ ပြောခဲ့သလို အဲဒီတုန်းက အရာတွေအားလုံးဟာ အလိမ်အညာ တွေဖြစ်ပြီး အခု ကျွန်တော့်မျက်စိရှေ့တည့်တည့်မှာ ရှိနေသော နတ်မိမယ် ကသာလျှင် အစစ်အမှန်ဖြစ်ခဲ့မယ်ဆိုရင် ကျွန်တော် ကံဆိုးပါသည်။

"မင်းကို မွေးထုတ်ပေးထားတဲ့ အမေ့ပြောစကားတွေကိုတောင် မင်းက မယုံကြည်တဲ့သဘောလား"

"ငါ့အမေပြောတာတွေကို ငါယုံတယ်၊ ဒါပေမဲ့ အဲဒီကြားမှာ ရှိနေ တဲ့ လျှို့ဝှက်ချက်တစ်ခုကို ငါထပ်သိချင်သေးတာ"

အဲဒီလျှို့ဝှက်ချက်လို့ မင်းပြောနေတာတွေရော လိမ်လည်တယ်လို့ မင်းစွပ်စွဲနေခဲ့တာရော အားလုံးသောကိစ္စတွေဟာ မင်းကိုယ်တိုင်ပဲ လုပ်ခဲ့တာ ပါလို့ ကျွန်တော် ပြောပစ်လိုက်ချင်သည်။ ဒါပေမဲ့ အဖြစ်မှန်တွေကို သူမ သိရှိသွားရင် ကျွန်တော့်အခြေအနေက ပိုဆိုးသွားနိုင်သောကြောင့်သာ ရေငုံ နှုတ်ပိတ်နေလိုက်ရ၏။

"ညနေဘက်ဆို အေးတယ်၊ အထဲဝင်ရအောင် နတ်မိမယ်"

"မလိုဘူး ငါတစ်ယောက်တည်း အေးအေးဆေးဆေး ထိုင်ဦးမယ်၊ ဒီမှာနေရတာ ပန်းနုံလေးတွေနဲ့ စိတ်ချမ်းသာတယ်"

ဒီစကားကတော့ သူမ အတည်ပြောခြင်း ဖြစ်မှာပါ။ ကျွန်တော့် အတွက် မေမေ စိုက်ပျိုးပေးထားသည့် နှင်းဆီပန်းအဝါလေးတွေကို ငေးမော ရင်း မျက်နှာလေးက ချက်ချင်းကြည်လင်တောက်ပသွားသည်။ ကျွန်တော် သက်ပြင်းလေးချရင်း အခန်းထဲပြန်ဝင်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် တစ်နာရီကျော်ကျော်လောက်ကြာမှ သူမလည်း အခန်းထဲရောက်လာကာ

"ငါ ခဏအိပ်ချင်တယ်"

"ညနေစောင်းကြီးကို မအိပ်သင့်ဘူးလို့ ထင်တာပဲ"

"နင့်ထင်မြင်ချက်တွေကို ငါ နားမထောင်ချင်ဘူး"

"အိုကေ ပြောမရလည်း အိပ်ပေါ့၊ ညစာစားခါနီးကျရင် နှိုးလိုက်မယ်"

ကျွန်တော် ခုတင်ထက်မှာထိုင်ရင်း မပြီးစီးသေးသော ဂျာနယ်ကို ဖတ်လျက် ပြောသည်။ ကျွန်တော့်မျက်စိရှေ့တည့်တည့်မှာ သူမ လာရပ်လိုက်၏။ လက်နှစ်ဖက်ကလည်း ခါးကိုထောက်ထားသေးသည်။

"ဘာလဲ"

"ငါအိပ်မှာကို နင်က ဒီတိုင်းဂျာနယ်ဖတ်နေဦးမှာလား"

ကျွန်တော် အူကြောင်ကြောင် ဖြစ်သွားသည်။ ဂျာနယ်ကို ဘေးမှာ ချလိုက်ရင်း သူမကို မျက်မှောင်ကျုံ့ကြည့်လိုက်မိ၏။

"ဟင် နင် နင် ဘာပြောလိုက်တာလဲ"

"ငါပြောတာ ဘာမှားလို့လဲ"

"နင်ရှိနေတော့ ငါ မအိပ်တတ်ဘူး။ နင် ဖယ်ပေး"

ဩော် ဟော၊ သူမက ဒီလိုလား။ လင်မယားအရာမြောက်လျက် နေထိုင်စဉ်မှုသော အတိတ်တွေကို မမှတ်မိတာနဲ့ပင် ကျွန်တော်က နှစ်ယောက်အိပ်ခုတင်ပေါ်ကနေတောင် ဆင်းပေးရတော့မယ်ပေါ့။ ဒီလိုတော့ ဘယ်ရမလဲ နတ်မိမယ်ရယ်။

"ဒါ ငါတို့နှစ်ယောက်လုံး ပိုင်တဲ့ အိပ်ရာပဲ၊ ငါက ဘာဖြစ်လို့ ဖယ်ပေးရမှာလဲ၊ နင့်ဘာသာနင် ဟိုဘက်မှာအိပ်ပေါ့၊ ငါက ဒီဘက်မှာ





ဂျာနယ်ဖတ်တာ နင့်ကိုဘာများထိခိုက်သွားလို့လဲ"

"နင် အဲဒီလိုကြီးရှိနေတော့ ငါ ဘယ်လိုအိပ်ပျော်မှာလဲ"

"ဘာလဲ ရှက်နေတာလား"

"နင်နော်"

အောက်နှုတ်ခမ်းလေးကိုကိုက်လျက် လက်သီးဆုပ်လေးဖြင့်ရွယ် ရင်း သူမ အော်သည်။ ကျွန်တော် သဘောကျစွာ ရယ်မောလိုက်မိ၏။

"ဒီမှာ နတ်မိမယ်၊ နင်နဲ့ငါက တကယ့်လင်မယားတွေ၊ ဒီခုတင် ဟာလည်း ငါတို့နှစ်ယောက်ရဲ့မင်္ဂလာဦးခုတင်ပဲ၊ ဒီခုတင်ပေါ်မှာပဲ ငါတို့ နှစ်ယောက်"

"တော်"

မျက်လုံးစုံမှိတ်လျက် သူမ အသံကုန်အော်ပစ်လိုက်သည်။

"နင်အခု ငါ့ကိုဖယ်ပေးမှာလား မဖယ်ပေးဘူးလား ကောင်းမင်း မြတ်"

"အိုကေ အိုကေ ဖယ်ပေးပါ့မယ်"

ကျွန်တော် ရယ်ရင်းမောရင်းနှင့်ပင် ခုတင်ထက်မှ ထပေးလိုက်၏။ ထပေးမိရင် ခုချက်ချင်းပဲ ပေါက်ကွဲတော့မယ့် လက်ပစ်ဗုံးတစ်လုံးလို သူမ မျက်နှာက စနက်တံဖြုတ်ပြီး အနေအထားမျိုး ဖြစ်နေတာလေ။

"နင့်တစ်ကိုယ်လုံး ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာကအစ ငါ မျက်လုံးမှိတ်ပြီး အတပ်ပြောနိုင်တယ်"

"ပြောနိုင်မှာပေါ့ နင်က ကန်းနေခဲ့တာကိုး"

ပြောပြောဆိုဆို ခွေါင်းအုံးတစ်လုံးကို ကောက်ယူလျက် ကျွန်တော့်ထံ ပစ်ပေါက်လိုက်သည်။ ကျွန်တော် အသာအယာပဲ ရှောင်တိမ်း ရင်း အခန်းပြင်သို့ အပြေးတစ်ပိုင်း ထွက်ခဲ့၏။ ဒီတစ်ခါတော့ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



အရင် သွားစနောက်ခဲ့တာမို့ သူမကပြန်ပြီး အကန့်လို့ခေါ်တာကို နည်းနည်းမှ စိတ်လည်းမဆိုး။ ဒေါသလည်းမထွက်မိပါ။ ရှက်အမ်းအမ်းဖြစ်နေသော သူမ မျက်နှာလေး နီရဲနေတာကိုသာ မျက်လုံးထဲ ပြန်မြင်ယောင်ပြီး ရယ်ချင်နေမိသည်။

"ဟော့ကောင် ကောင်းမင်း"

"ဟာ နေဗလ"

အိမ်အောက်ထပ်အဆင်းမှာ ဦးလေးသိန်း လိုက်ပို့သောကြောင့် ညနေခင်းထဲထိ ရောက်လာသော နေဗလနှင့်ကျွန်တော် တည့်တည့်တိုးသည်။

"မင်းဘယ်လိုရောက်လာတာလဲ"

"မင်းမျက်လုံးတွေ ခွဲစိတ်ပြီး ပြန်ကောင်းနေပြီဆိုတဲ့သတင်းကြား လို့ ရောက်လာတာပေါ့ကွ၊ ဘယ်လိုလဲ အားလုံးအရင်လိုပဲလား"

"အမြင်အာရုံကတော့ အရင်လိုပဲပေါ့ကွာ၊ မျက်လုံးကို သိပ်အလုပ် ပေးပြီး အာရုံစိုက်ရမယ့်အရာမျိုးတွေ ရှောင်ရမယ်၊ မငိုရဘူး။ ထိခိုက်မှု မဖြစ်အောင် သတိထားရမယ်၊ ဒါတွေပဲပေါ့ကွာ"

"ဘယ်လိုပဲဖြစ်ဖြစ် မင်းခုလို ပြန်ကောင်းလာတာ ငါ သိပ်ဝမ်းသာ တယ်ကွာ"

နေဗလက တကယ့်ကို အားတက်သရော ပြောသည်။ တကယ်ဆို ဒီကောင်နဲ့ကျွန်တော်က ဘော်ဒါတွေထဲမှာ အတွဲအဖြစ်ဆုံးလည်း ဖြစ်၏၊ စိတ်ဓာတ်တွေကျဆင်းကာ မည်သူနှင့်မှ မတွေ့ဆုံဘဲ နေခဲ့သောကြောင့်သာ တော်တော်ကြာကြာ အလှမ်းဝေးခဲ့ခြင်း ဖြစ်သည်။

"*ဒါပေမဲ့ ငါ သတိထားမိတာကတော့ မင်းမျက်နှာမှာ တစ်ခု* ဖြစ်နေပါတယ်လို့ ကြေညာထားသလိုပဲကွ၊ ဘာတွေဖြစ်နေလဲ သူငယ်ချင်း"

"မင်းတို့ကိုတော့ လိမ်လို့လည်း ရမှာမဟုတ်ပါဘူးကွာ"





နေဗလကို ပြောပြဖို့ ကျွန်တော် ဆုံးဖြတ်လိုက်၏။ တစ်ယောက် ယောက်ကိုရင်ဖွင့်လိုက်ရမှ ကျွန်တော့်စိတ်တွေ နည်းနည်းဖြစ်ဖြစ် ပေါ့ပါးသွား နိုင်မှာလေ။

ဒေါ်မြင့်လာချပေးသည့် ကော်ဖီနှင့်မုန့်ကိုစားလိုက်၊ ကျွန်တော် ပြောပြသည့်အကြောင်းအရာတွေကို မျက်လုံးတပြူးပြူးနှင့် နားထောင်လိုက် နှင့် ကျွန်တော်တို့နှစ်ယောက် ခြံထဲမှာ တော်တော်အချိန်ဖြုန်းလိုက်ကြသည်။

"မင်းဟာက ယုံနိုင်ဖို့တောင် ခဲယဉ်းလွန်းတယ်ကွာ"

နေဗလထံမှ နောက်ဆုံးမှတ်ချက်က ထိုသို့။

"ငါကိုယ်တိုင်တောင် မယုံနိုင်ဖြစ်ခဲ့ရပါတယ်ဆို၊ မင်းတို့ဆို ပိုဆိုး မှာပေါ့ကွာ"

"ဒါဆို သူက အခု မင်းနဲ့တစ်ခန်းတည်းမှာရှိနေပြီး မင်းကို ယောက်ျားအဖြစ်တော့ မသတ်မှတ်ဘူးပေါ့၊ ဒီလိုလား"

ကျွန်တော် ရယ်လည်းရယ်ချင် စိတ်လည်းပျက်စွာနှင့် ခေါင်းညိတ် ပြလိုက်သည်။

"မင်းဟာကလည်းကွာ"

နေဗလက အားမလိုအားမရ ရေရွတ်သည်။ ကျွန်တော် သူ့ပခုံးကို ဖက်လိုက်ရင်း

"တစ်ခါတည်း ညစာစားသွားကွာ"

"မင်းမခေါ်လည်း ငါက စားမှာ၊ ကန့်ပေါင်မှာဆုံခဲ့တဲ့ မျက်နှာနဲ့ အခုမျက်နှာ ဘာကွာသလဲလို့ အကဲခတ်ရမယ်"

*ညစာစားဖို့ နတ်ဝိမာန်ကို ဒေါ်မြင့် သွားနှိုးတော့ ချက်ချင်းပင်* သူမရောက်လာခဲ့သည်။ ကျွန်တော်နှင့်အတူ တွဲထိုင်လျက် သူမကို စားတော့ ဝါးတော့မလို ငေးကြည့်နေသည့် နေဗလကြောင့် သူမ ခြေလှမ်းတွေ အနည်း



www.burmeseclassic.com

ယယ် ရှိုးတိုးရှန့်တန့် ဖြစ်သွားဟယ်။

"အန်တီရော မလာသေးဘူးလား"

မေမေ့ကို အတိတ်မမေ့ခင်တုန်းကလို မေမေလို့မခေါ်ဘဲ အန်တီဟု သာ သူမခေါ်ဝေါ်နေတာတော့ ကျွန်တော် စိတ်ထဲမကောင်းပါ။

"ခုလေးတင်ပဲ ငါ ဖုန်းဆက်ထားတယ်၊ မင်းအမေနဲ့အတူ ညစာပါ တစ်ခါတည်းစားခဲ့မယ်တဲ့၊ ကလေးတွေ စားနှင့်ကြတဲ့"

မဆီမဆိုင်စွာပင် ကျွန်တော့်ကို မျက်စောင်းထိုးလျက် သူမ နေရာ မှာ ဝင်ထိုင်သည်။ ကျွန်တော်နှင့်မျက်နှာချင်းဆိုင်။

"ကျွန်တော့်ကို မမှတ်မိဘူးလား"

"မမှတ်မိဘူး"

မေးခွန်းဆုံးတာနှင့် အဖြေပါ တစ်ဆက်တည်း ထွက်လာသည်။ ကျွန်တော့်ကိုလှမ်းကြည့်လျက် နေဗလ ပခုံးတွန့်ပြ၏။

"ကျွန်တော်တို့ ကန်ပေါင်မှာဆုံဖူးတယ်လေ"

ထမင်းတစ်ဇွန်းကို ပါးစပ်ထဲသွင်းလိုက်ရင်း ကျွန်တော့်ထံသို့ မျက်လုံးများ လှန်ကြည့်သည်။ မကြည်ကြည့်။

"ကောင်းမင်းက ဒီကတစ်ယောက်ကို စိတ်ဆိုးပြီး မိတ်မဆက်ပေး လို့တောင် ကောင်းမင်းနဲ့လက်ထပ်ဖို့လုပ်ထားတဲ့သူပါဆိုပြီး ကိုယ်တိုင်မိတ် ဆက်ခဲ့တာလေ၊ တကယ် မမှတ်မိတော့ဘူးလား"

"မမှတ်မိဘူးလို့ ပြောနေတယ် မဟုတ်လား"

"ကဲပါကွာ သူ တကယ်မမှတ်မိတာပါကွ၊ မှတ်မိမှတော့ သူ သိပ်ချစ်တဲ့ခင်ပွန်းသည်တစ်ယောက်ကို ဘုကြည့်ကြည့်ပါ့မလားကွ"

"ရှင်တို့ပါးစပ်မပိတ်ဘူးဆိုရင် ကျွန်မ ထမင်းဆက်စားဖို့ ဘယ်လိုမှ အဆင်မပြေဘူး"





"ကောင်းပါပြီ ငါတို့နှစ်ယောက် ပါးစပ်ပိတ်ပေးပါ့မယ်နော်"

နေဗလကို မျက်လုံးတစ်ချက်မှိတ်ပြလျက် တိတ်တိတ်နေဖို့ အဓိပ္ပာယ် ဆောက်ရန် သတိပေးလိုက်ရသည်။

"မင်းဟာက မရိုက်ပါဘူးကွာ၊ သူကလည်း အတိတ်မေ့နေသေး တယ်၊ သူကပဲ ပြန်ပြီး ငါတို့ကိုဒေါသထွက်နေသေးတယ်"

နေဗလ ပြန်ခါနီး ကားနားထိလိုက်ပို့တော့ သူ့ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်း ပြော၏။

"ဒီလိုပဲပေါ့ကွာ ကိုယ့်ကိုယ်ကိုယ် တစ်ခုခုချို့ယွင်းနေတယ်ဆိုတာ သိရင် လူတကာအပေါ် အလိုလို ရန်မူချင်လာတတ်ကြတယ်ကွ"

"ဘာလဲ မင်းက ကိုယ်ချင်းစာနေတာလား။ တော်ကြာနေ မင်း ကျန်ခဲ့ဦးမယ်၊ ဟိုက မင်းကိုယောကျ်ားတစ်ယောက်အဖြစ်တောင် စာရင်း သွင်းထားတာ မဟုတ်ဘူး"

ပြောစရာစကားမရှိတော့လည်း အပြုံးဖြင့်သာ တုံ့ပြန်လိုက်ရသည်။

"ဟိုတစ်ခါ ကန်ပေါင်မှာတုန်းက မင်းသူ့ကို ဒီလောက်ထိချစ်လိမ့် မယ်လို့ ငါထင်တောင်မထင်ထားဘူး။ ဒီတိုင်း အန်တီတို့သဘောတူလို့ မင်း ခေါင်းညိတ်ထားရတယ်လို့ပဲ ငါထင်တာ"

နေဗလစကားကြောင့် နည်းနည်းတောင် မျက်မှောင်ကျုံ့မိသွား သည်။

"ငါက သူ့ကိုချစ်နေတယ်လို့ မင်းထင်တာလား"

"ဟော့ကောင် မင်းရူးနေပြီလား၊ အဲဒါ အချစ်ပေါ့ကွ၊ လူတစ် ယောက်ကိုမချစ်ဘဲနဲ့ ဒီလောက်ထိ ဘယ်သူမှ သည်းမခံဘူး။ ကိုယ့်ကိုသတ် နိုင်တောင် လုပ်ခဲ့တဲ့ မိန်းမတစ်ယောက်လေကွာ"

"ငါက ဒီတိုင်းသံယောဇဉ်ဖြစ်နေတာလို့ ထင်တာကွ"

www.burmeseclassic.com



"ခံကွာ သေအောင်သာ ခံပေတော့၊ အချစ်လို့အချစ်မှန်းတောင် မသိတဲ့ မင်းလိုကောင်မျိုး ခံရတာတောင် နည်းသေးတယ်"

ခေါင်းတကုတ်ကုတ်နှင့် ရှုကြောင်ကြောင်ကွက်နင်းလိုက်သော နေဗလ ပိုဒေါသဖြစ်ဖြစ်နှင့် မျိုးစုံကျိန်ဆဲကာ ကားပေါ်တက်ထွက်ခွာသွားသည်။

■ ■ ■

မေမေ အိမ်ပြန်ရောက်လာပြီး ကျွန်တော်နှင့်အတူ ကုမ္ပဏီမှာ အလုပ်ဝင်ဖို့ကိစ္စတွေ ပြောဆိုနေတုန်းမှာပဲ သူမ အပေါ်ထပ်သို့ ပြန်တက်သွားသည်။

"သမီးလေး လုပ်ခဲ့တာတွေကို သား ဆက်လုပ်ဖို့ မေမေကတော့ ပြောချင်တယ်"

"ရေခဲမုန့်သီးသန့်ဆိုင်တွေဖွင့်ဖို့ မဟုတ်လား။ သားလည်း စိတ်ဝင်စားပါတယ်၊ ဒါပေမဲ့ သူကိုယ်တိုင် ပြန်လုပ်တာ ပိုသင့်တော်မယ်လို့ ထင်တယ်"

"ဒီအခြေအနေနဲ့ ဖြစ်နိုင်ပါ့မလား သားရယ်"

"သူက သားနဲ့ပတ်သက်ခဲ့တဲ့ အနေအထားတစ်ခုကိုပဲ မေ့နေခဲ့တာပါ မေမေ၊ သူ သင်ထားခဲ့တဲ့ပညာတွေကိုတော့ မမေ့ပါဘူး"

"အမှန်ကို ပြောရရင် မေမေ နားမလည်တာလည်း အဲဒါပဲ သား။ ဘာဖြစ်လို့ သမီးလေးရဲ့မေ့ပစ်ချင်တဲ့မှတ်ဉာဏ်အစိတ်အပိုင်းဟာ သားဖြစ်နေတာလဲ၊ မေမေ ဘယ်လိုမှ နားမလည်နိုင်ဘူး။ သူ့ဘက်ကစပြီး ဒီလက်ထပ်ပွဲကို တောင်းဆိုခဲ့တာလေ"

မေမေ့မှာ စူးစမ်းချင်စိတ်နှင့်အတူ မခံချင်စိတ်လေးပါ ဖြစ်နေတာ ကျွန်တော် သဘောပေါက်ပါသည်။ ဒါပေမဲ့ ကျွန်တော့်အခြေအနေကလည်း





အမှန်တွေကိုဖွင့်ပြောပြဖို့ ဘယ်လိုမှမဖြစ်နိုင်သေးတော့ ပြုံးရုံသာ တတ်နိုင်ခဲ့သည်။

"ဒါကတော့ ကံတရားပေါ့ မေမေရယ်၊ သားလည်း မသိတော့ပါဘူး"

"အင်းလေ သမီးလေး အမြန်ဆုံး ပြန်ကောင်းလာဖို့ မေမေလည်း မျှော်လင့်ပါတယ်"

"ဒါဆို သား အိပ်တော့မယ်နော် မေမေ၊ မေမေလည်း နားလိုက်တော့လေ"

မေမေ့ကိုနှုတ်ဆက်ပြီး အပေါ်ထပ်တက်လာတော့ အထဲမှ လော့ချထားသော ကျွန်တော့်အခန်းတံခါးကသာ ကျွန်တော့်ကို ခပ်တည်တည် စောင့်ကြိုနေခဲ့သည်။

"ဒေါက် ဒေါက်"

တံခါးကို ခပ်တိုးတိုးလေး ခေါက်လိုက်၏။ ဘာလှုပ်ရှားမှုမှ မရှိ။ နတ်မိမယ် အိပ်ပျော်နေပြီလား။ ကျွန်တော် နောက်ထပ် တစ်ကြိမ် ကြိုးစားလိုက်သည်။

"ဒေါက် ဒေါက် နတ်မိမယ်၊ ဒေါက် ဒေါက် ဒေါက် နတ်မိမယ် တံခါးဖွင့်ပေးဦး"

မေမေ ကြားမှာစိုးသောကြောင့် ကျွန်တော့်မှာ အသံခပ်အုပ်အုပ်သာ ပြုရ၏။ သူမကတော့ နည်းနည်းလေးမှပင် လှုပ်ရှားမှုမရှိပါ။ ကျွန်တော် နောက်ဆုံးအကြိမ်အဖြစ် ခပ်ကျယ်ကျယ်လေး ထပ်ခေါက်လိုက်သည်။

ဘာတုံ့ပြန်မှုမှ မရှိသောအခါ ကျွန်တော် လက်လျှော့လိုက်တော့၏။ သူမ တကယ်အိပ်ပျော်နေတာလည်း ဖြစ်နိုင်သလို တမင်သက်သက် ကျွန်တော့်ကို မဖွင့်ပေးတာလည်း ဖြစ်နိုင်ပါသည်။ သေချာတာကတော့ ဒီည



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်တော်အပေါ်ထပ်ဧည့်ခန်းမှဆိုဖာများပေါ်မှာပဲ အိပ်စက်ရပါတော့မည်။

ဆိုဖာနောက်မှီခေါင်းအုံးသေးသေးလေးကို ဦးခေါင်းအောက်မှာ ခု လိုက်ပြီး ကျွန်တော် မျက်လုံးများကို မှိတ်လိုက်သည်။ အိပ်လို့တော့ မပျော် နိုင်သေးတာ ကျွန်တော် သိ၏။ ကျွန်တော့်အတွေးများထဲမှာ နတ်မိမယ်က နေရာယူထားသည်။ နေ့ဗလကတော့ အဲဒါ အချစ်လို့ တိတိကျကျ ပြော သွားပေမယ့် ကျွန်တော်ကိုယ်တိုင်က ဝန်ခံရမှာကို ရှက်ရွံ့နေသလိုပါပဲ။

သူမကို ကျွန်တော့်နားမှာ ရှိနေစေချင်သည်။ သူမရဲ့မှတ်ဉာဏ် တွေထဲက ကျွန်တော့်အတွက် အမုန်းတရားတွေကို အပြီးတိုင် ပျောက်ကွယ် သွားစေချင်သည်။ နတ်မိမယ်ရဲ့နှလုံးသားထဲက တကယ်ချစ်ခဲ့တာဖြစ်စေ မချစ်ခဲ့ဘူးဖြစ်စေ ကျွန်တော်ကတော့ သူမနဲ့အတူဖြတ်သန်းခဲ့ရသည့် ထင် မယားဘဝလေးကို မြတ်နိုးတန်ဖိုးထားသည်။ အဲဒီဘဝလေးကို ပြန်လိုချင် မိသည်။ သူမကို ဘာအကြောင်းနဲ့မှ အဆုံးရှုံးမခံချင်ပါ။ သေဆုံးပြီးသွားတဲ့ သူမချစ်သူကြောင့်ဆိုရင် ပိုလို့တောင် လက်လွှတ်မခံနိုင်ခဲ့။ ခက်တာက အဲဒီ သေဆုံးပြီးသား လူတစ်ယောက်ကိုတောင် ကျွန်တော် မယှဉ်နိုင် ခြင်းပါပဲ။

တွေးရင်းတွေးရင်းနှင့် ညည့်သာနက်လာသည်။ ကျွန်တော့်မျက်လုံး များ ကြောင်တောင်ဆဲ။ သူမအကြောင်း အတွေးတွေကနေ လွှတ်မြောက် နိုင်မယ့်နည်း တစ်ခုခုများ မရှိနိုင်တော့ဘူးလား။

ဒါနဲ့ကော၊ နောက်ဆုံးမှာ ကျွန်တော် ဝန်ခံပါမယ်။ နတ်မိမယ်ကို ကျွန်တော် ချစ်တယ်။

■ ■ ■

"ဟယ် ဘယ်လိုဖြစ်လို့ ဒီနေရာမှာ အိပ်နေတာတုန်း"





စောစောစီးစီးပင် အပေါ်ထပ်ကို သန့်ရှင်းရေးတက်လုပ်သော ဒေါ်မြင့်ရဲ့အသံကျယ်ကျယ်ကြောင့် ကျွန်တော် လန့်နိုးသွားချိန်မှာ မနက် ခုနစ်နာရီဖြစ်နေပြီ။

"အခန်းထဲမှာ မအိပ်တဲ့ တစ်ညလုံး ဆိုဖာပေါ်မှာ ရှိနေခဲ့တာလား"

"ကျွန်တော် ခဏထိုင်နေရင်းနဲ့ အိပ်ပျော်သွားတာ ဖြစ်မယ်"

"တစ်ညလုံး မသက်မသာ အိပ်နေရမှာပေါ့။ အခန်းထဲမှာသွားအိပ် လေ သား"

ဒေါ်မြင့်ရဲ့ကရုဏာစကားကို ကျွန်တော် ဘယ်လိုပြန်တုံ့ပြန်ရမလဲ သိ။ ခုချိန်ထိသာ နတ်မိမယ်က တံခါးဖွင့်မပေးခဲ့ရင် ကျွန်တော်တို့နှစ်ယောက် အခြေအနေကို အိမ်ကလူတွေကလည်း ရိပ်မိသွားလောက်သည်။

"သမီးလေးတောင် ခုလေးတင် ခြံထဲမှာ ပန်းပင်တွေ ရေလောင်း နေတယ်၊ သား အေးအေးဆေးဆေး အခန်းထဲမှာ သွားအိပ်ချင်အိပ်လေ"

"မယ် နိုးနေပြီလား"

"နိုးနေပြီလေ သားရဲ့"

အပေါ်ထပ်ဝရန်တာလေးကနေ ကျွန်တော် ထွက်ကြည့်တော့ ပန်းပင်ပီဝါများကို ရေပိုက်တစ်ချောင်းဖြင့် ပက်ဖျန်းနေသည့် နတ်မိမယ်ကို ကြော်သရေရှိစွာ တွေ့ရသည်။

"မအိပ်တော့ဘူးဆို ဒေါ်မြင့် မနက်စာ ပြင်ထားလိုက်တော့မယ်"

"ဟုတ်ကဲ့ ကျွန်တော် ခဏနေ ဆင်းလာမယ်၊ ဒါနဲ့ မယ်ရော စားပြီးပြီလား"

"သမီးလေးက စားသောက်ပြီးမှ ခြံထဲဆင်းသွားတာလေ"

ရင်ထဲမှာ နည်းနည်းတော့ နာကျင်ရပြန်သည်။ အရင်လိုဆိုရင် စားသောက်သား မနက်စာ အတူစားသောက်ပြီးမှ လုပ်စရာရှိတာတွေ လုပ်ခြင်း

www.burmeseclassic.com



ဖြစ်သည်။ ခုတော့ သူမတစ်ယောက်တည်း ရှင်သန်နေတဲ့ဘဝလိုမျိုး ကျွန်တော်က လုံးဝ သေးရောက်နေခဲ့၏။

မနက်စာကို တစ်ယောက်တည်း တိတ်ဆိတ်စွာ စားသောက်နေချိန်မှာ သူမ အိမ်ထဲပြန်ဝင်လာခဲ့သည်။ ကျွန်တော့်ကိုတွေ့တော့ မသိချင်ယောင်ဆောင်ကာ အပေါ်ထပ်တက်သွား၏။ ဒီလို အေးစက်နေသည့် အခြေအနေတစ်ခုကို အရင်လို ပြန်လည်ပြီးအသက်ဝင်လာအောင် ဘယ်နည်းတွေနဲ့ ကျွန်တော် ကြိုးစားလုပ်ဆောင်ရမလဲ။ စိတ်ညစ်စွာနှင့်ပင် ကျွန်တော် ကြံရာမရ ဖြစ်နေခဲ့၏။

"မင်းလုပ်လက်စ ဖြစ်နေတဲ့ ရေခဲမုန့်လုပ်ငန်းကို ဆက်လုပ်စေချင်တယ်"

ဒီရက်တွေမှာ သူမက ကျွန်တော့်ကို ရှောင်နေပေမယ့် ကျွန်တော်ကတော့ ပြောမှဖြစ်မယ့်လုပ်ငန်းကိစ္စလေးတွေအတွက် သူမကို မျက်နှာချင်းဆိုင်ရန် ကြိုးစားရသည်။

"ဘာကိုပြောချင်တာလဲ"

"မေမေ့လုပ်ငန်းတွေကို မင်းကူညီပေးနေတာလေ၊ လုပ်လက်စတန်းလန်းနဲ့ ခုလို အနေအထားတစ်ခု ဖြစ်သွားတာ၊ မင်းဦးစီးခဲ့တာမို့ ပြီးတဲ့အထိ မင်းကိုပဲ တာဝန်ယူစေချင်တယ်"

လုပ်ငန်းနှင့်ပတ်သက်နေတာမို့ သူမ သိပ်တော့ကလန်ကဆန်မလုပ်ပါ။

"ကောင်းပြီလေ၊ အဲဒီ လုပ်လက်စဆိုတာတွေ ကျွန်မ ပြန်လေ့လာကြည့်မယ်"

"ကျေးဇူးတင်ပါတယ်"

"ဘာအတွက်လဲ"





"ဒီတစ်ခုတော့ ကိုယ့်တာဝန်ကိုယ်ဆက်ယူမယ့်အတွက်"

ကျွန်တော့်ကိုမလိုတမာစွာ လှမ်းကြည့်၏။ ကျွန်တော့်စကားများကအရွဲ့တိုက်သလို ဖြစ်ကောင်းဖြစ်သွားမှာပေါ့။ ဒါပေမဲ့ မတတ်နိုင်ဘူးလေ။ စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ခံစားချက်အတိုင်း ပြောလိုက်တာပဲ။

"ဒီမှာ ခဏလောက်"

အခန်းထဲကနေ ပြန်ထွက်ရန် ပြင်နေသော ခြေလှမ်းများ ရပ်တန့်သွားသည်။ သူမ မျက်နှာကိုကြည့်ရတာ တစ်ခုခုကို ပြောချင်နေပေမယ့် တွန့်ဆုတ်နေသလိုလို။

"ဘာလိုချင်လို့လဲ"

ထို့ကြောင့် ကျွန်တော်ကပင် အစပြုပေးလိုက်သည်။

"တစ်ခုလောက် စုံစမ်းပေးပါလား"

သူမ ဘာတွေကို သိချင်နေပြန်ပြီလဲ။

"မောင့်အကြောင်း စုံစမ်းပေးပါ"

"ဘာ ဘယ်ကမောင်လဲ"

"ကျွန်မ ချစ်သူ ရဲသွေး။ သူ့ဖုန်းနံပါတ်ကိုခေါ်တာ စက်ပိတ်ထားတယ်လို့ပဲ ဖြေနေတယ်"

တဒင်္ဂလောက်တော့ ကျွန်တော် အသက်ရှူရပ်တန့်သွားတာ သေချာသည်။ အခု သူမရဲ့ချစ်သူဆိုတဲ့ယောကျ်ားအကြောင်း ကျွန်တော့်ကို လာစုံစမ်းခိုင်းနေတာလား။ အဲဒီ ရဲသွေးဆိုတဲ့လူ ကိုင်ထားတဲ့ဖုန်းက စက်ပိတ်ထားပါတယ်ဆိုတဲ့အကြောင်းပြချက်လေး တစ်ခုနဲ့လေ။

"ရှင် စုံစမ်းပေးနိုင်မလား"

ရင်ထဲမှာ နာကျင်ခြင်းနဲ့အတူ မခံမရပ်နိုင်သော ဒေါသတစ်ခု ဖြစ်ပေါ်လာသည်။ ကျွန်တော်ဟာ ဒီလောက်တောင်ပဲ တန်ဖိုးမဲ့တဲ့ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်နေပြီလား။

"မင်း ငါ့ကိုဘာ ထင်နေတာလဲ နတ်မိမယ်"

ကျွန်တော့်ကို ပြန်ကြည့်နေတဲ့ မျက်ဝန်းတွေက အပြစ်ကင်း နေသည်။ အဲဒါကပဲ ကျွန်တော့်ဒေါသတွေကို ပိုဆွပေးနေသလိုပါ။ ခင်ပွန် ဖြစ်တဲ့သူကို အရင်က ရည်းစားအကြောင်း စုံစမ်းပေးဖို့ အထစ်အငေါ့ ပြောထွက်ခဲ့ပေမယ့် သူမ မျက်နှာပေးက အပြစ်မရှိသူလို ဖြစ်နေတာ ကျွန် တော် ပိုလို့စိတ်တိုမိသည်။

"ဖြည်းဖြည်းလုပ်ပါရှင့်၊ လိပ်ပြာတောင် လွင့်မလားမှတ်ရတယ်"

"မင်းလုပ်ရပ်တွေက တော်တော်လေး တရားလွန်တယ်ကွာ"

"ရှင် ကျွန်မကို ဘယ်လိုပြောလိုက်တယ်"

ခုတင်ထက်မှာ ခြေဆင်းထိုင်ပြီး ဖုန်းကလိနေရာကနေ သူမ ဗျာ ခနဲ ထလာသည်။

"ငါက မင်းယောကျ်ားကွ၊ မင်းအရင်ရည်းစားအကြောင်းကို ငါ့ထ စုံစမ်းခိုင်းရလောက်အောင် ငါက သိပ်များနွားကျနေလို့လား"

"ဒီလက်ထပ်ပွဲ ဘယ်လိုအောင်မြင်အထမြောက်ခဲ့တယ်ဆိုတာ မသိရှမချင်း ကျွန်မကတော့ ရှင့်ကိုလင်ယောကျ်ားတစ်ယောက်အနေနဲ့ မသတ်မှတ်နိုင်ဘူး၊ အဲဒီတော့ ကျွန်မချစ်သူကိုပဲ လွတ်လပ်စွာနဲ့ ဆက်ချစ် မယ်"

"မင်းကွာ"

စိတ်ထဲမှာ မခံမရပ်နိုင်သော ဒေါသများဖြင့် အနားမှာရှိနေသည့် မှန်ချက်ကို လက်သီးဖြင့် ထိုးချလိုက်မိသည်။ မှန်ရဲ့ထောင့်စွန်းနေရာထ ကွဲအက်ပဲ့ကြွေသွားသလို ကျွန်တော့်လက်ဆစ်နေရာမှာလည်း ကွဲရှလျှ သွေးများထွက်လာသည်။ နှလုံးသားက နာကျင်မှုကို နည်းနည်းမှ မသိ





သော မပြောပလောက်သည့် ပြင်ပဒဏ်ရာလေးသာ။

သူမရှေ့ကနေ ခြေလှမ်းကျဲကြီးများဖြင့် ကျွန်တော် ထွက်ခဲ့သည်။ အပြစ်မဲ့သူတစ်ယောက်လို ရဲဝံ့တည်ကြည်နေသည့် အဲဒီမျက်နှာလေးကို ဆက်မြင်နေရရင် ကျွန်တော့်စိတ်တွေ ပိုမိုပေါက်ကွဲလာတော့မှာ။

ခြံထဲမှာ တစ်ယောက်တည်းသွားထိုင်နေလိုက်တော့မှ စိတ်အနည်း ငယ် တည်ငြိမ်လာခဲ့သည်။

"ဟာ အစ်ကိုလေး လက်မှာသွေးတွေထွက်နေတယ်"

အနားရောက်လာသော ကိုဋ္ဌေးက ထိတ်လန့်တကြား အော်သည်။

"အေး ငါ မှန်နဲ့ခိုက်မိသွားလို့"

"ဟာ ဒီတိုင်းထားလို့ ဘယ်ဖြစ်မလဲ၊ ဆေးခန်းသွားမယ်"

"ဒီလောက် မလိုပါဘူးကွာ၊ အိမ်မှာရှိတဲ့ဆေး နည်းနည်းပါးပါး ထည့်လိုက်ရင် ဖြစ်ပါတယ်"

"ဒါဆို ကျွန်တော် သွားယူလိုက်ဦးမယ်"

အိမ်ထဲသို့ အပြေးဝင်သွားပြီး ဆေးသေတ္တာကိုင်လျက် ကိုဋ္ဌေး ချက်ချင်း ပြန်ထွက်လာသည်။ သူကိုယ်တိုင် ဆေးထည့်ပေး ပတ်တီးစည်း နှောင်ပေးပြီး ကျွန်တော့်ကို စိတ်မသက်မသာဖြစ်နေပုံမျိုးနှင့် ကြည့်သည်။

"မတော်တဆဖြစ်တာမှ ဟုတ်ရဲ့လား အစ်ကိုလေးရယ်"

ကျွန်တော် ရယ်နေမိသည်။ ကိုဋ္ဌေးက ဘာတွေကို ရိပ်မိနေလို့ ကျွန်တော့်ကို ဒီလိုမေးလိုက်တာလဲ။

"အစ်ကိုလေး စုံစမ်းခိုင်းထားတာကို ကျွန်တော် သိခဲ့ပြီ"

ခြော် ဒါကြောင့်ကိုး။ ကျွန်တော်နဲ့မတော်တဆမှုဖြစ်ကာ သေဆုံး ခဲ့ရသည့်လူနဲ့ ကျွန်တော့်မိန်းမအဖြစ် ရှိနေသော နတ်မိမယ်တို့ကြားက ဝတ်သက်မှုကို ကိုဋ္ဌေးသိပြီးခဲ့ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲ"

"ရဲသွေးဆိုတဲ့လူက အစ်ကိုလေးအမျိုးသမီးနဲ့ ချစ်သူတွေဖြစ်ခဲ့ကြတယ်"

"ငါသိပါတယ်"

"အစ်ကိုလေး သိပြီးသား ဟုတ်လား"

သူ့မျက်နှာမှာ အံ့ဩခြင်းတွေ ဖြတ်သန်းသွားသည်။

"ဟုတ်ပါတယ်ဆိုကွာ တခြားဘာတွေသိလာသေးလဲ"

"ဒီလူက အင်္ဂလန်မှာ မမလေးနဲ့ကျောင်းအတူတက်ခဲ့တယ်"

ကိုဒွေးကို ကျွန်တော် မျက်လုံးတစ်ချက် လှန်ကြည့်လိုက်သည်။

"ဒါလည်း အစ်ကိုလေး သိပြီးသားနဲ့တူတယ်၊ ဒါပေမဲ့ အစ်ကိုလေး မသိသေးတာ သေချာတဲ့ကိစ္စတစ်ခုရှိတယ်"

ပိုင်နိုင်သောမျက်နှာပေးနှင့်ပြောနေသည့် ကိုဒွေးကိုကြည့်ပြီး ကျွန်တော် တကယ်ကြီး စိတ်ဝင်စားသွားမိသည်။

"ဘာလဲ ဟောကောင် မြန်မြန်ပြောစမ်းပါ"

"ဒီလူ ကျောင်းတက်တာတွေရော အသုံးစရိတ်ကာအစ ထုတ်ပေးနေခဲ့တာ စပွန်ဆာမမတစ်ယောက်ဗျ"

"ဘာ"

ဒါကတော့ ကျွန်တော့်ကို တကယ်ပင် အံ့အားသင့်သွားစေသည့် သတင်းထူးပါပဲ။

"ဟုတ်တယ် အစ်ကိုလေး၊ မတော်တဆမှုမှာ ဒီလူသေတော့ အစ်ကိုလေးအမေနဲ့ ထိပ်တိုက်တွေ့ပြီး လျော်ကြေးကိစ္စတွေဘာတွေ ဖြေရှင်းခဲ့တာလည်း အဲဒီစပွန်ဆာမမပဲတဲ့"

"ငါသိထားတာက သူ့အစ်မဝမ်းကွဲတစ်ယောက်ဆိုပြီး"





"အဲဒါတွေအားလုံးက လိမ်ထားတာဗျ၊ ဒီလူ့အမေကအစ အဲဒီမိန်းမက ထောက်ပံ့ထားတာ၊ အမေဆုံးလို့ မြန်မာပြည် ပြန်လာတဲ့အချိန်မှာ ဒီမတော်တဆမှုဖြစ်ခဲ့တာပဲ"

"ချမ်းသာတဲ့ စပွန်ဆာမမတစ်ယောက်က ငါတို့ပေးတဲ့လျော်ကြေးကို အသာတကြည်လက်ခံလိုက်ပြီး အမှုပိတ်ပေးလိုက်တယ်ပေါ့ ဟုတ်လား"

"အစ်ကိုလေးကလည်း ပြောရောမယ်၊ အဲဒီမိန်းမချမ်းသာတယ်ဆိုတာ အစ်ကိုလေးတို့နဲ့တော့ ဘယ်ယှဉ်နိုင်မှာလဲ၊ နာမည်ကြီးမြူးတီးဆလွန်းလေးငါးဆိုင် ဖွင့်ထားတာလောက်ပဲလေ"

"ဩော်"

ကျွန်တော် ပြုံးမိသည်။ ဒီရက်တွေအတွင်းမှာ အလှပဆုံး ပြုံးနိုင်ခဲ့ခြင်းလည်း ဖြစ်၏။

မင်းသိပ်ချစ်ပါတယ်ဆိုတဲ့ ရဲသွေးဆိုတဲ့လူ သေဆုံးသွားခဲ့ပြီဆိုတာရော၊ အဲဒီ ရဲသွေးရဲ့နောက်ကွယ်က မင်းမသိသေးတဲ့ အဖြစ်မှန်တွေကိုရော ငါ ပြောပြနိုင်မယ့်အခွင့်အရေး သိပ်မကြာခင် ရှိလာတော့မှာပါ နတ်မိမယ်ရယ်။

အဲဒီအချိန် မင်းနာကျင်ရမှာကိုတော့ ငါစိုးရိမ်မိပါတယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တကြည့်ခန်းထဲက စားပွဲပေါ်မှာ ကြည့်လက်စ ဖိုင်တွဲများဖြ မွှရှုပ်နေသည်။

နတ်မိမယ်လို့ နိုင်ငံခြားထိသွားပြီး စီးပွားရေးပညာရပ်ကို သင်ကြ လာခြင်း မရှိပေမယ့်လည်း မြန်မာပြည်က စီးပွားရေးအထူးပြုဘွဲ့တစ်ခု တော့ ကျွန်တော် ပိုင်ဆိုင်ထားသဖြင့် တရင်းဖယားများနှင့် လုပ်ငန်းသဘေ တရားကို နတ်မိမယ် နည်းနည်းရှင်းပြလိုက်ရုံနှင့် ကျွန်တော် နားလည်နို သည်။

"မဆိုးပါဘူး အရင်က ကျွန်မ လုပ်ခဲ့တဲ့ပရောဂျက်က အောင်မြ ခါနီးဆဲဆဲပဲ"

"ဟုတ်တယ် မင်းပေးတဲ့ အိုင်ဒီယာကို မေမေရော တခြားရှယ် ရှင်တွေကပါ သဘောကျကြတယ်လေ၊ ဒီနှေအမီ ဖွင့်ဖို့လည်း ဆိုင်းပြင်ဆ စီစဉ်နေကြပြီ"

အလုပ်ကိစ္စများမှာတော့ နတ်မိမယ်က ရန်လိုခြင်းမရှိဘဲ အော





သက်သာ စကားပြောလို့ရသည်။ ဒါကပဲ ကျေးဇူးတင်စရာ ကောင်းလှနေ ခဲ့ပြီ။

"ကော်ဖီ ရပါပြီ"

ကော်ဖီနှစ်ခွက်ပါဝင်သော ဗန်းလေးကိုင်ပြီး ဒေါ်မြင့်အခန်းထဲ ဝင် လာသည်။

"နေ့လယ်အဆာပြေ ဘာစားမလဲ သားနဲ့ သမီး"

"မစားတော့ပါဘူး ဒေါ်မြင့်၊ ကျွန်တော်တို့ကို အာရုံမထားပါနဲ့၊ လုပ်စရာရှိတာသာ လုပ်ပါ၊ ကျွန်တော်တို့အလုပ်တွေက တော်တော်နဲ့ပြီးမှာ မဟုတ်ဘူး"

"ဟုတ်တယ် သမီးလည်းမဆာသေးပါဘူး"

စားပွဲပေါ်မှာကော်ဖီနှစ်ခွက် တင်ပေးပြီး ဒေါ်မြင့် ပြန်ထွက်သွားတာ နှင့် ကျွန်တော်တို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်သွားသည်။ ကွန်ပျူတာထဲ က လေ့လာစရာရှိတာတွေ ကျွန်တော်က စိတ်ဝင်တစား ကြည့်နေပြီး သူမကတော့ ဖိုင်တစ်ထပ်နှင့် အလုပ်ရှုပ်နေခဲ့သည်။

"ခွမ်း ဟယ် သွားပါပြီ"

ဖန်ခွက်နှင့်ကြမ်းပြင် ထိခတ်မိသော အသံနှင့်အတူ သူမထံမှ အာမေဋိတ်သံလေးတစ်ပြိုင်တည်းလိုလို ထွက်ကျလာသည်။ ခွက်ထဲက ကော်ဖီတွေအားလုံးလည်း သူမရဲ့အိမ်နေရင်းဝတ် ချည်သားဂါဝန်လေးမှာ စွန်းသွား၏။ သူမက ကြမ်းပြင်ထက် ငုတ်တုတ်ထိုင်ချလိုက်ကာ ဖန်ခွက်ကွဲစ တွေကို ကမန်းကတန်း ကောက်သည်။

"အ"

ဖန်ခွက်ကွဲနှင့်ရှမိသော လက်ချောင်းထိပ်လေးမှာ သွေးစလေးတွေ ထွက်လာ၏။ ကျွန်တော် ချက်ချင်းပင် ပျာယာခတ်သွားသည်။ သူမ

ဖျူးတာဝေ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသော ဘေးကို ကိုယ်တိုင်တောင်မသိလိုက်ပါဘဲ ရောက်သွားပြီး သွေးထွက်နေသော သူမလက်ချောင်းလေးကိုဆွဲယူလိုက်မိ၏။

"ဘာဖြစ်လို့ ဖန်ကွဲစတွေကို လက်နဲ့ကောက်ရတာလဲ၊ မင်း... တော့ တကယ်ကွာ"

စားပွဲပေါ်မှာ အသင့်ရှိနေသော တစ်သျှူးဘူးထဲမှ တစ်သျှူးစ... ထုတ်ယူလိုက်ပြီး သူမ လက်ချောင်းမှ သွေးများကို သုတ်ပစ်သည်။ ပြီးနော... အဲဒီလက်လေးကို ကိုင်လျက်သားနှင့် ဘေစင်ရှိရာဆီ ဆွဲခေါ်သွားပြီး ရေ... ဘိုင်ခေါင်းအောက်ကို ထိုးထည့်ပေးလိုက်၏။ သွေးများကုန်စင်သွားအော... ကျွန်တော်ကိုယ်တိုင် ဆေးကြောပေးပြီးတော့မှ သူမ လက်လေးကို လွှတ်ပေး... မိသည်။

ထိုအခါမှပဲ ကျွန်တော့်ကို အကြောင်သား ငေးကြည့်နေသော... သူမမျက်ဝန်းများနှင့် တည့်တည့်ရင်ဆိုင်မိခြင်းဖြစ်သည်။

"သွေးတွေမြင်တော့ လန့်သွားမိလို့ လုပ်ပေးတာ၊ လျှောက်ရေ... မနေနဲ့"

ခပ်လျှမ်းလျှမ်းတစ်ချက်ပြောပြီး သူမကို ကျွန်တော် ကျော... လိုက်သည်။ အဲဒါကိုက ကျွန်တော့်ရဲ့မဟာအမှားဖြစ်သွားခဲ့တာပါပဲ။ သူမ... အပေါ်မှာဖြစ်သွားတဲ့ စိုးရိမ်ပူပန်မှုတွေကို မထိန်းချုပ်နိုင်ခဲ့ဘဲ အသည်းအေး... ဖြစ်မိတာကို ကိုယ့်ဘာသာ အိုးမလုံအုံပွင့် ဝန်ခံမိသလို ဖြစ်သွားတာ...

"ဘာမှလျှောက်မတွေးပါဘူး စိတ်မပူပါနဲ့"

သူမကလည်း လေသံမာမာပြောပြီး ထွက်သွားသည်။ နော... တော့ သူမဘာသာသူမ ဒဏ်ရာကိုဆေးထည့်နေ၏။ ကျွန်တော် သက်ပြင်း... လေး ချမိသည်။

"အလုပ်တွေ ရှင်ပဲ ဆက်ကြည့်ထားလိုက်ပါ၊ ကျွန်မ အပြင်...





သွားမလို့"

ကျွန်တော့်ကို ခွင့်တောင်းတာမဟုတ်၊ အလုပ်တူတူလုပ်နေသည့် အတွက်သာ အသိပေးရုံသက်သက်ဖြစ်သည်။ အဝတ်အစားများ လဲလှယ်လျက် သူမ ထွက်သွားဖို့ပြင်သည်။

"ကိုမွှေးကို လိုက်ပို့ခိုင်းလိုက်မယ်လေ"

"ရပါတယ် ကျွန်မဘာသာ ကားငှားပြီးပဲ သွားလိုက်မယ်"

တစ်ချက်လေးတောင်လှည့်မကြည့်တော့ဘဲ သူမ ထွက်သွားသည်။ ဒီတိုင်းလေး ကြည့်နေရုံကလွဲလို့ ကျွန်တော် ဘာမှမတတ်နိုင်ခဲ့။ ဘယ်သွားမှာလဲလို့လည်း မေးခွင့်မရှိ။ မေးခဲ့ရင်လည်း သူမက ဖြေမှာမဟုတ်။ ဘယ်အချိန်ပြန်လာမလဲလို့လည်း သိခွင့်မရ။

ကျွန်တော့်အိမ်ထောင်ရေးဟာ အခြေအနေ အဆိုးရွားဆုံးကို ရောက်ရှိနေပြီလား။ ဒါတောင် ရဲသွေးဆိုတဲ့ သူမချစ်သူသေဆုံးခဲ့ပြီဆိုတာတွေ၊ အဲဒီ သေဆုံးမှုမှာ ကျွန်တော့်ပယောဂမကင်းတာတွေသာ နတ်မိမယ် သိသွားခဲ့ရင် ဒီထက်မက အဆိုးရွားဆုံးအနေအထားတစ်ခုကို ရောက်ရှိသွားနိုင်ပါသည်။ ဘယ်အချိန်ထိ ကျွန်တော် ဖုံးကွယ်ထားနိုင်မှာလဲ၊ သိပ်မကြာတော့တဲ့ တစ်ချိန်ချိန်မှာ ဒီအမှန်တရားတွေကို သူမ ရှာဖွေတွေ့ရှိသွားမှာပဲလေ။

အဲဒီအခါ ကျွန်တော့်အတွက်နေရာက။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ငါ ကွာရှင်းပေးလိုက်ရင် ကောင်းမလား နေဗလ"

"ဘာအတွက်နဲ့လဲ"

စိတ်ပျက်အားလျော့စွာ မေးမိသော ကျွန်တော့်မေးခွန်းကို နေဗလ က ခပ်တည်တည် ပြန်မေးသည်။

"အခုတောင် ငါ့ကို ဒီလောက်ပစ်ပစ်ခါခါ ဖြစ်နေတဲ့ မိန်းမတစ် ယောက်က တကယ်တမ်း ငါ့ကိုလက်ထပ်ဖို့ ကြိုးစားခဲ့တဲ့ သူ့ရည်ရွယ်ချက် သူ ပြန်မှတ်မိသွားရင် အခြေအနေတွေ ပိုဆိုးလာဖို့ပဲ ရှိတယ်လေ"

"မင်းက သိပ်စိတ်လျှော့တာကိုးကွ"

"အပြစ်တင်လည်း ခံရမှာပဲ၊ ဒါပေမဲ့ တစ်နေ့ တစ်နေ့ သူ့ဥပေက္ခာ တွေနဲ့ နေနေရတာ ငါ စိတ်ပင်ပန်းတယ်"

"မင်း သူ့ကိုချစ်တယ်ဆိုရင် ဒီလောက်တော့ သည်းခံရမှာပဲလေ"

"သည်းခံပြီးတဲ့အဆုံးမှာ ငါ့အတွက် ဘာကျန်မှာလဲ"





နေဗလ ကျွန်တော့်ကို မျက်လုံးကြီးပြူးကြည့်သည်။

"ဘာကျန်ရမှာလဲကွ၊ သူ သိပ်ချစ်ပါတယ်ဆိုတဲ့ ရဲသွေးဆိုတဲ့ ာင်ရဲ့ တကယ့်နောက်ကွယ်ကအဖြစ်မှန်ကိုသာ သိသွားရင် ငြိမ်ငြိမ်လေး နိုးမကို မင်းပြန်ရပြီပေါ့"

"အဲဒါ သူ ငါ့ကိုချစ်တာ ဖြစ်နိုင်ပါ့မလား၊ ရဲသွေးနဲ့ပတ်သက်တဲ့ ဖြစ်မှန်တွေကို သိပြီးတဲ့နောက် ငါနဲ့က လင်မယားဆိုတဲ့ခေါင်းစဉ်အောက် ာ ရှိနေပြီးသားမို့လို့ ဒီတိုင်းလေးပဲ ငြိမ်နေလိုက်တယ်ဆိုတာမျိုး မဖြစ်နိုင် ူးလား"

"မင်း သိပ်တွေးလွန်းနေပြီ ဟောကောင်၊ တကယ်ဆို အခုချိန် လုပ်ရမှာက ဒီကေ့ှင်နဲ့ပတ်သက်တဲ့ မင်းသိထားသမျှ အမှန်တရားတွေ ို နတ်မိမယ်ဆီမှာ ဖွင့်ချပြလိုက်ရမှာ"

"လူတစ်ယောက်ရဲ့ဟာကွက်ကိုနင်းပြီးမှ ငါ သူ့ရဲ့ကောင်းမဖြစ်ချင် ူး နေဗလ"

"သွားပြီ၊ မင်းတော့ တကယ်သွားပြီ၊ အတွေးတွေက ၎င်းဝကို ားချော်နေတယ်"

နေဗလ အပြစ်တင်သမျှ ကျွန်တော် ငြိမ်ငြိမ်လေး ခေါင်းငုံ့နေမိ ည်။

"ကိုကြီးရေ ကိုကြီး ကောင်းမင်းမြတ်"

ဟင် ဒီအသံ၊ ဘယ်ကထွက်လာတာလဲ။

"ဟော့ကောင် ဘယ်သူတုန်းကွ၊ မိန်းကလေးတစ်ယောက် အသံ မင်းကိုခေါ်နေတာ"

"အေး ငါလည်း ကြားတယ်"

နှစ်ယောက်သားလုံး ထပ်ပြီး နားစိုက်ထောင်လိုက်တော့



www.burmeseclassic.com

''ဟေး ကိုကောင်းမင်းမြတ် ရှိလား''

''ဟာ သေချာတယ် ဟော့ကောင်၊ မင်းကိုအော်ခေါ်နေတာ''

ဟုတ်တယ် ကျွန်တော်လည်း သေသေချာချာကို နားနဲ့ဆတ်ဆတ်ကြားလိုက်သည်။ ထိုအချိန်မှာပဲ ဦးလေးသိန်း ခပ်သုတ်သုတ်လေး ရောက်လာကာ

''သားလေးကို မိန်းကလေးတစ်ယောက လာရှာနေတယ်''

''ဘယ်သူလဲ ဦးလေးသိန်း''

''ငယ်ငယ်ချောချောလေးပဲကွ၊ မမကြီးနာမည်ကိုလည်း မေးတယ်''

''ဟင် မေမေ့ကိုလည်း မေးတယ် ဟုတ်လား။ ဘယ်သူများလဲ''

''ခေါ်ခဲ့လိုက်ရမလား သားလေး''

''ခေါ်ခဲ့လိုက်ပါ ဦးလေးသိန်း''

ကျွန်တော်ရော နေဗလပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပခုံးတွန့်လိုက်မိသည်။ ဘယ်သူဖြစ်မလဲဆိုတာ ကျွန်တော် လုံးဝတွေး

''ကိုကြီး ငယ့်ကိုမမှတ်မိဘူးလား''

အသံရော လူပါ တစ်ပြိုင်တည်းလိုလို မျက်စိရှေ့ရောက်လာသော မိန်းကလေး။ တန်းခနဲ နေအောင်ကို မှတ်မိလိုက်ပါပြီ။ အမေရိကန် မျက်စိသွားခွဲစိတ်တုန်းက တွေ့ဆုံခဲ့သော ဒေါက်တာနိုင်ကျော်၏အငယ်သမီး ထက်ထက်ငယ်။ ဘာလို့မှန်းမသိပါဘဲ သူမကိုမြင်လိုက်တာနှင့် ကျွန်တော် သေချင်စော်နံသွားသည်။

''မှတ်မိပါတယ် ငယ်''

''တော်သေးတာပေါ့ ငယ့်ကို မှတ်မိမှမှတ်မိပါ့မလားလို့ စိတ်ပူ





တာ''

သိပ်ကိုသွက်လက်တက်ကြွလွန်းတဲ့ မင်းပုံစံက လွယ်လွယ်ကူကူ မေ့ပစ်ဖို့ ခက်ခဲတဲ့ အမှတ်အသားတစ်ခုပဲ မဟုတ်လား ထက်ထက်ငယ်။

''မင်းအဘွားဆီကို လာလည်တာပေါ့လေ''

''ဟုတ်တယ် ဒါပေမဲ့ ဘွားဘွားထက် ကိုကြီးဆီလာချင်တာက ပိုနေတယ်''

နေဗလ မျက်လုံးကြီး ပြူးခနဲဖြစ်သွားသည်။ ကျွန်တော်လည်း အပြန်ပြောလို့ ပြောရမှန်းမသိတော့ဘဲ အီလည်လည်ကြီး ပြုံးနေမိ၏။

''ငယ့်ကို ဟိုဟိုဒီဒီ လိုက်ပို့ပေးမယ်လို့ ကတိပေးခဲ့တာ မမေ့ပါဘူးနော် ကိုကြီး''

''အင်း မမေ့ပါဘူး''

''ဟေး မိုက်တယ်၊ ဒါဆို ငယ် သွားချင်တဲ့ဆီ သွားလို့ရပြီ''

နေဗလက အသာအယာ လက်တို့၏။ ဘာလဲပေါ့။ ထက်ထက်ငယ် တွေ့သွားမှာစိုးလို့ အသာနေရန် မျက်လုံးနှင့်အချက်ပြလိုက်ရသေးသည်။

''ဒီက အစ်ကိုက ဘယ်သူလဲ''

ဘယ်လောက်ပဲထိန်းထိန်း ကျွန်တော်တို့နှစ်ယောက် ဖြစ်နေတာကို သူမ သတိထားမိပုံရကာ နေဗလကို လက်ညှိုးလေးထိုးပြီး မေးသည်။

''ဒါ ကိုယ့်ငယ်သူငယ်ချင်း နေဗလတဲ့၊ ဟော့ကောင် ဒါက ငါ့ကို မျက်လုံးခွဲစိတ်ပေးခဲ့တဲ့ ဒေါက်တာနိုင်ကျော်ရဲ့အငယ်ဆုံးသမီး ထက်ထက်ငယ်လေ''

''ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ အရင်က မတွေ့ဖူးဘူးနော်''

''ဟော့ကောင် ငါတောင် ယူအက်စ်ရောက်မှ တွေ့ဖူးတာကွ''



www.burmeseclassic.com

www.burmeseclassic.com



"ဪ ဒီလိုလား"

"ငယ်က ဟိုမှာပဲ နေတာလေ၊ ရန်ကုန်က အသွားဆီကို ခဏ လာလည်ရင်း၊ ကိုကြီးကို ဟိုဟိုဒီဒီ လိုက်ပို့ပေးဖို့ ချောခွဲထားတာ"

"ဒီလိုဆို ကောင်းမင်းတစ်ယောက်တော့ အလုပ်များတော့မှာပေါ့နော်"

"ဒါပေါ့၊ ဟိုကို မပြန်မချင်း ကိုကြီးကို ငယ် ပိုင်တယ်"

ကျွန်တော့်ကို ကြည့်နေသော နေဗလ မျက်ဝန်းများ အရောင်တောက်နေ၏။ ကောင်မလေး ငယ်ငယ်ချောချောလေးကိုမြင်တော့ ဒီကောင် ဂနာမငြိမ်ဖြစ်နေသည်။

"အဟမ်း ဟမ်း"

ကျွန်တော်တို့သုံးယောက်သား၏ အနောက်ဘက်က ထွက်လာသော ချောင်းဟန့်သံ။ တကယ်ဆိုးတာ မဟုတ်ပါအဲ တမင်သက်သက် ဟန်လုပ်ဆိုးသော ချောင်းသံဖြစ်သည်။ အားလုံး တစ်ပြိုင်တည်း လှည့်ကြည့်မိတော့ နတ်မိမယ်။

နောက်ကနေ ရပ်ကြည့်နေပြီးမှ ကျွန်တော်တို့တွေလည်း လှည့်ကြည့်ရော သူမက မသိချင်ယောင်ဆောင်ကာ အပေါ်ထပ်တက်သွားသည်။ ဒါ ဘာသဘောလဲ။

"အဲဒါ ဘယ်သူလဲ"

"ဒီကောင့်မိန်းမလေ၊ ဒီက ညီမ သိတယ်မဟုတ်လား။ ကောင်းမင်းအိမ်ထောင်ရှိတယ်၊ အစ်ကိုတို့လို လူပျိုလူလွတ်မဟုတ်ဘူး"

အရေးထဲ ကြော်ငြာဝင်နေသော နေဗလကြောင့် ကျွန်တော့်မှာ ရယ်ရသေးသည်။ အင်းလေ၊ ဒီကောင်နဲ့ထက်ထက်ငယ် ငြိသွားရင်လည်း အကောင်းသားပဲ။





"ကိုကြီးမှာ မိန်းမရှိတာ သိသားပဲ၊ ဒါပေမဲ့ ငယ်က ဂရုမစိုက်ပါဘူး"

တကယ့် အာဂပါလား။

နေဗလ မျက်ခုံးကြီးပင့် နှုတ်ခမ်းကြီး မဲ့ကွေးသွားသည်။ ဒီမိန်းကလေးကို သူ ချစ်လို့မရလောက်မှန်း သေချာသွားသော အမူအရာ။

"ငယ် သွားချင်တာရှိရင် ပြောလေ"

"ရန်ကုန်တစ်ပတ် ကားလျှောက်မောင်းချင်တယ်"

"အဲဒါကတော့ နောက်နေသလိုပဲ ငယ်၊ ရန်ကုန်မှာ တစ်နေ့တစ်နေ့ ကားတွေပိတ်ချက်က နိုင်းလောက်ဖြစ်နေတာ၊ ငယ် မသိဘူးလား"

"ငယ်သိပါတယ်၊ ငယ်ကလည်း နေ့ဘက် လျှောက်မောင်းချင်တာ မဟုတ်ပါဘူး။ ညဘက်မောင်းချင်တာပါ၊ လေညင်းလေးဘာလေးခံရင်းပေါ့"

"အင်း"

ငြင်းလို့မကောင်းမှန်းသိပေမယ့် ဒီကိစ္စနဲ့ပတ်သက်ပြီး နတ်မိမယ် အထင်အမြင်မလွဲစေချင်သည့် ဆန္ဒလေးက ရင်မှာရှိနေသည်။

"ကိုကြီး ကတိပေးထားတယ်နော်၊ ငြင်းဖို့ မကြိုးစားနဲ့"

"ဟယ် ငယ်လေး ရောက်နေတာပါလား"

ဝမ်းသာအယ်လဲသံနှင့်အတူ အိမ်ထဲသို့ မေမေ ဝင်လာသည်။ ထက်ထက်ငယ်ကလည်း အပြေးကလေး ထကြို၏။ ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ မေမေပါ ရောက်လာပြီဆိုတော့ ထက်ထက်ငယ်ရဲ့တောင်းဆိုချက်ကို ဘယ်လိုနည်းနဲ့မှ ကျွန်တော် ငြင်းဆန်လို့ ရတော့မှာမဟုတ်မှန်း။

မေမေနှင့်စကားတွေ ရေပက်မဝင်အောင် ပြောဆိုပြီး ခဏနေတော့ ထက်ထက်ငယ် ပြန်သွားသည်။ မနက်ဖြန်ညနေ လာခဲ့မယ်နော်လို့ ရွှင်ရွှင်မြူးမြူးလေး ပြောသွားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"သား နေဗလ ညစာစားပြီးမှ ပြန်နော်"

"ရပါတယ် အန်တီ၊ သား ခုပဲပြန်တော့မလို့ပါ၊ ရောက်နေတာလည်း တော်တော်ကြာပြီ"

နေဗလ ပြန်သွားသည်နှင့် ကျွန်တော့်ခြေလှမ်းများက အပေါ်ထပ် အိပ်ခန်းဆီသို့။ အခန်းထဲမှာ နတ်မိမယ် မရှိ။ စာကြည့်ခန်းထဲမှာ အလုပ်များနေတယ်နဲ့တူပါရဲ့။

ခုတင်ထက်မှာ ကျောဆန့်လိုက်ရတော့ အချိန်တော်တော်ကြာ ထိုင်နေခဲ့ရသဖြင့် ညောင်းညာနေသော အကြောအခြင်များ ပြေလျော့သွားသည်။ ကျွန်တော့်ခုတင်ထက်မှာ မအိပ်စက်ရတာတောင် ရက်တော်တော်ကြာခဲ့ပြီ။ ပထမဆုံးမနက် ခေါ်မြင့် မြင်သွားပြီးနောက်ပိုင်းရက်များမှာလည်း ဆိုဖာပေါ်မှာအိပ်ပျော်နေသော ကျွန်တော့်ကို မြင်ပေမယ့် ဘာမှမပြောတော့ပါ။ လင်မယားတတွေ ရန်ဖြစ်ထားတယ်လို့ပဲ ရိုးရိုးရှင်းရှင်း ထင်နေတာ ဖြစ်နိုင်ပါသည်။

"ဟိတ် ဒီမှာ"

မေးခနဲ ဖြစ်သွားသော ကျွန်တော့်ပခုံးကို ခပ်ဆတ်ဆတ် ပုတ်နှိုးခံလိုက်ရသဖြင့် ကျွန်တော် လန့်နိုးသွားသည်။ လက်နှစ်ဖက်ကို ခါးမှာထောက်လျက် ပေစောင်းစောင်းကြည့်နေသော နတ်မိမယ်။

"ဒီမှာ ဘာလုပ်နေတာလဲ"

မေးပုံက ခပ်ရင့်ရင့်။ ကိုယ့်အိပ်ရာမှာ ကိုယ်ခဏလေး အိပ်ပျော်သွားတာတောင် သူမကို ကြောက်နေရသည့်ဘဝပါလား။ ကိုယ့်အတွေးနဲ့ကိုယ် ရယ်ချင်သွားပေမယ့် မျက်နှာကိုတော့ သူမအတိုင်း ခပ်ထန်ထန်သာ လုပ်ထားလိုက်သည်။

"အိပ်နေတာလေကွာ၊ မင်းမမြင်ဘူးလား"





"မြင်တယ်လေ၊ ဒါပေမဲ့ ဒီအိပ်ရာက ရှင်အိပ်ရမယ့်နေရာမှမဟုတ်တာ"

"ဒါဆို ငါက ညတိုင်းအပြင်က ဆိုဖာမှာပဲ အိပ်ရမှာလား။ မင်းတာက မဟုတ်သေးပါဘူး"

"မဟုတ်သေးလည်း မတတ်နိုင်ဘူး။ ကျွန်မကတော့ ရှင်နဲ့အတူ မအိပ်နိုင်တာ သေချာတယ်"

"အေး မင်းတောင် မတတ်နိုင်တာ၊ ငါလည်း မတတ်နိုင်ဘူးပဲ၊ မင်းဘာသာမင်း လုပ်ချင်တာလုပ် ဖြစ်ချင်တာဖြစ်၊ ဒီညကစပြီး ငါ့အိပ်ရာမှာပဲ ငါအိပ်မယ်"

"ရှင်နော် ပြောလေကဲလေ မလုပ်နဲ့"

"ဩော် မင်းလုပ်တော့ တော်တော်ကောင်းတယ်ပေါ့"

သူမမျက်နှာလေး နီရဲလျက် ဒေါသဖြစ်နေတာမြင်တော့ ကျွန်တော် ဗိုလ်ချရယ်ချင်နေမိသည်။ ဒါပေမဲ့ မျက်နှာကိုတော့ ခပ်တင်းတင်းသာ။

"ယောက်ျားကြီးတန်မဲ့ အရှက်မရှိဘူး"

"ဟောဗျာ ဘာမှလည်းမဆိုင်ပါလား"

"မိန်းမတစ်ယောက်နဲ့လိုက်ပြိုး စကားနိုင်လုနေတယ်"

"ငါ စကားနိုင်လုနေတာ မဟုတ်ဘူး၊ အတည်ပြောနေတာ"

"ကောင်းပြီလေ၊ ရှင်နဲ့ခုလို ပြဿနာဖြစ်ရမယ့်နေ့တွေလည်း သိပ်မကျန်တော့ပါဘူး"

"မင်း ဘာကိုပြောတာလဲ"

ရန်ဖြစ်နေရင်းတန်းလန်းကနေ မျက်နှာလေးညှိုလျက် ပြောလိုက်သူတ သိပ်သေချာနေသလိုမို့ ကျွန်တော် စိတ်ဝင်တစား မေးမိသွားသည်။

"ရှင်မစုံစမ်းပေးလည်း ကျွန်မဘာသာ ကျွန်မ စုံစမ်းပို့ရတယ်၊



www.burmeseclassic.com

မောင်နဲ့တွေ့ရင် အမြေအားလုံးရှင်းသွားမှာပဲ၊ အဲဒီအခါကျမှ ဒီအိမ်ထောင်ရေးကို ဘာဆက်လုပ်သင့်တယ်ဆိုတာ ဆုံးဖြတ်တာပေါ့''

စကားအဆုံးမှာ ကျွန်တော် အငိုက်မိသွားတုန်း သူမက ဆောင်းတစ်ထည်နှင့် ခေါင်းအုံးတစ်လုံးယူကာ အခန်းပြင်ထွက်သွားသည်။

ရင်ထဲမှာ နာကျင်ရခြင်းတွေ တစ်နေ့ထက်တစ်နေ့ ပိုပိုတိုးလာနေတာကို ကိုယ့်ဘာသာ မသိချင်ယောင်ဆောင်ထားခဲ့သော်လည်း ခုလိုမျိုး သူမ နှုတ်ဖျားများကတစ်ဆင့် ထွက်ကျလာသည့်စကားလုံးများအောက်မှာတော့ ကျွန်တော် ဟန်မဆောင်နိုင်တော့ပါ။

ကျွန်တော်နဲ့အတူရှိနေရတဲ့ ဘဝကို သူမ သိပ်ပင်ပန်းနေသလား။ ချစ်ခဲ့သည်ဖြစ်စေ မချစ်ခဲ့ဘူးဖြစ်စေ အတူတကွ ဖြတ်သန်းခဲ့ဖူးသည့် နေ့ရက်တွေကိုနည်းနည်းလေးမှ သတိမရတော့ဘူးတဲ့လား။ အဲဒီနေ့ရက်တွေကို တစ်သက်လုံးအတွက်မေ့ပစ်ထားလိုက်တော့မှာလား။

အဲဒီလိုသာဆိုရင် ကျွန်တော့်ဘေးမှာ သူမကိုခေါ်ထားတော့ရော ဘာတွေများ ထူးခြားလာဦးမှာလဲ၊ တစ်နေ့ပြီးတစ်နေ့ သူမထံမှ အမုန်းတွေ ဥပေက္ခာတွေကိုသာ ကျွန်တော် ပိုင်ဆိုင်နေရမှာ။ ကိုယ့်ဝေဒနာကိုယ် မွေးမြူထားသလို ဖြစ်နေတော့မှာ။ အဲဒီလို နာကျင်မှုတွေကို ကျွန်တော် ခံနိုင်လို့လား။ အထူးသဖြင့် ကျွန်တော်ချစ်တဲ့မိန်းမတစ်ယောက်ကို သူမစိတ်မပါဘဲ ကျွန်တော့်နားမှာ အတင်းအကျပ် ဆွဲခေါ်ထားသလို ဖြစ်နေမှာ။

အချစ်ဆိုတာ အတင်းအကျပ်လုပ်ယူလို့ရတဲ့အရာမဟုတ်မှန်း ကျွန်တော်သိနေရဲ့နဲ့ ကိုယ့်ကိုမုန်းတီးနေတဲ့ မိန်းမတစ်ယောက်ကိုဘေးနားမှာ ခေါ်ထားဖို့ ကြိုးစားနေခဲ့မိတာလား။ အဲဒီမိန်းမကို လွတ်လပ်စွာ ထွက်သွားခွင့်ပေးလိုက်တာက ပိုလို့သင့်တော်တဲ့ရွေးချယ်မှုတစ်ခုဖြစ်မှာပါ။

ညစာလာစားဖို့ ခေါ်မြင့်လာခေါ်ပေမယ့် ကျွန်တော် ခေါင်းသာ





ခါပြလိုက်သည်။

စိတ်ခံစားတွေ အယှိုင်ယှိုင်အလဲလဲနှင့် ကျွန်တော် ဘာမှမလုပ်ချင်တော့ချင်။ ခုတင်ထက်မှာ ဒီတိုင်းပဲ ငြိမ်ငြိမ်သက်သက်လေး ငုတ်တုတ်ထိုင်နေမိတာ နာရီအတော်ကြာသွားခဲ့ပြီ။

တိုင်ကပ်နာရီမှ နှစ်ချက်တီးသံကြားတော့ ကျွန်တော့်ရဲ့ပွင့်လွင့်နေတဲ့ စိတ်များကို ပြန်လည်စုစည်းလိုက်သည်။ ဒီညတော့ အပြင်က ဆိုဖာလေးဟာ နတ်မိမယ်အတွက် ဖြစ်နေပြီနဲ့တူသည်။

သူမ အိပ်ပျော်နေပြီလား။

ခြေသံဖွဖွလေးနင်းလျှက် အခန်းထဲမှ ထွက်ခဲ့၏။ အိပ်ပျော်နေရင် နိုးသွားမှာစိုးရိမ်လို့ပါ။

''ဟာင်''

ကျွန်တော်ထင်ထားသလိုမျိုး ဆိုဖာထက်မှာ နတ်မိမယ် မရှိ။ ဧကြည့်ခန်းဘက်ဆီ ခပ်သွက်သွက် လျှောက်လာခဲ့ပြီး အထဲမှ လော့မချထားသော အခန်းတံခါးလေးကို တွန်းဖွင့်ဝင်လိုက်တော့မှ ကြမ်းပြင်ပေါ်မှာ ဆောင်အထူတစ်ထည်ခင်းလျှက် ကွေးကွေးလေးအိပ်ပျော်နေသည့် နတ်မိမယ်ကို တွေ့လိုက်ရသည်။

ခုလို ငြိမ်ငြိမ်လေး အိပ်ပျော်နေတော့လည်း သူမပုံစံလေးက အနားမှာတောင် ကောင်းနေသေးသည်။ အတိတ်ရဲ့အရေးကြီးသော နေရာတွေကို ဘာမှမမှတ်မိတော့ဘဲ သေဆုံးပြီးတဲ့ချစ်သူကိုတောင် သေလို့သေမှန်းဆီ မျှော်လင့်နေသော မိန်းမတစ်ယောက်။

အိပ်ပျော်နေသည့် နတ်မိမယ်ကို ကျွန်တော် အသာအယာ ပွေ့ချီလိုက်သည်။ ကျွန်တော်တို့အိပ်ခန်းဆီသို့ သယ်လာပြီး မွေ့ရာထက်မှာ ညင်ညင်သာသာ ချပေးလိုက်၏။ ညနှစ်နာရီကျော်ဆိုတော့ သူမ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းအိပ်မောကျနေပုံပါပဲ။ တစ်ချက်ကလေးသာ လူးလွန့်သွားပြီး ပြန်အိပ်ပျော်သွားသည်။

ကျွန်တော်ကတော့ အိပ်မရနိုင်စွာပင် သူမ မျက်နှာလေးကို ထိုင်ကြည့်နေမိ၏။ ဘယ်အချိန်ကစတင်ပြီး ချစ်မိသွားလဲ ကိုယ်တိုင်မသိပေမယ့် ခုချိန်မှာတော့ သူမကို ရင်ဘတ်ထဲက ပြန်ထုတ်လို့မရတော့တာ သေချာခဲ့ပြီ။

မျက်နှာပေါ် ဝဲကျနေသော ဆံနွယ်စလေးများကို အသာသပ်တင်ပေးလိုက်၏။

အဲဒီမျက်နှာလေးကို ကျွန်တော့်လက်များဖြင့် ဖြည်းဖြည်းညင်ညင်ထိတွေ့ပွတ်သပ်ခွင့်ရခဲ့သော အချိန်လေးတွေကိုလည်း လွမ်းမိသည်။ သူမဘက်က ချစ်ခြင်းမေတ္တာ မပါဝင်ခဲ့ပါဘူးဆိုသည့် လင်မယားဘဝလေးကို လွမ်းသည်။ ဘယ်တော့မှ ပြန်ရဖို့ မဖြစ်နိုင်တော့သော ထိတွေ့မှု ရင်ခုန်သံနှစ်ခုကို လွမ်းသည်။

တင်းတင်းစေ့ပိတ်ထားသော နှုတ်ခမ်းဖူးဖူးလေးများကို ကျွန်တော် ဖွဖွလေး နမ်းရှိုက်လိုက်မိသည်။ မနိုးသွားပါစေနဲ့ဟု စိတ်ထဲမှာ ကြိတ်ဆုတောင်းရသေး၏။ ဒါဟာ နောက်ဆုံးအနမ်းတစ်ခုလည်း ဖြစ်ကောင်းဖြစ်သွားနိုင်ပါသည်။

ကျွန်တော့်ပါးပြင်ထက်မှာ မျက်ရည်တွေ စီးဆင်းနေမှန်း သတိထားမိချိန်မှာ သူမထံကနေ အကြည့်များကို လွှဲပစ်လိုက်၏။ ဒီအခန်းထဲကနေ မြန်မြန်ထွက်နိုင်မှ ဖြစ်မှာပါ။ အနမ်းလေးတစ်ခုထက်ပိုသော ဘယ်လိုအရာကိုမှ ကျွန်တော် မကျူးလွန်မိခင်မှာပေါ့။

■ ■ ■



## အခန်း (၉)

နေ့လယ်တည်းက နတ်မိမယ် အပြင်ထွက်သွားတာ ခုထိ ပြန်လာသေး။ နေတောင်ဝင်စပြုနေခဲ့ပြီ။

မနက်စာဝိုင်းမှာတုန်းက အတူတူထိုင်စားဖြစ်တော့ ကျွန်တော့်ကို မှိုတိုရှုံ့တန့်မျက်ဝန်းများဖြင့် စိုးကြည့်နေတာတော့ သတိထားလိုက်မိသည်။ အိပ်တုန်းက စာကြည့်ခန်းထဲမှာဖြစ်ပြီး မနက်နိုးလာတော့ အခန်းထဲက ခုတင်ပေါ်ရောက်နေခဲ့တာ ကျွန်တော့်လက်ချက်မှန်း သူမ သိမှာပါ။ ဘာပြဿနာမှမလုပ်ဘဲ ငြိမ်နေသည့်အတွက် နည်းနည်းတော့ အံ့ဩမိသလို ထစ်ဖက်ကလည်း စိတ်ချမ်းသာမိသည်။

ခုချိန်မှာ သူမနဲ့ပတ်သက်ပြီး ဘယ်လိုရန်စကားမျိုးကိုမှ ကျွန်တော် ဆက်ပြိုင်ပြောနိုင်မည်မထင်။

"ဟာ ကိုကြီးက အဆင်သင့်တောင် ဖြစ်နေပြီပဲ"

ထက်ထက်ငယ်တစ်ယောက် အသံစာစာလေးနှင့်အတူ အိမ်ထဲသို့ လှမ်းဝင်လာသည်။ သူမ ဖုန်းကြိုဆက်ထားသောကြောင့် ရေမိုးချိုးပြင်ဆင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ညောင်းနေမှာထိုင်ကာ ကျွန်တော် စောင့်နေခဲ့ခြင်း ဖြစ်၏။
"ငယ် ဖုန်းဆက်ပြီးတည်းက ကိုယ် အဆင်သင့်လုပ်ထားတာ"
"ဒီလိုကျတော့လည်း မဆိုးပါဘူး။ တို့ကိုကြီးက လိမ်မာတယ်"
"ကဲ ဘယ်ဘက်ကို အရင်သွားချင်လဲ ပြော"
"ရွှေတိဂုံအရင်သွားဖူးချင်တယ်"
မဆိုးပါဘူး။ ဒီကလေးမ ဘုရားတရားကို အရင်သတိရရကောင်း
မှန်းတော့ သိသားဟု စိတ်ထဲက ချီးကျူးလိုက်၏။
ကျွန်တော်တို့ ဘုရားပေါ်ရောက်တော့ အလင်းရောင်ပျောက်ကွယ်
လုလုပင်ဖြစ်နေပြီ။ ငှက်တွေစီစီညံညံ အသံပေးလျက် အိပ်တန်းတက်နေ
ပြင်နေကြပြီ။ ရင်ပြင်ပေါ်မှာ ကျဲ့ကျဲ့လေးထိုင်ပြီး ဘုရားရှိခိုးနေသော ထက်
ထက်ငယ်ကို ဘုရားရှိခိုးပြန်သော ကျွန်တော်က တန်ဆောင်းတစ်ခုအ
ထိုင်ကြည့်နေမိ၏။
အင်းလေ မျက်လုံးများကသာ ထက်ထက်ငယ်ကို ကြည့်နေထား
ပါ။ စိတ်တို့ကတော့ မယ်နဲ့အတူလာခဲ့ဖူးသည့် အချိန်ကို ပြန်သတိရနေ
မိတာ။ ဘုရားကအဆင်း ကန်တော်မင်္ဂလာပန်းခြံထဲမှာတောင် အေးအေး
လူလူ ဝင်ထိုင်ဖြစ်ခဲ့ကြသေးတာ။
"ဟယ် သွားပါပြီ အီး တကယ်သွားပြီ၊ စိတ်ညစ်လိုက်တာ"
ကောင်းကင်ကို မော့ကြည့်လိုက်၊ ဆံပင်များကို လက်နှင့်သပ်
လိုက်လုပ်ကာ ထက်ထက်ငယ်မျက်နှာလေး ရှုံ့မဲ့နေသည်။
"ဘာဖြစ်လို့လဲ ငယ်"
"ခေါင်းပေါ်ကို ငှက်ချေးပါချလိုက်လို့ အဟင့်"
ငိုမဲ့မဲ့လေးလုပ်ကာ ထက်ထက်ငယ် ပြောသည်။ လက်ကိုင်အိတ်
လေးထဲမှ တစ်သျှူးတွေတစ်ရွက်ပြီးတစ်ရွက် ထုတ်သုတ်နေသော်လည်း





သူမကျေနပ်ပုံမပေါ်။ နှုတ်ခမ်းလေးစူပွပွနှင့် မျက်နှာကြီးမဲ့နေတာ မြင်လို့မှ
မကောင်း။
"ငယ့်ကို အနီးဆုံး ဆံပင်ဆိုင်တစ်ဆိုင်လိုက်ပို့ပေး ကိုကြီး"
"ဟေ ဘာဖြစ်လို့လဲ"
"ငယ် မနေတတ်ဘူး။ ခေါင်းလျှော်မလို့"
"အာ ငယ်ကလည်း အိမ်ပြန်ရောက်မှ လျှော်ချင်လျှော်ပေါ့"
"ဟာ မနေတတ်ပါဘူးဆို၊ ဟိုကပဲ နံနေသလိုလို ဒီကပဲ နံနေ
သလိုလိုနဲ့"
ခြေလေးဆောင့်ကာ အတင်းဂျီတိုက်နေသောကြောင့် နောက်ဆုံး
မှာ သူမ ဆန္ဒကို ကျွန်တော် လိုက်လျောရတော့သည်။ ဘုရားကနေ
ဆယ်မိနစ်လောက်မောင်းပြီးမှ သူမ သဘောကျသော ဆိုင်တစ်ဆိုင်တွေ့
သည်။ ကျယ်ဝန်းသော ခြံထဲမှာ ဖွင့်ထားတာမို့ ကားပါကင်ထိုးဖို့လည်း
လွယ်ကူသည်။
"အထဲမှာ ထိုင်စောင့်နေပေးနော်"
ကျွန်တော် ငြင်းနေရင်လည်း အတင်းပူဆာဦးမှာပဲမို့ အလွယ်တကူ
ပင် ခေါင်းညိတ်ရပြန်၏။
"ကျွန်မ မေးနေတာကို ဖြေစမ်းပါ၊ ရှင်နဲ့မောင်က ဘယ်လိုပတ်
သက်တာလဲလို့"
တံခါးလက်ကိုင်ကို ဆွဲဖွင့်ရန် ကိုင်ထားသော ကျွန်တော့်လက်များ
တွန့်ဆုတ်သွားသည်။ ဒီအသံဟာ ကျွန်တော့်အတွက် အရင်းနှီးဆုံးပဲ မဟုတ်
လား။
"မင်းပါးစပ်က မောင်လို့ ခေါ်နေခဲ့တဲ့ယောကျ်ားက ငါနဲ့လည်းထပ်
ခဲ့တယ်၊ အခုတော့ သူ သေဆုံးသွားခဲ့ပြီဆိုတာ မင်းလည်း သိပြီပြီမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား''

မှန်တံခါးကိုဖြတ်ကာ မြင်နေရသော မြင်ကွင်းက စိတ်ပျက်စရာ။ နတ်မိမယ်က မျက်ရည်များကို လက်ဖြင့်ပွတ်သုတ်လိုက်သည်။

''အဲ အဲဒါ ကိုကြီးမိန်းမ မဟုတ်လား''

ထက်ထက်ငယ်လည်း ကျွန်တော့်လိုပင် အထဲမဝင်နိုင်သေးဘဲ ကြောင်ငေးကြည့်နေ၏။ နတ်မိမယ် တကယ်ပဲ စုံစမ်းပြီး ဒီထိတောင် ရောက်လာခဲ့ပြီပဲ။ သူမ အပြင်ထွက်ထွက်နေတာ ဒီကိစ္စကိုလိုက်စုံစမ်းနေတာပဲ ဖြစ်ရမည်။ ခုလောက်ဆို သူမ ရင်ထဲမှာ ဘယ်လောက်တောင်နာကျင်နေလိမ့်မလဲ။

''သေသွားတာကဖြင့် နှစ်နှစ်ကျော် သုံးနှစ်ပဲပြည့်တော့မယ်၊ ခုမှ ဘယ်က ရှုပ်ရှုပ်ယှက်ယှက်တွေ ပေါ်လာတာလဲ''

အသက်သုံးဆယ့်ငါးနှစ်ခန့် မျက်နှာမှာ အရောင်စုံများ ခြယ်သထားသည့် ခေတ်ဆန်ဆန်အမျိုးသမီးသည် မယ့်ကို မတူမတန်သလိုကြည့်လျက် ခပ်တင်းတင်းဆို၏။ ဒီလိုအချိန်မှာ မယ့်ဘေးကနေ မားမားမတ်မတ် ရပ်တည်ပေးချင်သော်လည်း ကျွန်တော့်ကိုမြင်လိုက်မှ မယ့်စိတ်တွေ ပိုလို့ရှုပ်ထွေးသွားတာမျိုး မဖြစ်စေချင်ပါ။

''ငါထားပေးတဲ့ကျောင်းကို သွားတက်ပြီး ဇာတ်လမ်းတွေရှုပ်ထားတာပါလား၊ ဟင်း ဟင်း ရဲသွေး ရဲသွေး တော်ပါပြီလေ၊ သေပြီးသားလူကိုလည်း မကျိန်ဆဲချင်တော့ပါဘူး''

မျက်နှာမှာ လုလုပပ ခြယ်သထားသော်လည်း ထိုအမျိုးသမီးပါးစပ်ကထွက်သော စကားလုံးတွေက တစ်ခုမှ နှစ်မြို့စရာမရှိ။

''သေသွားတဲ့လူကို ရှင်တမင်သက်သက် လီဆယ်ပြီးပြောနေတာ မဟုတ်လား''





''အိုး မင်းကတောင် ငါ့ကို လာစွပ်စွဲနေလိုက်သေးတယ်၊ ဟာသတွေကွာ ဟား ဟား ဟား''

နတ်မိမယ်ဘက်က အပြတ်အသတ် ရှုံးနိမ့်နေမှန်း တဖြည်းဖြည်းနဲ့ ပိုပိုသိသာလာသောအခါ ကျွန်တော် ထိန်းထားသည့်စိတ်များကို လွှတ်ပေးလိုက်မိသည်။ ဆုပ်ကိုင်ထားသော တံခါးလက်ကိုင်ကို တွန်းဖွင့်လျက် နတ်မိမယ်နားသို့ ခြေလှမ်းကျဲများဖြင့် ရောက်ရှိသွားပြီး သူမ လက်လေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

အလွန်အံ့အားသင့်သွားသော မျက်ဝန်းလေးဖြင့် သူမ ကျွန်တော့်ကို မော့ကြည့်သည်။ ကျွန်တော် တင်းကျပ်နေအောင် ဆုပ်ကိုင်ထားသော လက်များကိုတော့ မရုန်းပါ။

''မင်းက''

''ကျွန်တော်က သူ့ရဲ့ယောကျ်ားပဲ၊ ကျွန်တော့်အမျိုးသမီးက ခင်ဗျားပြောသမျှ ခံနေရမယ့် မိန်းမမျိုးမဟုတ်ဘူး''

''အိုး ဇာတ်လမ်းက ပိုတောင်ရှုပ်ကုန်ပြီ၊ မင်းက မသိရင်ဘဲ အမျိုးလိုလို ဘာလိုလိုနဲ့ နောက်ဆုံးတော့ ရဲသွေးကို လင်ငယ်ထားတာကိုး ဟင်း ဟင်း''

''ခင်ဗျားပါးစပ်ကို ပိတ်ထားလိုက်တော့''

ဆိုင်ခန်းတစ်ခုလုံး ဟိန်းထွက်သွားလောက်အောင် ကျယ်လောင်ပြင်းထန်သည့် ကျွန်တော့်အသံကြောင့် မထီမဲ့မြင် ရယ်မောနေသော ထိုအမျိုးသမီးမျက်နှာ ချက်ချင်းပျက်ကျသွားသည်။ ဆိုင်ထဲမှာ တခြားဧည့်သည်ရှင်းနေချိန်မို့သာ တော်တော့သည်။

''နေ နေပါဦး မင်း မင်းကိုငါမြင်ဖူးပါတယ်''

အမျိုးသမီးက တစ်ချက်စဉ်းစားဟန်ပြုသည်။ စက္ကန့်ပိုင်း[illegible]သာတ်



www.burmeseclassic.com

www.burmeseclassic.com



ကြာမည်။ သူမမျက်လုံးတွေ အံ့သြတကြီး ပြူးကျယ်လာကာ

"မင်းက အဲဒီမတော်တဆမှုမှာ တစ်ဖက်က ပြိုင်ကားလေးကို မောင်းခဲ့တဲ့သူပဲ၊ ဟုတ်တယ် သေချာပါတယ်၊ မင်းမျက်လုံးတွေ ပြန့်ကောင်းနေလို့ ငါက ဖြုန်းခနဲ မမှတ်မိခဲ့တာ"

ထိုအမျိုးသမီးစကားအဆုံးမှာ နတ်မိမယ် ကျွန်တော့်ကို အလန့်တကြား မော့ကြည့်သည်။ မျက်ဝန်းတွေက မယုံကြည်နိုင်သလို အံ့သြထိတ်လန့်နေသလိုလို ပြူးတူးကြောင်တောင်ဖြစ်နေ၏။

"မင်းတို့က ငါ့ထက်တောင် ဇာတ်လမ်းရှုပ်ကြတဲ့ဟာတွေပါလား"

ခနဲ့တဲ့တဲ့ ပြောလိုက်သော ထိုအမျိုးသမီးစကားအဆုံးမှာ ကျွန်တော် ဆုပ်ကိုင်ထားသော လက်များကို နတ်မိမယ် ရုန်းပစ်လိုက်ပြီး အဝေးကို ထွက်ပြေးရန် ကြိုးစား၏။

"မယ် မယ် မပြေးနဲ့လေ၊ ကျွန်တော်ပြောတာကို နားထောင်ပါဦး"

အပေါက်ဝမှာ ကြောင်တောင်တောင်နှင့် ရပ်နေသော ထက်ထက်ငယ်ကိုတောင် ဝင်တိုက်သွားလျက် မယ်ခြေလှမ်းတွေကို မရပ်မနား ပြေးနေ၏။

"မယ် နေဦးလို့ ပြောနေတယ်လေ၊ ကျွန်တော် ပြောပြ ဟာမယ်"

ရှေ့ကပြေးနေသော နတ်မိမယ် ခြေလှမ်းတွေ ယိုင်နဲ့ကာ မြေကြီးပေါ် ခွေဆင်းကျသွားသည်။ လူတစ်ကိုယ်လုံး ပုံလျက်ကလေး။

"မယ် ဟာ လုပ်ပါဦး၊ မယ့်ကိုခေါ်လို့မရတော့ဘူး"

ပျော့ခွေနေသော ကိုယ်လုံးလေးကို လက်နှင့်ပင့်မလိုက်ရင်း ကျွန်တော် မေသွေးရူးသွေးတန်း အော်မိသည်။

မယ် ဘာမှမဖြစ်ရဘူး၊ ဘာမှမဖြစ်ပါစေနဲ့၊ ဘယ်လိုမှ ခေါ်လို့မရ





တော့သော မယ့်ကိုပွေ့ချီလျက် ကားနောက်ခန်းထဲ သွင်းလိုက်သည်။

"သူ့ကို ငယ်ထိန်းထားပေးမယ်၊ ကိုကြီးက ကားကိုပဲ သတိထားပြီး မောင်းနော်"

ထက်ထက်ငယ် ပခုံးပေါ်မှာ ခေါင်းတင်လျက် မယ် ငြိမ်သက်စွာ ပါလာ၏။ ကျွန်တော့်ရဲ့ဦးတည်ရာက ဆေးရုံကို။

"အား ကျွတ် ကျွတ်"

"ဟင် ဒီမှာ သတိရလာပြီ ကိုကြီး"

"ဟေ ဟုတ်လား"

ကားမောင်းနေရင်းတန်းလန်းနှင့် နောက်ကြည့်မှန်ထဲကနေ ကျွန်တော် လှမ်းကြည့်လိုက်တော့ မျက်လုံးလေးများကို အားယူဖွင့်လျက် ပါးစပ်က ညည်းတွားနေသော မယ့်ကို မြင်လိုက်ရသည်။ ကားကို ချက်ချင်းပင် လမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်၏။

"မယ် သတိရလာပြီလား"

ဘာမှပြန်မဖြေဘဲ သူမ ကျွန်တော့်ကို ငေးကြည့်နေသည်။

"မယ်"

မဖြေ။ ကျွန်တော့်ကို ငေးကြည့်မြဲသာ ငေးကြည့်နေခဲ့၏။ အသိရခက်သော အကြည့်တွေ။

"သတိရလာရင် စိတ်အေးရပါပြီလေ၊ ဒါပေမဲ့ ဆေးရုံသွားစစ်ကြည့်လိုက်တာကတော့ ပိုကောင်းမယ်၊ ဆေးရုံပြန်ပြရမယ့်ရက်လည်း နီးနေပြီ မဟုတ်လား"

အသည်းအသန် စိတ်ပူပန်နေရခြင်းတွေ အနည်းငယ် သက်သာသွားခဲ့ရပြီမို့ ကျွန်တော် စိတ်အေးလက်အေးပင် ကားကို ဘီးစလိမ့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံမသွားချင်ဘူး။ ဒီတိုင်းပဲ အိမ်ကိုမောင်းပေးပါ"

"ကျွန်တော်ကတော့ ဆေးရုံသွားစစ်ဆေးလိုက်တာ ပိုကောင်းမယ်လို့ထင်တယ်"

"ကျွန်မက အိမ်ကိုပဲ မောင်းဆိုမောင်းလိုက်ပါ"

အမိန့်သံဆန်ပေမယ့် အသံက ဖျော့ဖျော့လေး။ ကြားထဲကနေ ထက်ထက်ငယ်ကတော့ ကျွန်တော့်ကို ကြည့်လိုက်၊ နတ်မိမယ်ကိုကြည့်လိုက်နှင့် နားမလည်နိုင်ဖြစ်နေရှာသည်။

ခြံရှေ့တည့်တည့်ရောက်ချိန်မှာ

"ဒီမှာပဲ ရပ်ပေးပါ"

"ဘာဖြစ်လို့လဲ မယ်"

"ဒီက ညီမလေးနဲ့ တစ်နေရာရာသွားဖို့ ချိန်းထားတာ မဟုတ်လား"

မယ့်စကားကြောင့် ထက်ထက်ငယ်ကို ကျွန်တော် အားတုံ့အားနာ နှာ လှည့်ကြည့်မိသည်။

"ကိုယ် အားနာပါတယ် ငယ်"

"ရပါတယ် ကိုကြီး။ ငယ် ဒီကနေပဲ ကားငှားပြီး ပြန်လိုက်ပါ့မယ်"

ထက်ထက်ငယ်က ကားပေါ်ကနေ ချက်ချင်းပဲ ဆင်းသွားပြီး အသင့်တွေ့ရသော အငှားယာဉ်တစ်စီးကို လှမ်းတားကာ ထွက်ခွာသွားသည်။ ခုတော့ ကားပေါ်မှာ နတ်မိမယ်နဲ့ကျွန်တော် နှစ်ယောက်တည်း။

"မိန်းကလေးတစ်ယောက်ကို ဘာလို့ ဒီလိုလုပ်တာလဲ၊ ရှင်က အဲဒီလို လူလား"

သူမအတွက် ကျွန်တော် ဘယ်လောက်စိတ်ပူနေမိတယ်ဆိုတာကို နားမလည်ဘဲ တခြားမိန်းကလေးတစ်ယောက်ကြောင့်နဲ့ ပြစ်တင်စကား ပြော





နေသော နတ်မိမယ်ကို ကျွန်တော် နည်းနည်းတော့ ကျွံပြီးတိုသွား၏။

"ကျွန်တော့်အတွက်တော့ မယ့်လောက် အရေးမကြီးလို့ပေါ့"

ကားကို ခြံထဲသို့ ချိုးကွေ့ဝင်လိုက်ပြီး ဆင်ဝင်အောက်မှာ ထိုးရပ်လိုက်၏။ နတ်မိမယ်ကို မစောင့်တော့ဘဲ ရှေ့ကနေ ကျွန်တော် တက်လာခဲ့သည်။

ဒီမိန်းကလေးက ကိုယ့်အပေါ်ကောင်းကောင်းမွန်မွန် ဆက်ဆံပေးတာကိုတောင် အလိုက်သိမှု မရှိဘူး။ သူမနဲ့ပတ်သက်ပြီး ဘာမှမပြောမိအောင်နေတာ အကောင်းဆုံးပဲ ဟင်း။

■ ■ ■

"ဘယ်လိုဖြစ်တာလဲ သား။ ငယ်လေး ဖုန်းဆက်ပြောလို့ မေမေအားလုံးသိပြီးခဲ့ပြီ"

အိမ်သို့ အမောတကော ပြန်လာသော မေမေက ကျွန်တော့်ကို မြင်တာနှင့် ဆီးပြောသည်။ ထက်ထက်ငယ်ဆိုတဲ့ ကလေးမကို နည်းနည်း စိတ်တိုသွားမိပေမယ့် နောင်တစ်ချိန်ကျမှ အပြင်တစ်နေရာရာကနေ မေမေသိသွားခြင်းထက် ခုချိန်မှာ ဒီလိုပုံစံနဲ့ သိသွားတာ ပိုကောင်းပါတယ်လေ။

"ဟုတ်တယ် မေမေ၊ ပြောပြရရင်တော့ ဇာတ်လမ်းက အရှည်ကြီးပါပဲ"

ကျွန်တော့်ကို အန္တရာယ်ပေးဖို့ အကြံအစည်နှင့် လက်ထပ်ဖို့ ချဉ်းကပ်ခဲ့တာကို ထိန်ချန်ထားလိုက်ပြီး ကျန်တဲ့အဖြစ်အပျက်များကို အမှန်အတိုင်းသာ ပြောပြလိုက်၏။

"ဒီလိုဆိုရင် နတ်မိမယ်ဟာ သားတစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာ မဟုတ်ဘူးပေါ့"

"ဩော် မေမေရယ်၊ လူငယ်သဘာဝ ရည်းစားတွေဘာတွေတော့

www.burmeseclassic.com



နှုတ်မှာပေါ့၊ ဒါ အပြစ်ကြီးတစ်ခုမှ မဟုတ်တာ''

နှတ်မိမယ်အပေါ် မေမေ အပြစ်မြင်ပြီး ငြိုငြင်မှာစိုးသောကြောင့် ကျွန်တော့်မှာ ဖာဖာထေးထေး ပြောပေးမိသည်။ တကယ်ဆို ကိုယ့်ကို ခွဲထွက်သွားဖို့ အချိန်သိပ်မလိုတော့သည့် မိန်းမတစ်ယောက်ကို ကာကွယ်ပေးနေမိတာ မှန်လားမှားလား ကျွန်တော် မသိပါ။ သူမကို ထိခိုက်နစ်နာစေမယ့် ကိစ္စမျိုးတွေ ဘာတစ်ခုမှဖြစ်မလာစေချင်ရုံသာ။

''သား တကယ်ပဲ ဒီလိုတွေးသလား''

''ဟုတ်တယ် မေမေ၊ သားအတွက်ကတော့ ဒါ ကြီးကြီးမားမား အပြစ်မဟုတ်ပါဘူး''

ကျွန်တော် ဖွတ်အတင်းပြောနေသဖြင့် မေမေဘာမှမပြောတော့ဘဲ သက်ပြင်းလေးကိုသာ ချသည်။

''မေ့လဲသွားသေးတယ်ဆို အခုရော ဘယ်လိုနေလဲ''

''သက်သာတယ်လို့ ပြောပါတယ် မေမေ''

''ဆေးရုံတွေ ဘာတွေ သွားပြကြည့်ရမယ် မဟုတ်လား''

''ဟူး ကျွန်တော်လည်း အဲဒီတစ်ခုတော့ မနိုင်ဘူး၊ မေမေရေ မေမေ့ချွေးမက အိမ်ပဲပြန်ချင်တယ်ဆိုပြီး ဖွတ်ပြောနေတာနဲ့''

မေမေ့ဆီက တခြားမေးခွန်းတွေ ထပ်ထွက်မလာခင် စကားစကို မြန်မြန်ဖြတ်ပစ်လိုက်ပြီး ကျွန်တော် အပေါ်တက်လာခဲ့၏။ အခန်းတံခါးလေးကို အသာတွန်းဖွင့်ကြည့်တော့ တစ်ဖက်လှည့်ပြီး လှဲနေသော နှတ်မိမယ်ရဲ့ လှပသော ကောက်ကြောင်းလေးကို လှမ်းမြင်ရသည်။

သူမ သက်သာရဲ့လား။ မေးချင်ပေမယ့် ကျွန်တော့်ကိုဆို ကောင်းကောင်းမွန်မွန် ပြန်ဖြေမှာမဟုတ်သောကြောင့် စိတ်ကိုလျှော့လိုက်သည်။ နှတ်မိမယ်နဲ့ စကားအချေအတင်ဖြစ်ရမှာမျိုးတွေ ကျွန်တော်မလုပ်ချင်တော့ပါ။





ပြီးတော့ ဒီနေ့ သိခဲ့ရတဲ့ အမှန်တရားတစ်ခုအတွက် သူမကို တစ်ယောက်တည်း ငြိမ်ငြိမ်ဆိတ်ဆိတ်လေး လွှတ်ပေးထားတာ ပိုသင့်တော်မှာပါ။ တံခါးကို အသံမမြည်အောင် အသာအယာလေး ဆွဲပိတ်ပေးလိုက်ပါသည်။ သူမ စိတ်ကြိုက် နားနေပါစေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဒီနေ့ကစပြီး မေမေနဲ့အတူ ကုမ္ပဏီကိုလိုက်ခဲ့ပါ့မယ်"

"နေလို့ထိုင်လို့ရော သက်သာရဲ့လား သမီး"

နတ်မိမယ်အပေါ်မှာ အပြစ်မမြင်ဘဲ အရင်အတိုင်း ချစ်ချစ်ခင်ခင် ဆက်ဆံပေးသည့်အတွက် မေမေ့ကို ကျွန်တော့်စိတ်ထဲက ကျေးဇူးတော ဆိုလိုက်မိသည်။

"သက်သာပါတယ် မေမေ"

"လုပ်ငန်းတွေလည်း ပြန်လေ့လာပြီးပြီနဲ့တူတယ်"

"ဟုတ်ကဲ့ မေမေ"

"ဒါနဲ့ သားကရော ဒီတစ်ခါ သမီးနဲ့သား တူတူရုံးတက်မယ် မေမေ့ကို ပြောထားတာ မဟုတ်လား"

ဒီစကားကို မေမေ့အား ကျွန်တော် ပြောခဲ့တာ နတ်မိမယ် သေးသောကြောင့် ကျွန်တော့်ထံသို့ အကြည့်တစ်ချက် ကျရောက်လာ တကယ်ဆို ဒီနေ့ကစပြီး သူမ လုပ်ငန်းခွင်ပြန်ဝင်မယ်ဆိုတာ ကျွန်တော်



မသိခဲ့ရဘူးလေ။ ကျေပြီပေါ့။

"သားကို ထက်ထက်ငယ်က ဒီနေ့ လော်ကားလိုက်ပို့ပေးဖို့ ပြောထားတယ် မေမေ"

"ဪ ဟုတ်လား။ ဒါဆိုရင်လည်း လိုက်ပို့ပေးလိုက်ပါ သား ရယ်၊ ငယ်လေးမှာက မြန်မာပြည်ပြန်လာရင် အသွားပဲရှိတာ၊ ရွယ်တူတန်းတူ ဆိုလို့ တစ်ယောက်မှမရှိဘူး။ သားရှိနေတော့ အတော်လေး ခင်တွယ်နေတဲ့ ပုံပဲ"

အဲဒီစကားကို မေမေပြောလိုက်ချိန်မှာ နတ်မိမယ်ရဲ့အကြည့်လေး တစ်ချက် ကျွန်တော့်ထံ ရောက်ရှိလာပြန်၏။ အဲဒီမျက်ဝန်းတွေကို ကျွန်တော် နားမလည်ပါ။ တခြားမိန်းကလေးတစ်ယောက်နဲ့ တွဲသွားတွဲလာလုပ်နေလို့ မကျေနပ်သောအကြည့်မျိုးလား။ အဲဒီလို မလုပ်စေချင်သည့် အကြည့်တွေ လား။

မဖြစ်နိုင်ပါဘူးလေ ကျွန်တော် တခြားမိန်းကလေးတစ်ယောက်နဲ့ တွဲပြလို့ သဝန်တိုတားဖြစ်မယ့် မိန်းကလေးဟာ နတ်မိမယ် မဟုတ်တာ သေချာနေတာပဲ။

"ဒီလိုဆိုရင် သမီးလည်း အဆင်သင့်ပြင်ထားတော့လေ"

မနက်စာပိုင်းကနေ မေမေ အရင်ထသွားသည်။ ကျွန်တော်နဲ့ နတ်မိမယ်နှစ်ယောက်သာ စားပွဲမှာ မျက်နှာချင်းဆိုင် ကျန်ခဲ့၏။

"ဒီနေ့ မေမေနဲ့အတူ အလုပ်စတက်မယ်ဆိုတာ မင်း မပြောဘူး နော်"

"ရှင်ကရော ထက်ထက်ငယ်ဆိုတဲ့ ကောင်မလေးနဲ့ လျှောက်လည် မယ့်ကိစ္စ ကျွန်မကို ပြောခဲ့လို့လား"

မပြောဘူးလို့ ထိန်းထားပေမယ့် ပြောမိသွားသည်။ ဒါပေမဲ့ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



တန်ပြန်စကားမျိုးဖြင့် ကျွန်တော့်ကို ပြန်ချေပလိမ့်မယ်လို့တော့ နည်းနည်းမှ မတွေးမိခဲ့ပါ။

"မင်းက ငါ့အကြောင်းတွေကို ဘယ်တုန်းက စိတ်ဝင်စားခဲ့လို့လဲ မယ်"

သူမကတော့ ထိုစကားကို သာမန်ကာလျှံကာသာ နားထောင်ဖြစ်မှာပါ။ ကျွန်တော်ကတော့ နာနာကျင်ကျင် ပြောလိုက်မိခြင်းဖြစ်၏။

"ဟယ် ကိုကြီးတို့က ခုမှ မနက်စာစားတာလား။ ငယ်က စားပြီးလို့ ရောက်တောင်လာပြီ"

ထုံးစံအတိုင်း အသံစာစာလေးနှင့်အတူ ထက်ထက်ငယ် ရောက်လာသည်။ ထမင်းစားခန်းထဲ တန်းဝင်လာသော ငယ့်ကိုမြင်တော့ နတ်မိမယ် မျက်နှာလေး ပျက်ယွင်းသွားတာ ကျွန်တော် ကောင်းကောင်းသတိထားလိုက်မိပါသည်။ ထက်ထက်ငယ်ကို သူမ ဘာတွေအမြင်မကြည်ဖြစ်နေခဲ့တာလဲ။

"မမ သက်သာရဲ့လားဟင်"

ဖော်ရွေသော အသံလေးဖြင့် နတ်မိမယ်ကို ငယ်မေးသည်။ သို့သော် အေးစက်စက် အပြုံးတစ်ခုနှင့် ခေါင်းတစ်ချက်ညိတ်ပြခြင်းလောက်သာ သူမ တုံ့ပြန်၏။ လက်ကျန်ကော်ဖီကို တစ်ကျိုက်တည်းနှင့် မော့ချလိုက်ပြီး ထမင်းစားဝိုင်းမှ နတ်မိမယ် ထသွားသည်။

"ဘယ်လိုလဲ ကိုကြီး။ မအိုကေဘူးလား"

"ဒီလိုပါပဲကွာ"

"ကဲ စားစရာရှိတာ မြန်မြန်လက်စသတ်ပြီး ပြင်ဆင်တော့လေ နေတောင်ပူတော့မယ်"

"ကားထဲမှာ အေးအေးငြိမ့်ငြိမ့်လေး သွားရမှာပါ ငယ်"

"အို ဘာပဲဖြစ်ဖြစ် ငယ်က မြန်မြန်သွားချင်နေပြီ"





တဖွတ်ဖွတ်ထိုးလုပ်နေသော ငယ့်ကြောင့် ကျွန်တော်လည်း စားစရာသောက်စရာများကို မြန်မြန်လက်စဖြတ်ကာ အခန်းထဲဝင်ခဲ့သည်။ မှန်တင်ခုံရှေ့မှာထိုင်ကာ အလှပြင်နေရင်းကနေ သူမ တစ်ချက်လှမ်းကြည့်သည်။ ကျွန်တော့်အဝတ်အစားဗီရိုတွေက ဒီအခန်းထဲမှာမို့ အကျီလဲလှယ်ခြင်းအလုပ်ကိုတော့ ဒီမှာပဲ လုပ်နေကျဖြစ်၏။

ပေါ့ပေါ့ပါးပါးဖြစ်စေရန် တီရှပ်လေးတစ်ထည်ကို ဘောင်းဘီတိုလေးနှင့်တွဲဝတ်လိုက်သည်။ အနက်ရောင်နေကာမျက်မှန်ကို ထုတ်ယူလိုက်ပြီး ဆွတ်နေကျ ရေမွှေးလေး နည်းနည်းစွတ်လိုက်သည်။ ကျွန်တော့်ပြင်ဆင်မှုက ဒီလောက်ဆို ပြီးသွားပြီ။

ကျွန်တော် ဝင်လာတည်းက အဝတ်အစားလဲလှယ်ပြီးသားဖြစ်နေသော နတ်မိမယ်လည်း အပြီးသတ် ပြင်ဆင်ခြယ်သလိုက်ပြီး မှန်တင်ခုံရှေ့မှ ထသည်။ မှန်ဗီရိုအသေးလေးထဲမှ ဘူးအပြာလေးကို ထုတ်ယူလိုက်ပြီး အထဲက ရင်ထိုးလေးကို ထုတ်တပ်၏။ ထိုရင်ထိုးလေးကိုမြင်တော့ ကျွန်တော် လိုက်ခနဲ ရင်ခုန်သွားမိသည်။

အဝါရောင်ကျောက်လေးများဖြင့် ခြယ်သထားသော ရွှေအစစ်နှင်းဆီပန်းပုံရင်ထိုးလေး။

"ဘာကြည့်နေတာလဲ"

သတိလက်လွှတ် ငေးမိသွားသော ကျွန်တော့်အကြည့်တွေကို သူမက သတိထားမိသွားပုံနှင့် မေးသည်။ ကျွန်တော် ပေါ့ပေါ့ပါးပါးပင် ပြုံးလိုက်၏။

"မင်းနဲ့ အဲဒီရင်ထိုးလေးနဲ့ သိပ်လိုက်တယ်"

"အင်း ရခဲ့ဖူးတဲ့မွေးနေ့လက်ဆောင်တွေထဲမှာ ဒါလေးကို အကြိုက်ဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့ကနေ သူမ ကြွကြွရွရွလေး ဆင်းသွား၏။ ကို
မိန်းမကိုယ် အနောက်ကနေ ကြည့်ရတာ ဒီလောက်လှမှန်း ကျွန်တေ
ခုမှပင် သိလိုက်သည်။ မြန်မာဝတ်စုံလေးနှင့် သူမ သိပ်လှ၏။

"ကိုကြီးရေ ငယ့်ကို နှင်းဆီဝါတွေ ခူးပေးပါလားဟင်၊ သိပ်လှ
ပဲ"

ကျွန်တော်တို့နှစ်ယောက်နားသို့ ထက်ထက်ငယ် ရောက်လာ
ကလေးတစ်ယောက်လို ပူဆာသည်။

"ငယ်က ပန်းကြိုက်လို့လား"

"အရမ်းကြီးကြိုက်တယ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုကြီးခြံ
က နှင်းဆီဝါတွေက သိပ်လှတာပဲ"

"တကယ်မကြိုက်ဘဲနဲ့တော့ သူ့ဘာသာ လှနေတာလေး
မဖျက်ဆီးချင်ပါနဲ့ကွာ"

"ဟုတ်သားပဲ ဒီက ညီမလေးက လိုချင်နေတာကို ခူးပေးလိုက်
ကြားကနေ နတ်မိမယ် ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ခူးပေးလိုက်
လို့ပြောနေသော သူမမျက်ဝန်းတွေဟာ အရွဲ့တိုက်နေသလိုပဲလို့ ကျွန်တေ
ဘာလို့များ ခံစားနေရတာလဲ။ ထိုမျက်ဝန်းလေးတွေကို ကျွန်တော် ရှ
ရက်ကြီး ချစ်သွားမိသည်။ ပြီးတော့ တမင်တကာကို အရွဲ့တိုက်ပြချင်
တွေလည်း ပေါ်ပေါက်လာသည်။

နတ်မိမယ်ရှေ့မှာပင် လှလှပပ ပွင့်အာနေသော နှင်းဆီဝါတစ်ပွင့်
ခူးပြီး ထက်ထက်ငယ်အား လှမ်းပေး၏။ အဲဒီလိုကျပြန်တော့လည်း သူ
မျက်ဝန်းလေးတွေမှာ အရောင်တစ်မျိုး ဖြတ်ပြေးသွားပြန်သည်။ ထိုအရော
ကိုတော့ ကျွန်တော် ဘာသာမပြန်နိုင်ခင်မှာဘဲ မေမေ ရောက်လာပြီး

"သမီး အဆင်သင့်ပဲ မဟုတ်လား၊ သွားကြရအောင်"





"ဟုတ်ကဲ့ မေမေ"

ကိုမြေး မောင်းနှင်သော ကားကြီးနဲ့ မေမေတို့ထွက်ခွာသွားတော့မှ
ကျွန်တော့်ကားလေးကို ထုတ်ယူလိုက်သည်။ ထက်ထက်ငယ်က ဝမ်းသာ
အားရနှင့် ကားပေါ်အပြေးတက်သည်။ လက်ထဲမှာလည်း ကျွန်တော် ခူးပေး
ထားသော နှင်းဆီပွင့်ကိုကိုင်ပြီး တနမ်းနမ်းတရှုံ့ရှုံ့နှင့် ကျေနပ်နေပုံ။

လော့ကာဥယျာဉ်ထဲမှာ သူမစိတ်ကြိုက် လိုက်လံပြသပေးပြီးတော့
သောက်ဆိုင်ငယ်လေးတစ်ခုတွင် နေ့လယ်စာစားရန် ထိုင်ဖြစ်ကြ၏။

"ကိုကြီးကို ငယ် တစ်ခုလောက် မေးမယ်နော်"

"မေးလေ"

"ကိုကြီးရဲ့မိန်းမက ကိုကြီးကို မချစ်ဘူးနဲ့တူတယ် ဟုတ်လား"

မဖြေချင်ဆုံး မေးခွန်းကိုမှ သူမက လာမေးသည်။

"ဘာဖြစ်လို့ အဲဒီလို ထင်တာတုန်း"

"သူ့ကိုကြည့်ရတာ ကိုကြီးအပေါ်မှာ အေးစက်စက်နဲ့၊ ပြီးတော့
နေက မြူးတီးဆလွန်းမှာ"

"အဲဒီအကြောင်းတွေကို ပြန်မပြောပါနဲ့လား ငယ်"

ကျွန်တော် မျက်နှာပျက်ပျက်နှင့်တားလျှင် သူမ ခေါင်းလေးပုဝင်
ပါးစပ်ကို လက်လေးနှင့်ပါ ဖုံးပိတ်ထားလိုက်သေးသည်။ ထက်ထက်ငယ်
တကယ့်ကို ကလေးတစ်ယောက်လိုပါပဲ။

"ကိုကြီးမကြိုက်ရင် မပြောတော့ဘူး။ ဒါပေမဲ့ ကိုကြီးအကြောင်း
တော့ ငယ် သိချင်တာလေးတွေ မေးဦးမယ်"

ဒါကိုတော့ တားလို့မရမယ့်တူတူ ခေါင်းညိတ်သဘောတူပေးလိုက်

"ကိုကြီးကရော သူ့ကိုချစ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမေးခွန်းလည်း ကျော်လိုက်ပါလားကွာ"

"ဟင့်အင်း မကျော်နိုင်ဘူး။ ဒီမေးခွန်းက ငယ့်အတွက် အရေး ကြီးတယ်"

"အောင်မာ ညည်းအတွက် ဘယ်လိုအရေးကြီးသွားတာတုန်း"

"ငယ်က ကိုကြီးကို စိတ်ဝင်စားနေတာ"

ကျွန်တော့်ရင် ထိတ်ခနဲ ဖြစ်သွားသည်။ မိန်းကလေးတစ်ယောက် ဘက်ကစပြီး စတင်ပြီးပြောလာသည့် အဲဒီလို စကားမျိုးတွေကို ကျွန်တော် နားမထောင်ချင်တော့ပါ။

"ကျေးဇူးပြုပြီး ဆက်မပြောပါနဲ့တော့လား ငယ်"

"ဘာဖြစ်လို့လဲတင်"

မျက်နှာငယ်လေးနှင့် သူမ မေးသည်။

"ကိုယ် နားမထောင်ချင်ဘူး၊ ပြီးတော့ ကိုယ်နဲ့ပတ်သက်တဲ့ ဘယ်လိုခံစားချက်ကိုမှ ငယ့်စိတ်ထဲမှာ စွဲမြဲမထားပါနဲ့"

"ဘာဖြစ်လို့လဲ ကိုကြီးရယ်"

ချက်ချင်းပင် ငိုမဲ့မဲ့လေး ဖြစ်သွားလျက် ထက်ထက်ငယ် မေးပြ သည်။

"ကိုယ်ကအိမ်ထောင်သည် တစ်ယောက်ပါ"

"အဲဒါ ငယ်သိသားပဲ"

"သိရုံပဲ သိလို့ မရဘူး ငယ်၊ အိမ်ထောင်သည်တစ်ယောက်မှာ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေ ရှိတယ်၊ ငယ့်လိုချစ်စရာကောင်း မိန်းကလေးတစ်ယောက်က ကိုယ့်လို အိမ်ထောင်သည်တစ်ယောက် စိတ်ထဲမှာရှိနေတယ်ဆိုလည်း ထုတ်ပစ်လိုက်ပါ၊ ပြီးတော့ ခုနက ငယ် မေးခဲ့တဲ့မေးခွန်း ကိုယ် ဖြေမယ်"





အဖြေကို ကြားချင်ဇောနှင့် သူမ မျက်ဝန်းလေးတွေ အရောင် တောက်နေသည်။

"နတ်မိမယ်ကို ကိုယ်ချစ်တယ်၊ အဲဒါ ဘယ်လိုမှ ပြောင်းလဲလို့ မရမယ့် အမှန်တရားပဲ"

"ဒါပေမဲ့ သူက ကိုကြီးကို မချစ်ဘူးလို့ ငယ် ခံစားမိနေတယ်"

"ဒါက လင်မယားတွေကြားမှာရှိတတ်တဲ့ ကတောက်ကဆလေး တွေကြောင့်ပါ ငယ်၊ သူလည်း ကိုယ့်ကိုချစ်ပါတယ်၊ ကိုယ်သိတယ်"

အဲဒီစကားကတော့ ကျွန်တော့်အပေါ်မှာ ထက်ထက်ငယ် စိတ် ကုန်သွားအောင် တမင်တကာ လိမ်လည်ပြောလိုက်ခြင်းသာ ဖြစ်၏။ နတ်မိ မယ်က ကျွန်တော့်ကို မချစ်တဲ့အပြင် မုန်းတီးနေခဲ့တယ်ဆိုတာ ဘယ်သူ့ကိုမှ ထုတ်မပြရဲသည့် ကျွန်တော့်နာကျင်မှုတစ်ခုပါလေ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"သားနဲ့သမီးကို မင်္ဂလာညစာစားပွဲ တစ်ခုသွားဖို့ ပြောရမှာ မေမေ မေ့နေလိုက်တာကွယ်"

ညနေစာစားနေရင်းနှင့် မေမေ ပြောသည်။

"ဘယ်သူ့မင်္ဂလာဆောင်လဲ မေမေ"

"ဦးစည်သူတို့သမီးလေကွယ်၊ မသွားလို့မကောင်းဘူးလေ၊ ဒါပေမဲ့ မေမေက အဲဒီနေ့ကျရင် သိတဲ့အတိုင်း မတက်မဖြစ်တဲ့ ညစာစားပွဲတစ်ခု ရှိနေတယ်၊ သားနဲ့သမီးတို့ သွားလိုက်ကြပါ"

ဦးစည်သူဆိုတာ ကျွန်တော်တို့ကုမ္ပဏီနှင့် စီးပွားဖက်အဖြစ် ရပ်တည်နေသော ကုမ္ပဏီကြီးတစ်ခုမှ သူဌေးဖြစ်သည်။ မသွားလို့မကောင်းတာ ကတော့ အမှန်။ အခုဆို ကျွန်တော်လည်း လုပ်ငန်းခွင်ထဲဝင်နေပြီဆိုတော့ မေမေက ကျွန်တော့်ကို တခြားလုပ်ငန်းရှင်တွေနှင့်လည်း ပိုမိုရင်းနှီးစေချင်သည့် ရည်ရွယ်ချက်လည်းပါမှာ ကျိန်းသေသည်။





"ဘယ်နေ့လဲ မေမေ"

"မနက်ဖြန် ညနေခြောက်နာရီကွဲ့၊ ဖိတ်စာက မေမေ့အိတ်ထဲမှာ၊ ဦးမှ မေမေ ယူပေးမယ်"

သူမ မျက်နှာလေးကို လှည့်ကြည့်မိတော့ ငြင်းဆန်လိုသည့် အရိပ်အယောင် မတွေ့ရတာမို့ ကျွန်တော် မေမေ့တောင်းဆိုမှုကိုလိုက်လျော လိုက်ပါသည်။

တစ်ခုတော့ ထူးခြားသည်။ ခုတလော နတ်မိမယ်တစ်ယောက် ကျွန်တော့်ကို ကလန်ကဆန် သိပ်မလုပ်။ အလုပ်ထဲမှာလည်း ဒီလိုပဲ။ ဌာနတစ်ခုတည်းမှာ ပရောဂျက်တစ်ခုတည်းကို တူတူလုပ်နေရပေမယ့် အကြည့်လေးတစ်ချက်နဲ့တောင် ကျွန်တော့်ကို အနှောင့်အယှက်မပြု။ သတိထားမိနေတာ တစ်ပတ်လောက်တောင် ရှိနေခဲ့ပြီ၊ ယူအက်စ်ကို ထက်ထက် ယ် ပြန်သွားတဲ့အချိန်ကတည်းကပေါ့။

ညစာစားပြီးသွားတော့ ကျွန်တော် တစ်ယောက်တည်း ခြံထဲက ရေတံခွန်လေးနားမှာ သွားထိုင်နေမိသည်။ ဟိုတွေးဒီတွေး အေးအေးဆေး ဆေး ရှိချင်လို့ပါ။ နတ်မိမယ်က ခုတလော ငြိမ်နေတယ်ဆိုပေမယ့် ဘယ် အချိန်မှာ ဘယ်လိုလက်နက်တွေနဲ့ ပစ်ခတ်ဖို့ ချောင်းမြောင်းနေသလဲ မပြော နိုင်။

ပြီးတော့ ရဲသွေးကို သေအောင်လုပ်ခဲ့တဲ့ မတော်တဆဖြစ်ရပ်ထဲ မှာ အဓိကကျသူဟာ ကျွန်တော်မှန်းသိပြီးသွားတာတောင် သူမဘက်က ဘာခက်ထန်မှုမှ မပြတာ ထူးဆန်းနေသည်။ တကယ်ဆို ရဲသွေး သေဆုံး သွားတာ ကျွန်တော့်ကြောင့်ပါဆိုပြီး အမုန်းကြီးမုန်းကာ ဟန်ဆောင်လက် ထပ်ပွဲကိုတောင် ဖန်တီးခဲ့တဲ့ မိန်းကလေးလေ။ ခုလောက်ထိ ငြိမ်သက်နေတာ တစ်ခုခုတော့ မှားယွင်းနေပြီလို့ ကျွန်တော်ထင်သည်။

www.burmeseclassic.com



"ဘာတွေ တွေးနေတာလဲ ကောင်းမင်းမြတ်"

အနားသို့ နတ်မိမယ် ရောက်လာသည်။ ခုလို သူမဘက်က တင်ပြီး ကျွန်တော်ရှိနေရာသို့လာကာ စကားပြောတယ်ဆိုတာကလည်း မှားယွင်းမှုတစ်ခုပဲ မဟုတ်လား။

"ကိစ္စရှိလို့လား မယ်"

"အလုပ်ကိစ္စလေး ပြောစရာရှိလို့ပါ"

"ဪ ပြောလေ"

"မွေးမြူရေးခြံထဲကို တစ်ခေါက်လောက် သွားကြည့်ချင်သေးတယ်။ အဲဒီက လချုပ်စာရင်းလေးတွေလည်း သွားစစ်ဖို့ မေမေ ပြောထားတာ ကြာနေပြီ၊ အဲဒါ ဘယ်နေ့လောက် အဆင်ပြေမလဲ"

"ဒီရက်ပိုင်းတော့ ကျွန်တော် အားနေတာပဲလေ"

"ဒါဆိုရင် သဘက်ခါ သွားစစ်ကြရအောင်"

"ရပါတယ်"

ပြောစရာကုန်သွားသလိုမျိုး သူမ လှည့်ထွက်ရန် ပြင်သည်။ တစ်လှမ်း နှစ်လှမ်း သုံးလှမ်း။ နောက်သို့ ဖြတ်ခနဲ လှည့်ကြည့်လျက်

"အပြင်မှာ တအားအေးနေတယ်လေ၊ အကြာကြီး ထိုင်မနေနဲ့ဦး"

"ဗျာ"

ကျွန်တော် ကြောင်ငေးနေတုန်းမှာပဲ သူမက အိမ်ထဲပြန်ဝင်သွားခဲ့ပြီ။ ဟုတ်ပါတယ် တစ်ခုခုတော့ ကြီးကြီးကျယ်ကျယ် မှားယွင်းနေခဲ့ပါပြီ။

■ ■ ■

မင်္ဂလာဆောင်သွားရန် ဘာအရောင်ဝတ်ရမှန်းမသိစွာ ကျွန်တော် ခေါင်းကုတ်လိုက်မိသည်။ တံခါးဟက်တက်ပွင့်နေသော ဗီရိုထဲမှာ အရောင်အသွေးစုံ အစီအရီချိတ်ဆွဲထားသော ကုတ်အင်္ကျီများ။





"ဟင် အဝတ်တောင် မလဲရသေးဘူးလား"

အားလုံးအပြည့်အစုံ ပြင်ဆင်ပြီးနေပြီဖြစ်သော နတ်မိမယ်က ကျွန်တော့်ကိုကြည့်ပြီး စိတ်ပျက်စွာ ရေရွတ်သည်။

"ဘာဝတ်ရမှန်း မသိဘူး"

"ဒါလေးဝတ်၊ ကျွန်မတို့နှစ်ယောက် တွေ့တဲ့ ကုမ္ပဏီနှစ်ပတ်လည် ပွဲမှာ ရှင်ဝတ်ခဲ့တာလေ"

ချောကလက်ရောင်ကုတ်လေးကို သူမက အားလုံးထဲမှ ရွေးထုတ်ပေးသည်။ သူမ ဝတ်ဆင်ထားသော ရွှေအိုရောင်ဂါဝန်ရှည်ကျပ်ကျပ်လေးနှင့် ထိုကုတ်လေးက လိုက်ဖက်ညီစွာ လှပနေ၏။ ထို့ကြောင့်ပင် မငြင်းဆန်တော့ဘဲ ကျွန်တော် လက်ခံဝတ်ဆင်လိုက်ပါသည်။

ဦးလေးသိန်း လိုက်မောင်းပို့ပေးသောကြောင့် ကျွန်တော်တို့နှစ်ယောက်က နောက်ခန်းထဲမှာ အေးအေးလူလူ စီးနင်းခွင့်ရသည်။ ညစာစားပွဲကို ကျွန်တော်တို့ရောက်သွားတော့ လူတွေလည်း တော်တော်စုံလင်နေခဲ့ပြီ။

ကားပေါ်ကအဆင်း

"ဟေး ဒီတိုင်းကြီး ဝင်သွားလို့ ဘယ်ကောင်းမလဲ"

သူမအပြောကြောင့် ကျွန်တော် ကြောင်သွားသည်။

"နောက် ဘယ်လိုဝင်ရမှာတုန်း"

"ကျွန်မတို့နှစ်ယောက်တွဲပြီး ပွဲတက်တာ ဒါပထမဆုံးလေ၊ ပြီးတော့ ရှင့်ကို ဓါးမြတ်မြတ်မှန်ရဲ့သားတစ်ယောက်အနေနဲ့ အားလုံးက စိတ်ဝင်တစားရှိနေကြမှာ"

"အဲဒီတော့"

ကျွန်တော့်လက်မောင်းတစ်ဖက်ကို သူမ၏ လက်များဖြင့် ဖက်ချိတ်တွယ်လျက် ပြုံးပြုံးလေး ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာလေးကို ပြုံးထား။ လှလှပပလေးပေါ့ကွာ၊ ဒါမှမှန်မှာပေါ့"

"ဟို"

ဘာပြောရမှန်းမသိ၊ သူမကိုယ်ထဲမှာ ဘယ်လိုခံစားနေတယ်နေတဲ့ ခံစားချက်တွေ ဝင်ပူးနေခဲ့သလဲ ကျွန်တော် မသိနိုင်ပါ။

"ဘာလဲ မလုပ်ချင်လို့လား"

"မဟုတ်ပါဘူး။ ကျွန်တော်တို့က လင်မယားတွေပဲ၊ ဒီလိုလေး တွဲသွားတော့ ပိုသင့်တော်တာပေါ့လို့ ပြောမလို့ပါ"

ဘယ်နေရာ ရယ်စရာ ပါသွားတယ်မသိ၊ သူမရဲ့ညီညာသော သွားတန်းလေးများပေါ်အောင် တစ်ချက်ရယ်မောသည်။ ပြီးမှ ကျွန်တော့် လက်များကို ပိုလို့တင်းတင်း ချိတ်တွဲလျက် ခန်းမထဲဝင်၏။

ကြိုက်ရာယူစားလို့ရသော ဘူဖေးစနစ်မို့ ကျွန်တော်တို့နှစ်ယောက် တစ်နေရာထဲမှာ မထိုင်ဖြစ်ကြဘဲ ဟိုဟိုဒီဒီ လိုက်လံနှုတ်ဆက်နေရ၏။ မေမေ့အရှိန်အဝါကြောင့် ကျွန်တော်တို့နှစ်ယောက်ကို မိတ်ဆက်ချင်သည့် တက်သစ်စလုပ်ငန်းရှင်လေးတွေလည်း ပါသည်။

ကြာလာတော့ ကျွန်တော့်ခေါင်းတွေ မူးနောက်နောက်ဖြစ်ချင်လာ၏။

"ပြန်ရအောင် မယ်၊ ဟာ"

"အို သွားပါပြီ"

လာမိတ်ဆက်သည့် တစ်ဖက်ကလူကို နှုတ်ဆက်ရင်း မယ့်ကို လှည့်ပြောလိုက်ရာ တံတောင်ဆစ်နှင့်တိုက်မိပြီး မယ့်လက်ထဲမှာ ကိုင်ထားသော ဝိုင်ခွက်လေးထဲမှ ဝိုင်အနည်းငယ် ဖိတ်စင်သွားသည်။ မယ့်ဂါဝန်ရင် ညွန့်နားဆီမှာ အကွက်သေးသေးလေး ဖြစ်ပေါ်သွား၏။

"ဆောရီးပါ မယ်၊ ကျွန်တော် မရည်ရွယ်ပါဘူး"





"ရပါတယ်လေ၊ မယ်ကတော့ ကံလှဲ့စားချေတယ်လို့ ထင်မိတာပဲ အဟင်း"

မယ့်အပြုံးလေးက စိတ်ဆိုးလို့ပြုံးသော အပြုံးမျိုးမဟုတ်ပါ။ စချင် နောက်ချင်သည့် နှစ်လိုဖွယ်အပြုံးလေးဖြစ်သည်။

"ဘာကြောင့်ကြည့်နေတာလဲ"

"ဗျာ"

"ဟောတော့ ပြန်ရအောင်ဆို သွားမယ်လေ"

"အင်း"

ကျွန်တော် တစ်လမ်းလုံး နှုတ်ဆိတ်နေမိသည်။ ညင်သာတဲ့ လေပြည်ညင်းလေးရဲ့နောက်ကွယ်မှာ ပြင်းထန်တဲ့မုန်တိုင်းတစ်ခု ရှိမနေဘူး လို့ ဘယ်သူမှမပြောနိုင်။

"သားလေး ရောက်ပြီလေ"

"ဪ ဟုတ်သားပဲ"

အိမ်ရှေ့ဆင်ဝင်အောက်မှာ ကားရပ်ထားတာတောင် မသိနိုင် လောက်အောင် ကျွန်တော် အတွေးနယ်ထဲ မျောပါနေမိ၏။ ဦးလေးသိန်း သတိပေးမှပင် ကပျာကသီ ဆင်းရသည်။

ကျွန်တော့်ရဲ့ထိုကြောင်တောင်တောင် အပြုအမူကိုလည်း သူမ နှုတ်ခမ်းလေးတွန့်ရုံ ရယ်သည်။ ကျွန်တော် ဘာလုပ်လုပ် ရယ်စရာတွေလို့ပဲ သူမ မှတ်ထင်နေတာလား။ ကျွန်တော့်ကို ဟာသတစ်ခုလို သဘောထား နေရင်တောင် ကျွန်တော် ကျေနပ်နိုင်ပါတယ်လေ။ ဘာပဲပြောပြော ရန်ဖြစ် စကားများနေရတာထက်စာရင် ခုလိုလေး ရယ်စရာတစ်ခု ဖြစ်နေရတာက ပိုကောင်းသေးတယ် မဟုတ်လား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ညစာစားပွဲက ပြန်လာတည်းက တွေးနေခဲ့မိသော အတွေးတို့က တစ်ညလုံးလည်း အိပ်မရအောင် နှိပ်စက်ထားသဖြင့် မနက်မှာ ကျွန်တော် အိပ်ရာထ နောက်ကျခဲ့သည်။ ကျွန်တော်နိုးချိန်မှာ သူမက ပြင်ပြီးဆင်ပြီး နေခဲ့ပြီ။

"ခုမှ ထတယ် ဟုတ်လား"

"ဘာဖြစ်လို့လဲ"

"ဒီနေ့မွေးမြူရေးခြံထဲကို သွားမယ်လို့ ပြောထားတာ ရှင်မေ့နေ တယ်ပေါ့"

"ဟာ ဟုတ်သားပဲ၊ ဆောရီးပါ၊ ကျွန်တော် ခုပဲ မြန်မြန်ပြင်ဆင် လိုက်မယ်"

ရေမိုးချိုး အဝတ်အစားလဲလှယ်ခြင်းကို ဆယ့်ငါးမိနစ်တည်းနှင့် အပြီးပြင်ဆင်လိုက်သည်။ အောက်ထပ်က ထမင်းစားပွဲမှာ သူမ ထိုင်စောင့်နေ၏။





"မစားတော့ဘူးလေ၊ နောက်ကျနေပြီ မဟုတ်လား"

"အို ဒုက္ခပါပဲ၊ ရှင်တစ်ယောက်တည်းအတွက်များ မှတ်နေလား။ ကျွန်မလည်း မစားရသေးဘူးရှင့်၊ စားဖို့စောင့်နေတာ"

"ဗျာ"

ကျွန်တော် 'ဗျာ' ရပြန်ပါပြီ။ သူမက မနက်စာကို တစ်ယောက် တည်း စားနှင့်မထားဘဲ ကျွန်တော့်ကိုစောင့်နေခဲ့တယ်ဆိုတဲ့သဘောလား။ ပြောင်းလဲမှုတွေက မယုံကြည်နိုင်လောက်အောင်ပါပဲ။

ဒေါ်မြင့် ပြင်ဆင်ပေးထားသော ကော်ဖီနှင့်မုန့်ကို စားသောက်နေ ရသော်လည်း ကျွန်တော့်အတွေးများကတော့ သူမထံမှာသာ။ ဒီလောက်ထိ ဆန့်ကျင်ဘက် ပြောင်းလဲသွားရတဲ့အကြောင်းရင်းက ဘာများလဲ။

ကားပေါ်တက်ရန် ပြင်တော့လည်း ဒီအတိုင်းသာ။ ကားမောင်းသူ နေရာမှာ ကျွန်တော် ထိုင်မယ်လုပ်တော့ သူမက တားမြစ်၏။

"ကျွန်မ မောင်းပါ့မယ်"

"မင်းက"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

မထီမဲ့မြင်ဖွာ ပြန်မေးရင်း ကားမောင်းသူဘက်ခြမ်းမှာ သူမ နေရာ ယူသည်။

"ဒီလောက် အကြာကြီးမောင်းရရင် ရှင်အိပ်ငိုက်မှာ ကျွန်မသိနေ တယ်"

ကားကိုစက်နှိုးရင်းနှင့် သူမက ကျွန်တော့်ကို အပြစ်တင်သလို ဆိုလိုက်သေး၏။ ကားစထွက်တည်းက ကျွန်တော် နှစ်သက်သော မြူးမြူး ကြွကြွ ဂီတသံများကို သူမက ဖွင့်ပေးထားသည်။ ဒါပေမဲ့လည်း ဘယ် လောက်ပဲမြူးမြူး လမ်းခရီးတစ်ဝက်လောက်အရောက်မှာ ကျွန်တော့်မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေ မဟာန်နိုင်တော့ဘဲ အိပ်ငိုက်လာကြ၏။

ညက နတ်မိမယ်အကြောင်း အတွေးများကြောင့် အိပ်ရေးပျက်ခဲ့တာတွေ ရောစုပြီး နောက်ဆုံးမှာ ကျွန်တော် အိပ်ပျော်သွားတော့သည်။ မျက်လုံးများကို အားယူပြီး ဖွင့်လိုက်မိချိန်မှာ ကျွန်တော်တို့ရဲ့မွေးမြူရေးခြံ မှာ ထိုးရပ်ထားသော ကားလေးကိုမြင်ရသည်။ ဟိုတစ်ခါကလိုပင် ကား မှာ သူမ မရှိတော့။

"ဟော သားလေး နိုးလာပြီလား"

"ဦးတိုး"

"သမီးလေးကတော့ အခန်းထဲမှာ ရေချိုးနေတယ်နဲ့တူတယ်၊ နင် ဦးတိုးကိုယ်တိုင် ရေနွေးစပ်ပြီး ပို့ပေးခဲ့တာ၊ သားလေးကိုကျ အိပ်ရေးပျက် ထားလို့ မနှိုးပါနဲ့၊ အိပ်ပါစေဆိုလို့ ဦးတိုး ဒီတိုင်းထားထားတာ"

"ဪ ဟုတ်ကဲ့ ဦးတိုး"

ထိုအခန်းလေးရှိရာဆီ ကျွန်တော် ခြေလှမ်းတွေ ပြင်ပြီးကာ ခေါင်းထဲကို ရောက်လာသော အတွေးတစ်ခုကြောင့် ကျွန်တော့်ခြေလှမ်းများ နေရာမှာတင် ရပ်တန့်သွားသည်။

"ခဏလေး ဦးတိုး"

ခပ်လှမ်းလှမ်းကို ရောက်နေပြီဖြစ်သော ဦးတိုးက ကျွန်တော့်အသံ ကြောင့် ပြန်လှည့်လာသည်။

"ဘာခိုင်းမလို့လဲ သား"

"မေးစရာရှိလို့"

"မေးလေ သားရဲ့"

ဒီမေးခွန်းကိုမေးဖို့ တော်တော်လေးကို ကျွန်တော် ကြိုးစားလိုက်ရ သည်။ ရလာမယ့်အဖြေတစ်ခုဟာ ကြောက်မက်ဖွယ်ကောင်းနေမှာကို ကျွန်





တော် မလိုလားပါ။

"မယ်က ဦးတိုးကို ဒီတိုင်းပဲ မှတ်မိနေခဲ့တာလား"

"ဟုတ်တယ်လေ သားရဲ့၊ ဦးတိုးကိုမြင်တာနဲ့ဖက်လှဲတကင်း နှုတ် ဆက်ရှာတယ်"

မတ်မတ်ရပ်နေသော ခြေထောက်များပင် ယိုင်ခနဲ ဖြစ်သွားသည်။

"သား ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး ဦးတိုး။ ရတယ် ဦးတိုး လုပ်စရာရှိတာ သွားလုပ် တော့နော်"

ဒီလိုဆို နတ်မိမယ်က အတိတ်တွေကို ပြန်မှတ်မိနေခဲ့ပြီပေါ့။

ပြိုယိုင်လုလု ခြေထောက်များကို အားတင်းလျက် ကျွန်တော် ရှေ့ဆက်လှမ်းနေမိသည်။ အခန်းဆီကိုတော့ မဟုတ်။ ရေကန်ကျယ်လေး ရှိရာ သစ်ပင်တန်းလေးဆီ။

ဒီနေရာလေးမှာ ကျွန်တော့်ကို မယ် သေအောင်ကြိုးစားသတ်ခဲ့ ဖူးသည်။ သူမပဲ ကံဆိုးတာလား၊ ကျွန်တော်ပဲ ကံကောင်းတာလား မသိနိုင် ဗွာ ကျွန်တော်က ဘာမှမဖြစ်ဘဲ သူမကိုယ်တိုင်ကတော့ အတိတ်မေ့ခဲ့ရ၏။

ခုတော့ အဲဒီအတိတ်တွေကို မယ် အမှတ်ရနေခဲ့တာ သေချာပြီ။

ဟုတ်တာပေါ့။ ကျွန်တော် ဘယ်လောက်များ တုံးလိုက်ပါသလဲ။ နှင်းဆီဖြူပုံရှင်ထိုးလေးကို သူမအတွက် ပေးခဲ့သော မွေးနေ့လက်ဆောင်အဖြစ် မှတ်မိနေကတည်းက ကျွန်တော် ရိပ်မိခဲ့သင့်သည်။ ကုမ္ပဏီနှစ်ပတ်လည်ပွဲ မှာ ကျွန်တော် ဝတ်ခဲ့သော ကုတ်၊ ညစာစားပွဲမှာ သူမကိုယ်ပေါ်ကို ဝိုင် အနည်းငယ် မှောက်ကျသွားတုန်းက ကလဲ့စားချေတယ်လို့ပဲ ထင်ပါတယ်လို့ ပြောခဲ့သည့် အသံ၊ နောက်ဆုံး ဒီမွေးမြူရေးခြံကို လာသည့်လမ်းကြောင်း။

အားလုံးအားလုံးက ကျွန်တော့်မျက်လုံးများ နားများထဲမှာ ကွက်



www.burmeseclassic.com

www.burmeseclassic.com



ကွက်တွင်းတွင်း ပြန်ပေါ်လာကြသည်။

သစ်ပင် ပင်စည်တစ်ခုကို အားပြုပြီး ကျွန်တော် ထိုင်ချလိုက်ရသည်။ ဒီလိုဆို မယ် သတိရနေခဲ့တာ အတော်ကြာခဲ့ပြီပဲ။ ဘာအတွက်နဲ့ အတိတ်မေ့နေသေးသယောင် ဟန်ဆောင်နေခဲ့တာလဲ။

ကျွန်တော့်ကို မုန်းတီးတဲ့အမုန်းတွေ မပြေနိုင်သေးလို့ ထပ်တစ်ခါ လုပ်ကြံရန်အတွက်လား။ တွေးနေရင်းနှင့် ကျွန်တော့်နှလုံးခုန်သံတွေ မြန်ဆန် လာသည်။ အရင်တစ်ခါကလည်း ကျွန်တော့်ကို ခုလိုပဲ အချိုသတ်ကာ ဒီ နေရာလေးကို ခေါ်လာခဲ့သည်။ ခုလည်း ကျွန်တော်တို့နှစ်ယောက် ဒီနေရာကို ရောက်နေရပြန်ပြီ။

"အခန်းထဲ မလာဘဲ ဒီနေရာမှာ ဘာလုပ်နေတာလဲ"

နောက်ဘက်မှ ထွက်လာသောအသံကြောင့် ကျွန်တော် ထိတ်လန့် တကြား လှည့်ကြည့်လိုက်မိသည်။ အပြုံးလေးတစ်ခု ဆင်မြန်းထားလျက် ကျွန်တော့်ကို စိုက်ကြည့်နေသော နတ်မိမယ်။

"မယ်"

"အိုး မျက်နှာကြီးကလည်း မယ့်ကိုမြင်တာ သရဲသဘက်မြင်သလို နဲ့၊ ဘယ်လိုဖြစ်တာတုန်း"

သူမက အရယ်အပြုံးမပျက်ပေမယ့် ကျွန်တော်ကတော့ အမှန် တရားတွေကို ရှာဖွေတွေ့ရှိသွားပြီးသည့်နောက်မှာ သူမရဲ့အမုန်းတွေနဲ့ ထပ်မံ ရင်ဆိုင်ရမှာကို ကြောက်ပါသည်။

"ပြောလေ ဘာဖြစ်နေတာလဲလို့"

တဖြည်းဖြည်းနှင့်သူမ ခြေလှမ်းတွေ ကျွန်တော့်နား တိုးကပ်လာ သည်။ ကျွန်တော် မတ်တပ်ထရပ်လိုက်၏။ နောက်ဆုတ်ထွက်ပြေးဖို့တော့ မဟုတ်ပါ။ မျက်နှာချင်းဆိုင် ရင်ဆိုင်ချင်သောကြောင့်သာ ဖြစ်သည်။





"မင်းအားလုံးကို ပြန်မှတ်မိနေပြီဆိုတာ ကျွန်တော် သိတယ်"

သူမ မျက်ခုံးလေးတွေ ပင့်တက်သွား၏။ နောက်တော့ ဟက်ဟက် ပက်ပက် ရယ်မောသည်။

"ကြော်ကွယ် ခုမှပဲ မယ် အတိတ်တွေ ပြန်မှတ်မိသွားတာကို သိရသလား။ ညံ့လိုက်တာ"

လေသံက လှောင်ပြောင်လိုခြင်းတွေ ပြည့်နှက်နေ၏။ ပြောချင် သလိုသာ ပြောပါတော့ မယ်။

"ဘာကြောင့်နဲ့ အဲဒီလို ပြန်မှတ်မိနေခဲ့တာကို လျှို့ဝှက်ထားခဲ့တာ လဲ မယ်"

"မယ် မလျှို့ဝှက်ပါဘူး။ ရှင် သတိမထားမိခဲ့တာ ဖြစ်မှာပါ"

နောက်ဆုံးတော့ ကျွန်တော့်အပြစ်များသာပေါ့။

"အတိတ်တွေကို သတိရပြီဆိုတော့ မင်းဘာအကြောင်းကြောင့် ကျွန်တော့်ကို လက်ထပ်ခဲ့တယ်ဆိုတာလည်း မှတ်မိမှာပဲနော်"

"အိုး သိပ်မှတ်မိတာပေါ့"

ကျွန်တော် နာနာကျင်ကျင် ပြုံးမိသည်။ ခုတော့ ကျွန်တော့်ဘဝမှာ ကျွန်တော်ချစ်ခဲ့တဲ့ မိန်းမတစ်ယောက်ဆီက ရစရာဆိုလို့ အမုန်းတွေပဲ ကျန် တော့တယ်။

"မင်း ငါ့ကို သိပ်မုန်းနေမှာပဲနော်"

ထိန်းထားပါလျက်နှင့် အသံတို့က တုန်ယင်သွားသေးသည်။

"ဘာလို့ အသံတွေတုန်နေတာလဲ ကောင်း။ ဘာလဲ ကြောက်လို့ လား"

မင်း ငါ့ကိုလှောင်သလိုပြောင်သလို အဲဒီမျက်နှာပေးမျိုးနဲ့ မ[illegible] နတ်မိမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘာကိုကြောက်ရမှာလဲ"

"ရှင့်ကို ကျွန်မ ဒုတိယအကြိမ် သတ်မှာကိုလေ"

ပြုံးပြုံးလေးနှင့် ပြောရက်သော မျက်နှာလေးကို ကျွန်တော် ချစ်ခင်စွာ ငေးကြည့်မိသည်။

"ခုချိန်မှာ ငါဘာကိုမှ မကြောက်ဘူး မယ်၊ အရင်တစ်ခါကလို လည်း သွေးရူးသွေးတန်း ရှန်းကန်မိမှာမဟုတ်ဘူး"

"ရှင့်အသက်ကိုရန်ရှာနေချိန်မှာ မရုန်းကန်တဲ့ ငြိမ်ငြိမ်လေး အသတ် ခံမယ်လို့ ပြောနေတာလား။ ကျွန်မ သိပ်သက်သာသွားတော့မှာပဲ"

နှလုံးသားကို ဓားအစင်းပေါင်းမြောက်မြားစွာနဲ့ အကြိမ်ကြိမ် ထိုး စိုက်ခံနေရသည့်အတိုင်း ကျွန်တော် နင့်နေအောင် နာကျင်မိသည်။

"ငါ့ကြောင့်နဲ့ မင်းချစ်ရတဲ့သူ သေဆုံးသွားခဲ့ရတာ စိတ်မကောင်း ပါဘူး မယ်၊ အဲဒီအတွက် မင်းကျေနပ်တဲ့အထိ ငါ့ကိုအပြစ်ပေးနိုင်ပါတယ်"

သူမ စိတ်ကြိုက် လုပ်ချင်ရာလုပ်ပါစေတော့ဆိုသည့် ရည်ရွယ်ချက် နှင့် မျက်လုံးများကို မှေးမှိတ်ပေးလိုက်ချိန်မှာ မျက်ရည်တစ်စက်က လွင့်စင် ကျသွားသေးသည်။

ယောကျ်ားတန်မဲ့ သေရမှာကြောက်၍လို့မျက်ရည်ကျတယ်လို့ သူမ ထင်သွားမှာကိုတော့ မလိုလားပါ။ ဒါကြောင့်ပင် ထိုမျက်ရည်စက်ကို လက်နှင့် ပွတ်သုတ်ပစ်လိုက်ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိသည်။

ခုလို မျက်လုံးများမှိတ်ထားလိုက်တော့လည်း ဟိုးအရင်တစ်ခါ ကို တကယ်ပြန်ရောက်နေရသလိုပါပဲ။ ကျွန်တော်က ဘာမှမမြင်နိုင်သော အမှောင်ကမ္ဘာထဲမှာ။ ကျွန်တော့်ရှေ့တည့်တည့်မှာက ကျွန်တော့်ကို သတ် ပစ်ချင်လောက်အောင် မုန်းတီးနေသည့် မိန်းမတစ်ယောက်။

ဒီတစ်ခါရော ကျွန်တော့်လည်ပင်းတွေကိုညှစ်ဖို့ သူမ ကြိုးတည်း





လား။

မိနစ်အနည်းငယ်သာ ကြာသွားသည်။ အရာရာသည် ငြိမ်သက် တိတ်ဆိတ်လွန်းနေ၏။ ရှေ့တည့်တည့်မှာ သူမ ရှိနေသေးကြောင်းကိုတော့ ခပ်မှန်မှန်ကြားနေရသော အသက်ရှူသံများအရ ကျွန်တော်သိပါသည်။

"ရှင့်ကို ကျွန်မ ချစ်တယ် ကောင်းမင်းမြတ်"

ကြားလိုက်ရသော စကားသံလေးကို မယုံကြည်နိုင်စွာနှင့် ကျွန် တော့်မျက်လုံးများကိုပင် ချက်ချင်းဖွင့်မကြည့်နိုင်သေး။

"ရှင့်မျက်လုံးတွေကို ပြန်ဖွင့်လိုက်ပါ၊ အဲဒီ အမှောင်တွေကို ရှင် မမုန်းသေးဘူးလား"

ကျွန်တော့်ပါးပြင်ပေါ်ကို နူးညံ့စွာ လာထိတွေ့သော လက်ချောင်း လေးများ။ ကျွန်တော့်မျက်လုံးများကို ဖွင့်လိုက်သည်။ သို့သော် ကျွန်တော်နှင့် ဆန့်ကျင်စွာပင် မျက်လုံးများကို မှေးမှိတ်ထားသော နတ်မိမယ်က ကျွန်တော့် ရှေ့တည့်တည့်မှာ။

သူမရဲ့လက်ချောင်းလေးများက ကျွန်တော့်မျက်နှာပြင်ထက်မှာ တရွေ့ရွေ့ လှုပ်ရှားနေ၏။ နဖူးပြင်၊ မျက်ခုံး၊ နောက်တော့ မျက်လုံးများ။

"ရှင့်မျက်လုံးတွေ သိပ်လှတယ်နော်"

သူမ တိုးတိုးလေး ရေရွတ်သည်။ နောက်တော့ လက်ချောင်းလေး တွေရဲ့ရွေ့လျားရာက နှာတံတစ်လျှောက်နှင့် ပါးနှစ်ဖက်ထိ။ ရင်ခုန်ရလွန်းသော ကြောင့် ကျွန်တော့်နှလုံးသားက တဒိတ်ဒိတ်နှင့် ခုန်လှုပ်နေ၏။ မယုံကြည် နိုင်စွာ ဖြစ်ပျက်နေသည့် ဒီအဖြစ်ကြောင့် နှုတ်ခမ်းများလည်း ပြုံးနေမိသည်။

ထိုအချိန်မှာပဲ သူမ လက်ချောင်းထိပ်လေးများက ကျွန်တော့် နှုတ်ခမ်းများထက် ရွေ့လျားရောက်ရှိလာ၏။

"ရှင် ပြုံးနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့စွာ ထိတွေ့နေသော လက်ကလေးကို ကျွန်တော် ဖမ်းဆုပ်ကိုင်ထားလိုက်သည်။ သူမ မျက်လုံးတွေ ဖြတ်ခနဲ ပွင့်လာ၏။

"အိုး ဘာလုပ်တာလဲ၊ ကျွန်မ မပြီးသေးဘူးလေ"

"ကျွန်တော် မနေနိုင်တော့ဘူး မယ်"

"ဟွန် ဘယ်လိုကြီးတုန်း"

"ဟုတ်တယ် မယ့်လက်လေးတွေကို ဖမ်းဆုပ်ထားချင်စိတ်တွေကြောင့် ကျွန်တော် ဆက်သည်းမခံနိုင်တော့ဘူး"

ကျွန်တော့်စကားကြောင့် သူမ လှပစွာ ပြုံးသည်။

"ကျွန်တော်လေ မယ့်ကို သိပ်ချစ်တယ်သိလား"

"အင်း မယ် သိပါတယ်"

"ဘယ်တုန်းက သိသွားတာလဲ"

သူမ လက်ကလေးကို ထွေးဆုပ်ကိုင်ထားလျက်က ရေကန်စပ်လေးနားမှာ နှစ်ယောက်သား ဘေးချင်းယှဉ်ထိုင်လိုက်သည်။

"ထက်ထက်ငယ် မပြန်ခင် ပြောပြသွားတာလေ"

"ဘယ်လို"

ကျွန်တော် အူကြောင်ကြောင် ဖြစ်သွားသည်။ ဒီကောင်မလေး [illegible] လျှာရှည်ပြန်ပြီ။

"ဟုတ်တယ်၊ မယ့်ကို တကူးတက အပြင်ခေါ်ချိန်းပြီးတော့ [illegible] ပြောပြတာ၊ ရှင်က ကျွန်မအပေါ်မှာ သစ္စာသိပ်ရှိတဲ့ခင်ပွန်းသည်ပါဆိုပြီးတော့"

ဒီတစ်ခါတော့ ထက်ထက်ငယ်ရဲ့လျှာရှည်မှုလေးက ချစ်[illegible] ကောင်းသွားပါသည်။

"အဲဒါနဲ့ပဲ ချစ်သွားရောလား"

"အင်း အဲဒီလိုတော့ ဘယ်ဟုတ်မလဲနော်၊ အလှပြင်ဆိုင်[illegible]





မယ် မူးလဲမသွားခင် အချိန်လေးမှာတည်းက အတိတ်တွေကို [illegible] တာပါ၊ အဲဒီအသိတွေကြောင့် ခေါင်းထဲမှာ တအားနောက်ကျိ[illegible] လစ်သွားခဲ့တာ၊ ပြန်သတိရလာတဲ့အချိန်နောက်ပိုင်းတစ်လျှောက်[illegible] မယ့်အတွေးထဲမှာ ရှိနေခဲ့တာ ရှင်ပဲ၊ အရင်တုန်းကရော အခုလက်ရှိ[illegible] မယ့်အပေါ်မှာ ရှင် ကောင်းပေးခဲ့တယ်၊ ကိုယ့်ကို သတ်ပစ်ဖို့ထိ လုပ်ခဲ့တဲ့ မိန်းမတစ်ယောက်မှန်း သိသိလျက်နဲ့ မယ့်ကို မပစ်ထားခဲ့ဘူး"

"ဒါဆို ကျွန်တော့်အချစ် စစ်မှန်ခဲ့လို့ မယ့်ဆီက အချစ်ကိုလည်း ပြန်ရတာပေါ့နော်"

မယ်က ပါးစပ်ကမဖြေဘဲ ဦးခေါင်းလေးကို ကျွန်တော့်ပခုံးများထက် [illegible]မှီလိုက်၏။

"မယ်ရယ် အဲဒါများ စောစောစီးစီးထဲက ကျွန်တော့်ကို ပြောခဲ့[illegible]"

"အောင်မာ ကျွန်မက ရှင့်ကို ဘယ်ကစပြီး ချစ်ပါတယ်လို့ ဝင် ပြောရမှာတုန်း"

"ခုလိုပဲ ပြောပေါ့"

"အခုက ရှင့်ကို နောက်ဆုံးအနေနဲ့ စမ်းသပ်ကြည့်တာပါ၊ မယ်သာ [illegible]ကို တကယ်တမ်း မုန်းတီးနေဆဲ မိန်းမတစ်ယောက် ဖြစ်မယ်ဆိုရင် ရှင် [illegible]ယ်လိုတုံ့ပြန်တယ်ဆိုတာ သိချင်လို့"

"ဒါဆို နောက်ဆုံးအဆင့် စမ်းသပ်မှုကို အောင်မြင်သွားလို့ တော် [illegible]တာပေါ့နော်"

"အင်းပေါ့၊ မယ် သတ်မှာစိုးပြီး ထွက်ပြေးရင် အဲဒီအခါ ရှင်နဲ့မယ် [illegible]ယ်ဝေးပြီ"

"အသတ်ခံမိတာ ကံကောင်းသွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

မယ်က ရယ်မောလျက် ခေါင်းလေးညိတ်ပြသည်။

"မယ်"

"ပြောလေ'

"အိမ်ပြန်ရောက်ရင် ဆိုဖာပေါ်မှာ မအိပ်ချင်တော့ဘူး"

ခေါင်းလေးမီထားရင်းကနေ ကျွန်တော့်ပခုံးစွန်းကို ဖွဖွတစ်ချက်သူမ နမ်းသည်။ ကျွန်တော့်ရင်ထဲမှာ ကြည်နူးခြင်းအဟုန်တွေ လှိုက်ခနဲဖြာဆင်းသွား၏။

သူမ မျက်နှာလေးကို လက်နှင့်ပင့်ယူလိုက်ပြီး နှုတ်ခမ်းလေးတွေကိုနမ်းဖို့ ကျွန်တော် ကြိုးစားလိုက်သည်။ ငြင်းဆန်ဖို့အတွက် နည်းနည်းမှစိတ်ကူးရှိပုံမရသောသူမက ကျွန်တော့်လည်ပင်းကို လက်နှစ်ဖက်ဖြင့် သိုင်းဖက်လိုက်၏။

အဲဒီလက်တွေ ဘယ်တော့မှ ပြုတ်မသွားဖို့ ဒီအနမ်းတွေနဲ့ ကျွန်တော် သော့ခတ်ထားပါရစေ။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး

www.burmeseclassic.com